www.burmeseclassic.com

မြသန္ဓာ

နစ်သစ်ဦးရဲ့ အလွမ်းသံစဉ်

BURMESE CLASSIC .com

ရေးသူ
မောင်ကျော်ဦး
၁၉-၉၄ ဂဏန်း

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၀၇၀၉၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀စ၉၇၀၇၀၉

ထုတ်ဝေသူ
ဒေါ်တင်တင်အုန်း (စိန်သရဖူစာပေ)
အမှတ် (၆၆)၊ ၆-လမ်း၊ လမ်းမတော်။

အတွင်းပုံနှိပ်သူ
ဒေါ်ချစ် (စန္ဒာပိုးပုံနှိပ်တိုက်)
အမှတ် (၂၀၀)၊ ၃၁-လမ်း၊ ပန်းဘဲတန်း။

အဖုံးပုံနှိပ်သူ
ဦးဇော်မြင့်ဝင်း (ကာလာဇုန်ပုံနှိပ်တိုက်)
အမှတ်(၁၈၄)၃၁-လမ်း၊ ပန်းပဲတန်း။

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ။
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀။

စဉ်၅-၈၃

မြသန္ဓာ
နှစ်သစ်ဦးရဲ့အလွမ်းသံစဉ်/မြသန္ဓာ - ရန်ကုန်။
စိန်သရဖူစာပေ၊ ၂၀၁၁။
၂၈၈-စာ၊ ၁၂.၅ × ၁၇.၅ စင်တီ။
(၁) နှစ်သစ်ဦးရဲ့အလွမ်းသံစဉ်

အခန်း (၁)

"ထွန်း ကားပေါ်ကပြုတ်ကျလို့ အမြန်လာပါ"

ရုတ်တရက် ကြေးနန်းစာဝင်လာသောအခါ ခေါင်းထဲ မိုက်ခနဲဖြစ်သွား၏။ တစ်ဦးတည်းသောမောင်...ဤလောက ကမ္ဘာမြေပြင်မှာ မိမိအဖို့ ချစ်စရာ တွယ်တာစရာမှာ ဤမောင် တစ်ဦးတည်းသာ ရှိတော့သည်မို့ ရုတ်တရက် တစ်ကိုယ်လုံး တုန်ရီလာပြီး ဘာလုပ်ရမှန်းမသိ ဖြစ်သွားတော့သည်။

"ဘာဖြစ်တာလဲ လွန်း"

ဆရာမလေး တင်တင်မေက မေးရင်း လက်ထဲမှာ တဆတ်ဆတ်တုန်ရီလျက်ရှိနေသော စာရွက်လေးကို ဆွဲယူလိုက်၏။

"ဟယ်...လွန်းရဲ့မောင်လေးလား"

www.burmeseclassic.com

"ကျွန်မဘာလုပ်ရမလဲ တင်တင်၊ ထွန်း...ထွန်း သေသွားပြီလား"

"ဟာ...မဟုတ်ပါဘူး"

ကတုန်ကရီနှင့်ပြောလိုက်ရင်း ရပ်တည်နိုင်စွမ်းမရှိသောကြောင့် တံခါးပေါင်ကို မှီလိုက်ကာ မျက်လုံးစုံမှိတ်လိုက်၏။

"ထွန်း...ဒါကြောင့်ညကအိပ်မက်မက်တာ၊ ထွန်းရောက်လာတယ်လို့၊ ထွန်း သေပြီလား"

"မဟုတ်သေးပါဘူး လွန်းရယ်...ကားပေါ်ကပြုတ်ကျတယ်ဆိုတာ သိပ်မပြင်းထန်ပါဘူး၊ ကဲပါ...တို့တွေ ဟိုဘက်ရွာကိုသွားပြီး ဖုန်းဆက်ကြတာပေါ့၊ သိပ်စိတ်မပူပါနဲ့ လွန်းရယ်၊ သေချာသိရအောင် မေးကြတာပေါ့"

သူတို့နေသော ရွာသစ်ကြီးရွာမှ မူလတန်းဆရာမအဖြစ်ရောက်နေသည်မှာ ခုနစ်လသာရှိသေးသည်။ ရန်ကုန်သို့ သီတင်းကျွတ်က တစ်ခေါက်ရောက်ပြီး နောက်ထပ်မရောက်တော့ပါ။

အသွားအလာခက်ခဲသောရွာမှာ ရောက်နေသဖြင့် ရန်ကုန်သို့ သိပ်မသွားဖြစ်သလို သွားချင်စိတ်လည်းမရှိ၍ မရောက်ဖြစ်ခဲ့။

"လာ...လာ...သွားစို့"

ရွာခံဆရာမလေး တင်တင်မေ၏ဆွေခေါ်ရာနောက်သို့သာ လိုက်ပါသွားရသည်။ စိတ်က ဘာကိုမျှသတိမထားနိုင်ဘဲ ပူလောင်နေ၏။

ခါတိုင်း မော်ကလိုချောင်းကိုဖြတ်လျှင် ဒူးတုန်ရင်တုန်ပြီး ကတုန်ကရီဖြစ်နေခဲ့သော်လည်း ခုတော့...လက်ကိုင်မပါဘဲ တလှုပ်လှုပ်ဖြစ်နေသော ထံတားကို ဝိုးဝိုးလက်လက်ဖြတ်လျှောက်လာခဲ့၏။

"ထွန်း ဘာမှမဖြစ်ပါစေနဲ့၊ ဘာမှမဖြစ်ပါစေနဲ့"

ဟူ၍ တတွတ်တွတ်ဆုတောင်းလာသလို တင်တင်မေကလည်း...

"ဘာမှမဖြစ်နိုင်ပါဘူး၊ ကားပေါ်ကကျရုံကျတာပဲ၊ ဘာမှမဖြစ်နိုင်ပါဘူး"

ဟူ၍ အားပေးလာခဲ့သည်။ ဇလုပ်ရွာမှတစ်ဆင့် ငတိုးခင်ရွာသို့သွားရမည်။ ထိုရွာတွင် ဖုန်းရှိသောကြောင့် ထိုရွာသို့သွား၍ ဖုန်းဆက်ရမည်။

"တို့နှစ်ယောက်ထွက်လာတာ ဘာအဆောင်းမှလည်း မပါဘူး မမြင့်အိမ်မှာ ထီးဖြစ်ဖြစ် ခမောက်ဖြစ်ဖြစ် သွားယူရအောင်"

"မယူတော့ဘူး"

"နင်...ရန်ကုန်သွားရဦးမှာလေ၊ နေမကောင်းဖြစ်ရင် ဘယ်နှယ်လုပ်မလဲ၊ မမြင့်ပါလိုက်ပေးတော့ အဖော်ရတာပေါ့၊ ဆောင်ပါဟာ၊ လမ်းသင့်နေတာပဲ"

မေလွန်းအိမ် ဘာမှမပြောသာတော့ပေ။ စိတ်ကတော့ ပူပင်ခြင်းသော ငတိုးခင်ရွာသို့သွားပြီး မောင်လေးထွန်း၏အကြောင်း

www.burmeseclassic.com

www.burmeseclassic.com

တိုသာ သိချင်နေမိသည်။

"မမမြင့်ရေ ဘာလုပ်နေလဲ"

ဇလုပ်ရှာသို့ ဆယ့်ငါးမိနစ်ခန့် လမ်းလျှောက်ရသည်ကိုပင် ဘယ်လိုရောက်လာသလဲ မသိလိုက်သလို မမမြင့်အိမ်ပေါ် သို့ တင်တင်တက်သွားသည်ကိုပင် အမှတ်တမဲ့ဖြစ်ကာ အိမ်ရှေ့မှာ ကြောင်စီစီရပ်နေမိ၏။

"မမ မရှိတော့ ထွန်းသိပ်ပျင်းတာပဲ၊ မမကလည်းဗျာ... ဘာလို့သွားရတာလဲ"

"ဟဲ့...အသက်ပဲ ဆယ့်ရှစ်နှစ်ကျော်နေပြီပဲလေ၊ ကိုယ့် ဘဝ ကိုယ်ရပ်တည်ရတော့မှာပေါ့"

ဘဝကို ဘာမျှနားမလည်သေးဘဲ ပျော်ပျော်သာနေတတ်သော မောင်ငယ်အား သွေးကွဲစကားမပြောရက်ပေ။ တကယ်တော့...မေလွန်းအိမ်ဟူသည်မှာ နေထွန်းအိမ်အမေ ဒေါ်အေးခိုင် မွေးသော သမီးမဟုတ်ဘဲ လင်ပါသမီးပင် ဖြစ်၏။

မေလွန်းအိမ် ငါးနှစ်သမီးအရွယ်တွင် မိခင်ဆုံးပါးပြီး လေးငါးလအကြာမှာ နေထွန်းအိမ်၏အမေကို အိမ်ပေါ် ခေါ်တင်လာခဲ့၏။ နှစ်နှစ်အကြာမှာ နေထွန်းအိမ်ကို မွေးဖွားခဲ့သည်။

သားအရင်းနှင့် လင်ပါသမီးအပေါ်မှာ ထားရှိသော ချစ်ခြင်းမေတ္တာ မတူညီမှုကို မေလွန်းအိမ် နားလည်စွာဖြင့် သည်းခံကာ သူ ထိန်းကျောင်းလာခဲ့သော မောင်ငယ်အား

အလွန်ချစ်ခဲ့သည်။

ဖခင် ရုံးမှပင်စင်မယူမီအထိ စီးပွားရေးအဆင်ပြေခဲ့သော်လည်း ပင်စင်ယူပြီးမှ အဆင်မပြေဖြစ်လာခဲ့သဖြင့် နောက်ဆုံးနှစ် စာမေးပွဲပြီးသည်နှင့် ဆွဲခန့်ဆရာမ ဝင်လုပ်ကာ တစ်ယောက်စာ ပါးစပ်ပေါက်လျှာသွားအောင် လုပ်လိုက်ရသည်။ မောင်ငယ်မှာ ကိုးတန်းကျောင်းသားသာ ရှိသေးသည်။

"သွားစို့ လွန်း...မမမြင့်က ဟင်းအိုးတန်းလန်းမို့ နောက်မှ လိုက်လာမယ်တဲ့"

တင်တင်မေဆွဲခေါ်ရာနောက်သို့သာ လိုက်ပါလာရသည်။ စိတ်ကတော့ ရန်ကုန်ရှိ မောင်ငယ်ထံသို့သာ ရောက်နေ၏။

"သား ဆယ်တန်းအောင်ရင် မမကြီးကိုလုပ်ကျွေးမှာနော်၊ မမကြီးပြန်လာခဲ့နော်"

"မမကြီးရာ...မမကြီးမရှိတော့ ဖေကြီးက သားကို ခဏခဏဆူနေတာပဲ၊ မေမေက ဖေကြီးကိုဆူ၊ ဖေကြီးက သားကိုဆူနဲ့ ဝတ်လည်ရှုပ်နေတာပဲဗျာ၊ မမကြီးရှိရင် အဆူမျှခံပေးတော့ နည်းနည်းသက်သာတာပေါ့"

ဝေးတသက်သက်ဆိုသလို သီတင်းကျွတ်ပြန်လာစဉ်က အနားမှမခွာဘဲ တတွတ်တွတ်ပြောရင်း မောင်နှမနှစ်ယောက် ပို့ချစ်ခဲ့သည်။

နေထွန်းအိမ်က အစ်မရင်းဟုပင် ထင်မှတ်နေခဲ့ဖြစ်

www.burmeseclassic.com

အောင် သူတို့သုံးဦးစလုံးက ဖွင့်မပြောခဲ့ပေ။ သွေးကွဲမှာစိုးသော ကြောင့်ဖြစ်၏။

သို့ရာတွင်...ဝင်ငွေမရှိသောအခါ အရင်းနှင့်အဖျားက ကွဲပြားလာသည်ကို မေလွန်းအိမ် နားလည်လာ၍ ကိုယ့်ဝမ်း ကိုယ်ကျောင်းရန်အတွက် တမင်ခွဲထွက်လာခြင်းဖြစ်သည်။

"ဟဲ့...ရွှေမုံဦး ဘယ်လဲ"

"ငတိုးခင်ရွှာပါ ဆရာမ"

"လာစမ်း...အတော်ပဲ၊ ဒီဆရာမကိုခေါ်သွား၊ ဖုန်းအိမ်မှာ ချထားခဲ့၊ မြန်မြန်လေး...အရေးကြီးလို့"

"ဟုတ်...ဟုတ်ကဲ့"

ဆရာမ တင်တင်မေသည် လှေဖုံးရွှာမှ စက်ဘီးစီးကာ ထွက်လာသော မိန်းကလေးတစ်ဦးအားခေါ်၍ မေလွန်းအိမ်ကို နောက်မှတင်ပေးလိုက်သည့်တိုင်အောင် ဘာတစ်ခွန်းမှမပြောဘဲ ကျောက်ရုပ်ကလေးလို ငြိမ်သက်စွာလိုက်ပါသွား၏။ တင်တင်မေ ကသာ နောက်မှ တတွတ်တွတ်လှမ်းအော်ပြောရင်း လိုက်လာ၏။

"ဆရာမ မောင်လေး ကားပေါ် ကမြုတ်ကျတယ်လို့ သံကြိုး လာတာ၊ ဘာမှန်းမသိလို့ ဖုန်းဆက်မေးချင်တာ၊ ဖုန်းအိမ်ရောက် ရင် ရန်ကုန်ဖုန်းကိုခေါ်ပေးလိုက် ကြားလား ရွှေမုံ"

"ဟုတ်ကဲ့...စိတ်ချဆရာမ၊ သွားပြီနော်"

အရေးကြီးမှန်းသိတော့ တင်တင်မေ၏တပည့်လေးမှာ

အပြေးအလွှားနင်းကာ ထွက်လာခဲ့သည်။

မေလွန်းအိမ်၏မသိစိတ်ကတော့ ရွှေမုံဦး၏ခါးဖက်ကာ ပြုတ်မကျအောင်ထိန်း၍ လိုက်ပါလာခဲ့သည်။

ဒီကလေး...ဒီမောင်လေးကို အမိဝမ်းကကျွတ်တည်းက မိမိလက်ပေါ်မှာပင် ထိန်းကျောင်း၍ မိမိနှင့်အတူတူ အိပ်ခဲ့သော ကြောင့် ဒီမောင်လေးနှင့် ခုနစ်နှစ်ကွာဆောင်လည်း အလွန်ချစ်ခဲ့ သည်။

ရန်ကင်းတိုက်ခန်းက အိပ်ခန်းနှစ်ခန်းသာရှိ၍ အမေနှင့် အဖေက တစ်ခန်း၊ သူတို့မောင်နှမနှစ်ယောက်က တစ်ခန်း အိပ်ခဲ့သည်။

လွန်ခဲ့သောနှစ်နှစ်က ဖခင်၏ပင်စင်ငွေဖြင့် ထပ်ခိုးတင် ပေးခဲ့၍ မောင်ငယ်က ထပ်ခိုးပေါ်မှာအိပ်ခဲ့သည်။ ဒါကိုလည်း မိခင်က သိပ်မကျေနပ်ချင်ပေ။

"အသက်ရှူကျပ်ပြီး ခန္ဓာကိုယ်က သိပ်မကြီးထွားဘဲဖြစ် နေတယ်၊ ကလေးက ထပ်ခိုးပေါ် အိပ်နေရတယ်"

"အမေကလည်းဗျာ...သားက ယောကျ်ားလေးပဲ၊ အပေါ်မှာအိပ်ရမှာပေါ့၊ နို့မဟုတ်ရင် မိန်းကလေးအောက်မှာ အိပ်ရင် ဘုန်းနိမ့်မှာပေါ့ဗျာ"

ပြုံးစေ့စေ့နှင့် မိခင်အား ဆင်ခြေပေးကာ အစ်မဘက်မှ ဆောက်ယမ်းခဲ့သော မောင်ငယ်လေး...အစ်မအား သိပ်ချစ်သည်

www.burmeseclassic.com

www.burmeseclassic.com

မှာ မိခင်က မလိုလောက်အောင်ပင်ချစ်ခဲ့သည်။ ဘယ်သွားသွား အမေအတွက် မုန့်မပါဘဲ အစ်မအတွက်ပင် မုန့်ဝယ်လာတတ်သော မောင်ငယ်လေး...ပျော်ပျော်ရွှင်ရွှင်နေတတ်သော မောင်ငယ်လေး ဘာမှမဖြစ်ပါစေနဲ့ဘုရားဟု မျက်ရည်တွေတွေကျကာ ဆုတောင်းရင်း...

"မနေ့က နယူးရီးယားမှာ ကန်ပေါင်မှာဖြစ်ခဲ့တာတဲ့၊ ခုထိတော့ ခွဲစိတ်ထားတာ အထူးကြပ်မတ်ဆောင်မှာပဲနေရလေးတယ်၊ ညည်းအဖေကတော့ ညည်းကိုပဲမျှော်နေတာပဲအေ၊ အမြန်လာခဲ့ပေါ့"

အိမ်စောင့်အဖြစ်ရှိနေဟန်တူသော မိထွေးတော်၏ညီမ စကားကြောင့် ပြန်လာမည်ဟုပြောလိုက်သည်။

"အေးလေ...ညည်းမောင်ကလည်း ကဲတာ၊ သူနဲ့အတူတူ ပြုတ်ကျတဲ့ ကောင်ကလေးက လက်ပဲကိုင်းသွားတာ၊ သူကသာ ခါးရိုးကိုင်းသွားတာ၊ အိပ်ရာထဲမှာပဲ အနေကြာလိမ့်မယ်ထင်တယ်၊ အသက်အန္တရာယ်ကတော့ မရှိတော့ပါဘူး"

"စာမေးပွဲနီးမှ ထွန်းရယ်...ဖြစ်ရလေ...လွန်းပြန်လာခဲ့မယ်နော်"

မေလွန်းအိမ်က ရှိုက်ငိုရင်း အဖြေပေးလိုက်သည်။ ဒီအတိုင်းဆိုလျှင် မိမိ ရန်ကုန်ပြန်မှဖြစ်တော့မည်။

"ပြန်ရမှာပေါ့ လွန်းရယ်...ကလေးတွေ စာမေးပွဲနီးရင်

တော့ ပြန်လာတော့ကွယ်"

မူလတန်းကျောင်းမှာ သူနှင့်ကိုယ်သာ နှစ်ယောက်တည်း ရှိတာကို မေလွန်းအိမ် နားလည်ရပေမည်။

"ကျေးဇူးတင်ပါတယ် မမတင်ရယ်...လွန်း အခြေအနေကြည့်ပြီး ပြန်လာပါ့မယ်၊ ကျောင်းလည်းပိတ်ခါနီးပြီပဲလေ"

"ဟုတ်တယ်လွန်း...ဆယ်ရက်ကျော်ကျော်တော့ ရတယ်၊ ဒါပေမယ့် လဆန်းတာနဲ့ စာမေးပွဲစစ်မှာမို့ လွန်းပြန်လာပါကွယ်၊ စာမေးပွဲစစ်ဖြေလုပ်ပေးပြီး စာမေးပွဲခန်းစောင့်ရင်း အဖြေလွှာတွေ စစ်ပြီး တစ်ပတ်နှစ်ပတ်မှာ ပြန်သွားလို့ရတာပေါ့"

ရွာခံကျောင်းအုပ်ဆရာမကြီးနှင့် တိုင်ပင်ကာ မိရာရထားနှင့် ထွက်ရတော့မည်။ ရသမျှအချိန်လေးကို အပွန်းခံ၍မဖြစ်တော့ပေ။

ယခင် ကျောင်းသူဘဝတုန်းက အချိန်နာရီသည် ဤမျှလောက် အရေးပါလိမ့်မည်ဟု မထင်ခဲ့ပေ။ ယခု...အလုပ်သမား ဝန်ထမ်းဖြစ်မှ အချိန်သည် အဓိကအရေးပါသလို ကုန်ခြန်လွန်းသောအချိန်ဖြစ်နေ၍ တန်ဖိုးကြီးမှန်းကိုပင် သိလာရတော့သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

"ဒါကဘယ်လိုဖြစ်ရတာလဲ"

ဆွဲခြင်းကို ကြမ်းပြင်ပေါ် ဆောင့်ချကာ မျက်နှာစူပုပ်ပုပ်နှင့် မေးလိုက်သော အစ်မဖြစ်သူကို နေထွန်းအိမ်က ပြုံးချိုချိုမျက်နှာနှင့် လှမ်းကြည့်ရင်း...

"မမ ဟိုင်းနေမှာစိုးလို့ပါ"

"ပြစမ်း၊ မသေနိုင်ဘူး မဟုတ်လား"

ပြောပြောဆိုဆိုနှင့် နေထွန်းအိမ်၏ခေါင်းကို ဆွဲ၍ကြည့်လိုက်ရာ...

"အာ...မမ၊ နာတယ်၊ ဖြည်းဖြည်းလုပ်ပါဗျ"

"ဘာအခုမှနာတယ် ပြောရသလဲ၊ ကမြင်းတုန်းကတော့ ဒါတွေသတိမရဘူးလား၊ မသေကောင်း မမျောက်ကောင်း"

မေလွန်းအိမ်က မောင်၏ဒဏ်ရာကို လက်နှင့်အသာဖိကြည့်ကာ မျက်ရည်အဝဲသားနှင့် ကရုဏာဒေါသဖြင့် ပြောလိုက်သောကြောင့် နေထွန်းအိမ်က ပြုံးမဲ့မဲ့မျက်နှာဖြင့်...

"နှစ်သစ်မှာ မဆဲရဘူးလေ မမရယ်"

"ပြောလိုက်ရင် ဒါပဲ၊ ဘယ်နှစ်ချက်ချုပ်ရသလဲ"

"ငါးချက်တည်းပါ"

"အမယ်လေး...ငါးချက်တည်းလုပ်နေတယ်၊ ဦးနှောက်တွေ ဘာတွေထိသွားရင် ဒုက္ခ"

နေထွန်းအိမ်သည် အစ်မ စိုးရိမ်မည်စိုး၍ ငါးချက်တည်း ချုပ်ရသည်ပြောသော်လည်း ဆရာဝန်က ခုနှစ်ချက်ဟုပြောသည်ကို တမင်ဖုံးကွယ်ထားပြီး မလုံမလဲနှင့် တစ်ဖက်ခုတင်ကိုလှမ်းကြည့်လိုက်သည်။

တစ်ဖက်ခုတင်မှ မင်းခန့်သည် ကျောက်ပတ်တီးကိုင်ထားသော လက်ကို ရင်ဘတ်ပေါ် တင်ပြီး အစ်မ မေလွန်းအိမ်ကို စိမ်ပြေနပြေထိုင်ကြည့်နေလေ၏။

"ဟင်း...ကုန်ပါပြီ၊ သူ့ဆီမှာညီမရှိရင်တော့ ဘဲစားဘဲချေ ပဲ"

မေလွန်းအိမ် ရန်ကုန်သို့ရောက်လာသောအချိန်တွင် နေထွန်းအိမ်၏ ကျန်းမာရေးအခြေအနေ ကောင်းနေသဖြင့် နောက်နေ့နံနက်စောစော ရောက်လာခဲ့ခြင်းဖြစ်၏။ ထိုအခါ နေထွန်းအိမ်မှာ ခါးဆစ်ရိုးလွဲသွားသဖြင့် ခါးကို မလှုပ်ရှားရအောင် အိပ်ရာထက်တွင် ပက်လက်နေနေရ၏။

"သိပ်ကဲတာပဲ၊ ညဘက်ကြီး ကန်ပေါင်ကိုဘာသွားလုပ်သလဲ၊ နင်လုပ်စရာလား"

"နှစ်သစ်ကိုကြိုဆိုတာပေါ့ မမရယ်...ဘယ်လောက်

www.burmeseclassic.com

www.burmeseclassic.com

ပျော်ဖို့ကောင်းသလဲ၊ ဟက်ပီးနယူးရီးယားလို့အော်ပြီး အနားက အစ်မကြီးကိုလှမ်းဖက်တာ အစ်မကြီးမရှိတော့ အစ်ကိုကြီးပဲ ဖြစ်နေလို့ အောက်သွားတာပဲ၊ ဘယ်ကောင်က ဓွန်းလိုက်သလဲ၊ ကားဆောင့်ထွက်လိုက်သလဲမသိပါဘူး၊ နှစ်ယောက်သား ပြုတ်ကျတာ၊ ဟီ...ဟီ...အား...ကျွတ်...ကျွတ်...ကျွတ်"

"ကဲ...ဗြောရှင်းက ဒွန့်လာပြီ၊ ခွေးကလေး ငြိမ်ငြိမ်နေ ရမယ်လို့ ပြောထားတယ်မဟုတ်လား။ ခါးကုန်းကြီးဖြစ်တော့မှာပဲ"

"အား..."

မောင်ငယ်အား တယုတယနှင့် မလှုပ်ရှားရအောင် ပခုံးလေး ဖိပေးထားလိုက်သောအခါ နေထွန်းအိမ်က ပြုံးစေ့စေ့နှင့် တစ်ဖက်ခုတင်ကိုလှမ်းကြည့်ကာ မျက်စိတစ်ဖက်မှိတ်ပြ လိုက်၏။

ထိုအခါကျမှ မေလွန်းအိမ်လည်း နှစ်ယောက်ခန်းဖြစ်နေ၍ တစ်ဖက်ခုတင်ကို သတိပြုမိပြီး ငဲ့ကြည့်လိုက်သောအခါ သူမ အား စူးစိုက်ကြည့်နေသော လင်းလက်လျက်ရှိသည့် မျက်လုံး အစုံနှင့်တွေ့ကာ ရှက်ကိုးရှက်ကန်းနှင့် ဖျတ်ခနဲမျက်လွှာချလိုက် မိသည်။

"ဟင်း...ဘယ်လိုလူလဲ၊ ပုစွန်တုပ်မျက်လုံးကြီးနဲ့"

မေလွန်းအိမ်က မျက်နှာလွှဲလျက် ဆွဲခြင်းထဲမှ ဓာတ်ဘူးနှင့် ထမင်းချိုင့်များကို ထုတ်လိုက်၏။ ပါးစပ်နှင့်အစား မပြတ်သော

မောင်ငယ်၏ အကြောင်းကိုသိသဖြင့် မုန့်ပုံးကအစ သယ်လာ ရသည်။

"မောင်လေး...နင် ထမင်းမစားရသေးဘူး မဟုတ်လား"

"ဘယ်စားရဦးမှာလဲ မမရာ...ဗိုက်ထဲမှာ ဟာနေတာပဲ"

"ခုမှ ဟာမှန်းသိလား"

မျက်စောင်းလေးဝင့်ကာ ပြောလိုက်သော မေလွန်းအိမ်ကို တစ်ဘက်ခုတင်မှ မင်းခန့်မှာ သဲသဲမဲမဲ စိုက်ကြည့်ပြီး သက်ပြင်း ရှည်ကြီး ချလိုက်မိ၏။

"အတော်ပဲ...ကိုမင်းရေ လာဗျာ၊ ထမင်းစားကြရအောင်"

နေထွန်းအိမ်က သူ့အား လှမ်းခေါ်လိုက်သည်။ စောစော က သူတို့နှစ်ယောက်စလုံး ထမင်းဆာသည်ဟု ပြောင်တူညီးမိ သောကြောင့် ဖြစ်၏။

"နေပါစေ ညီရာ...တော်ကြာ အစ်ကို့အိမ်ကလဲ လာမှာ ပါ"

"လာကာမှ လာပေါ့ဗျာ၊ ဒီမှာ ထမင်းတွေ ဟင်းတွေ အများကြီးပဲ လာစားပါဗျာ"

နေထွန်းအိမ်က မင်းခန့်အား လှိုက်လှိုက်လှဲလှဲ ခေါ်နေ သဖြင့် မေလွန်းအိမ်ကလည်း လှမ်းကြည့်လိုက်သည်။

"မမ...ကျွန်တော်နဲ့တူတူ ကားပေါ်က လိမ့်ကျတဲ့ အစ်ကို့ ပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"ချော်..."

မေလွန်းအိမ် နှုတ်ဖျားမှ 'ချော်' တစ်လုံးတည်း ထွက်ပေါ်လာသည်။ သူမ၏ စိတ်ထဲတွင် မောင်ငယ် နေထွန်းအိမ်အား ဒဏ်ရာရအောင်အထိ မဆင်မခြင်ဆော့ဆော လူငယ်တစ်ဦး အဖြစ်ဖြင့် အထင်သေးနေသကဲ့သို့ မင်းခန့်ကိုလည်း အထင်သေးနေဟန်တူသည်။

"လာ အစ်ကို...ထမင်းစားကြရအောင်၊ မမ ဌန်း...ဌန်း"

"အေးပါ...ပါပါတယ်"

သူတစ်ပါးအား ကျေးချင်သောစိတ်ရှိသည့် မောင်အကြောင်း သိ၍ မေလွန်းအိမ်သည် ထမင်း ဟင်းများကို ဖိုထည့်လာခြင်းဖြစ်သည်။

"နေပါစေကွာ၊ မင်းပဲ ဝအောင် စားပါ"

"မဟုတ်ဘူး...ဒါ မမက ဖိုထည့်လာပေးတာပါ၊ အစ်ကို လာစားပါဗျာ"

"ဟင်း...သူ့ယောက်ဖ ကျနေတာပဲ"

မေလွန်းအိမ်၏ စိတ်ထဲတွင် မကျေမနပ်နှင့် ရေရွတ်လိုက်မိ၏။

"ဟုတ်ပါတယ် ညီလေးရာ...နေထွန်းအတွက်ဆိုရင် အမြဲပိုထည့်ပေးထားရတယ်၊ သူက သူ့တစ်ယောက်တည်း ဘယ်တော့မှ မစားဘူး၊ အပေါင်းအသင်းနဲ့မှစားတတ်လို့ သူ့အတွက်

ဆို ပိုပိုထည့်ပေးရတယ်"

ကိုရွှေက ဘေးမှ ဝင်ရှင်းပြပြီး အတင်းခေါ်လိုက်ပြန်၏။

"လာပါ အစ်ကို...ဌန်းလဲ အပိုပါပါတယ်"

မေလွန်းအိမ်သည် ဘာတစ်ခွန်းမျှ ဝင်မပြောဘဲ သူတို့စားနိုင်ရန်အတွက် ခုံနေရာများချပေးနေသည်။ ကိုရွှေ၏ လက်ထဲသို့ ငါးဆင့်ချိုင့်ထည့်ပေးလိုက်သည်။

ထမင်းနှစ်ချိုင့် ဟင်းသုံးချိုင့်အပြင် ထမင်းစားပြီးစားရန် သီးမွှေးဂုက်ပျောသီးပါ ပါသေးသည်။

သူတို့ ထမင်းစားနေစဉ် မေလွန်းအိမ်သည် ခေါင်းအုံးအောက်ထဲသို့ အဝတ်အစားတစ်စုံထည့်ပေးပြီး ဓာတ်မီးနှင့် မီးခြစ်၊ ဖယောင်းတိုင်ကိုပါ ခေါင်းအုံးဘေးနား ထားပေးလိုက်သည်။ ထို့အပြင် အိပ်ရာခင်းနှင့် ခေါင်းအုံးများကို မွှေးပျံ့သွားစေရန် ဘော်ဒီစပလေး ဖျန်းပေးလိုက်၏။

"ဟင်း...မမ ဟာတွေက ထမင်းချိုင့်ထဲ ဝင်ကုန်ပါပြီ"

"ပိုပြန်ပြီ...မသေနိုင်ဘူး သိလား၊ မဆင်မခြင်ဆော့တုန်း တတော့ သေရမှာ မကြောက်ဘူးလား"

နေထွန်းအိမ် ဒဏ်ရာရသည့်ကိစ္စနှင့်ပတ်သက်၍ ကျေနပ်ဟန် မတူပေ။ မျက်စောင်းလေး ဝင့်၍ဝင့်၍ ပြောနေသေးသည်မို့ မင်းခန့်မှာ ထမင်းစားပင် မျိုမကျချင်တော့။

အကယ်၍ သူတို့နှစ်ယောက်စလုံး ကားပေါ် မှပြုတ်ကျသည့်

www.burmeseclassic.com

www.burmeseclassic.com

အဖြစ်တို့ သိလျှင် ပို၍ပင် မကျေမနပ်ဖြစ်ဦးမည်ဖြစ်သည်။

"ဟောဗျာ...ထမင်းတောင်စားနေပါလား၊ မင်းခန့်ရာ ဒီလူမမာကလဲ စိုးရိမ်ရသားပဲ"

"အာ...ကိုကြီးစံမြတ်သာ၊ လာဗျာ၊ မေမေက မလာနိုင်ဘူးလား"

"လာမယ်ဟေ့...မင်းအမေက သိပ်စိုးရိမ်နေလို့ ငါ့ကို လွှတ်လိုက်တာ၊ မင်း အခြေအနေကောင်းရင် ညနေကျမှလာလို့ ငါဖုန်းဆက်လိုက်မယ်၊ အိမ်မှာ ကလေးတွေမရှိဘဲ တစ်ယောက်တည်းမို့ စိတ်မချလို့တဲ့၊ လက်ကျိုးသွားတာလား၊ မင်းအဖေဆီ တောင် ဖုန်းဆက်ထားသေးတယ်"

မျက်မှန်ထူထူနှင့် အသားအနည်းငယ်ညိုပြီး ပိန်ပိန်သွယ်သွယ် ကိုယ်ဟန်ရှိသည့် ကိုကြီးစံမြတ်သာသည် အိတ်တစ်လုံးကို ဆွဲလာ၏။ သူ့တစ်ကိုယ်လုံး ဒဏ်ရာများစိုနေခြင်းဖြင့် လိုင်းကားနှင့် လာခဲ့ကြောင်း သိသာလှသည်။

"ကိုကြီးကလဲ ကားယူခဲ့ပေါ့၊ အလကား အပင်ပန်းခံပြီး လိုင်းကားနဲ့လာရတယ်လို့"

"ကားမောင်းပေးမယ့်လူ မရှိဘူးလေ ညီလေးရာ"

"ဩော်...ဟုတ်ပေသားပဲ"

မင်းခန့်က သူ့တွင်ကားရှိကြောင်းကို သိစေချင်၍ တမင်ပြောလိုက်ခြင်းဖြစ်သည်ဟု မေလွန်းအိမ် ယူဆပြီး နှုတ်ခမ်းကို

မသိမသာမဲ့လိုက်မိ၏။

"မင်းကိုယ်တိုင် တယ်လီဖုန်းဆက်နိုင်တော့ သိပ်ဒဏ်ရာ မရဘူးလို့ယူဆပြီး ငါက အရင်ရှေ့ပြေးလိုက်လာတာ၊ ဖင်းတို့ အိမ်မှာ သက်သတ်လွတ်ချက်နေလို့ ငါက ထမင်းချိုင့်ယူမလာတော့ဘူး၊ လမ်းကပဲ ထမင်းပေါင်းဝယ်လာတယ်"

"တော်ပြီ...ကိုကြီးထမင်းပေါင်း ကိုကြီးပဲစားတော့၊ ဒီမှာ ကျွန်တော်နဲ့အတူတူ ချစ်ကြင်နာစွာနဲ့ ဆ်ာ်ကလျက်လိစ်ကျတဲ့ ညီနေထွန်းအိမ်၊ သူက စိန်အောင်မင်း က,မလို့ ခေါင်းပေါင်းနဲ့၊ ခါးမခ၊ိုးရဘူး၊ ကျွန်တော်က ယိုးဒယားဆီမီးခွက်ကမလို့"

"ဟီး..."

နေထွန်းအိမ်က သဘောကျစွာဖြင့် ထမင်းမသီးအောင် ဟီးခနဲရယ်မောလိုက်သည်။ မေလွန်းအိမ်က မျက်စောင်းလေးဝှေ့ရင်း ရင်ထဲမှာ မကျေမနပ်နှင့်...

"အကျိုးဆော့...အပိုးကိုမကျိုးဘူး"

ဟု ရေရွတ်လိုက်သည်။

"ညီ...ဒါ ကိုယ့်ရဲ့ အချစ်ဆုံးအစ်ကိုကြီးပဲ၊ ကိုကြီး စံမြတ်သာတဲ့၊ သုံးဆယ့်နှစ်လမ်းမှာ စာပေဖြန့်ချိုရေးလုပ်တယ်"

"အမယ်...မိတ်ဆုံစားပွဲဖြစ်နေလိုက်ကြတာ"

မေလွန်းအိမ်ရင်ထဲတွင် မကျေမနပ်နှင့် တီးတိုးရေရွတ်လိုက်ရင်း လုပ်စရာကုန်သွားပြီဖြစ်သောကြောင့် ကျောခိုင်း၍

www.burmeseclassic.com

www.burmeseclassic.com

ထိုင်လိုက်ပြီးမှ မလုံမလဲဖြစ်သွားမိသည်။

နောက်ကျောများ ကြည့်နေကြမလားဟူသောအတွေးနှင့် လှည့်ကြည့်လိုက်သောအခါ စူးရှသောအကြည့်စူးများအောက်တွင် မခံချင်ဖြစ်သွားမိ၏။

"သိပ်ရိုင်းတာပဲ၊ တော်ပြီ...ညနေဆိုရင် မလာတော့ဘူး၊ ကိုရွှေကိုပဲလွှတ်လိုက်တော့မယ်"

"နေပါဦး..မင်းတို့နှစ်ယောက်က ကားကလည်း တစ်စီးစီ၊ အဖွဲ့တွေကလည်းမတူဘဲ အခုမှတွေ့တဲ့ သူစိမ်းတွေဖြစ်ပြီး ဘယ်လိုလုပ် ကားပေါ်ကပြိုင်တူလိမ့်ကျရတာလဲကွ"

ကိုကြီးစံမြတ်သာအမေးကြောင့် နေထွန်းအိမ်က အစ်မဖြစ်သူ မေလွန်းအိမ်အား ခိုးကြည့်လိုက်သည်။ မေလွန်းအိမ်သည် အဝတ်လေးဖြင့် သူ့ခုတင်ခေါင်းရင်းမှ ဖုန်များကိုသုတ်ပေးနေသည်။

ဤအစ်မသည် လွန်စွာစေ့စပ်သေချာပြီး သန့်ရှင်းမှုကို ကြိုက်သော အစ်မဖြစ်သည်။

"နောက်မှပြောမယ်ဗျာ"

မင်းခန့်က စပ်ဖြီးဖြီးနှင့် မျက်နှာကြီးနီမြန်းကာ ပြောလိုက်သကဲ့သို့ နေထွန်းအိမ်ကလည်း ရှက်ရယ်ရယ်နေသောကြောင့် မေလွန်းအိမ်ရင်ထဲမှာ သံသယအတွေးလေး ဝင်သွားသည်။ မိမိနှင့်တော့ ပတ်သက်နေမည်ဟု သတိထားမိလိုက်သည်။

"နေနှင့်ဦး...ဒီကောင်လေးတော့ ဗိုက်ခေါက်ကို နာနာလေး ဆွဲလိမ်ပြီးတော့ မေးဦးမယ်"

"အား လားလား...နာတယ် မမရ၊ ပြောပါ့မယ်၊ မမရယ် လွှတ်ပါ"

နေထွန်းအိမ်က ရှုံ့မဲ့၍ပြောလိုက်သဖြင့် မေလွန်းအိမ်က တစ်ချက်ဆောင့်တွန်းကာ...

"ညာမယ်မကြံနဲ့နော်"

ဆွဲလိမ်ထားသော ဗိုက်ခေါက်ကိုဖြေလွှတ်လိုက်ပြီး ထပ်မံ၍ ကြိမ်းမောင်းလိုက်၏။ အစ်မကိုချစ်ကြောက်သူဖြစ်သဖြင့် မိဘနှစ်ပါးလုံးမှာ စီးပွားရေးကိုသာ လုံးပန်းနေပြီး မောင်နှမနှစ်ယောက်ကိုပင် ယုံယုံကြည်ကြည်နှင့် မျက်နှာလွှဲထား၏။

"ကဲ...ပြောမယ်ဆိုတော့ မမက ဟိုဘက်ကိုလှည့်ပေးနေလို့"

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့...မဟုတ်ပါဘူး၊ ဧည့်သည်လားလို့ပါ"

"မျှော်မနေနဲ့ မမရေ...'တကယ်လာမှာ၊ သူက လာလည်မယ် ပြောတယ်"

"ဘယ်သူလဲ"

"အစ်ကိုမင်းခန့်"

"အမယ်လေး...အစ်ကိုတွေဘာတွေ ဖြစ်နေလိုက်တာ၊ တင်း...တော်တော်ချစ်လား၊ ယောက်ဖကို..."

"အဲ...အဲဒီလိုပြောရင် မမပဲနာမှာသိလား၊ သူမှာ ညီမရော် အစ်မရော် မရှိတော့ဘူး၊ သူ့အစ်ကိုကြီးက ကလေးနှစ်ယောက်ရနေပြီ၊ ကျန်တာ ညီနှစ်ယောက်ပဲရှိတာ"

မေလွန်းအိမ်မျက်နှာ ရဲခနဲ့ဖြစ်သွား၏။

"တော်စမ်းပါ...နင့်မှာယောက်ဖတွေအများကြီးမဲ့ မဟုတ်လား၊ ငါမသိရင်ခက်မယ်၊ ပါးစပ်က အလကားရတိုင်း ဒီအစ်မတစ်ယောက်တည်းကို ခွဲခြမ်းစိတ်ဖြာပြီး လိုက်ပေးနေတာ"

"ဟင်း...အဲဒီတုန်းက ကျွန်တော် အပေးကောင်းလို့ပေါ့ကားပေါ် ကလိမ့်ကျတာ"

"ဘာရယ်...ဘာရယ်"

မေလွန်းအိမ်က နားထွေးသွားသဖြင့် ထပ်မံ၍မေးလိုက်သောအခါ နေထွန်းအိမ်က စပ်ဖြီးဖြီးနှင့်...

"ဟီး...ကန်ပေါင်ကိုသွားတာ လူတွေကပိတ်ကျပ်နေလို့...

အဲဒီအထိမရောက်နိုင်ဘဲ အကြောက်တဲနားတွေမှာပဲ ရပ်နေရင်းက ဟိုဘက်ကားနဲ့ ဒီဘက်ကား ထပ်နေကြတာ၊ နီးနီးလေးရယ်...နောက်ကားကမီးထိုးထားတော့ အားလုံးမြင်နေရတာပဲ၊ ဆယ့်နှစ်နာရီထိုးခါနီး ငါးမိနစ်အလိုမှာ အားလုံးငြိမ်ကျသွားတာပဲ"

"ငါရှိရင် နင်အပြင်မထွက်ရဘူး"

မေလွန်းအိမ်က မောငငယ်အား မကျေမနပ်နှင့်ပြောလိုက်စဉ် နေထွန်းအိမ်က လက်ကာပြလိုက်ပြီး...

"လူငယ်တွေဆိုတာ ပျော်တတ်တဲ့အရွယ်ပဲ"

"အကျိုးမဲ့တဲ့ပျော်ရွင်မှုလား၊ အကျိုးရှိတဲ့ပျော်ရွင်မှုလား ဆိုတာ ချင့်ချိန်ရတယ်လေ၊ အခုလိုဖြစ်တော့ ကောင်းသလား၊ စာမေးပွဲကလည်းနီးပြီး ခေါင်းကလည်းသိပ်လှုပ်လို့မရ၊ ခါးကလည်း လှုပ်လို့မရနဲ့ ဘယ်လောက်အနေခက်လဲ"

"ပါးစပ်နဲ့မျက်စိက လှုပ်လို့ရပါတယ်"

"လှရှုပ်..."

မေလွန်းအိမ်သည် အလွန်ပျော်တတ် ဆော့တတ်သော မောငင ယ်က အိပ်ရာထဲမှာနေနေရသေးသဖြင့် စိတ်မကောင်းဖြစ်ကာ မကြည့်ရက်ဟန်ဖြင့် မျက်နှာလွှဲထားလိုက်မိသည်။

"သိလား မမ...ဒီနေ့ ဒီလိုဖြစ်ရမယ့်အချိန်ပါလာရင် မလွဲမသွေ ဖြစ်ရတာပဲဆိုတာ မမလည်းသိသားပဲ"

"အမယ်..."

www.burmeseclassic.com

www.burmeseclassic.com

"အကောင်းပြောတာ၊ သားက မကဲပါဘူး၊ ဆယ့်နှစ်နာရီ တိတိမှာ ဂျပ်စင်က သံချောင်းခေါက်သံတွေ ညံသွားတော့ ဟက်ဝီးနယူးရီးယားအော်ပြီး ဘေးကလူတွေကိုလှမ်းဖက်ကြတာ ဘယ်လိုဘယ်လိုဖြစ်ပြီးတော့ သားက ဟိုဘက်ကားကလူကို ဖက်မိသလဲမသိဘူး၊ သူကလည်း ကျွန်တော့်ကို လှမ်းဖက်တာ ကားမထွက်ရင် ဘာမှမဖြစ်ဘူး၊ ဘယ်လိုလုပ်ပြီး ကားကထွက်လိုက်သလဲမသိဘူး၊ နှစ်ယောက်စလုံး ပြုတ်ကျတာပဲ"

"တော်ပါပြီမောင်လေးရယ်...နောက်ကားက ဝင်မကြိတ်တာ တော်သေးရဲ့၊ ကဲလိုက်ကြတာ အသက်တစ်ချောင်းဟာ အလဟဿဆုံးရှုံးသွားမှာ မကြောက်ဘူးနော်"

မေလွန်းအိမ်မှာ တွေးမိသည့်အခါတိုင်း စိတ်မကောင်းဖြစ်လျက် မောင်ငယ် နေသာစေရန် အစားအသောက်မပျက်စေရန် အစွမ်းကုန်ပြုစုလျက်ရှိသည်။ တစ်ဖက်ခုတင်မှ မင်းခန့်မှာ လက်ကျိုးရုံသာမို့ သုံးရက်သာ ဆေးရုံမှာနေရသည်။ နေထွန်းအိမ်သာ ကျန်ရစ်ခဲ့၏။

"သားက မြင်မြင်ချင်း အစ်ကိုမင်းကို ခင်သွားသလို သူကလည်း အဲဒီလိုဖြစ်သွားလို့လားမသိဘူး၊ ခေါင်းလောင်းသံကြားတာနဲ့ သူ့ကိုလှမ်းဖက်မိတာ၊ သူကလဲ ဒီလိုပဲလေ"

"အင်း...မင်းက သိပ်သဘောကောင်းပြီး အစ်မကို ရက်ရက်ရောရော ပေးနေတာ ယောက်ဖတွေကများ အစ်မက

တစ်ယောက်ထဲဆိုတော့ မင့်အမေကိုပဲ ညီမလေးတွေ ထပ်မွေးခိုင်းတော့ သိလား"

မေလွန်းအိမ်သည် ငယ်စဉ်ကတည်းက အေးအေးချမ်းချမ်းနေတတ်ပြီး ငယ်ရွယ်သူတို့ဘာသာဘာဝစိတ်ကစားခြင်း မရှိခဲ့သလို ယောကျ်ားလေးများကိုလည်း ဂရုမစိုက်တတ်ပေ။

"မလိုချင်တော့ဘူး မမရှိရင် တော်ပါပြီ အဲဟဲ..."

အစ်မအကြောင်းသိသော နေထွန်းအိမ်က ဘယ်သူတွေက ဘယ်လိုပင်စစေကာမူ ဂရုမစိုက် အပြုံးမပျက်ခဲ့၍ ထိုအကြောင်းကြောင့် ဘာမျှ စိတ်ထဲမှာ မရှိခဲ့ပေ။

သို့ရာတွင် မင်းခန့်က ဆေးရုံမှဆင်းပြီးသည့်တိုင်အောင် နေ့စဉ်ရောက်ရောက်လာပြီး နေထွန်းအိမ်နှင့် စကားလာပြောရင်း ကာတွန်းဖတ်ပြရင်းနှင့် ရင်းနှီးနေ၏။ သူလာသည့်အခါတွင် မေလွန်းအိမ်က အဝတ်လျှော် ရေချိုးပြီး အောက်ထပ်ဈေးဆိုင်များသို့ ဆင်းကာ မောင်ငယ်စားကောင်းစေရန်အတွက် ကိုယ်တိုင် ချက်ပြုတ်ဝယ်ခြမ်းပေးရသည်။

ထို့ကြောင့် မင်းခန့်အား ကျေးဇူးတင်သော်လည်း သူ၏ ရှေ့ရှေသော အကြည့်များက မေလွန်းအိမ်အား ထူးခြားစွာ ရင်ခုန်စေသည်။

"မမ...ဒီနေ့ချက်တဲ့ ငါးရံ့ခေါင်းဟင်းချိုလေးကို အစ်ကိုမင်းက သိပ်ကြိုက်တာပဲ၊ မမက ရွာကိုပြန်မသွားတော့ဘဲ အိမ်

www.burmeseclassic.com

www.burmeseclassic.com

ဗျာပဲ ပြန်နေပါဗျာ၊ အခုတလော မားသားကြီးက ဝင်ငွေကောင်းနေတယ်"

"ငါ့ဖာသာ ရွာမှာ အေးအေးဆေးဆေးနဲ့ပျော်ပျော်ရွှင်ရွှင် နေရတာ ကောင်းပါတယ်လေ၊ မင်းတို့ပဲ ပျော်သလိုနေပါတော့"

မေလွန်းအိမ်၏ စကားသံထဲတွင် ငေါ့သလိုလို နာကျည်းသလိုလိုပါသွားသည့်တိုင်အောင် မောင်ငယ်က ဘာမှမသိဘဲ ပြုံးပျော်လျက် အစ်မကို သွေးနားမှ မခွာရန်ချော့နေ၏။

"နော် မမရာ...မမရှိရင် သားဘယ်အပြင်မှ မသွားဘူး"

"ထွန်းရယ်...မင်းအရွယ်က မငယ်တော့ဘူးလေ၊ ကိုယ့်ဘဝကိုယ် နားလည်ရတော့မယ်၊ မင်းအခု ကိုးတန်းစာမေးပွဲ ဖြေဘို့တောင် ဘယ်လောက်ခက်ခဲဦးမှာလဲ၊ မဆင်မခြင်ကဲလိုက်တော့ အပြစ်တွေအများကြီးရလာပြီ မဟုတ်လား"

မေလွန်းအိမ်သည် အဖေတူ အမေကွဲ မောင်နှမဖြစ်ကြောင်းကို ဖွင့်မပြောရက်သဖြင့် မောင်ငယ်အား အပြစ်တင်ကာ လှည့်ပတ်၍ ဆူနေလိုက်၏။

ကိုယ့်အပြစ်နဲ့ကိုယ်မို့ နေထွန်းအိမ်သည် ဘာမျှမပြော တော့ဘဲ စောင်ကို ခေါင်းမြီးခြုံနေလိုက်၏။

သက်ပြင်းလေးခိုးချပြီး မောင်ငယ်ထံမှ မျက်နှာလွှဲလိုက်စဉ် လက်ဖက်ရည်ခွက်ကို ကောင်းနေသည့် လက်တစ်ဘက်နှင့် ဆွဲလာသော မင်းခန့်နှင့် မျက်လုံးချင်းဆုံလိုက်၏။

"မောင်လေးက အခုပဲအိပ်ပျော်သွားပြီ၊ လက်ဖက်ရည် မသောက်တော့ဘူးတဲ့၊ ကျွန်မတို့ပဲ သောက်လိုက်ကြရအောင်"

"ဟာ...အိပ်ပါဘူး"

သူစိမ်းလာလျှင် အစ်မ၏ဆုံးမစကားများ ရပ်တန့်သွားမည်ကိုသိသောကြောင့် စောင်ခြုံလှန်လိုက်ကာ ပြုံးဖြီးဖြီးနှင့် မင်းခန့်အား နှုတ်ဆက်လိုက်ရင်း....

"မမက မေတ္တာသုတ်တွေရွတ်နေလို့ မျက်လုံးမှိတ်ပြီး နာနေတာပါဗျ၊ တီးလား မုန့်ရော ပါသလား"

မေလွန်းအိမ်၏မျက်စောင်းကို လိုချင်၍ တမင်အစ်မကို စလိုက်ခြင်းဖြစ်သည်။

"ပူသေးတယ် ထွန်းရဲ့"

မင်းခန့်ထံမှ ခ်ိုင့်ကိုလှမ်းယူကာ ဖန်ခွက်နှစ်ခွက်ထဲသို့ ခွဲထည့်လိုက်သည်။

"မမေလွန်းအိမ်ပါ သောက်ပါဗျာ၊ အများကြီးဝယ်လာတာပဲ"

"ဟုတ်ကဲ့...ဖြည်းဖြည်းတော့ သောက်တာပေါ့"

သုံးလေးရက်တွေ့ဆုံခင်မင်နေသော်လည်း အလိုလို ရှိန်နေပြီး မဝင့်မရဲဖြစ်နေမိသည်ကို ကိုယ့်ကိုယ်ကို အံ့သြ၍ မဆုံးတော့...

ငယ်စဉ်ကတည်းက ဖခင်ဌာနမှ ဝန်ထမ်းယောက်ျားလေး

www.burmeseclassic.com

www.burmeseclassic.com

ကျားနှင့် တရင်းတာနီးနေခဲ့ဖူးသလို ကျောင်းနှင့်လုပ်ငန်းခွင်များတွင် ရှိသော ယောကျ်ားလေးများအပေါ် ရှက်ရွံ့စွာဖြစ်မနေတတ်ပါပဲနှင့် ယခု တစ်ယောက်ကျမ် အဘယ်ကြောင့် မဝင့်မရဲဖြစ်နေရတာလဲ၊ သူဟာ မောင်ငယ်နဲ့ပတ်သက်ပြီး သိကျွမ်းသူဆိုတော့ မောင်ငယ်ရဲ့သူငယ်ချင်းပါပဲ၊ ဒါကို ဘာလို့လဲ ဘာလို့လဲ...

"သောက်နှင့်ကြလေ၊ ကျွန်မ ဆရာမတွေဆီကို သွားလိုက်ဦးမယ်"

မေလွန်းအိမ်ရောက်လာကတည်းက နေ့နေ့ညည မောင်လေးနားမှာပင် စောင့်နေရသဖြင့် ဆေးရုံရှိ ဝန်ထမ်းအားလုံးနှင့် ရင်းနှီးနေခဲ့သဖြင့် နေ့လယ်ဘက်တွင် လက်ဖက်သုတ်နှင့် ရေနွေးကြမ်း ဓာတ်ဘူးကို ယူကာ ဆရာမများ အခန်းတွင် ဝိုင်းဖွဲ့ကာ စားသောက်ကြသည်။

"မမက ကျောင်းဆရာမ မလုပ်တော့ဘဲ သူနာပြုလုပ်မလို့တဲ့ ဇလေ့လာနေတာ"

သူ ဘယ်လိုပဲပြောပြော အနားမှာ ရှိနေလျှင် မနေတတ်မထိုင်တတ်နှင့် ဝေးဝေးနေရတာပဲ ကောင်းပါတယ်လေ။

"ကိုမင်းနဲ့ ကျွန်တော် ကျားထိုးရအော့"

"ဟင်..."

အခန်းတံခါးဝအရောက်မှာ ရုတ်တရက် ကြားလိုက်ရသဖြင့် စိုးရိမ်ပြီး နောက်ပြန်လှည့်၍...

"မင်းကို မလှုပ်နဲ့လို့ပြောထားတာပဲ မောင်လေးရယ်"

"လက်ဖက်ရည်သောက်ရင်းလေ"

"ခုဏကထိုင်ပြီးပြီပဲ၊ အိပ်သောက်ရအောင် ပိုက်တပ်ပေးထားတယ်လေ၊ ခဏ ခဏ ထလိုက်ထိုင်လိုက်လုပ်ရင် ဆေးရုံကတော်ရုံနဲ့ မဆင်းရတော့ဘူး"

"မမက အပြင်ထွက်နေတော့ ပျင်းတာပေါ့ဗျ"

တမင်ဂျီကျနေမှန်းသိသဖြင့် စိတ်တိုလာပြီး...

"အခုပြန်လာမယ် မလှုပ်နဲ့ဦး၊ မင်းနားမှာ ကိုမင်းခန့်ရှိနေသားပဲ မဟုတ်လား၊ သက်သက်..."

စကားဆုံးအောင် မပြောတော့ဘဲ ဆရာမများ အခန်းကို အမြန်သွား၍ ဓာတ်ဘူးနှင့်လက်ဖက်ပို့ကာ ပြန်ထွက်လာခဲ့သည်။

ရွှေစွန်ညိုဝဲနေတာကို မောင်လေးပါရိပ်မိနေသလားဟူသော အတွေးနှင့်အလိုလိုရှက်သွေးဖြာကာ တံခါးဝမှာ ခေတ္တရပ်ရင်း ပုံမှန်ဖြစ်အောင် နားလိုက်၏။

ဘာလို့များ သူ့ရဲ့အကြည့်မှာ ရင်ခုန်နေရတာလဲ...

"မင်းအစ်မက ကိုယ်လာတာ မကြိုက်ဘူးထင်တယ်"

"သူက အေးအေးနေတတ်လို့ပါ၊ ပြီးတော့ အစ်ကို့ကိုယ် ရှက်နေတယ် ထင်တယ်"

"သူက ခေတ်မိန်းကလေးဆိုတော့ နေတတ်မယ်ထင်လို့ ပါကွာ"

www.burmeseclassic.com

www.burmeseclassic.com

စကားသံများက အခန်းအတွင်းမှ ပျံ့လာသဖြင့် ရပ်တန့်နေလိုက်၏။

"ဒါဖြင့် အကိုနေကာမျက်မှန် တပ်ရင်တပ် မတပ်ရင် အစ်ကိုမျက်လုံးကို ထိန်းပေါ့ဗျာ၊ အစ်ကိုမျက်လုံးက တအားပါဝါများရေတော့ မမမခံနိုင်ဖြစ်မှာပေါ့"

"မင်းကွာ"

"ခွေးကောင်လေး"

နေထွန်းအိမ်၏စကားသံကြောင့် အခန်းနှင့်ဝေးရာသို့ ပြေးထွက်သွားမိတော့သည်။ အမှန်တကယ်ပါပဲ၊ မောင်ငယ်က အမှန်တရား ပြောနေသော်လည်း သူမရှက်နေမိသည်။

"ခွေးလေး...အဲဒီလောက်တောင် ပြောရလား"

* * *

"အပျော်ကြူးတော့ အမှားတွေ့ရတယ်ဆိုတာ လက်တွေ့ပဲ မဟုတ်လား သား၊ ကျောင်းလဲ တစ်နှစ်အောက်ရပြီ၊ ဒီတစ်နှစ်

ဆိုတဲ့အချိန်ဟာ ဘယ်လောက် နှမြောစရာကောင်းတဲ့ အချိန်လဲလို့"

ဦးဝင်းနိုင်က နေထွန်းအိမ်အတွက် စိတ်ထိခိုက်စွာဖြင့် ပြောလိုက်မိသည်။ နေထွန်းအိမ်၏ခေါင်းမှာ ဦးနှောက်ခွဲအား ထိခိုက်ထားသဖြင့် လှုပ်ရှားမှုနည်းပြီး အိပ်ရာထဲတွင်သာ အနားယူနေရမည်ဖြစ်သည်။ ဆေးရုံ၌ တစ်လနီးပါးနေ,နေရမည်ဖြစ်ပြီး ပြန်ဆင်းလာလျှင်လည်း ဆက်၍ အနားယူရမည်ဖြစ်သောကြောင့် ကျောင်းကိုပင် တစ်နှစ် နားထားခိုင်းရသည်။

မေလွန်းအိမ်သည် မိမိ၏ပေါ့ဆမှုအတွက် ယူကြုံးမရဖြစ်မိရ၏။ သို့ဖြစ်၍ မောင်ငယ် မဟုင်းစေရန်အတွက် ကာတွန်းကို ဖတ်ပြပေးသည်။

နေထွန်းအိမ်ကလည်း နဂိုက အစားနှင့်ပါးစပ်မပြတ်သူ ဖြစ်သည်။ ယခုတဲ့သို့ ပျင်းရိစွာဖြင့် ငြိမ်ငြိမ်နေရမည်ဖြစ်သော အခါ ပို၍ပင် အစားစားနေ၏။

"မမ...ကိုမင်းဆီ သွားပေးပါဦး၊ သူအခြေအနေ ကောင်းရဲ့လားလို့ သွားကြည့်ပေးပါလား"

"နေပါဦး မောင်လေးရယ်၊ သူကောင်းလား မကောင်းဘူးလား ဆိုတာ မမတို့မောင်လေးတို့လဲ ဘာမှတတ်နိုင်မှာ မဟုတ်ဘူး ကိုယ့်ဘာသာကိုယ် သက်သာသလိုနေပါဦး၊ သူရော မောင်လေးရော ဒဏ်ရာအတူတူရထားတာပဲ၊ သူ့လက်အခြေအနေနဲ့

www.burmeseclassic.com

www.burmeseclassic.com

မောင်လေးကို လာကြည့်နိုင်မှာမှ မဟုတ်တာ”

နေထွန်းအိမ် ဘာမှမပြောတော့ပေ။ မင်းခန့်၏ကျောက်ပတ်တီးလည်း ဖြေရဦးမည် မဟုတ်သေးပေ။ ထို့အပြင် သူ့တွင် ခါးနာနေသေး၍ ဘယ်မှသွားနိုင်မည် မဟုတ်သေးပေ။

သက်ပြင်းရှည်ကြီး ချလိုက်ရင်းက ပျင်းရိစွာကုန်လွန်ရမည့် အချိန်များအတွက် အလိုလိုစိတ်မောနေမိသည်။

ကျောင်းတစ်နှစ် ပျက်ရသည့်အတွက်လည်း နောင်တရမဆုံးဖြစ်မိသည်။

ခုဆိုရင် သူငယ်ချင်းများ ဆယ်တန်းအတွက် ကြိုတင်ပြီး ကျူရှင်ယူနေရော့မယ်။

❋ ❋ ❋

“မနေ့ကမှ လက်က ပတ်တီးဖြေတယ်၊ ဒီနေ့ အပြင်ထွက်လာတယ်ဆိုတော့ မလွန်ဘူးလား မင်းခန့်ရယ်”

“ပျင်းလို့ပါ ကိုကြီးရာ၊ မေမေတလဲ အိမ်မှာနေရင် မျက်စိ

အောက်ကကို အပျောက်မခံဘူး၊ အငယ်ကောင် နှစ်ကောင်ကို အလှည့်ကျစောင့်ခိုင်းနေတယ်၊ မုန့်ဖိုးပါပေးပြီး ခိုင်းနေတော့ ဟိုနှစ်ကောင်ကလဲ တာဝန်ကျေသလားမမေးနဲ့၊ ခြေတစ်လှမ်းတောင် အောက်မဆင်းရဘူး၊ အခု ဖေဖေ့ကားနဲ့ ကိုကြီးဆီဆိုပြီး ထွက်လာရတာ၊ ဖေဖေက အပြန်ဝင်ခေါ်မှာမို့ တော်သေးတယ်”

မင်းခန့်က ငြီးငြီးငြူငြူနှင့်ပြောလိုက်ရင်းက စံမြတ်သာ ချုပ်ပြီးသော စာအုပ်အသစ်များကို လှန်ကြည့်နေသည်။

“အသစ်တွေ ထွက်ပြီပဲ”

“အင်း...နှစ်သစ်မှာ လိုမ်ထွက်တာပဲပေါ့၊ ဒီမှာ မင်းအကြိုက်တွတ်ပီထွက်ပြီ၊ ဒီမနက်ပဲထွက်တာ၊ ညနေကျ မင်းဆီယူလာမလို့ပဲ၊ အထဲမှာဖွက်ဖတ်နော်၊ ဒီစာအုပ်က ကိုယ့်ဖောက်သည်ပေးရမှာ၊ အုပ်သုံးဆယ်ပဲရတာ မလွယ်ဘူး၊ အရင်လာသူကို အရင်ပေးရမှာပဲ၊ စကားများမယ့် အပေါက်ပဲ”

စံမြတ်သာက ညည်းညည်းညူညူနှင့်ပြောလိုက်သည်။ သူတို့ကဲ့သို့ စာပေဖြန့်ချိရေးသမားများသည် ပုံနှိပ်တိုက်နှင့် စာအုပ်အင်္ဂါးဆိုင်များကြားတွင် အမြည်ပ်နေတတ်သည်။

ငှားရသွက်သော နာမည်ကြီးသောစာအုပ်များကို ပုံနှိပ်တိုက်မှ လိုသလောက် မှာသလောက် မပေးပေ၊ စာအုပ်အင်္ဂါးဆိုင်များကလည်း နာမည်ကြီးစာအုပ်ဆိုလျှင် တစ်အုပ်နှင့်ပင် မတင်းတိမ်ပေ။ နှစ်အုပ် သုံးအုပ်ခန့်ကို လိုချင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဟိုကောင်လေး နေထွန်းလဲ ခေါင်းကောင်းသွားပြီလား မသိဘူး၊ သူက ခေါင်းကိုထိထားတော့ ပိုစိုးရိမ်ရတယ်နော်၊ ခုနစ်ချက်တောင်ချုပ်ရတာ၊ သူ့အစ်မကို ဝါးချက်တည်းလို့ ညာထားတာ၊ ခါးရိုးကိုလည်း ပြန်ဆက်ထားတာ"

"မင်းလဲကွာ နေ့တိုင်း ဒီစကားပဲ ရေရွတ်နေတာပဲ"

"ဟဲ ဟဲ... ကောင်ကလေးက ခင်ဖို့ကောင်းလို့ပါ"

"သူ့အစ်မက ပိုခင်စရာ မကောင်းဘူးလား"

"အဟီး...အမှန်တရားပဲ"

မင်းခန့်က စံမြတ်သာ၏လက်မောင်းကို လက်သီးနှင့် ဖွဖွလေး ထိုးရင်းက ရှက်ရယ်ရယ်လိုက်သည်။ သူ့မျက်နှာနုနုမှာ ရဲရဲနီသွား၏။

စံမြတ်သာက မင်းခန့်၏အမူအရာကို ကြည့်ရှုရင်း မေလွန်းအိမ်အား စိတ်ဝင်စားနေမှန်း ရိပ်မိလိုက်သည်။

"သူက အီဂျင်းပဲ ကိုကြီးရ၊ မာနသိပ်ကြီးတာပဲ၊ အစကကျွန်တော်လဲ သူ့ဘာမှ ကွင်းမကလို့ ဘာပ်ဖြစ်ဖြစ် ဂရုမစိုက်ပါဘူး၊ မြင်ဖူးတယ်ရှိအောင်လို့တော့ သွားကြည့်ထားတယ်၊ အခုတော့ နေထွန်းအစ်မမှန်းဆိုတော့မှ သတိထားမိတယ်၊ သူက သူ့ ဘာသာ ရည်းစားမထားဖူးဘဲ၊ မောင်နှမ မိဘအပေါ်တော့ သိပ်ပြီး အလုပ်လုပ်ပေးတာပဲဗျ၊ နေထွန်းက ပြောတယ်၊ တစ်အိမ်လုံး သူ့လက်သူ့ခြေပဲလို့ ပြောတယ်"

"ဒီစကားကို မင်းပြောတာ ခုပါနဲ့ဆို သုံးခါရှိပြီနော်"

"ဟာ..."

မင်းခန့်က ထပ်မံ၍ ရယ်မောလိုက်ရင်း ခါတိုင်းကဲ့သို့ စံမြတ်သာအား ကူညီ၍ စာအုပ်အဖုံးဖုံးပေးရန် စာအုပ်နှင့် ကော်ပြားကို ကိုင်လိုက်၏။

"ဟေ့ ဟေ့ ဒါဘာလုပ်တာလဲ"

"ဖုံးပေးမလို့လေ"

"လုံးဝမကိုင်ပါနဲ့၊ မင်းကို သတိပေးထားပါရဲ့၊ မင်းလက်က အခုမှဆက်ကာစ. အရိုးနုနေတာ၊ လှုပ်ရှားမှုများရင် ပြန်ပြုတ်သွားမယ်၊ အဲဒါဆို ကျောက်ပတ်တီးထပ်ကိုင်ရပြီး ခြေချုပ်မိနေမယ်"

"အင်း...အငြိမ်းစားယူရမှာပေါ့လေ"

မင်းခန့်က စံမြတ်သာ၏စကားကို နားထောင်ပြီး စာအုပ်နှင့် ပလပ်စတစ်ကော်ပြားကို ပြန်ချထားလိုက်သည်။

"ကိုကြီး အလုပ်နည်းနည်းပါးရင် ကျွန်တော့်ကို ထွန်းလူဆီ ပို့ပေးပါဗျာ"

"ထွန်းလူအိမ်က ကမ်းနားလမ်းမှာပဲ၊ ကားစီးသွားရမှာပေါ့၊ မသွားနဲ့ဦး"

"ဒီကောင်က ဖုန်းဆက်တယ်ဗျာ"

စံမြတ်သာသည် ဘာမျှမပြောသေးဘဲ ဖုံးလက်စ စာအုပ်

www.burmeseclassic.com

www.burmeseclassic.com

ကို အပြီးသတ်ဖုံးကာ နိုင်လွန်ကြိုးစကို အခိုင်တုတ်နှောင်၍ မီးနှင့်ရှို့ကာ အစနှစ်ဘက်ကို ပူးဖိပြီး လက်စသပ်လိုက်သည်။

"ကိုမင်းဆီကို သူကလာကြည့်လား"

"လာမကြည့်ဘူး၊ သူ့ကားပျက်နေလို့တဲ့"

"ငါကရော မင်းဆေးရုံတက်တုန်းလာတာ ငါ့မှာ ကားရှိလို့လား"

မင်းခန့် တွေဝေသွားသည်။ စံမြတ်သာက မင်းခန့်ပခုံးကို ဖွဖွလေးပုတ်ရင်းက...

"သူငယ်ချင်းဆိုတာ ဒါပဲ ကိုမင်း၊ ထွန်းလူ့ဆိုတဲ့ကောင် ဆွယ်တာနဲ့ မင်းထွက်တယ်၊ ပြီးတော့ ကားပေါ်က လိမ့်ကျတယ်၊ မင်းထိုက်နဲ့မင်းကံပေမယ့် ထွန်းလူက မင်းကို တစ်ချက်လေး လာကြည့်ဖော်ရလို့လားကွာ"

"သူက အလုပ်မှားသားပဲ"

မင်းခန့်သည် သူငယ်ချင်းအပေါင်းအသင်းကို အလွန်ခင်သူ ခွင့်လွှတ်သည်းခံတတ်သူပင်ဖြစ်သည်။ သူငယ်ချင်းများ အပေါ်၌ အနစ်နာခံလွန်းသောကြောင့် စံမြတ်သာမှာ မကြာခဏ သတိပေးနေရသည်။

"စိတ်တူလျှင် အခေါက်ခေါက်၊ စိတ်မဲ့ လျှင် မရောက်ပေါက်တဲ့ ကိုမင်း၊ မင်းက ဒဏ်ရာရတဲ့လူ၊ သူက အတင်းခေါ်လို့ မင်းပါသွားတာ၊ သူ့မှာ လာကြည့်ရမယ့်တာဝန်ရှိတယ်၊ ဒါကို

ဖုန်းနဲ့ပဲမေးတော့ မင်းကလဲ ဖုန်းနဲ့ပဲပြန်ဖြေပြီးပြီ မဟုတ်လား၊ ပြီးပြီပေါ့။ ဘာသွားဖို့လိုလဲ"

"ကျောင်းတွေဖွင့်တော့မှာ၊ သူက ဆက်မတက်တော့ဘဲ စီးပွားရေးလုပ်မယ်ပြောလို့ မေးမလို့ပါ"

"စပ်စပ်စုစုကွာ၊ မင်းသွားမေးသင့်တာက နေထွန်းကိုကွ၊ သူ့ဖို့ထည့်လာတဲ့ ထမင်းဟင်းကို နေ့တိုင်းစားနေရတယ် မဟုတ်လား၊ သူ့အစ်မကလဲ မင်းကိုသာ စကားတစ်လုံးမှ မပြောတာ၊ သူ့မောင်မှာတာ အကုန်ထည့်လာသားပဲ၊ သူ့ကို သွားမေးရမှာ"

စံမြတ်သာစကားကြောင့် မင်းခန့်၏မျက်နှာမှာ နီရဲသွားပြီး ထွန်းလူ့ထံမှ အာရုံပြောင်းသွား၏။

"မေးချင်တာပေါ့ ကြောင်နေမလားလို့၊ ဆေးရုံတက်တုန်းတာ ခဏခဏရောက်တယ်၊ ဖေဖေ့ကားနဲ့ လိုက်တာပေါ့၊ အပြန်ကျတော့ ဘတ်စ်ကားနဲ့ပြန်ရတာ နည်းနည်းကသီတယ်၊ ကောင်တလေးက သိပ်ပျင်းနေရှာတယ်၊ ကျောင်းပိတ်ရက်မှာ သူ့သူငယ်ချင်းတွေလာတော့ မသွားတော့ဘူးပေါ့၊ ဆေးရုံမှာ ဆယ့်လေးငါးရက်နေရတော့ အတော်ပျင်းနေရှာတယ်၊ အခုတော့ ဆင်းသွားပါပြီ"

"ဒါကြောင့် မင်းက ငါ့ဆီရောက်လာတာပေါ့"

"ဟင်း...အိမ်ကျတော့ သိပ်မသွားချင်ဘူး၊ အခုတော့ သွားရဦးမယ်၊ ကောင်ကလေးကို ကျောင်းမတက်ခိုင်းသေးဘူး။

www.burmeseclassic.com

www.burmeseclassic.com

ဘာဖြစ်လို့လဲ, မသိဘူး၊ စာမေးပွဲက နီးနေပြီလေ"

"ငါလိုက်ပို့ပါ့မယ်၊ ဒါပေမယ့် ဒီကောင်လေးက ကျောင်းသားဆိုတော့ ကျူရှင်တက်ချင်တက်မှာ၊ နေ့လယ်ဘက်သွားမယ်လေ၊ သူ့အစ်မတော့ ရှိမှာပေါ့"

"ဒါဆို သွားစို့"

"ဟာကွာ..."

စံမြတ်သာက မင်းခန့်၏ပခုံးကို ပုတ်ကာ အားပါးတရ ရယ်မောလိုက်၏။

"မင်းလက်က ကားစီးလို့ မရသေးဘူး၊ မင်းအဖေကလဲ မင်းကိုယ်ရေးကိုယ်တာအတွက် ကားပေးမှာမဟုတ်ဘူး၊ ဒီနေ့ မသွားရဘူး၊ နောက်သုံးရက်ကြာမှ သွားမယ်"

"အာ...သဘက်ခါလုပ်ပါ ကိုကြီးရ"

မင်းခန့်က ဈေးထပ်ဆစ်လိုက်သောကြောင့် စံမြတ်သာမှာ သဘောကျစွာ ရယ်ရင်း ရုတ်တရက် ပါးစပ်ဟကာ အရယ် ရပ်သွား၏။ ဆိုင်ရှေ့တွင်လာရပ်သော မိန်းကလေးကို အံ့အားသင့်စွာ ငေးကြည့်နေမိသည်။

"မြိုင်ရာဇာတွတ်ပီ ထွက်ပါပြီလား"

"ဟင်...မေလွန်းအိမ်"

မေလွန်းအိမ်က ထိုအခါမှ သတိထားမိဟန်တူသည်။ စံမြတ်သာကိုရော မင်းခန့်ကိုရော မြင်လိုက်သဖြင့် သူ့မမျက်နှာ

လေး တစ်မျိုးပြောင်းသွားသည်။

"သိပ်တိုက်ဆိုင်တာဗဲ ညီမရေ၊ အခုပဲ နေထွန်းဆီကို သွားမလို့ တိုင်ပင်နေကြတာ"

"ဩော်..."

သာမန်လေသံနှင့်သာ ပြောလိုက်သည်။

"မင်းခန့်က ဒီနေ့ပဲ ကျောက်ပတ်တီးဖြေချပြီး နေထွန်းဆီကို လိုက်ပို့ခိုင်းနေတာ၊ ကျွန်တော်က အသားမကျသေးခင် မသွားပါနဲ့ဦး တားထားလို့"

"အို...အသားမကျသေးခင် ဘာမှလှုပ်လှုပ်ရှားရှားမလုပ်တာ အကောင်းဆုံးပဲ၊ အနားယူလိုက်ပါ၊ ပြီးမှ အေးအေးဆေးဆေး လာပါ"

ထိုအခါမှ မေလွန်းအိမ်သည် ပျာပျာသလဲ အမူအရာနှင့် သတိပေးလိုက်၏။ မောင်ငယ်နေထွန်းကဲ့သို့ လှုပ်ရှားမှုများလွန်းသောကြောင့် မဖြစ်သင့်သည်များ ဖြစ်သွားမှာ စိုးရိမ်သွားမိသည်။

မင်းခန့်လက်ကို လှမ်းကြည့်လိုက်သောအခါ ကျောက်ပတ်တီး စီးထားသောလက်မှာမှာ ထုံးများကြောင့် ဖွေးနေသေးသည်။ ထိုထုံးရာများ ကျန်နေသေးသည့်အတွက် မနေ့ကမှဖြေသည့် စကားကို အကြွင်းမဲ့ယုံသွားသည်။

"မောင်လေးက ဘယ်မှမသွားရဘဲ အိမ်မှာပဲ အနားယူနေရတယ်၊ လှုပ်ရှားမှုများရင် ခေါင်းမူးမူးနေလို့ အဲဒါ ကာတွန်း

www.burmeseclassic.com

www.burmeseclassic.com

တွေပဲ ကျွန်မထိုင်ဖတ်ပြနေရတယ်"

"အာ...ဖြစ်ရလေတော့"

နေထွန်းအတွက် သူတို့နှစ်ဦးစလုံး စိတ်မကောင်းဖြစ်သွားကြသည်။

"သူကလဲ ဧည့်သည်မှော်တာပဲ၊ ဒါပေမယ့် နောက်မှ လက်အသားကျသွားမှ လာပါ"

"ဟုတ်ကဲ့...ကျွန်တော် လိုက်ပို့ပေးပါ့မယ်၊ ကဲ...ညီမလေးကို ဒီလထွက်တဲ့ ရုပ်ပြတွေ ကာတွန်းတွေ ပေးပါဦး"

"ဟိ...ရုပ်ပြတွေကို မောင်လေးက မကြိုက်ဘူး၊ ရယ်စရာကာတွန်းတွေမှ ကြိုက်တာ၊ ဝိဇ္ဇာတို့ ရယ်စရာတို့ တွတ်ပိတို့မှပါ၊ နေ...နေ ကျွန်မ ရွေးပါ့မယ်၊ ဖတ်ပြီးသားတွေလဲ ရှိပါတယ်။ သူက ကလေးတစ်ပိုင်းဆိုတော့ ပုံပြင်တို့၊ ရယ်စရာတာ့တွန်းတို့ပဲ ကြိုက်တာ"

မေလွန်းအိမ်သည် မောင်အတွက် စာအုပ်များကို စိတ်ရှည်ရှည်ရွေးနေ၏။ စံမြတ်သာက ဝှက်ထားသော တွတ်ပီစာအုပ်ကို ထုတ်ပေးရင်း ဖောက်သည်များအတွက် စိတ်မကောင်းဖြစ်သွားသည်။

သို့ရာတွင် နေထွန်းအိမ်အတွက် ပို၍ စိတ်မကောင်းဖြစ်မိသည်ကား - ---

"ဒါဆို ကျောင်းမသွားရဘူးပေါ့နော်"

မင်းခန့်က ထိုစကားကို ခြောက်ကပ်သော လေသံနှင့် မေးလိုက်၏။

"တစ်နှစ် နားခိုင်းထားပါတယ်"

"ဟာ...ဖြစ်ရလေတော့"

နှုတ်ဖျားမှ စိတ်မကောင်းစွာ ညည်းညူလိုက်သည်။ သူတို့ တက္ကသိုလ်မှာ ပြောင်တတ် နောက်တတ်သည့်အကြောင်းပြောလျှင် နေထွန်းက အားကျစွာဖြင့် ပါးစပ်ကြီးဟကာ နားထောင်တတ်ပြီး...

"ကျွန်တော်လဲ ဆယ်တန်းမြန်မြန်အောင်အောင်လုပ်မယ်၊ ဒါမှ လွတ်လွတ်လပ်လပ် လှောင်လို့ ရမှာ"

သက်ပြင်းရှည်ကြီးချကာ နေထွန်းအိမ်အတွက် စိတ်ထဲမှာ ထိခိုက်သွား၏။ ပါးစပ်ရော၊ လက်ရော၊ တစ်ကိုယ်လုံးရော ငြိမ်ငြိမ် မနေတတ်တဲ့ နေထွန်းအိမ်တစ်ယောက် ဘယ်လောက် စိတ်ကျဉ်းကျပ်နေရှာမလဲ။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

"အိပ်ရာထဲနေနေရတာ ထောင်ထဲမှာ အကျဉ်းခံနေရသလိုပဲဗျာ"

"အမယ်...မင်းက နေဖူးလို့လား"

"ခုလေ...ငြိမ်ငြိမ်သက်သက်နေမှ ရမယ်တဲ့ဗျာ"

"နေပေါ့...ဆယ့်ခြောက်နှစ်လုံးလုံး လူပ်ရှားလာပြီပဲ၊ နေဖူးတယ်ရှိရင်အောင် နေလိုက်ပေါ့ကွာ၊ လူဘဝဆိုတာ ဆန့်ကျင်ဘက်ကလေးတွေ ဒွန်တွဲခံစားရမှ ကောင်းတာ၊ ခံစားမှုရသစုံတာပေါ့"

မင်းခန့်သည် ဒနထွန်းအိမ်အား စိတ်မကောင်းစကားမဆို၊ အားပေးစကားလည်းမပြော၊ ပေါ့ပျက်ပျက်ပြောင်ချော်ချော် အမူအရာနှင့်မို့ ရေလွန်းအိမ် မျက်စောင်းထိုးမိသည်။ နေထွန်းကလည်း နှုတ်ခမ်းချွန်ကာ...

"ကိုမင်း နေကြည့်ပါလား"

"နေချင်တယ်၊ သိပ်ဇိမ်ကျတာပဲ၊ ကိုမင်းက အိမ်မှာ အကြီးဖြစ်နေတော့ ကိုယ်ကချည်းပဲ လုပ်ပေးနေရတာ၊ အခု လက်ကျိုး

တော့ အငယ်တွေကို ဖိခိုင်းတာပဲ၊ ထမင်းပွဲရှေ့ရောက်မို့ ဇိမ်သိပ်ကျတာပဲ၊ ဘာဖြစ်လဲ၊ ဇိမ်ကျကျသာနေလိုက်၊ နောင် ဒီလိုနေချင်လို့ ရမှာ မဟုတ်ဘူး"

လှည့်ထွက်သွားသော မေလွန်းအိမ်၏နောက်ကျောကို အသာစွေကြည့်ကာ မျက်စပစ်လိုက်ပြီး နေထွန်းအိမ်နား ကပ်ကာ တိုးတိုးလေး ပြောလိုက်၏။

"အခုချိန်မှာ မင်းအစ်မ အပျိုကြီးကို များမျှားခိုင်းပေး၊ နို့မဟုတ်ရင် သူ့ဆရာလုပ်တာချည်းပဲ ခံနေရမှာ"

"အင်း...ဟုတ်တယ်"

နေထွန်းအိမ်၏မျက်နှာလေး တဖြည်းဖြည်းပြုံးလာသည်။ ထိုအခါမှ မင်းခန့်ရင်ထဲ၌ သက်ပြင်းလေးခိုးချမိ၏။ ကိုကြီးစံမြတ်သာ၏ စစ်ဆင်ရေးနည်းဖြင့် စိတ်ပျော်ရွှင်အောင် လုပ်ရသည်မှာ အောင်မြင်ပါ့မလားဟု စိတ်တထင့်ထင့်ဖြစ်နေသည်မှာ ယခု မျှော်လင့်ချက်ရောင်ခြည်လေး သမ်းလာလေပြီ။

"မင်းကုသိုလ်ရပါတယ် နေထွန်းရာ"

"ဘာလို့လဲ"

"မင်းက ငါ့ကို နှစ်သစ်မှာတည်းက ယောက်ဖတော်ချင်နေတာ မဟုတ်လား"

"ဟီ...တိုးတိုးဗျ၊ မမကြားရင် ကျွန်တော့်ပိုက်ခေါက်ပူနေဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com

နေထွန်းက သူ့ဇိုက်ကလေးကိုပွတ်ကာ လေသံတိုးနှင့် ပြောလိုက်၏။

"အဲဒါကြောင့် ကုသိုလ်ရတာပေါ့၊ မင်းဒီလိုဖြစ်နေတော့ ငါ့ မင်းတို့ရော မင်းအစ်မကိုပါ နေ့တိုင်းလာကြည့်လို့ရတာ ပေါ့တွာ၊ ငါ့စိတ်အလိုကိုဖြည့်ပေးတဲ့အတွက် မင်း ကုသိုလ်ရပါတယ်"

"အားပါး...ကိုယ့်နာတဲ့ကုသိုလ်ပါလား"

နေထွန်းအိမ်က ရှုံ့မဲ့မဲ့နှင့်ပြောလိုက်သောအခါ မင်းခန့်သည် သဘောကျစွာရယ်မောရင်းက...

"သူများအကျိုးဆောင် ကိုယ့်အကျိုးအောင်တဲ့ကွ၊ မင်းအကျိုးလည်းအောင်မှာပါ"

"ဘာအောင်ရမှာလဲ"

"ငါ့အစ်မက နှစ်သစ်ကူးနေ့က မိန်းကလေးမွေးတယ်၊ နှစ်ဦးမေလို့ နာမည်ပေးဟားတယ်၊ အဲဒါလေးကို မင်းအတွက် လျှာထားလိုက်ပြီ"

"အဟား...ဟား"

နေထွန်းအိမ်က သဘောကျစွာ ရယ်မောလိုက်သောအခါ မေလွန်းအိမ်သည် သူ့မောင် ဘာဖြစ်နေပါလိမ့်ဟု အလန့်တကြား ပြေးလာလေ၏။

ဒီရောက်မှ မောင်ငယ် ရယ်နေသည်ကိုတွေ့ရသောအခါ

မေလွန်းအိမ်သည် သူပါရောရှိပြီးလိုက်ရင်း...

"ရယ်ပုံကလဲ"ဟု နှုတ်မှတီးတိုးပြောလိုက်ပြီး မင်းခန့်ကို ကြည့်လိုက်ရာ နေထွန်းအိမ်က အူလို့တ်သည်းလို့တ်ရယ်နေသလောက် သူက ရှုတည်တည်နှင့်...

"ဟ...ငါ့မှာ ဒါပဲချမ်းသာတာကိုးကွ၊ ဘယ်လောက် ရက်ရောလိုက်သလဲ"

"တော်ပါတော့ ကိုမင်းရာ"

"မတော်ပါဘူး၊ နောက်ထပ်တစ်ယောက် မိန်းကလေးဖြစ်နေရင်လည်း မင်းအတွက် အဆစ်ပေးဦးမယ်"

"ဟီ...ကျေးဇူးတစ်သက်လုံးတင်ရဦးမယ်"

"နောက်ဘဝအထိ တင်နိုင်ပါတယ်"

မင်းခန့်က ရှုတည်တည်နှင့်ပြောနေသော်လည်း မေလွန်းအိမ်ကိုမူ မျက်လုံးတောင် စွေမကြည့်ခဲ့ပေ။

သို့ရာတွင်...မေလွန်းအိမ်ကွယ်ရာရောက်လျှင် နေထွန်းအိမ်အား အမျိုးမျိုးစနောက်တတ်၏။

တွေ့စကသာ သည်းသည်းမဲမဲကြည့်သော်လည်း ဧောက်နေ့များတွင် တမင်စိုက်ကြည့်သည်ထက် မလွဲသာ၍ ကြည့်မိသည်က များသည်။

ထို့ကြောင့် မေလွန်းအိမ်က ကြောင်သူတော်ဟု ကွယ်ရာမှာ ကင်ပွန်းတပ်ထားကြောင်းကို နေထွန်းအိမ်က ပြန်ပြောပြ

www.burmeseclassic.com

www.burmeseclassic.com

ထားသည်။

ယခုလည်း ကွယ်ရာမှာသာ နေထွန်းအိမ်အား စသော်လည်း မေလွန်းအိမ်ရောက်လာသောအခါ မှင်သေသေနှင့် နေနေသည်။

"ပြီးတော့မှ လစဉ်ထုတ်ကာတွန်းစာရင်းကို မင်းပဲရေတွက်ပေးလိုက်ပေါ့ကွာ၊ ကိုကြီးဆိုင်ကနေ အလကားဆွဲလာခဲ့မယ်"

"အားနားစရာကြီး၊ ဝယ်မှာပေါ့"

"တစ်ရက်ဖတ်တာပဲ၊ အလကား...ဝယ်မနေနဲ့၊ ဒါက ကိုကြီးက တရားဝင်ခွင့်ပြုလိုက်တာပဲ၊ ဒီလိုအခွင့်အရေးမျိုးရခဲတယ်၊ နောင် မရတော့ဘူး၊ မင်းလိုချင်ရင် ဝယ်ရမှာပဲ၊ ရတုန်းယူထား၊ ပုံပြင်တွေ ဟာသတွေ အများကြီးပဲ"

မင်းခန့်သည် နေထွန်းအိမ်ရောဂါအတွက်ကို စိတ်ပျော်စရာများအဖြစ် ပြောင်းလွဲဖန်တီးကာ ပြောနေသောအခါ နေထွန်းအိမ်သည် စိတ်ပျက်ငြီးငွေ့ဖွယ်ရာရောဂါကို တဖြည်းဖြည်းနှင့် အခွင့်အရေးတစ်ခုဟု ပြောင်းလွဲမြင်လာလေပြီလားမသိပေ။ မျက်နှာလေး တဖြည်းဖြည်းကြည်လင်လာပြီး...

"ကိုမင်းမလာရင် ကျွန်တော်တော့ ပျင်းနေမှာပဲ"

"ဘယ်ကပျင်းရမှာလဲ၊ လာလည်မှာပေါ့၊ တစ်ယောက်တစ်လစီ လာလည်မယ်"

"ကျွန်တော့်ကို လှုပ်ရှားလို့မရဘူးတဲ့"

"မလှုပ်နဲ့၊ ခြေလှမ်းလှမ်းရင် အာရုံကြောထိခိုက်နိုင်တယ်ဆို၊ ကိုရွှေကို စီးတော်မြင်းလုပ်ပြီး ကားပေါ်ထိုင်လိုက်ခဲ့၊ ကားပေါ်ကနေ ကျောင်းကိုလာမျှော်ပေါ့"

"သုံးပတ်ကြာရင် အပြင်ထွက်လို့ရပြီပဲ"

"အင်းပေါ့...ရက်နှစ်ဆယ်လောက်မဲ့ နားလို့ပြောတာ မဟုတ်လား"

"ဒါပေမယ့်...ကျောင်းကို တစ်နှစ်နားရမယ်တဲ့၊ ခေါင်းပူအောင် မှတ်ဖို့အင်အားမရှိဘူးတဲ့"

"ကောင်းပါတယ်၊ တစ်ခါတလေ သူငယ်ချင်းတွေကို အကြောပေးလိုက်ပေါ့၊ ပြီးတော့...သူငယ်တန်းကနေ ကိုးတန်းအထိ အမြဲတမ်းစာကျက်လာရတာ ပျင်းစရာကြီး၊ ဒီလို လွတ်လွတ်လပ်လပ် အနားယူတဲ့အခွင့်အရေးက ရခဲတယ်"

"ကိုမင်းကတော့ ပြောလိုက်ရင် ကောင်းတာချည်းပဲ"

"တကယ်ကောင်းလို့ပါကွာ၊ ကဲ...နေထွန်း မင်းအိပ်ရာမှာ လဲနေလိုက်ဦး၊ ကိုယ် ကာတွန်းဖတ်ပြမယ်"

စကားပြောလာသည်မှာ ကြာပြီဖြစ်၍ အနားယူခိုင်းလိုက်၏။

"ရပါတယ်၊ ညနေမှ မမကိုဖတ်ပြခိုင်းမယ်"

"နေပါဦး...မင်းအစ်မ ဖတ်တာနဲ့တူလို့လား၊ သင်္ဂီတ ဆရာတော် ဟာသတွေ မဖတ်ရသေးဘူးလား၊ ဖတ်ပြမယ်၊ ကိုယ်

www.burmeseclassic.com

www.burmeseclassic.com

ဒီစာအုပ်ကို သိပ်ကြိုက်တာပဲ"

မင်းခန့်သည် ပြောပြောဆိုဆိုနှင့် စာဖတ်ပြ၏။ သူပြော သကဲ့သို့ပင် မေလွန်းအိမ်ဖတ်ပြသည်နှင့် မတူ။ အသံအဖြတ် အတောက်နှင့် စကားပြောဟန်အတိုင်း ဖတ်ပြသည်။ တစ်ခါ တရံ သူပါဝင်ရယ်၏။

နေထွန်းအိမ်အခန်းလေးမှာ မင်းခန့်ရောက်သည့်အချိန်မှ စ၍ စိုပြေသွားလေသည်။ မေလွန်းအိမ်က မောင်ငယ်အိပ်ခန်း ကို အရိပ်တကြည့်ကြည့်နှင့်နေရင်းတ သဘောကျနှစ်ခြိုက်စွာ ပြုံးလိုက်သည်။

"ကျေးဇူးပဲ ကိုမင်းခန့်ရယ်"

"သူ့ကို သိပ်ကျေးဇူးတင်လို့ လိုက်ပို့တာပါ။ ပြီးတော့ သူ့ လက်က မကောင်းသေးဘူးလေ၊ ဒီအချိန်က ရုံးဆင်းချိန်မို့ ကား သိပ်ကျပ်တယ်"

"ကျွန်တော် အခွင့်အရေးယူရာသက်သက်များ ဖြစ်နေ မလားဗျာ"

"မဖြစ်ပါဘူး၊ တောင်ဥက္ကလာနဲ့ ဘောက်ထော်က ဝေးမှ မဝေးဘဲ၊ ပြီးတော့ တို့က သူ့ကိုပို့ပြီးရင် မေမေ့ကိုသွားကြိုရမှာ"

"ဩော်...မင်္ဂလာစေးကိုဆိုတော့ ပြန်တွေ့ရမှာပေါ့ဗျာ"

"တို့အတွက် ဘာမှအပန်းမကြီးပါဘူး၊ တို့ သူ့ကို တစ်ခု တောင်းပန်ချင်တယ်"

ရုတ်တရက် မင်းခန့် ရင်ထဲထိတ်သွား၏။ ယခုမှပင် မေလွန်းအိမ်နှင့် တေ့တေ့ဆိုင်ဆိုင် စကားပြောဖူးသည်မို့ အမှား ပါသွားမှာ၊ မိမိအပြုအမူချွတ်ယွင်းသွားမှာကို စိုးရိမ်မိ၏။

"ဘာများလဲဗျာ"

"ဩော်...မောင်လေးဆီကို နေ့တိုင်း လာပေးပါလို့ တောင်းပန်ချင်ပါတယ်၊ မောင်လေးက ခါတိုင်း ဒေါသထွက်ပြီး ငိုလိုက်၊ အော်လိုက်ဖြစ်နေတာ သူလာတဲ့နေ့မှ ပျော်ရွှင်နေတာ မြင်ရတော့ သိပ်စိတ်ချမ်းသာတာပဲ၊ သူ လာနိုင်မလားဟင်"

ရင်ထဲမှအလုံးကြီးကျသွားသဖြင့် သက်ပြင်းရှည်ကြီး ခိုးချ လိုက်ရင်း...

"တို့မှာ ဘာအလုပ်မှမရှိပါဘူး မေလွန်းအိမ်၊ တို့လဲ နေထွန်းအခြေအနေကိုကြည့်ပြီး နေ့တိုင်း လာတန်လာဝေလို့ ဆုံးဖြတ်ထားပါတယ်၊ တို့က ကိုယ်လဲ လူမမာဘဝမှာ နေ့ခဏမို့

www.burmeseclassic.com

www.burmeseclassic.com

စာနာပါတယ်ဗျာ၊ လာပါ့မယ်"

မေလွန်းအိမ်မျက်နှာလေး ပြုံးသွားပြီး သူ့အား မျက်လုံးထောင့်ကပ်ကြည့်ရင်း...

"သူ့အိမ်ကို လိုက်ခွင့်တောင်းပေးမယ်လေ"

"ရပါတယ်၊ တို့အမေက သားအဖတွေ ဘာလုပ်လုပ်မပြောဘူး။ အချိန်တန်လို့ သူပင်ပင်ပန်းပန်း ချက်ထားတဲ့ ထမင်းဝိုင်းလေးမှာ လူစုံရင်ပြီးရော၊ ဖေဖေကလည်း နားလည်တတ်ပါတယ်"

"ဟုတ်လား...သိပ်ကျေးဇူးတင်တာပဲ၊ သူ့ကို အလာမှာလဲ လာကြိုမယ်လေ"

"ဟာဗျာ...မလုပ်ပါနဲ့၊ ဖေဖေရုံးတက်တဲ့ကားနဲ့ ကားကြိုလိုက်လာပါမယ်၊ ဖေးဖက ဒီဘက်လမ်းက ကားရှင်းလို့ ဒီဘက်ကအလာများပါတယ်၊ လမ်းထိပ်ဆင်းနေရင် ရပါတယ်"

"ဒါဆို အိမ်မှာ မနက် ည ထမင်းစားရမယ်"

"အဲဒါက ပိုမဖြစ်နိုင်ဘာ"

"ဘာဖြစ်လို့"

"မေမေက သူချက်ထားတာမစားရင် သိပ်စိတ်ဆိုးတာ၊ ကျွန်တော်ဟာ ကိုယ်လုပ်ချင်တာလုပ်ပြီး အမေ့ထမင်းဝိုင်းမှာပဲ အမေမဆူအောင်လို့ အားပါးတရစားပြပြီး အမေ့ကိုချော့ရတာပဲ၊ ဒီအတွက်တော့ ခွင့်လွှတ်ပါဗျာ"

မေလွန်းအိမ်က ယဲ့ယဲ့လေးပြုံးလိုက်ရင်း...

"သူတို့အိမ်က တစ်မျိုးပဲ"

"ဘယ်လိုတစ်မျိုးလဲ"

"ပျော်စရာကောင်းတာပေါ့၊ နွေးထွေးသလိုပဲ၊ အိမ်မှာက ညနေမှာ ဖေဖေနဲ့မေမေကပဲ လက်ဆုံစားတယ်၊ နေထွန်းကလဲ တစ်နေ့လုံးစားထားတော့ ညမှောင်မှ ထမင်းနည်းနည်းပဲစားတယ်၊ တို့ကတော့ ကိုယ်စာတဲ့အချိန်မှာစားတယ်၊ ညအိပ်ခါနီးမှ စားဖြစ်တာပဲ၊ တစ်မျိုးပဲပေါ့၊ အေးစက်သလိုပဲ"

"ဟာဗျာ...ဘယ်လိုအေးစက်တာလဲ"

ဆယ့်ခြောက်ကွေ့မှ တည့်တည့်လာပြီး ဗဟိုဈေးဘက်သို့ ဦးတည်လာသည့် လမ်းတစ်လျှောက်မှာ ကားအနည်းငယ် ရှင်းနေ၍ အရှိန်ကို နည်းနည်းမြင့်လိုက်မိ၏။

"တို့မိသားစုထမင်းဝိုင်းက အေးစက်တဲ့ ထမင်းကြမ်းကို စားနေရတာနဲ့ တူတယ်၊ သူတို့မိသားစုထမင်းဝိုင်းက ပူနွေးတဲ့ ထမင်းကို စားရသလိုပေါ့"

မေလွန်းအိမ်စကားကြောင့် နွေးထွေး ပူနွေးသည့် ထမင်းဝိုင်းဆိုတာထက် နွေးထွေးသောစကားကိုတော့ သူ့ရင်ထဲ၌ ချက်ချင်း လက်ငင်း ခံစားလိုက်ရသည်။

မေလွန်းအိမ်၏ ရင်းနှီးစွာပြောဆိုမှုလေးက မင်းခန့်ရင်ထဲသို့ နွေးနွေးလေးခံစားရသည့်အတွက် အလိုလို ပျော်ရွှင်ကာ

www.burmeseclassic.com

www.burmeseclassic.com

ပေါ့ပါးသွားမိ၏။

"ဒါပေမယ့် ခင်ဗျားတို့ မောင်နှမရဲ့ ခင်မင်မှုကလဲ တကယ့်ကို နွေးထွေးလွန်းပါတယ်ဗျာ"

"မြောက်တတ်သားပဲနော်"

"အမှန်အကန်ပါ။ မြောက်ပြောစရာမှ မလိုတာ"

"သူ့ကိုလဲ အုံ့ဩမိတယ်လေ"

"ဘာကိုလဲ"

"ထွန်းကို စိတ်ဓာတ်ပြောင်းပြီး ဝေဒနာအတွက် ဒေါသမဖြစ်ရအောင် စကားပြောတတ်လို့ပေါ့"

"စေတနာတွေပါ။ ပြီးတော့ ထွန်းကိုလဲ ညီတစ်ယောက်လို ခင်လို့ပါ"

သူ့စကားကြောင့် မေလွန်းအိမ်၏ မျက်ဦးလေးနှစ်ဖက်မှာ ပင့်တက်သွားပြီး ပါးလွှာသော နှုတ်ခမ်းလေးမှာ တင်းခဲ့ စေ့ပိတ်သွား၏။ သို့သော် ထိုနှုတ်ခမ်းမျှင်းကြောင်းလေးမှာ ပြုံးချင်ချင် အမူအရာကို ထိန်းချုပ်ထားလိုက်ဟန်တူသည်။

ကိုယ့်စကားကို ကိုယ့်ဘာသာပြန်စဉ်းစားမိပြီး ရှက်တရက် ရှက်သွားမိ၏။

"ဟို...ကျွန်တော်က ရိုးရိုးပြောတာပါ"

ဖြေရှင်းလိုက်ကာမှ ပိုဆိုးသွားသည်။ မေလွန်းအိမ်က သဘောကျစွာ ရယ်မောလိုက်သံကား သူ့အား အရှက်ပိုစေသည်။

"တို့ကလဲ ဘာမှ မပြောရပါလား"

"ကိုယ့်ဘာသာကိုယ် မလုံလို့ပါ"

"ကဲ...ဘယ်လမ်းကွေ့ရမှာလဲ"

စကားကို အတင်းဖြတ်ရန် အကြောင်းအရာက တိုက်တိုက်ဆိုင်ဆိုင်ဖြစ်လာသည်။ ပဟိုစေ့းလမ်းဆုံ ရောက်လာ၏။

"အာ...တည့်တည့်သွားပါ။ ကျွန်တော်က ပါရမီမှာ နေပါတယ်"

"တို့က ဒီဘက် မကျွမ်းဘူး"

"သိပ်မဝေးပါဘူး၊ ရှေ့ဆို ရောက်ပါပြီ၊ အိမ်ထဲ ဝင်ပါဦးလားဗျာ"

"မေမေ့ကိုကြိုစရာရှိသေးလို့ နောက်မှ ဝင်မယ်နော်၊ အခုတော့ အိမ်သီရုံပဲ ကြည့်ထားလိုက်ဦးမယ်"

မင်းခန့်တို့ အိမ်ရှေ့တွင် ကားထိုးရပ်လိုက်၏။ ပုဏ္ဏရိပ်ဝင်မျှားဖြင့် စည်းရိုးလေးကာထားသည်။ သွပ်မိုးပျဉ်ကာ တစ်ထပ်အိမ်လေးသာဖြစ်သည်။ ခြံဝင်းက ပေငါးဆယ်ပတ်လည်ကျယ်သည်။ ခြံဝင်းထဲတွင် ပန်းပင်လေးများနှင့် ရှင်းသန့်နေ၏။

မင်းခန့်တို့အိမ်သည် မေလွန်းအိမ်တို့၏ အိမ်နှင့် အဆပေါင်း များစွာ ကွာခြားနေ၏။ တန်ဖိုးအားဖြင့်ရော၊ ဂုဏ်အားဖြင့်ရော ကွာခြားလွန်းမက ကွာခြားနေကြောင်းကို မင်းခန့်ရင်ထဲမှာ နှိုင်းယှဉ်ပြီး သက်ပြင်းသဲ့သဲ့ချလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

"သွားမယ်နော်"

"ကျေးဇူးပါပဲဗျာ"

"သူတို့အိမ်လေးက အေးချမ်းပြီး နားခိုချင်စရာကောင်းလိုက်တာ"

မေလွန်းအိမ်စကားကြောင့် မင်းခန့် တအံ့တသြဖြစ်မိသည်။ တမင်သက်သက် လျှောင်သွားတာများလားဟု ၀ေ၀ေ၀ါ ဖြစ်မိ၏။

"ကိုကြီး ဘာတွေတွေးနေတာလဲ၊ အာသာမပြေသေးဘူးလား"

"ဘာလဲဟာ၊ အာသာမပြေတာ"

"ကိုရှိုလာကားကြီးနဲ့လည်း ပြန်လာပြီ၊ တစ်နေ့လုံးလည်း ကြည့်လာပြီးပြီ၊ အခု ပြန်တဲ့အထိတောင် လိုက်ငေးနေရတာလား"

"တော်စမ်းပါ"

ညီငယ့်စကားကြောင့် မျက်နှာရဲသွားပြီး အိမ်ထဲသို့ဝင်လိုက်သည်။ သူပြန်လာသည်ကို အမေရော ညီနှစ်ယောက်ကပါ မြင်ပြီးသားဖြစ်နေသည်။

"ကားကြီးကလှလိုက်တာ၊ စီးရတာလည်း ငြိမ့်နေမှာပဲ"

"သောတအာရုံ၊ စက္ခုအာရုံ၊ ဖောဋ္ဌဗ္ဗအာရုံ အာရုံခြောက်ပါးနဲ့ ပြည့်စုံပါရဲ့ကွာ"

ညီနှစ်ယောက်က အမျိုးမျိုး စနောက်နေသည်ကို မကြားဟန်ဆောင်ကာ အိမ်ပေါ် သို့တက်လာခဲ့၏။ ရင်ထဲမှာ နုန်းခွေနေသည်မှာ ဘာကြောင့်နည်း။

ခမ်းနားထည်ဝါလွန်းလှသော မေလွန်းအိမ်၏ တိုက်အိမ်ကြီးကို မျက်စိထဲမြင်ယောင်လာမိ၏။ တစ်အိမ်လုံး လွမ်းမိုးမင်းမူနေသည့် မေလွန်းအိမ်ကိုလည်း ယှဉ်တွဲမြင်ယောင်လာပြီး မောဟိုက်လာသလိုလို အသက်ရှူကျပ်သလိုလို ဖြစ်လာတော့သည်။

"သား"

"ဟင်...မေမေ"

နှုးညံ့အေးချမ်းသော မိခင်၏အပြုံးကို မြင်ရသောအခါ အိပ်ရာမှ ကုမန်းကတန်းထလိုက်မိ၏။

"အိပ်ပါသား၊ သား မောလာသလား၊ နေ့လယ်က သားဖေဖေ ဖုန်းဆက်တယ်၊ သားပြန်လာပြီလားတဲ့"

မိဘနှစ်ပါး၏ ဂရုစိုက်ချစ်ခင်မှုကို မင်းခန့်တို့မောင်နှမများ အမြဲခံစားရ၏။

"သား လူနာသွားကြည့်တာလို့ မေမေ့ကိုပြောသွားလို့ ဖေဖေ့ကိုလည်း ပြောခဲ့တာပဲ၊ နေထွန်းကိုသွားကြည့်တာလေ"

နေထွန်းအိမ်ကို မိခင်ကလည်း သိပြီးသားဖြစ်သည်။

"အင်းလေ...သိသားပဲ၊ ဒါပေမယ့် လူနာသွားကြည့်တာ ခဏပဲထင်လို့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့လုံးကြာနေသဖြင့် မိခင်က အလိမ္မာလေးနှင့် မေးလိုက်ခြင်းဖြစ်သည်။ ဒေါ်လှသူသည် သားသမီးများ၏စိတ်ကို အနှောင့်အယှက်ဖြစ်သော စကားမျိုးကို မပြောတတ်ပေ။ ဝေ့လည်လည်နှင့် မေးတတ်၏။

"ဟုတ်တယ်မေမေ...နေထွန်းဟာ ထင်ထားတာထက်တောင် အခြေအနေဆိုးနေတယ်၊ သူ့ခေါင်းကို အတတ်နိုင်ဆုံး ငြိမ်အောင်ထားရမယ်တဲ့၊ အဲဒီတော့ အိပ်ရာထဲမှာပဲ နေနေရတော့ ထော်တော်ပျင်းနေရှာတယ်၊ သားလာမှ သူ့လည်းစိတ်ချမ်းသာသွားတော့တယ်၊ သားကို နေ့တိုင်းလာဖို့မှာနေတယ်"

မင်းခန့်စကားကိုကြားရသောအခါ ဒေါ်လှသူ ဖျက်လုံးလေး ငြိမ်သက်သွားကာ တစ်စုံတစ်ခုကို လေးနက်စွာစဉ်းစားနေဟန်၊ တွေးတွေးဆဆ ချင့်ချိန်နေဟန်တူသည်။

"သူ့မှာ အစ်မရှိတော့ သားက မိန်းမပျိုတစ်ဦးရှိတဲ့အိမ်မှာ ကြာကြာနေလို့ဖြစ်ပါ့မလား"

"သူတို့အိမ်က အကျယ်ကြီးပဲမေမေ၊ သူ့အစ်မက အပေါ်ထပ်မှာနေတယ်၊ နေထွန်းကလည်း အပေါ်ထပ်မှာပဲ၊ ဒါပေမယ့် သူ အတက်အဆင်းမလုပ်ရအောင်လို့ အောက်ထပ်အိပ်ခန်းကို ပြောင်းပေးထားတယ်၊ ခါးဆစ်ရိုးက ကိုးပေါင်းတက်ပြီး ကောင်းသွားပေမယ့် အာရုံကြောနည်းနည်းထိခိုက်သွားလို့ ငြိမ်နေရမယ်တဲ့"

မေမေသည် မိမိတို့အိမ်ကဲ့သို့ အိမ်ကျဉ်းကျဉ်းလေးပဲဟု ထင်နေဟန်တူသည်။ ထို့ကြောင့်ပင် မေမေနားလည်အောင် ရှင်းပြပြီး...

"ပြီးတော့...သားကို နေ့တိုင်းလာပေးဖို့ မေတ္တာရပ်ခံနေတယ် မေမေ၊ သားရှိတော့ နေထွန်းမျော်တယ်တဲ့၊ ခါတိုင်း ဒေါသကြီးပဲဖြစ်နေတာတဲ့"

"နေ့တိုင်းဖြစ်ပါ့မလား သားရယ်...သူများအိမ်မှာ နေ့တိုင်းသွားရတာ အနေကျဉ်းပါတယ်ကွယ်၊ ပြီးတော့ သူမိဘတွေကလည်း..."

ဒေါ်လှသူသည် မေလွန်းအိမ်အား မြင်ဖူးသော်လည်း မေလွန်းအိမ်၏မိဘများကို မမြင်ဖူးခဲ့ပေ။ သို့ရာတွင်...ငွေကြေးချမ်းသာသည်ဆိုသော မေလွန်းအိမ်တို့အသိုင်းအဝိုင်းကို အလိုလို ရှိန်နေ၏။

"တစ်အိမ်လုံးက မေလွန်းသဘောပဲလို့ နေထွန်းကတော့ ပြောတယ် မေမေ"

"အင်းလေ..သားဖေဖေကို ပြောဦးပေါ့၊ တစ်ခါလာတော့ ရှေ့ဆည့်သည်ပဲ"

ဒေါ်လှသူက နေ့စဉ် သူတစ်ပါးအိမ်သို့သွားရမည်ကို သဘောကျွေ့ဟန်မတူပေ။

မင်းခန့်ကိုယ်တိုင်ကလည်း သူများအိမ်ကို အလည်ခေါ်ပတ်

www.burmeseclassic.com

ဝရှိပေ။ သို့ရာတွင် နေထွန်းအိမ်ကို သနားသဖြင့် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ညနေထမင်းဝိုင်းတွင် ဖခင်ဦးကံညွှန့်ကို ဖွင့်ဟတိုင်ပင်သောအခါ ဖခင်က ခေါင်းညိတ်ကာခွင့်ပြုလိုက်၏။

"သားဟာ အခွင့်အရေးသမားမှမဟုတ်တာ၊ စေတနာမေတ္တာနဲ့ကူညီတာပဲ သွားပေါ့၊ ဒါပေမယ့်...နေ့တိုင်းဆိုရင် ကိုယ့်ကိုအထင်သေးမယ်၊ တစ်နေကုန်လည်း မသွားနဲ့၊ ဒီတစ်ရက်နှစ်ရက်တော့ သွားလိုက်ဦး၊ ပြီးတော့ မင်းကူညီပေးနေကျ စံမြတ်သာ အလုပ်ကိုလည်း ကူ၊ မေမေ့ကိုလည်း ကူပေါ့၊ မေမေ သွားစရာရှိရင် သားလိုက်ပို့ပေးရမှာလည်း ရှိသေးတယ်၊ ညီတွေကျူရှင်သွားရင် မေမေတစ်ယောက်တည်းအိမ်မှာမထားနဲ့၊ အချိန်ကိုချိန်ကိုက်ပြီး အလုပ်လုပ်ပါ"

ဖခင်ဦးကံညွှန့်သည် တရားမျှတသောနည်းဖြင့် ပြောလိုက်သည်။

"ဒီလိုပြောတာ တခြားမဟုတ်ဘူးသား၊ သားကို တစ်ဖက်သားက အလုပ်မရှိ အကိုင်မရှိ၊ အားအားလျားလျား သူတို့အိမ်မှာပဲ အချိန်ကုန်နေတယ် အထင်မခံနိုင်လို့ သားက သားကြီးပီပီ တာဝန်တွေရှိသေးတယ်ဆိုတာကို သူများနားလည်ပစေ၊ လူပို အနေနဲ့ အထင်သေးမခံနဲ့"

"ဟုတ်တယ်...သားမှာ ဘာအလုပ်မှမရှိလို့ လာကူညီ

တာထက် အလုပ်တွေ တာဝန်တွေကြားကနေ အချိန်လုပြီး လာကူညီတာက ပိုလေးနက်တာပေါ့"

မိဘနှစ်ပါးက သားဖြစ်သူအား တစ်ဖက်သားက အထင်သေးမှာ အလွန်စိုးရိမ်နေသည်။

သူလည်း သေသေချာချာစဉ်းစားကြည့်လျှင် လူနာစောင့်သက်သက်အဖြစ် နေ့စဉ်လာခေါ်မည်ဟူသော မေလွန်းအိမ်၏ စကားကိုကြားယောင်ပြီး မိမိအား အထင်သေးသွားလားဟု စိုးရိမ်မိ၏။

ထို့အပြင် မိမိကိုယ်တိုင်ကလည်း 'ဘာအလုပ်မှမရှိပါဘူး' ဟု မေလွန်းအိမ်ကိုပြောလိုက်မိသည်မှာ ကိုယ့်အမှားဖြစ်သွားကြောင်း သတိရလိုက်၏။

ဖခင်ပြောသလို မိမိအား လူပိုတစ်ယောက် အခွင့်အရေးသမားတစ်ယောက်ဟု ထင်သွားမှာ ဝိုးရိမ်မိပါသည်။ ညီနှစ်ယောက်ကမူ...

"လိုက်ပို့တဲ့အစ်မကြီးကတော့ အပြတ်သားနားတယ်ဗျ"

"ကိုမင်းက ရှေ့ခန်းမှာထိုင်လာတာ"

"တော်ကြစမ်းပါဟာ...အမေ့သားကြီးက စေတနာအရင်းခံနဲ့ ကူညီတာပါ။ အဲဒီလိုမျှော်ကိုးပြီး ဟန်ဆောင်တတ်တဲ့ သူ မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

"အင်းလေ...သမီးက သင့်တော်မယ်ထင်လို့ သားအတွက် လက်ခံတာပဲ၊ ပြီးရောပေါ့"

"မပြီးသေးဘူး အမေကြီး၊ အကျိုးလိုလို့ ဟန်ဆောင်တာ ဖြစ်ချင်ဖြစ်မယ်၊ သူစိမ်းယောက်ျားဆိုတာ သိပ် သတိထားရတာ၊ ပြီးတော့...ကိုယ့်သမီးက အပျိုလေးမဟုတ်လား"

"ဒီအချိန်မှာ သမီးအတွက်ကို ဘာမှထည့်မတွက်ပါနဲ့ မမေ၊ မောင်လေးပျော်ရွှင်ဖို့၊ ကျန်းမာဖို့က အဓိကပဲ၊ မမေ လည်းမောင်လေးနားမှာ အမြဲနေပေးနိုင်သလား၊ သမီးလည်း မနေပေးနိုင်ဘူး၊ ကျောင်းက စာမေးပွဲရှိလို့ ပြန်ရဦးမယ်"

"နှာ့စ်တစ်ယောစ်ငှားထားမယ်လေ"

မိခင်က သိပ်မကျေနပ်သေးဟန်ဖြင့် ဈေးဆစ်သလို ဆစ်နေပြန်သဖြင့် မေလွန်းအိမ်က စိတ်ရှည်ထွေးစွာ ခေါင်းကို ခါရမ်းကာ...

"နှာ့စ်ဆိုတာ ဆေးပေး ဆေးတိုက်လောက်ပဲလုပ်တာ၊ အမေ့သား စိတ်တိုင်းကျအောင် လုပ်ပေးနိုင်မလား၊ ပြီးတော့

နေထွန်းကရော ကျေနပ်မှာလား"

"ကဲ...ဘာမှ ရှည်ရှည်ဝေးဝေးစဉ်းစားမနေနဲ့၊ 'မင်းဘာသာ မင်း နှာ့စ်ခေါ်ပြီးတော့ စိတ်ဓာတ်ကျနေတဲ့ သားလူပျိုပေါက်နဲ့ နှစ်ယောက်တည်းလွှတ်ထားလိုက်ပေါ့ကွာ၊ အဲဒါဆိုရင် စိတ်အေးရပြီမဟုတ်လား"

ဦးဝင်းနိုင်က ရွှဲပြောလိုက်သဖြင့် မိခင် ခေါ်ခင်မာတင်သည် ဆတ်ခနဲဖြစ်သွားလေ။

သူမ၏ စီးပွားရေးတစ်ဖက်နှင့်မို့ သားနှင့်သမီးကို လွှတ်ထားရသည်။ အစစအရာရာနားလည်သော သမီးကြောင့် စိတ်အေးနေရသော်လည်း ယခုကဲ့သို့ သူစိမ်းယောကျ်ားလေး ဘစ်ဦးအား နေ့စဉ် အိမ်မှာခေါ်ထားမည်ဆိုသည်ကိုတော့ လက်မခံချင်ပေ။

"ကဲ...သဘော သဘော၊ ပြီးမှ ခေါင်းလေးဝင်ပါရစေဦး၊ ခြေလေးဝင်ပါရစေဦးနဲ့ နောက်ဆုံး တစ်ကိုယ်လုံးဝင်လာဦးမယ်"

"မင်းခန့်ဟာ တက္ကသိုလ်ကျောင်းသားတစ်ဦးပါ။ ပြီးတော့ အရာရှိတစ်ဦးရဲ့သားပါ မမေ၊ သမီးက ယောကျ်ားတစ်ယောက်တို့ ကိုယ့်အိမ်မှာနေဖို့ မောင်လေးနားမှာ တစ်နေကုန်နေ ခပ်ဖို့ ပြောတာဟာ ရမ်းသမ်းပြီးမပြောပါဘူး၊ အကူအညီမတောင်းပါဘူး၊ မမေ မြင်ဖူးရင် နားလည်မှာပါ။ မမေ့သားကတော့ ဆေးရုံမှာတည်းက ခင်နေတာ"

www.burmeseclassic.com

www.burmeseclassic.com

"ဘာပဲပြောပြော ဖေဖေကတော့ သမီးကိုယုံကြည်တယ်"

"ကျေးဇူးတင်ပါတယ် ဖေဖေ၊ ကိုယ့်သမီးအပေါ်မှာ ယုံကြည်မှုထားတာ စိတ်ဓာတ်မြင့်တင်ပေးရာရောက်ပါတယ်"

"မေမေကတော့ ကဲကြမ္မာကိုမယုံဘူး သမီး"

ဒေါ်ခင်မာတင်က လုံးဝအလျှော့မပေးသေးပေ။ မေလွန်းအိမ်က ဘာမျှမပြောတော့ဘဲ ထမင်းကိုသာ ငုံစားနေလိုက်၏။

ထိုသို့ စကားတစ်ခွန်းမျှမပြောဘဲ တိတ်ဆိတ်နေခြင်းသည် မေလွန်းအိမ်အဖို့ စိတ်ကောက်သွားခြင်းဖြစ်ကြောင်း မိခင်ရော ဖခင်ပါ ရိပ်မိလိုက်၏။ ထို့ကြောင့် ဘာမျှဆက်မပြောကြတော့ဘဲ ထမင်းကိုသာ အပြီးသတ်စားလိုက်ကြတော့သည်။

ဒေါ်ခင်မာတင်လည်း မကျေနပ်သော်လည်း သမီးအား ဘာမျှမပြောတော့ပေ။

ဤသမီးကြီးသည် သမီးကြီးပီသစွာဖြင့် မိခင် ဖခင်တို့၏ ဘယ်လက်ရုံးပင်ဖြစ်သည်။ စီးပွားရှာနေကြသော မိဘနှစ်ပါးလုံး နောက်ကြောင်းကိုလှည့်မကြည့်ရလေအောင် အားကိုးအားထားပြုနေရသူပင် ဖြစ်သည်။

ဤသမီးကြီးကြောင့် အလဟသ ဇာနည်ဆုံးသွားသည်၊ ပျက်စီးသွားသည်ဟု မရှိခဲ့။ ငွေယိုပေါက်အကြီးဆုံးဖြစ်သော မီးဖိုချောင်ကိုပင် နိုင်နင်းအောင်ထိန်းသိမ်းလျက် စည်းကမ်းနှင့် သုံးစွဲခဲ့သော သမီးကြီးပင်ဖြစ်သည်။ သို့ [illegible]

"ဘွဲ့ရပြီး အလုပ်မရှိဘဲ မိဘတွေလုပ်စာကို အေးအေးဆေးဆေးနဲ့ထိုင်စားနေတာလေ၊ ဈေးရောင်းတာဝါသနာမပါဘူးတဲ့၊ ကျွန်မက ဆိုင်လေးအခြေကျပြီး အေးအေးဆေးဆေးမျှားနေရမလားလို့ သမီးကြီးကို အားကိုးပါတယ် မရဘူး"

လူလာတိုင်း ခင်ပွန်းပင်စင်ယူပြီး၍ ဈေးရောင်းနေရကြောင်းကို ငြီးငြူပြောဆိုတတ်သော ဒေါ်ခင်မာတင်ကြောင့် မေလွန်းအိမ်က ဘာမျှမပြောဘဲ အိမ်မှထွက်သွားကာ ဆွဲခန့် ဆရာမ ဝင်လုပ်လိုက်၏။

"မေလွန်းအိမ် ပါးစပ်တစ်ပေါက်က အလုပ်မရှိ အကိုင်မရှိဘဲ စားရုံသက်သက်ပဲဆိုတော့ ဖေဖေနဲ့မေမေကို အားနာပြီး ကိုယ့်ဝမ်းကိုယ်ကျောင်းဖို့ ထွက်သွားပါပြီ"

ဟူ၍ ထွက်သွားသောအခါမှ အိမ်မှာ ကျွမ်းထိုးမှောက်ခုံ ဖြစ်နေခဲ့ရသည်။

သို့ဖြစ်ရာ ဤကဲ့သို့ အသေးအမွှားကိစ္စလေးနှင့်ပတ်သက်၍ သမီးကြီးကို စိတ်အနှောင့်အယှက် အဖြစ်မခံတော့ပေ။

သားငယ်အိပ်ခန်းထဲသို့ရောက်သောအခါ ယခင်ကကဲ့သို့ ဒေါသနှင့် စိတ်ပျက်ကြောင်း ငြီးငြူနေသည့်ပုံစံမျိုး မဟုတ်တော့ဘဲ ကြည်ရွှင်နေသောမျက်နှာပေးဖြင့် မိဘနှစ်ဦးစလုံးအား လှမ်းနှုတ်ဆက်လိုက်သည်။

"သား... ဒီနေ့ကစပြီး ပျော်ပျော်ပဲနေတော့မယ် ဖေဖေ၊

www.burmeseclassic.com

www.burmeseclassic.com

ပျော်ပျော်နေရင် ဦးနှောက်က အေးပြီး ရောဂါအပျောက်မြန်မယ်တဲ့၊ စိတ်ဆိုးပြီး ဒေါသထွက်နေရင် ဦးနှောက်ကပူပြီး အပျောက်မမြန်ဘူးတဲ့"

"ဟုတ်လား သားကိုဘယ်သူပြောလဲ"

ဦးဝင်းနိုင်က သိလျက်နှင့် စကားကို တမင်ဝင်ထောက်ပေးလိုက်သည်။

"ကိုမင်းက ပြောတယ်ဖေဖေ၊ ကိုမင်းက သားရောဂါကို အခွင့်အရေးယူလို့ကောင်းတယ်လို့ ပြောတယ်"

"ဒီကောင်က အခွင့်အရေးသမားပဲ"

ဒေါ်ခင်မာတင် လွတ်ခနဲပြောလိုက်သောစကားသံကို ဦးဝင်းနိုင် အချိန်မီမရပ်နိုင်တော့။

နေထွန်းအိမ်က မျက်မှောင်ကုတ်လျက် မိခင်အား စူးစူးစိုက်စိုက်ကြည့်ကာ...

"မေမေက လူတိုင်းကို စျေးဝယ်သူအနေနဲ့ပဲမြင်နေတာပဲ၊ ကိုမင်းကို အဲဒီလိုမပြောနဲ့၊ မမြင်ဖူးသေးဘဲနဲ့ မပြောနဲ့"

နေထွန်းအိမ်၏ ကြည်လင်နေသောမျက်နှာလေးသည် ချက်ချင်းပင် ညိုးမှောင်သွားပြီး ဆတ်ဆတ်ခါနာဟန်နှင့် ပြောလိုက်သဖြင့်...

ဦးဝင်းနိုင်က စိုးရိမ်စွာဖြင့် နေထွန်းအိမ်၏ခေါင်းကို အသာ ကိုင်ရင်း...

"မင်းအမေက အလကားအာချောင်တာပါ သားရယ်... ဒီကောင်လေးကို နေ့တိုင်းလာဖို့ မေမေရော ဖေဖေရော သဘောတူပြီးသားပါ။ သားမမကို ကောင်းကောင်းညှိခဲ့ဖို့လည်း မှာထားပါတယ်၊ မယုံရင် မမကိုမေးကြည့်"

"ဟုတ်တယ် မောင်လေး... မောင်လေးပျော်ပျော်ရွှင်ရွှင်နေဖို့ အဓိကပါပဲ၊ ဒီညနေ ထမင်းစားကျောင်းတယ် မဟုတ်လား၊ မောင်လေးကြိုက်တဲ့ ပုစွန်တုပ်ကြီး ဆီပြန်နဲ့လေ"

ဦးဝင်းနိုင်နှင့် မေလွန်းအိမ်တို့သည် နေထွန်းအိမ်အား ဝိုင်းရှိ၍ချော့နေသည်ကို ဒေါ်ခင်မာတင်က ဘာမျှဝင်မပြောတော့ပေ။

"မောင်လေးကိုခင်တဲ့ စာအုပ်ဆိုင်က မောင်လေးဖတ်ဖို့ စာအုပ်တွေပေးလိုက်သေးတယ်၊ အများကြီးပဲဖေဖေရဲ့၊ အဲဒါကို ကိုမင်းက ဖတ်ပြနေတာ၊ ကိုမင်းက အသံနေ အသံထားနဲ့ သရုပ်ဖော်ပြီး ဖတ်ပြနေတော့ မောင်လေးက သိပ်သဘောကျတာ၊ သမီးကိုတောင် ဖတ်မပြခိုင်းတော့ဘူး"

မေလွန်းအိမ်က စကားကို ဆင်ဝှေရန်ရှောင်လုပ်ကာ ပြောလိုက်သဖြင့် နေထွန်းအိမ် ကျေနပ်သွားသော်လည်း ဒေါ်ခင်မာတင်က မကျေနပ်ပေ။

"ကြက်တူရွေးက တော်တော်ရယ်... မယ်တော်ကို့မျှား သိပ်ကဲနေတာ၊ ကိုမင်းတွေ ဘာတွေနဲ့... ဟင်း"

www.burmeseclassic.com

www.burmeseclassic.com

မေလွန်းအိမ်နှုတ်ဖျားမှ ယောက်ျားလေးတစ်ယောက်၏ အကြောင်းကို ဘယ်တုန်းကမျှ မြိန်ရေယှက်ရေ မပြောဖူးသောကြောင့် ဒေါ်ခင်မာတင်၏နားထဲတွင် တော်တော်လေးထူးဆန်းတာ မနာလိုဖြစ်နေသကဲ့သို့ မင်းခန့်ဟူသော ကောင်ကလေးအား မမြင်ဖူးဘဲနှင့် အလိုလိုမုန်းတီးနေမိ၏။

"တစ်ခါတလေတော့ အိမ်ကိုပြန်လာပြီး အခြေအနေကို ကြည့်ပေါ့ကွာ၊ မင်းစိတ်ထဲမှာ မသက်သာရင် လာလာကြည့်နေပေါ့၊ မင်းရဲ့ဆိုင်ကို သူများတွေနဲ့လွှဲထားလည်း ရပါတယ်"

အပြင်ရောက်သောအခါ ဦးဝင်းနိုင်က ဇနီးရင်တွင်းမှ ဖြစ်ပေါ်နေသည့် စိတ်အခြေအနေကို ထိုးထွင်းမြင်ဟန်ဖြင့် ပြောလိုက်သောအခါ ဒေါ်ခင်မာတင်ကား ခေတ္တတွေဝေသွားသည်။

"ကျုပ်ဆိုင်ကဟာတွေ စိတ်ချရမှတော့ ကျုပ် ဈေးကို နေ့တိုင်းသွားဖို့မလိုပါဘူးတော်၊ ခုဟာက အထည်တွေကရောက်တော့မယ်ဆို၊ ပိုပင်ပန်းသေးတယ်၊ ဥပုသ်နေ့လေး ဘာလေးတောင် မနားရဘူး"

ဒေါ်ခင်မာတင်က ရင်တွင်းမကျေနပ်စိတ်များကြောင့် ခပ်ဆတ်ဆတ်လေးပြောလိုက်သည်။

"ဒါဆို အလုပ်မလုပ်နဲ့တော့၊ အနားယူလိုက်တော့ပေါ့၊ မင်းဟာက တစ်လောကလုံးကို မယုံသက်ဖြစ်နေတာပဲ၊ လူတိုင်းအပေါ်ကို အထင်အမြင်သေးပြီး ခိုးနိုးတောင်းနိုးနဲ့ မဟန်ပါဘူး

ကွာ"

"ဘာမဟန်တာလဲ၊ ကျုပ်ဒီလိုလိုက်လုပ်နေလို့ ဒီလိုနေနိုင်တာ မဟုတ်လား၊ တော့်ပင်စင်ဆိုရင် ကားတောင်စီးရမယ် မထင်ဘူး"

ဦးဝင်းနိုင်မျက်နှာ ရဲခနဲဖြစ်သွား၏။ မိမိအလုပ်အကိုင်နှင့် မာနတရားကို ထိပါးလာလျှင် ဆတ်ဆတ်ထိမခံချင်။

"ဒါကတော့ ရောင့်ရဲတင်းတိမ်စိတ်ရှိတဲ့ မိန်းမဆိုရင် ငါ့ပင်စင်နဲ့ကို ယပ်ခပ်စားနေနိုင်တာပေါ့၊ မင်းတို့က ကားစီးချင်၊ တိုက်နဲ့နေချင်ပြီး မော်ချင်ကြွားချင်တော့လည်း ကိုယ့်ဘာသာ ကိုယ် အပင်ပန်းခံကြပေါ့ကွာ"

"အို...လူ့လောကကြီးမှာ လူတန်းစေ့နေနိုင်အောင်တော့ လုပ်ရှားရမှာပဲ၊ ကိုယ့်သားသမီးတွေအတွက် အပင်ပန်းခံရမှာပဲ"

"အေး...ဒါဆိုလည်း မင်းဘာသာမင်း အပင်ပန်းခံရင်ခံပေါ့၊ ဘာလို့ သူများကိုလိုက်ပုတ်ခတ်နေရတာလဲ၊ မင်းပဲ ငါ့ကို မှီပြီး အလုပ်လုပ်ခဲ့တာတွေ အများကြီးပဲမဟုတ်လား"

"ဒါပေမယ့်...ရှင့်ပင်စင်..."

"တော်ပြီ..ဆက်မပြောနဲ့တော့၊ မင်း ရိပ်သာထွက်လာပြီး ခုထိတရားမရသေးဘဲ မင်းလောဘနဲ့ မင်းပဲနစ်နေတာ၊ ငါ့ကို ဘာမှ လာပုတ်ခတ်မနေနဲ့"

တစ်ယောက်တစ်ခွန်းနှင့် ပြောနေရာမှ ဦးဝင်းနိုင်က

www.burmeseclassic.com

www.burmeseclassic.com

ဒေါသသံပါလာသဖြင့် ဒေါ်ခင်မာတင်မှာ မျက်စောင်းသာခဲလိုက်သည်။ ဘာမျှတော့ ဆက်မပြောတော့ပေ။ ခင်ပွန်းအကြောင်းကို သူ့အသိဆုံးဖြစ်၏။ ခင်ပွန်းသည်သည် ဒေါသဖြစ်လျှင် ဝုန်းဒိုင်းကြဲတတ်သောကြောင့် သားငယ်ကြားသွားမည်ကို စိုးရိမ်ပြီး ရန်ပွဲကို သူမကပင် အဆုံးသတ်လိုက်ခြင်းဖြစ်၏။

မေလွန်းအိမ်က သက်ပြင်းတိုးတိုးလေး ချလိုက်မိသည်။ မောင်ငယ်ကြားသွားမှာလည်း စိုးမိ၏။

"မင်းရဲ့သားနဲ့ အမြဲနေနိုင်ရင်နေ၊ မနေနိုင်ရင် နေနိုင်တဲ့သူကို ဘယ်တော့မှ အပြစ်မမြင်နဲ့"

နောက်ဆုံးအမိန့်စကားပေးပြီး ခြံထဲသို့ဆင်းသွားသော ဖခင်၏နောက်ကျောကိုကြည့်ကာ မိခင်၏ မကျေနပ်စိတ်များ ထပ်မံ၍ ပွင့်ဟမလာမီ အချိန်မီရှောင်တိမ်းသည့်အနေနှင့် မေလွန်းအိမ် အခန်းဝဲသို့ဝင်လာလေသည်။

"ကျွင်တွေပူကုန်ပြီလား"

"အာပလာပါဟာ...ထုံးစံအတိုင်းပဲပေါ့"

မိခင်နှင့်ဖခင် အစဉ်အမြဲငြင်းခုံနေကြပြီ သူတို့မောင်နှမ အတွက် ဘာမျှမထူးဆန်းပေ။

ခါတိုင်း ငြင်းခုံနေကျအကြောင်းအရာသည် အခြားစီးပွားရေး၊ ဆွေမျိုးရေးသာဖြစ်ပြီး ယခုကဲ့သို့ သားသမီးအရေးကြောင့် မဟုတ်ပေ။

အထူးသဖြင့် သူတို့နှစ်ဦးစလုံး တစ်ခါမှမမြင်ဖူးသော မင်းခန့်ကြောင့် အငြင်းအခုံဖြစ်သည်မှာ ပထမအကြိမ်သာ ဖြစ်သေးသည်။

"မမလည်း ရွာကိုပြန်ရဦးမယ်၊ တာဝန်ယူထားတဲ့ကလေးတွေ ကျောင်းပိတ်အောင်အတိ စောင့်ရဦးမယ်၊ တစ်လတည်းပါ ပြီးရင် နွေကျောင်းပိတ်ရင် ပြန်လာမယ်"

"ကျောကသိပ်ပူတာပဲ ကိုမင်းရာ"

"ကျောပူရင် ထိုင်လေ၊ လာ...ဒီမှာလာထိုင်"

မင်းခန့်က သူထိုင်နေသော ဆိုဖာနှင့်ထိုင်ခုံကိုပြလိုက်သောအခါ နေထွန်းအိမ်က မျက်နှာမဲ့ကာ...

"ဆိုဖာကလည်း ပူတယ်"

"ဒါဆို ခဏနေဦး"

မင်းခန့်က အပြင်ထွက်လာသည်။ ပေါ်တီကိုအော့ဖ်ဘွင် ကြိမ်ကုလားထိုင်လေးတစ်လုံးကို တွေ့ထားသဖြင့် ပြေးယူ

www.burmeseclassic.com

လိုက်သည်။

"ဟေ့သူငယ်...မင်းဘယ်သူလဲ"

အလွန်မာကျောသောအသံနှင့် မေးခြင်းခံလိုက်ရသဖြင့် လှည့်ကြည့်မိသည်။

ပူလောင်သော နွေခေါင်ခေါင်မှာ ပတ္တမြားလည်ဆွဲနှင့် ပတ္တမြားနားကပ်မှာ နေနှင့်အပြိုင် အရောင်များယိုထွက်နေ၏။

အသက်ငါးဆယ်ကျော်ခန့် လှပစွာဝတ်ဆင်ထားသည့် အမျိုးသမီးကြီးဖြစ်သည်။

"ဟေ့...မေးနေတာ မကြားဘူးလား၊ ဒီခြံထဲဝင်ပြီး ဘာလာလုပ်တာလဲ၊ ဒီခုံကို ဘာဖြစ်လို့ယူတာလဲ"

အကယ်၍သာ သူထက် အသက်မကြီးဘူးဆိုပါလျှင် လက်ထဲမှာရှိသည်ခုံနှင့် ထိုအမျိုးသမီးကြီး၏မျက်နှာကို ပိတ်ပေါက်ပစ်မည် ဖြစ်သည်။

"ကျွန်တော် မင်းခန့်ပါ"

"ဩော်...မင်းကို...မင်းက ဧည့်သည်ပဲ၊ ဘာလို့ အိမ်ရဲ့ပစ္စည်းတွေ ရွှေ့ပြောင်းနေရတာလဲ"

"လိုအပ်လို့ပေါ့ဗျာ၊ နေထွန်းထိုင်ရအောင်"

"အိပ်ခန်းထဲမှာ ခုံတွေပြည့်လို့ကွယ်၊ အပိုအလုပ်တွေ"

"အိပ်ခန်းထဲကခုံတွေက ဆိုဖာတွေနဲ့မို့ ကျောပူမှာစိုးလို့ ဒီကြမ်ခုံကို လာယူတာဗျ"

"အို...ခုံအစုတ်က သားကို ဖင်ရှကုန်မှာပေါ့"

"မေမေ"

ရှတ်တရက်ဟိန်းထွက်လာသော တိုက်ခန်းထဲမှ နေထွန်းအိမ်၏အသံကြောင့် တစ်အိမ်လုံး ပျာယာခတ်သွားသည်။

မင်းခန့်မှလွဲ၍ အားလုံးသောအိမ်သားများက နေထွန်းအိမ် အိပ်ခန်းထဲသို့ ပြေးဝင်သွားကြသော်လည်း မင်းခန့်ကမူ တံခါးဝတွင် တွေတွေကြီးရပ်နေ၏။

နေထွန်းအိမ်နှင့် မေလွန်းအိမ်တို့၏မိခင်သည် ဤမျှ အထိ ဆက်ဆံရေးညံ့လိမ့်မည်ဟု သူ မထင်ထားမိခဲ့ပေ။

သူ နဂိုမာနနှင့်သာဆိုလျှင် ဤအိမ်ကြီးကိုကျော်ခိုင်း၍ ထွက်သွားမိမည်သာဖြစ်၏။

ဤအိမ်သို့ရောက်ပြီး သုံးရက်မြောက်သောနေ့တွင် ဖြစ်၏။

"ကိုမင်း...ကိုမင်း"

မေလွန်းအိမ်က သူ၏အနားသို့ရောက်လာကာ တီးတိုးခေါ်လိုက်သဖြင့် သူ လှည့်ကြည့်မိ၏။

မေလွန်းအိမ်အား ညှိုးငယ်သော အားနာသော မျက်နှာ အမူအရာအသွင်အပြင်ဖြင့် ဒီတစ်ခါသာမြင်ဖူးသည်။

"အားနာလိုက်တာ ကိုမင်းရယ်...မေမေက မသိလို့ပါနော်၊ စိတ်မဆိုးပါနဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com

"မသိလို့ဆိုရင်တော့ စိတ်ဆိုးစရာမရှိပါဘူး၊ သိရက်နဲ့ တမင်ပြောတာမျိုးဆိုရင်တော့ တာ့တာပဲ"

မင်းခန့်သည် ကျေနပ်ဟန်မတူသေးသော မျက်နှာ အမူအရာမျိုးနှင့် ပြောလိုက်သောကြောင့် မေလွန်းအိမ်မှာ ပျာပျာသလဲဖြစ်သွားပြီး...

"မဟုတ်ပါဘူး ကိုမင်းရယ်...သူ မသိလို့ပါ"

"မပြောထားကြဘူးလား"

"ပြောတော့ ပြောထားပါတယ်၊ ဒါပေမယ့်...အလုပ်သိပ်များလွန်းလို့ မေ့တာလားမသိဘူး"

"မေလွန်းအိမ်မှာ မလုံမလဲနှင့် ခေါင်းကို ငုံ့လျှိုးထားလိုက်၏။ မိခင်၏အကြောင်းကိုသိသူပီပီ ဘယ်ကဲ့သို့တောင်းပန်ရမည်ကို အပြေးအလွှားစဉ်းစားလိုက်၏။

"ဆောရီးပဲ ကိုမင်းရယ်...အန်တီက သတိမေ့သွားလို့ပါကွယ်"

"ဤစကားတစ်ခွန်းတည်းနှင့် မင်းခန့်မှာ ကျေနပ်ရတော့သည်။ ဒေါ်ခင်မာတင်သည် ဈေးရောင်းကောင်းသူပီပီ မျက်နှာအမူအရာနှင့် အပြောလည်းကောင်းလှ၏။

"ရပါတယ်ဗျာ၊ လူကြီးတွေမှားတာကို လူငယ်တွေက တစ်ခါတစ်ရံ ခွင့်လွှတ်ရမှာပေါ့"

"ဟင်း..."

အောင့်သက်သက်နှင့်ပြုံးလိုက်သည်။ မပြုံးလျှင်လည်း မဖြစ်တော့ပေ။ နေထွန်းအိမ်က မိခင်အား မင်းခန့်အား ခေါ်ပြီး လာရန် ပြောလိုက်သောကြောင့်ပင်ဖြစ်သည်။

"သားငယ်က မင်းကိုသိပ်အားနာတာ၊ မင်းကို တောင်းပန်မလို့တဲ့၊ အန်တီ့ကိုခေါ်ခိုင်းနေတယ်၊ လာ...သွားစို့"

"ရပါတယ်အန်တီ၊ နေထွန်းနဲ့ မင်းမိန်တို့က တစ်ယောက်နဲ့ တစ်ဖော်ကက် နားလည်ပြီးသားပါ၊ ကျွန်တော်တို့လူငယ်တွေ အချင်းချင်းပြေလည်ပါတယ်"

မင်းခန့်က နေထွန်းအိမ်၏အိပ်ခန်းထဲသို့ ခြေလှမ်းကျဲကြီးနှင့် ဝင်သွားတော့သည်။ မေလွန်းအိမ်ကပါ လိုက်သွားသည်ကို ဒေါ်ခင်မာတင် ဘာမျှဟန့်တားခြင်းမပြုတော့ပေ။

"ကျွန်တော် ဘယ်လိုပြောရမှန်းတောင်မသိတော့ဘူး ကိုမင်းရာ"

နေထွန်းအိမ်က ငိုသံပါနှင့် ဆီးရှေ့ပြောလိုက်သည်ကို မင်းခန့်က ပြုံးပြီးလက်ကာပြလျက်...

"ဘယ်လိုမှမပြောနဲ့၊ အသက်လေးဆယ် အမျိုးသမီးကြီးတွေဟာ အလွန်စကားများကြတယ်ဆိုတာ လေးဆယ်ကျော် အမေတွေကို ပိုင်ဆိုင်ထားတဲ့သူတိုင်း နားလည်ကြတာပဲ"

နေထွန်းအိမ်အတွက် ဖြေသာအောင်ပြောသော်လည်း မိခင်၏မိခင် ဒေါ်လှသူမှာ လွန်စွာအေးချမ်းလှသော မိခင်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

ကြောင်းကို နေထွန်းအိမ်မသိသေးပေ။

"မဟုတ်ပါဘူး...မေမေက လွန်ကိုလွန်တယ်"

"မလွန်ပါဘူး၊ ကိုယ်ကလည်း ဘယ်သူ့ကိုမှမပြောဘဲ ခုံကိုသွားမတာကိုး၊ ကဲ...မေလွန်းအိမ်ပဲ သွားမပါတော့ဗျာ၊ သူ့အမေက သူ့သားဖင်ရှမှာစိုးသေးတယ်၊ ခုံဟောင်းပဲ ရှမလား၊ ခုံသစ်လဲ ရှတာပဲ"

မင်းခန့်က မေလွန်းအိမ်ကို ထပ်ဆင့်ခိုင်းလိုက်သဖြင့် မေလွန်းအိမ်မှာ သူ့မထက် သြဇာပေးသောသူကို တွေ့နေပါလား ဟူသော သဘောနှင့် မချိုမချဉ်ပြုံးကာ လှည့်ထွက်လာခဲ့၏။

"မေမေက စျေးထဲပဲအနေများတော့ စာခြားသူစိမ်းတွေကို သိပ်မပေါင်းတတ်ဘူး"

"ကိုယ်ကတော့ ပေါင်းတတ်တယ်၊ ကောက်ညှင်းပြန်ပေါင်းကို ပိုတောင်သဘောကျတယ်၊ ငါးကြော်နဲ့စားရင် သိပ်မိုက်တာပဲ"

စကားလမ်းကြောင်းကို အတင်းလွှဲပြီး ရယ်မောပစ်လိုက်သည်ကို မေလွန်းအိမ်မြင်လိုက်သောအခါ ရင်ထဲမှာ လေးစားစိတ်၊ အထင်ကြီးအားကိုးစိတ်များ လျှပ်တစ်ပြက် ဝင်းလက်သွား၏။ ခုံလေးအား မင်းခန့်ကိုလှမ်းပေးလိုက်သည်။

"ကိုမင်း ဒီမှာ..."

မင်းခန့်ကို ရှင်းနီးသူများခေါ်သကဲ့သို့ 'ကိုမင်း'ဟု လှိုက်

လှိုက်လှဲလှဲ ခေါ်မိလိုက်သည်ကို ကိုယ့်ဘာသာကိုယ်ပင် သတိမထားလိုက်မိပေ။

ယနေ့မှ အိမ်သို့စောစောပြန်လာမည်ဟု တွက်ဆပြီး ယခုကဲ့သို့ပြုသနာပေါ်ကာ နေထွန်းအိမ်၏မျက်နှာလေးကို ကြည့်ပြီး စောစောပြန်မသွားဖြစ်တော့ပေ။

သူပြန်သွားလျှင် နေထွန်းအိမ်မှာ စိတ်အနှောင့်အယှက်ဖြစ်ကောင်းမည်။ သို့ဖြစ်၍ ထိုနေ့တစ်နေ့လုံးသည် ထုံးစံအတိုင်း ညနေမှ မေလွန်းအိမ် ကားနှင့်လိုက်ပို့သည်အထိ နေလိုက်၏။

ဒေါ်ခင်မာတင်သည် မင်္ဂလာဆောင်သို့သွားပြီး အိမ်အပေါ်ထပ်၌သာ နေနေကာ အောက်ဆင်းမလာတော့ပေ။

"ဒီနေ့ မေလွန်းအိမ် သိပ်ပင်ပန်းမှာပဲနော်၊ မင်္ဂလာဆောင်လည်း သွားရသေးတယ်၊ ကိုယ့်ကိုလည်း လိုက်ပို့ရသေးတယ်"

"ကားမောင်းရတာပဲ၊ မပင်ပန်းပါဘူးလေ၊ ပြီးတော့...နီးနီးလေးတွေပါပဲ၊ ကိုမင်းကိုသာ လွန်းက အားနာတာပါ"

"ဘာကိုအားနာတာလဲ"

"မေမေ့ကိစ္စပေါ့"

"ဟင့်အင်း...ကိုယ်ကတော့ လေးဆယ်ကျော်တဲ့ အမျိုးသမီးကြီးတွေကို ဥပေက္ခာပြုထားတတ်ပါတယ်၊ ဒါပေမယ့် ဒီနေ့ရာမှာ ကိုယ့်အစီအစဉ်တစ်ခု ပျက်သွားခဲ့တယ်လေ"

www.burmeseclassic.com

www.burmeseclassic.com

"ဘာကိုလဲ"

"မြို့ထဲသွားပြီး မေမေ့အတွက်လိုအပ်တဲ့ တစ်လစာ ကြက်သွန်တို့ ဆီတို့ ဝယ်ပေးဖို့ လိုက်ပို့ရမှာ"

"ဟယ်တော်..."

မေလွန်းအိမ်က နာရီကိုလှမ်းကြည့်လိုက်သည်။ ၈းနာရီ ထိုးနေပြီဖြစ်၏။

"မီဦးမလား၊ လွန်း လိုက်ပို့ပေးမယ်လေ"

"ဟင့်အင်း...ရပါတယ်၊ မီမှာလည်းမဟုတ်ဘူး၊ မေမေက ကိုယ်တိုင်ဝယ်မှကျေနပ်တာ၊ သူပြောတဲ့ မြစ်သားကြက်သွန်တို့ ရှေနံချောင်းတို့ကို ကိုယ်မှ နားမလည်တာ"

"လွန်းတော့ ဝယ်တတ်သားပဲ၊ ကိုမင်းက ဘာလို့မသွားတာလဲ"

"ကိုယ်သွားလိုက်ရင် နေထွန်း စိတ်မကောင်းဖြစ်သွားမှာပေါ့၊ သူ့အမေနဲ့ပြဿနာဖြစ်လို့ ထန့်ပြန်တယ်ထင်သွားမှာပေါ့"

မေလွန်းအိမ်သည် တွေတွေလေးဖြစ်သွားပြီးနောက် သက်ပြင်းရှည်ကြီးချကာ မင်းခန့်ကို ငဲ့ကြည့်မိ၏။

"ကိုမင်းက သူ့တစ်ပါးအပေါ်မှာ သိပ်ငဲ့ညှာတတ်တာပဲနော်"

"သူများစိတ်ချမ်းသာတာကို အမိက ဦးစားပေးချင်တာ ကိုယ့်ဝါသနာပဲ"

"အများအကျိုးဆောင်ရင် ကိုယ့်အကျိုးလည်း အောင်ရမှာပေါ့"

ထိုအခါ မင်းခန့်စဉ်းစားလိုက်မိ၏။ သူ့အတွက်ရော ဘယ်နှစ်ကြိမ် ဘယ်နှစ်ခါ အောင်မြင်ဖူးလဲဟု...

"အင်း...ကိုယ့်မှာ ဘာအခက်အခဲမှမရှိဘူးတော့ အောင်မြင်မှုဆိုတာလည်း မသိဘူးလေ၊ အောင်မြင်မှုဆိုတာက အခက်အခဲတွေ့ပြီး ရုန်းကန်တိုက်ခိုက်ရတာကို ပြောတာပဲ"

"စာမေးပွဲတွေဖြေပြီးအောင်တာရော"

"တစ်နှစ်တစ်တန်းကိုတော့ တာဝန်တစ်ခုအနေနဲ့ အောင်အောင်ကြိုးစားလိုက်တာပဲ၊ ဒါပေမယ့်...ပင်ပင်ပန်းပန်း မကြိုးစားရပါဘူး၊ တစ်နေ့စာကို တစ်နေ့ ကျေပွန်အောင်လုပ်တဲ့ တာဝန်ကျေကျော်သားဖြစ်လို့ ထင်တယ်"

ပြောပြီး မလုံမလဲနှင့် ရယ်လိုက်သည့်အမူအရာကို မေလွန်းအိမ်က ကားမောင်းနေရာမှ ငဲ့ကြည့်ရင်း သူမပါ ရောရောင်၍ ပြုံးရယ်မိလိုက်သည်။

"လွန်းကတော့ ဆယ်တန်းတစ်နှစ်ကျဖူးတယ်၊ မေမေပေါ့၊ မော်လမြိုင်ဘက်ကို ခေါ်သွားတာလေ၊ ကျောင်းတွေပျက်သွားတာပေါ့"

မေလွန်းအိမ်၏စကားအရ ဒေါ်ခင်မာတင်သည် စီးပွားရေးကလွဲ၍ ဘာကိုမျှဂရုမစိုက်သောသူပင်ဖြစ်ကြောင်း မင်းခန့်

www.burmeseclassic.com

www.burmeseclassic.com

ရင်ထဲ၌ အလိုလိုမှတ်ချက်ချလိုက်မိသည်။

"လွန်း စာမေးပွဲကျပေမယ့် မေမေကတော့ အထည် ခိုင်ချူပ်ဖြစ်သွားတယ်လေ၊ ပါတီတ်မိုးစုံတွေက မေမေ့ဆီပဲ ဝင်တယ်၊ မော်လမြိုင်ကရော မြိတ်ကရော အထည်တွေကို မေမေတ ရလိုက်တယ်ပေါ့၊ အခုဆို ဒီကစောင့်ရုံပေါ့၊ မေမေ့ဆီက တစ်ဆင့်ဝင်ပြီးမှ လက်လီဆိုင်တွေကိုရောက်တာလေ"

"ဩော်...ကိုယ်က စီးပွားရေးနဲ့ပတ်သက်လို့ ဘာမှမသိဘူး၊ လွန်းပြောမှပဲသိတော့တယ်"

စကားကိုလွှဲပြောင်း၍ တခြား အာရုံရောက်အောင် ပြောင်းလွှဲပြောဆိုကြသော်လည်း သူတို့နှစ်ဦးလုံး၏ ရင်ထဲတွင် လေးလံကာ ပေါ့ပါးပျော်ရွှင်မှု မရှိတော့ပေ။

"နေထွန်းကိုပြောထားနော်၊ ကိုယ် နေ့လယ်မှလာမယ်လို့"

"ဟုတ်ကဲ့"

"နေထွန်းနဲ့ မေလွန်းရဲ့မျက်နှာကိုသာ မထောက်ညှာဘူး ဆိုရင် ကျွန်တော် မိုက်ရိုင်းမိမှာပဲကိုကြီး"

နေ့လယ်က ချုပ်တည်းထားသမျှဒေါသမျှားကို ကိုကြီးစံမြတ်သာ၏အိမ်တွင် အားပါးတရ သွန်ချလိုက်မိ၏။

ကိုကြီးက ဆေးလိပ်ကို မီးခိုးတထောင်းထောင်းထအောင် ဖွာရှိုက်ရင်းက ခေတ္တမျှငြိမ်သက်နေလိုက်၏။ မင်းခန့်၏ဒေါသ အရှိန် မြင့်တက်နေသည်ကို ငြိမ်သက်စွာဖြင့် စောင့်ကြည့်နေလေသည်။

"မင်္ဂလာဆောင်သွားမလို့တဲ့၊ နေပူပူနေ့လယ်မှာ ပြင်ထားလိုက်တာ၊ အပူရောင်တွေချည်းပဲ၊ အဝတ်အစားနဲ့ အညီ ပတ္တမြားလက်ဝတ်လက်စားကအစ နှုတ်ခမ်းနီနဲ့ ဖိနပ်အဆုံး နီထားလိုက်တာ အရွယ်နဲ့မလိုက်ဘူး၊ သူ့နှုတ်ဖျားက ထွက်လာတဲ့ စကားတွေကလည်း သူ့အဝတ်အစားတွေလို ပူလောင်လိုက်တာ"

ကိုကြီးစံမြတ်သာက နှုတ်ဖျားမှဆေးလိပ်ကိုချွတ်ကာ ဓာတ်ခဲအခွံဖြင့်ပြုလုပ်ထားသော ပြာခွက်ထဲသို့ထည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

ကိုကြီးစံမြတ်သာအိမ်သို့ ရောက်ကတည်းက မင်းခန့်ကသာ စကားများကို တရစပ်ပြောနေသော်လည်း ကိုကြီးစံမြတ်သာကမူ တစ်ခွန်းမျှမပြောဘဲ ဆေးလိပ်ကိုသာ တွင်တွင်ဖွာနေ၏။

"ကျွန်တော်ဟော့ မသွားချင်တော့ဘူး ကိုကြီး၊ ဒါပေမယ့် သူတို့မောင်နှမနှစ်ယောက်ကို အားနာလွန်းလို့"

"အင်း...ပစ်ရမှာလည်း အဆီတဝင်းဝင်းနဲ့ပါလား၊ ဒါပေမယ့် စားရင်တော့ သဲရှုပ်မှာပဲ"

လေသံအနည်းငယ်ပျော့သွားမှ စံမြတ်သာ ဝင်နှောက်လိုက်သည်။

မင်းခန့်မှာ မချိသွားဖြဲနှင့်...

"အစစ်ပဲ ကိုကြီးရာ"

"စားချင်ရင်တော့ သဲရှုပ်တာကို သည်းခံပေါ့ကွာ"

ရုတ်တရက်မို့ မင်းခန့်ငိုင်သွားမိသည်။ ဒေါ်ခင်မာတင်၏ ပူလောင်သောမျက်နှာကို မြင်ယောင်ပြီး မခံချင်စိတ်ဖြစ်မိ၏။

"မင်းစဉ်းစားပေါ့ကွာ...ချစ်ကြပြီးတဲ့နောက် အတူနေကြဖို့က ပါလာပြီပဲ၊ အဲဒီအခါ ဒေါ်ခင်မာတင်နဲ့ မင်းနဲ့ ဖြစ်မလား၊ ဒါမှမဟုတ် မေလွန်းအိမ်က ယူဘာသာသူ အိမ်ခွဲနေမလား၊ သူတို့က အိမ်အကြီးကြီးဆောက်ထားပုံရရင် မိသားစု ဥမက္ခဲသိုက်မဟုတ်လား၊ တကယ်လို့ မေလွန်းအိမ်ကို မချစ်မိသေးရင် လုံးဝ

မချစ်တာဟာ အကောင်းဆုံးပဲပေါ့၊ မဖြစ်နိုင်တဲ့အခြေအနေကို ကြိုမြင်ပြီးပြီပဲ၊ အဲဒီတော့ ရှောင်ပေါ့"

ကိုကြီး၏စကားသည် လေသံအေးနှင့်ဖြစ်သော်လည်း မင်းခန့်၏ရင်ထဲသို့ တွန်းထိုးကာ ဆောင့်ဝင်လာလေ၏။ အချစ်ကို မခံစားဖူးသော သူ့အဖို့ စွဲလမ်းခြင်းသည် အချစ်ဟူ၍ ခေါ်ပါသလား ဟူသော အမေးကို အထပ်ထပ်မြန်မေးမိသည်။

မင်းခန့်တွင် ချစ်သူလိုလို၊ သူငယ်ချင်းလိုလို မိန်းကလေးများစွာရှိသော်လည်း တွဲသာတွဲသည်။ မိန်းကလေးများ၏ လိုအင်ချက်များကို ဖြည့်ပေးသည်။ သို့ရာတွင်...ဘယ်သူကိုမှ ချစ်ခွင့်မပန်မိသေးပေ။

"ဒါပေမယ့်...ကိုယ်ကတော့ ကြိုမြင်တယ်"

"ဘာကိုလဲ"

"နေထွန်းအိမ်ဆီကို သွားနေသရွေ့တော့ မေလွန်းအိမ်နဲ့ မင်းနဲ့ဟာ နီးစပ်သွားမှာပဲ၊ နီးစပ်ခြင်းဟာ အချစ်ရဲ့ဖြတ်လမ်းတစ်ခုပဲပေါ့"

မသက်မသာ သက်ပြင်းရှည်ကြီးကိုချလိုက်မိသည်။ နှုတ်မှ မည်သည့်စကားမျှထွက်ပေါ်ရန် အင်အားမရှိတော့ပေ။

"စဉ်းစဉ်းစားစားဆုံးဖြတ်ပေါ့ ကိုမင်းရာ...အကျိုးအကြောင်းနဲ့ယှဉ်ပြီး အချစ်တစ်ခုကို ဆုံးဖြတ်ပေါ့၊ ဒါပေမယ့် တရေးရေးနဲ့ တစိမ်စိမ့်တွေးပြီး အကျိုးအကြောင်းကို စဉ်းစားဖို့

www.burmeseclassic.com

www.burmeseclassic.com

ထက် မင်း မေလွန်းကိုချစ်ဖို့ပဲ စိုးမိုးနေရင်တော့ မင်း ဒေါ်ခင်မာတင် ရှေ့မှာပဲ ကျဆုံးရမှာပဲ၊ အဲဒီအခါ ယောကျ္ဃမရှိခိုး သွားမကျိုးဆိုတဲ့ ဆောင်ပုဒ်ကို လက်ကိုင်ထားပေတော့ပဲ"

ကိုကြီးစံမြတ်သာစကားကြောင့် ရှက်ကိုးရှက်ကန်း ပြုံးလိုက်မိသည်။

"ဒီအဘွားကြီးကို မရှိခိုးချင်ပါဘူး"

"အဲဒါဆိုရင် မင်း မေလွန်းအိမ်ကို ဥပေက္ခာပြုလိုက်တော့ပေါ့၊ မင်းသာ မေလွန်းအိမ်ကို ဥပေက္ခာမပြုနိုင်ရင်တော့ ဒေါ်ခင်မာတင်နဲ့ ထိပ်တိုက်တွေ့ပြီး သူ့ရဲ့စည်းစိမ်မာနအောက်မှာ မင်းရဲ့ယောကျ်ားမာနတွေ အချိုးနှိမ်ခံရမှာပဲ"

ရင်ထဲမှာ အမျိုးအမည်မသိသော ဝေဒနာကား နာကျင်စွာ ကိုက်ခဲနေမိသည်။

အားအင်ချိန့်သော ခြေလှမ်းများဖြင့် အိမ်သို့ပြန်လာခဲ့၏။

စည်းကမ်းကြီးသော ဖခင်ကား သားများကို ညရှစ်နာရီထက် ပို၍မလည်ရဟု သတ်မှတ်ထားသောကြောင့် ရှစ်နာရီမထိုးမီ အိမ်ပြန်လာခဲ့ရသည်။

နေ့လယ်ကအဖြစ်အပျက်ကို တစိမ့်စိမ့်တွေးလေ နာကြည်းလေမို့။

"တော်ပြီ...မေလွန်းအိမ်ရေ...ခင်ဗျားကို ဝေးဝေးရှောင်တော့မယ်"

မေလွန်းအိမ်ပြန်သွားသောအခါ နေထွန်းအိမ်သာ မနေတတ် ဖြစ်နေသည်မဟုတ်။ မင်းခန့်ပါ မနေတတ်မထိုင်တတ်နှင့် နှစ်ဦးသား ဘာစကားမျှမပြောဘဲ ငေးငိုင်ကာ မေလွန်းအိမ်၏ အရိပ်ကို လွမ်းလျက်ရှိနေကြသည်။

မေလွန်းအိမ်သည် မောင်အား စိတ်မချစွာဖြင့် ပြန်သာသွားရသည်။ မင်းခန့်အား တဖွဖွမှာ၍ အပ်ထားခဲ့၏။ ထို့ကြောင့် မင်းခန့်သည် ဒေါ်ခင်မာတင်မရှိသောအချိန်များ၌ နေထွန်းအိမ်နားမှာနေ၍ ဒေါ်ခင်မာတင်ပြန်လာလျှင် ချက်ချင်းထပြန်လာတတ်၏။

ဒေါ်ခင်မာတင်က ထိုအပြုအမူအတွက် မကျေမနပ်ဖြစ်ကာ...

"မဟုတ်တာလုပ်မှသာ ငါ့ကိုမကြည့်ရဲ ရင်မဆိုင်ရဲတာ

www.burmeseclassic.com

www.burmeseclassic.com

ပေါ့၊ ဘာဖြစ်နေလဲမသိဘူး၊ ဒီကောင်လေးက..."

"မေမေက သူ့ကိုအထင်သေးတာကိုး"

"အထင်ကြီးစရာ တစ်စက်ကလေးမှမရှိတာပဲ"

"အဲဒါကြောင့် မမက အိမ်မှာမနေတာ"

"သူ့ဘာသာသူ သွားချင်လို့သွားတာပဲ၊ သူ့အမေရင်းမောင်အရင်းဆိုရင် ဒီလိုပစ်သွားမလား"

"ဟင်...မမ...မမ...မမက..."

စိတ်တိုတိုနှင့် လွှတ်ခနဲပြောမိလိုက်သောစကားကြောင့် ကိုယ့်ပါးစပ်ကို မထိန်းနိုင်အောင်ဖြစ်သွားသည်။ နေထွန်းအိမ်အုံ့အားသင့်သွားဟန်ဖြင့် မေးလိုက်၏။

"မင်းစိတ်ထဲမှာ အဲဒီလိုစွဲလမ်းနေတာကိုး"

ဦးဝင်းနိုင်က စိတ်မကောင်းစွာဖြင့်ပြောလိုက်ပြီး သားနေထွန်းအိမ်ကိုသာ ပခုံးကိုအသာဖက်၍...

"သားငယ်...မင်းအမေဟာ မမကြီးအပေါ် အချစ်ပေါ်လို့ ပါးစပ်က မဆုတ်မခြင်ပြောတတ်လို့ ထွက်သွားတာပဲ၊ မကြာခင် ပြန်လာမှာပါ၊ စာမေးပွဲဖြေပြီးရင် ပြန်လာမှာပါ။ သားက ဒီတစ်ခုလောက်ကလေးကို အောင့်အီးနေလိုက်ပါဦး၊ စာတွေလည်း သိပ်မကြည့်နဲ့၊ မျက်စိညောင်းနေရင် ခေါင်းကိုက်လိမ့်မယ်"

ဦးဝင်းနိုင်သည် သားအားခေါ်ထုတ်သွားပြီး ဇနီးဒေါ်ခင်မာတင်နှင့်ဝေးရာသို့ ထွက်လာခဲ့၏။

"သား...ရွှေငွေစည်းစိမ်ဆိုတာ လူတွေရဲ့စိတ်ဓာတ်ကို ပြောင်းလွဲမာန်တက်စေတယ်နော်၊ အရင်က ဖေဖေ့လစာနဲ့ ဝင်ငွေနဲ့ဟာ သိပ်မချမ်းသာပေမယ့် လုံလုံလောက်လောက်နဲ့ ပြည့်ပြည့်စုံစုံနေနေရတာပဲ၊ မင်းအမေက စီးပွားအရှာတော်လို့ သိပ်ချမ်းသာလာတော့ ကိုယ့်သွေးသားတောင်မှ မနေနိုင်အောင် စိတ်တွေပြောင်းလွဲသွားကြတာပဲနော်"

"အိတ်ကြီးဖောင်းတော့ စိတ်ကြီးပြောင်းသွားတာပဲပေါ့နော်"

"အင်း...အဲဒါ မင်းအမေအစစ်ပဲ၊ မာန်တွေတက်နေတာပဲလား"

ဦးဝင်းနိုင်နှုတ်ဖျားမှ တီးတိုးရေရွတ်လိုက်မိရင်းက ရင်ထဲမှာ တစ်ခုခုကိုစိုးရိမ်သွားမိ၏။ ဘာကိုစိုးရိမ်သည်မသိပေ။ သားအတွက်စိုးရိမ်တာလား၊ သမီးအတွက်စိုးရိမ်တာလား၊ ဇနီးအတွက်စိုးရိမ်တာလား မသိနိုင်တော့ပေ။

သို့ရာတွင်...သမီးပြန်လာလျှင်တော့ အားလုံး အဆင်ပြေလိမ့်မည်ဟု ယုံကြည်မျှော်လင့်ထားမိသည်။

"မဇက တကယ်ပြန်လာမှာပါနော်"

"ပြန်လာမှာပါ သားရယ်...မမက သားကိုချစ်ပြီးသားပဲ မဟုတ်လား"

ဦးဝင်းနိုင်က ယုံကြည်စိတ်ချစွာဖြင့် အာမခံလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုအပြင်...ခေါင်းထိခိုက်ပြီး ကျောင်းမှ တစ်နှစ်အနားယူထားရသဖြင့် စိတ်ဓာတ်ကျနေသောသားအား ဖြေသိမ့်ကာ စိတ်ချမ်းသာမည့်စကားများကို ရွှေးချယ်ပြောလိုက်သည်။

ပင်စင်စား ဦးဝင်းနိုင်နှင့် ကျောင်းမှ အနားယူထားရကာ ဦးခေါင်းကို အေးအေးထားနေရသည့် နေထွန်းအိမ်တို့မှာ တွဲမိကြပြီး လမ်းလျှောက်စကားပြောဖြင့် အချိန်ပြေနေ၏။

စီးပွားရေးလုပ်ငန်းဖြင့် အလုပ်များကာ ပူလောင်နေသော ဒေါ်ခင်မာတင်ကို ဥပေက္ခာပြုထားကြသည်။ ဈေးနှင့် အိမ်သာ ကူးနေသည့် ဒေါ်ခင်မာတင်ကို နံနက်စောစောနှင့် ညဘက်မှာသာတွေ့ရသည်။ မီးဖိုချောင်ကိစ္စကို လှည့်မကြည့်နိုင်ပေ။ အလုပ်သမားနှစ်ဦးနှင့် ညနေမှာဈေးဝယ်လာပြီး စောစောစီးစီး ချက်ပြုတ်သွားကြ၏။ တစ်ခါတစ်ရံ ဝယ်စားရန်သာ ပြောခဲ့၏။

ထိုအခါတွင် သားအဖနှစ်ယောက်မှာ မီးဖိုချောင်ထဲတွင် အပျော်ချက်ပြုတ်စားသောက်ကြ၏။ ထိုထဲတွင် မင်းခန့်ပါ ပါဝင်နေ၏။ မင်းခန့်က မောင်နှမလေးဦးထဲတွင် အကြီးဆုံးဖြစ်သောကြောင့် အိမ်မှုကိစ္စအားလုံးကို မိခင်နှင့်အတူ ကူညီခဲ့သောကြောင့် အားလုံးလုပ်ကိုင်တတ်၏။

"အစ်ကိုမင်း...ကိုရီးယားကားက ရေညှိထမင်းလိပ် လုပ်စားရအောင်၊ တီဗီမှာလည်း ပါတယ်နော်"

"ရေညှိရှိလို့လား"

"ဝယ်ထားတယ်၊ ဘယ်လိုလုပ်ရမှန်းမသိလို့ သား ရေညှိနဲ့ ထမင်းနဲ့လုံးရမှာလား"

"ရေညှိနဲ့ထမင်းနဲ့ နယ်ရမှာလား"

ဦးဝင်းနိုင်ကပါ စိတ်ဖါလက်ပါနှင့် ဝင်၍ပြောလိုက်သဖြင့် မင်းခန့်ကပြုံးလိုက်ပြီး...

"ရှယ်ဆန်အစီးရှိရင် ပိုကောင်းတယ်"

"ရှိတာပေါ့၊ အားလုံးဝယ်ထားပြီးပြီ၊ ကိုမင်းလုပ်ကတ်လား"

"လုပ်တတ်တာပေါ့၊ မေမေသင်ပေးထားတာ"

"တယ်ဟုတ်ပါလား၊ တို့တွေ တစ်နေ့တစ်မျိုး လုပ်စားကြရအောင်ကွာ"

"အဲဒါဆိုရင် စာအုပ်ယူလာပြီး ဖွင့်ချက်ကြတာပေါ့ အန်ကယ်ရာ"

ဦးဝင်းနိုင်သည် ကျောင်းမတက်ရသည့် သားငယ် စိတ်လေမှာစိုးရ၍ မင်းခန့်နှင့်ပေါင်းကာ သုံးဦးသား တစ်နေ့တစ်မျိုး မရိုးနိုင်အောင် ချက်ပြုတ်စားသောက်ကြ၏။ ပြီးလျှင် နေ့လယ်ဘက်၌ သီချင်းနားထောင် ကာရာအိုကေဆို ရုပ်ရှင်ကြည့်နှင့် အချိန်ကုန်မှန်းမသိ ကုန်သွားကာ ဒေါ်ခင်မာတင်ပြန်လာချိန်ဝါးနာရီခွဲခန့်တွင် မင်းခန့် အိမ်ပြန်သွား၏။

www.burmeseclassic.com

ညနေစာကို ဝိုင်းရ၍ချက်ပြုတ်ထားပြီးနောက် ညနေစာ မစားဘဲနှင့် အိမ်ပြန်သွား၏။

သို့ရာတွင်...ထိုကဲ့သို့ချက်ပြုတ်ပေးပြီး ထမင်းမစားဘဲ နှင့် ပြန်သွားသော်လည်း ဒေါ်ခင်မာတင်သည် ရှေးဘဝက ရန်သူ ဖြစ်ခဲ့ဖူးဟန်တူသည့် ရေစက်များကြောင့်ထင့်။ မင်းခွန်အား ကြည့်မရဘဲ အပြစ်မြင်နေတတ်သည်။

"ဂက်စ်လည်းကုန်တယ်၊ ဒီဇယ်လည်းကုန်တယ်၊ နေ့ဖို့ ညစာ ဝယ်ထားတာတော့ ကုန်တာပဲ၊ အလကား အိမ်မှာ ပျော်ပွဲ ဖွဲ့နေတာပဲ"

"မင်းက သိပ်အာပူတာပဲ ခင်မာတင်၊ ဒါဆိုရင်လည်း ဘာမှဝယ်မထားနဲ့ကွာ၊ မင်းတို့ဘာသာ အပြင်မှာဝယ်စား၊ တို့ သားအဖစားတာ ဖြစ်သလိုစားမယ်"

"ရှင်တို့ကို မသဒ္ဓါလို့ပြောတာမဟုတ်ဘူး၊ စည်းနဲ့ကမ်းနဲ့ စားတတ်အောင်ပြောတာပါ။ အလကား ဘုန်းပေါလအောလုပ် နေတာပဲ"

"အမေ့လုပ်စာစားနေရတာ လည်ချောင်းထဲမျိုမကျဘူး၊ နင်တယ်ဗျာ၊ အဖေ့လုပ်စာစားတုန်းက ထမင်းကြမ်းယပ်ခပ်စား လည်း အေးအေးစားရတယ်၊ အမေဝယ်မကျွေးချင်လည်း နေတော့ဗျာ၊ မရှိရင်မစားဘူး"

"အမယ်..."

နေထွန်းအိမ်သည် မင်းခန့်ပြန်သွားခြင်း၊ အစ်မ.မေလွန်း အိမ်က အိမ်မှာမနေနိုင်ခြင်းအတွက်ကို မိခင်၏အပြော များ ကြောင့်သာဖြစ်သည်ဟု ယူဆလျက် မိခင်အား မကျေမနပ်ဖြစ် နေ၏။

ထိုသို့ဆူပူလျှင် ဖခင်နှင့်အတူ ခြံထဲမှခုံတန်းလျား၊ လေး မှာထိုင်ကာ ရှောင်နေတတ်၏။

သူတို့အမေသည် ဤမျှအထိ ဆိုးဝါးသောစိတ်ဓာတ် ရှိလိမ့်မည်ဟု ဘယ်လိုမျှမမျှော်လင့်ခဲ့ပေ။

"စီးပွားရေးမှာ အရှုံးမရှိဘဲ လုပ်တိုင်းအောင်မြင်လာ တော့လည်း မာနကြီးလာသလို အတ္တလည်း ပိုကြီးလာတယ်လေ၊ လောဘလည်းကြီးလာတယ်၊ လောဘကြီးတော့ ဒေါသတို့ မောဟတို့ အလိုလိုကြီးလာတာပေါ့ကွာ"

"ဒါကြောင့် မမက ထွက်ပြေးသွားတာနေမှာပေါ့၊ သား က ကျောင်းတက်နေတော့ ဘာမှမသိဘူး၊ အိမ်မှာအနေများမှပဲ သိလာတယ်"

"အင်းလေ...သူက ဒီလိုကြိုးစားရှာဖွေခဲ့လို့ပဲ ဖေဖေ့ရဲ့ ပင်စင်လစာနည်းနည်းလေးနဲ့ အဆင်ပြေပြေနေနိုင်တာပေါ့ကွာ၊ မင်းအမေက အလုပ်ကြိုးစားလုပ်တာကိုးကွ"

မိခင်အပေါ်မှာ မကောင်းမြင်မှာစိုး၍ ဖာဖာထေးထေး ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"မမကိုမွေးစားတာလား"

"ဖေဖေ့သမီးပါကွာ"

"ဖေဖေ့သမီးပေမယ့် မေမေ့သမီးမဟုတ်ဘူး မဟုတ်လား"

ဦးဝင်းနိုင် ဘာပြောရမှန်းမသိအောင်ဖြစ်သွားပြီး ခေတ္တမျှ ငြိမ်သက်သွား၏။ မောင်နှမချင်း သွေးကွဲမှာစိုးရ၍ ဖုံးကွယ်ထားသည်ကို သားကသိသွားသဖြင့် သက်ပြင်းချလိုက်ရင်း...

"ဘယ်လိုလုပ်သိသွားလဲ"

"သန်းခေါင်စာရင်းကပေါ့"

"မင်းမမ သုံးနှစ်သမီးတုန်းက သူ့အမေဆုံးသွားတော့ ဖေဖေက တစ်ပင်လဲလို့ တစ်ပင်ထူတာပါ"

"အော်..."

"ဒါပေမယ့်...သူ့သမီးရင်းလိုပါပဲကွာ"

နေထွန်းအိမ် ငြိမ်သက်သွားပြီး သက်ပြင်းရှည်ကြီးကို ချလိုက်သည်။ ဝေးလွင့်လျက်ရှိသော အစ်မအား သတိရတမ်းတစိတ်ဖြင့် အစ်မ၏ပုံရိပ်လေးကို မှန်းကြည့်ရင်း...

"မမ သနားပါတယ် ဖေဖေရယ်..."

"တကယ်တော့ ကိုယ့်လက်အောခြေအနေကြောင့် အလုပ်ကိုမလုပ်ဘဲ ပစ်ထားတာ၊ အခု အလုပ်ပြန်ဝင်ရတော့မယ်၊ ဖေဖေရော မေမေရော သိပ်ပင်ပန်းနေပြီ ကိုယ့်ကို ကျောက်ပတ်တီးဖြေပြီး တစ်လတိတိ အလုပ်ကြမ်းမလုပ်ရဘူး ဆိုလို့လေ"

မင်းခန့်က တစ်ရက်ခြားနှစ်ရက်ခြား အလာကျဲသွားသလို နေ့လယ်ပိုင်းသာရောက်လာပြီး စောစောပြန်ပြန်သွားသဖြင့် သူ၏အခြေအနေကို နေထွန်းအိမ် နားလည်အောင်ရှင်းပြလိုက်၏။

"ဒါတောင် မနက်နဲ့ညကို ရေလောင်းတဲ့အလုပ်ပဲ လုပ်ပေးသေးတာ၊ ပိုက်နဲ့ရေလောင်းတော့ နည်းနည်းသက်သာတာပေါ့၊ ဘာမှပင်ပင်ပန်းပန်းမလုပ်ရသေးဘူး၊ ကိုယ့်အဖေက ရုံးသွားရုံးလာ သူ့ဘာသာသူပဲ သွားလာနေတာ၊ အခု...အဖေ့အလုပ်က မြို့နယ်ကနေ တိုင်းရုံးကိုရောက်သွားတော့ အလုပ်မအားတော့ဘူးပေါ့"

"ကိုယ့်အဖေက ဘာလုပ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com

"တရားသူကြီး"

"အင်း... သင့်တော်ရာကိုလုပ်ရတာပဲ၊ အမေက ပန်းပင်စိုက်တယ်၊ ကိုယ့်ညီနှစ်ယောက်ရှိပေမယ့် ရေလောင်းတာကို မေမေက မကြိုက်လို့ ကိုယ်ပဲရေဝိုင်းလောင်းပေးရတယ်၊ ညီနှစ်ယောက်က တစ်ယောက်ကဆယ်တန်း၊ တစ်ယောက်က ဒုတိယနှစ်ရောက်နေပြီ၊ အဲဒီကောင်က စာခြောက်ရုပ်"

"စာခြောက်ရုပ်..."

"ဟုတ်တယ် ဘာမှခိုင်းလို့မရဘူး၊ စာပဲကျက်နေတာပဲလေ"

"စာတော်မှာပေါ့"

"ဆေးတက္ကသိုလ်မှာပဲ၊ မိဘတွေရဲ့ဂုဏ်တက်စရာ သားပေါ့ကွာ"

"ကိုမင်းကရော..."

"ကိုယ်က သားလိမ္မာကြီးပေါ့"

"သေချာနေလိုက်တာ"

ဒီနေ့တော့ နေထွန်းအိမ်က ပျော်ရွှင်နေပြီး ဖခင် အပြင်ထွက်သွားသဖြင့် မင်းခန့်နှင့်အတူ စကားပြောရင်း ဂစ်တာထိုးကြသည်။

မင်းခန့်က သူအလာနည်းရသည့်အကြောင်းနှင့် သူ

မိသားစုအကြောင်းကို ပြောပြနေ၏။

"မိုးနဲ့ ဆောင်းဦးပေါက်မှာပဲ အလုပ်ကများမှာပါ၊ မြက်နှုတ်ရ ပန်းပျိုးရနဲ့ပေါ့၊ ကိုယ်က ရေလောင်း ပျိုးနှုတ် မြေပေါက်စိုက်ပျိုးပေါ့ကွာ၊ မင်း တကယ်လို့ပျင်းရင် ကိုယ့်ခြံကိုလိုက်လည်ပါလား၊ အပျင်းပြေပေါ့"

"အား... သိပ်ကောင်းတဲ့အစီအစဉ်ပဲ၊ အပြောင်းအလဲလေးတွေနဲ့ ငြီးငွေ့စရာမဟုတ်တော့ဘူးပေါ့ဗျာ"

အမှန်တကယ်ပင် နေထွန်းအိမ်က မင်းခန့်တို့၏ မိသားစုဘဝလေးကို သဘောကျကာ ဖခင် ဦးဝင်းနိုင်နှင့်အတူ လိုက်လည်ရန် စီစဉ်ကြ၏။

သူတို့သားအဖသည် လူနေရှုပ်ထွေးသော ကွန်ဒိုတိုက်ခန်းထက် မင်းခန့်၏ခြံကလေးကို သဘောကျလျက်ရှိနေကြသည်။

"လူစုံတဲ့ စနေ တနင်္ဂနွေလိုနေ့တစ်နေ့မှာ ကျွန်တော်တို့ခြံကို အလည်ခေါ်မယ်ဗျာ"

"ကိုမင်းက ပန်းတွေစိုက်ပြီး ဘာလုပ်တာလဲဗျ"

"ရောင်းစားတာပေါ့"

"ကောင်မလေးတွေကိုရော မပေးဘူးလား"

"မပေးပါဘူးကွာ၊ ပိုးကြေးပန်းကြေးလိုက်ဖယ်နေရင် စီးပွားပျက်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်ချစ်တဲ့သူကိုတော့ ပေးမှာပေါ့ဗျာ"

ရုတ်တရက် မင်းခန့်မျက်နှာ ရဲရဲနီသွား၏။ နေထွန်းအိမ်၏ အစ်မမျက်နှာကို မြင်ယောင်ကာ သွေ့လက်ထဲမှာတီးခတ်နေသော ဂစ်တာသံစဉ်လေး ပြောင်းလွဲသွား၏။

"တစ်ပွင့်ကြွေရင် တစ်ခြုံလုံး×××××× မောင်ယူလာခဲ့မယ်××××"

မျက်နှာကိုအောက်ချ၍ သူ့မောင်မျက်နှာကိုမမြင်ရအောင် ကွယ်ဝှက်ကာ ဂစ်တာကြိုးလေးများကို အာရုံပြုလိုက်၏။

"မူယာလေးကြော့ကြော့ ဆံနွယ်ကြော့ကြော့မှာ×××× ပန်းနွယ်ကိုလေရိုင်း နမ်းရှိုက်ခဲ့ပြီ××××ချစ်သူရယ်ငိုပါနဲ့ကွယ်××× ပန်းတစ်ခင်းပျိုးထားတယ်××××လေရိုင်းရိုင်း နေအေးအေး×××× ပန်းကလေးနွမ်းလို့ ဗိုးထိတ်နဲ့ကွယ်××××တစ်ပွင့်ကြွေရင် တစ်ပင်လုံး မောင်ယူလာခဲ့မယ်××××"

မာနကြီးသလိုနဲ့ ကြင်နာတတ်သော...

သွက်လက်ဖျတ်လတ်သလိုနှင့် သိမ်မွေ့တတ်သော...

ခင်မင်တတ်သလိုနှင့် ဥပေက္ခာပြုနိုင်လွန်းသော ထိုမိန်းကလေး မေလွန်းအိမ်အတွက်ဆိုလျှင် သူ၏ဥယျာဉ်ခြုံတစ်ခြုံလုံး ပေးဆပ်ရန်ဝန်မလေးကြောင်းကို သူ့အစ်မသိအောင် ဘယ်လိုပြောရပါ့...

"တစ်ခါတလေ စျေးပိတ်တာပဲ၊ အိမ်မှာပဲ နားနားနေနေ နေပါလား သားရယ်..အဝေးကြီးကို လျှောက်သွားချင်နေတာပဲ"

"ကျွန်တော်ပျင်းလို့ပါဗျာ၊ ကျောင်းလည်းမတက်ရဘဲ အိမ်ထဲမှာပဲနေနေရတာ၊ ပြီးတော့....ကိုမင်းခြံထဲကိုပဲသွားတာ၊ ဘယ်မှသွားတာမဟုတ်ဘူး"

"အဲဒီ ကိုမင်းခြံထဲမို့လို့ စိတ်မချတာပေါ့"

ရုတ်တရက် မင်းခန့်ရင်ထဲ ကင်းခနဲဖြစ်သွားသည်။ တကယ်တော့ ဒီနေ့လာခေါ်မိတာကိုက သူ့အမှားဖြစ်နေ၏။ ဒေါ်ခင်မာတင်က စျေးပိတ်၍ အနားယူတာကို သူ ကြိုမသိထား၍ဖြစ်သည်။ တကယ်ဆိုလျှင် ဖုန်းဆက်မေးသင့်ပါလျက် မမေးဘဲ လာမိသည်က သူ့အမှားလုံးလုံးဖြစ်နေ၏။

ဒေါ်ခင်မာတင်သည် အိမ်ရှေ့မှာ သူရှိနေသည်ကိုပင် လုံးဝဂရုမစိုက်ဘဲ မီးဖိုထဲမှာ သား၏ခွင့်တောင်းမှုကို ပြတ်သားစွာ ငြင်းဆိုနေသည်။

"ဖေဖေပါလိုက်မလို့ ချိန်းထားပြီးသားပါ"

www.burmeseclassic.com

www.burmeseclassic.com

"ချိန်းထားတယ်ဆိုရင် မင်းအဖေက ဒီနေ့မှာအပြင်ထွက်မလား၊ မသွားရဘူး၊ ဒီကလေးက အလုပ်မရှိ အကိုင်မရှိဘဲ မင်းဆီကနေ ညာစားနေတာပဲ၊ ဒီအိမ်မှာလာပြီး ချက်ပြုတ်စားကြတာကို ငါမကြိုက်ပါဘူး"

"မေမေ..."

ရှေ့ဆက်၍ မင်းခန့်ဘာမျှမကြားလိုက်ပေ။

ရင်ထဲမှာ မုန်တိုင်းထန်သွား၏။

နေထွန်းအိမ်ထဲမှ ဘာမျှမတောင်းဆိုဘဲနှင့် သူ့အား ညာစားသည်ဆိုခြင်းကို လုံးဝလက်မခံနိုင်။

"ဟုတ်တယ်ဗျို့ ဒေါ်ခင်မာတင်ရေ...ခင်ဗျားကြီးသားဆီက ရတနာတစ်ခုတော့ တောင်းခံရတော့မှာပဲ၊ အဲဒါကတော့ သိပ်အဖိုးထိုက်တန်တဲ့ သမီးရတနာကိုပဲပေါ့ဗျာ"

သူသည် စိတ်တိုလွန်း၍ ဖခင်ထံမှာ တကူးတကကောင်းခံပြီး ယူလာသောကားနှင့် မိခင်အား နေထွန်းအိမ်အကြိုက် ကော်ရည်ခေါက်ဆွဲချက်ခိုင်းထားပြီး ခြံထဲအလည်ခေါ်ရန် ရည်ရွယ်ထားပြီး ထွက်လာကာမှ ဘယ်သူမှမပါဘဲ ပြန်မလာနိုင်။

ထို့ကြောင့် မြို့ထဲမှ စာပေဖြန့်ချိရေးအလုပ်လုပ်နေသော ကိုစံမြတ်သာထံသို့ ထွက်လာခဲ့၏။

ကိုမြတ်သာဆိုင်တွင် သူငယ်ချင်းထွန်းလူတို့ ရောက်နေ၏။ ထွန်းလူရယ် ကိုမြတ်သာရယ်က သူနှင့် တစ်လမ်းတည်း

နေခဲ့ကြသူများဖြစ်၏။ နောက်မှ သူက ခြံထဲသို့ပြောင်းရွှေ့သွားခြင်းဖြစ်သည်။

"မင်းကြည့်ရတာ မုန်ယိုနေသလိုပဲ"

ကိုမြတ်သာက မှုန်ကုတ်ကုတ်သူ့အား နောက်လိုက်၏။

"မုန်ယိုတာ်က ဆင်မနဲ့တွေ့ရင် ပျောက်သွားနိုင်တယ်ဗျ၊ အခုဟာက လူကြီးလည်းဖြစ်နေတော့ ပြန်ပြောရင် မိုက်ရိုင်းပြီး ငရဲကြီးဦးမယ်၊ မိဘတွေလည်း သိကွာကျနိုင်တာမို့ မနည်းကို မျိုသိပ်လာရတယ်၊ ရင်ထဲမှာတင်းကျပ်နေတာပဲ"

"လျှော့...ကိုမင်းခန့်ရေ...လျှော့"

ထွန်းလူက သူ့အပေါ်မှာတင်ရှိနေသော အကြွေးများဘက် မလှည့်စေရန် စပ်ဖြီးဖြီးနှင့် ဝင်ရောလိုက်၏။

ထွန်းလူသည် အခုတလော သူတို့အုပ်စုနှင့်ဖယ်ခွာပြီး အပေါင်းအသင်းအသစ်များနှင့် ပေါင်းနေသဖြင့် ကိုမြတ်သာ ကိုယ်တိုင်က သိပ်စကားမပြောချင်ပေ။

"ကိုမင်း တွဲနေတဲ့တစ်ယောက်က တော်တော်လှတယ်လို့ ပြောကြတယ်"

"လှရုံကမလား၊ မာနခဲ ပညာတတ် သူ့ဌေးသမီးလေကွာ၊ အခု သူ့မောင်နဲ့အဆင်ပြေနေတာ၊ မင်းတို့လိုမဟုတ်ဘူး၊ အပေါင်းအသင်းကောင်းနဲ့ ကျွေ့နေပြီကွ၊ သူ့ဘဝတိုးတက်ဖို့ အပေါင်းအသင်းကောင်းပဲ"

www.burmeseclassic.com

www.burmeseclassic.com

"တော်ပါတော့ဗျာ...အဲဒီ ချမ်းသာကြွယ်ဝတယ် ဆိုတာကြီးကို ကျွန်တော် ကြောက်လွန်းလို့ပါ"

မင်းခန့်သည် ကိုမြတ်သာ၏စကားကို ကဗျာကယာနှင့် ငြင်းဆန်လိုက်သောအခါ ကိုမြတ်သာက မဲ့ပြုံးပြုံးလျက်...

"မင်းကသာ ကြောက်နေ၊ မကြောက်တဲ့သူကတော့ ချမ်းသာတဲ့မိန်းကလေးကိုပဲ လိုက်ပြီးရှာဖွေနေတာ၊ ဒါမှ သူတို့က သက်သောင့်သက်သာနေရမှာလေ"

"ရှာသူတွေ တွေ့ကြပါစေဗျာ၊ ကျွန်တော်ကတော့ ငွေဂုဏ်မော်ကွန်နေတဲ့သူတွေနဲ့ စကားမပြောချင်ဘူး"

မင်းခန့်သည် ဒေါ်ခင်မာတင်၏မျက်နှာထားနှင့် စကားသံများကို ကြားယောင်ကာ မခံချိမခံသာ ဖြစ်နေမိ၏။ ထို့ကြောင့် နေထွန်းအိမ်ထဲသို့ မသွားတော့ရန် ဆုံးဖြတ်ချက်ချလိုက်၏။

"ကျွန်တော် မသွားတော့ဘူးဗျာ၊ ကောင်းကလေးကိုတော့ သနားပါတယ်၊ ဒါပေမယ့်...သူ့အမေကြီးက အပေါက်ဆိုးလွန်းလို့ပါဗျာ၊ ကျွန်တော်လာမယ် ကြားတဲ့အခါမှာ အိမ်ကို လာလာချောင်းကြည့်သေးတယ်၊ ပြီးရင်...စောင်းမြောင်းပြီး ပြောသေးတယ်ဗျာ၊ သူတို့သားအဖက ကျွန်တော့်ကိုအားနာပြီးနောက် မပြောတော့ဘူး၊ အခု...ခြံထဲလိုက်လည်မယ်ဆိုတာ တောင် လက်မခံဘူး"

"မင်းနဲ့က ဘဝကရန်ကြွေးလားပဲ"

"ဟုတ်မှာပေါ့"

မင်းခန့်နှင့် ကိုမြတ်သာတို့ပြောစကားကို ထွန်းလူက ငြိမ်နားထောင်နေလိုက်သည်။ သူငယ်ချင်းအုပ်စုထဲတွင် မင်းခန့်က ထွန်းလူနှင့် အတန်းတူ၍ ငယ်စဉ်ကတည်းကတွဲခဲ့သော်လည်း ဆယ်တန်းနှစ်ရောက်သောအခါ ထွန်းလူကကျန်ရစ်ခဲ့ပြီး မင်းခန့်ကသာ အောင်သွားသဖြင့် သိပ်မတွဲဖြစ်တော့ပေ။ သို့ရာတွင်...တစ်လမ်းတည်းသားချင်းမို့ ဘော့လုံးအတူတူကန်ကာ မကြာခဏတွေ့ဖြစ်ကြ၏။

မင်းခန့်ဖခင် တာဝန်ကျသည့် အင်းတကော်တွင် ခြံဝယ်ပြီးသည့်နောက် မင်းခန့်လည်း ထိုခြံတွင်သွား၍နေရင်း အဆက်အသွယ်ပြတ်သွား၏။ သို့ရာတွင် ကိုမြတ်သာ၏စာအုပ်ဆိုင်လေးတွင် မကြာခဏတွေ့ဖြစ်ကြသည်။

"သူ့အစ်မကလည်း အဖေနဲ့တူသလိုပဲ၊ မာနခပ်ကြီးကြီးပဲနော်"

"မေလွန်းအိမ်က မာနမကြီးပါဘူး၊ အနေတည်ပြီး ကျွန်ုပ်ရှိတာပါ။ တကယ်တမ်းပေါင်းကြည့်ရင် တော်ပါတယ်၊ ကျေးရွာမှာတောင် ဆရာမသွားလုပ်သေးတာပဲ"

"ဟုတ်လား...မင်းက အသေအချာပေါင်းကြည့်လို့ လားကွ၊ ငါက သိပ်မရင်းနှီးဘူး ထင်တာ"

ကိုမြတ်သာ၏စကားကြောင့် မင်းခန့်၏မျက်နှာမှာ အနီရောင်ဘက်သို့ပြောင်းသွားပြီး ရှက်ကိုးရှက်ကန်းနှင့် စာအုပ်ကိုခ

www.burmeseclassic.com

www.burmeseclassic.com

အုပ်ကို ကောက်ကိုင်လိုက်၏။

"ပြည်ပန်းညို ချိုသော်လည်း ဆားကဖျက်ပြန်၊ ပဲခြမ်းနှစ်ခုကြားမှာ ဆားကညပ်လို့ တို့အဖြစ်ကို ဘယ်သူက ဝင်ကူရပါ့ဟင်း...ငါနဲ့မိတ်ဆက်ပေးလေကွာ"

"တော်စမ်းပါ"

ထွန်းလူက လွမ်းချင်းပုံစံနှင့် ဟစ်လိုက်သဖြင့် မင်းခန့်က ရှက်ရယ်ရယ်ရင်း စာအုပ်နှင့်လှမ်းရိုက်လိုက်၏။

"ဟာ..."

လမ်းမဘက်ကို မျက်နှာပြုနေသော ကိုမြတ်သာက ဘုံအားသင့်ဟန်ဖြင့် 'ဟာ'ဟု အော်လိုက်၍ မင်းခန့်နှင့်ထွန်းလူ လှည့်ကြည့်ရာ ကားပေါ်မှခုန်ပေါက်ဆင်းလာသော နေထွန်းအိမ်ကို တွေ့လိုက်ရ၏။ သူ့အဖေကိုယ်တိုင် ကားမောင်းပြီး သားအားဆိုဝ်ရှေ့မှာချပေးပြီးနောက် ကားထားရန် ပြန်မောင်းထွက်သွားသည်။

"ကိုမင်း...သွားစို့"

"ဘယ်လဲကွ"

"ခြံထဲကိုလေ...ကျွန်တော်တို့စီစဉ်ထား။ တာပဲ၊ မားသားကြီးတို့က ဒီလိုပဲ ပွမ်နေကျပဲဗျာ၊ လာ...သွားမယ်၊ ဖေဖေက ရှေ့နားမှာ ကားရပ်ထားမယ်တဲ့"

မင်းခန့် ဘာမှမပြောနိုင်မီ နေထွန်းအိမ်က အတင်းဆွဲခေါ်နေ၏။

"လိုက်သွားပါကွာ..နောက်နေ့မှ ပြန်လာတော့ပေါ့ကွာ"

"အစ်ကိုကြီးလည်း အားရင်လိုက်ခဲ့ပါလား"

"ကိုယ်လိုက်မယ်လေ"

ကိုမြတ်သာကို ခေါ်နေစဉ် ထွန်းလူက ကပျာကယာ ဝင်ပြောလိုက်၏။ ကိုမြတ်သာနှင့် မင်းခန့် ဘာမျှမပြောနိုင်မီ နေထွန်းအိမ်က တစ်ခါမှမသိကျွမ်းသောသူ ဖြစ်သော်လည်း အပေါင်းအသင်းမင်သူပီပီ...

"လိုက်ခဲ့ အစ်ကို...ဘယ်သူမှမပါဘူး၊ ကားကမောင်ပါတယ်"

မင်းခန့်ထက်စာလျှင် ထွန်းလူက ခြေလှမ်းပြင်နေသဖြင့် ကိုမြတ်သာက...

"အောင်မယ်...မင်းကငါ့ကိုကူလုပ်မယ်ဆိုပြီး ဒီလိုပြေးလို့ရမလား"

"ကိုကြီးကလဲ...အလုပ်မှမရှိတာ၊ ကျွန်တော် မနက်ဖြန်လာပါ့မယ်"

ထွန်းလူက အရင်ထွက်သွားသဖြင့် မင်းခန့်နှင့် နေထွန်းအိမ်က ကိုမြတ်သာကိုနှုတ်ဆက်ပြီး ကပျာကယာလိုက်သွား၏။

ကိုမြတ်သာက သက်ပြင်းရှည်ကြီးချလိုက်မိသည်။ ထွန်းလူ လိုက်ပါသွားခြင်းအတွက် စိတ်ထဲမှာ စနိုးစနောင့်ဖြစ်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂)

"ကျွန်တော့်ကို နှင်းဆီပန်းအပွင့်အစိတ် စည်းပေးပါလား ကိုမင်းရာ၊ အဝါရယ် အဖြူရယ် အနီရဲရဲရယ်၊ လှလှလေးစည်းပေးနော်"

"မင်းက ဘာလုပ်မလို့လဲ၊ ခုမှ အထက်တန်းကျောင်းသားပဲ ရှိသေးတာပဲ၊ မိန်းကလေးကိုပေးဖို့ဆိုရင် မလုပ်ပေးဘူးကွာ"

"မဟုတ်ပါဘူး၊ ဆရာမကိုပေးမလို့ပါ"

"ဆရာမကိုပေးဖို့ဆိုရင်တော့ ရမယ်"

နေထွန်းအိမ်က တယ်လီဖုန်းဖြင့် မှာလိုက်သဖြင့် သူက စည်းနှောင်ထားသော်လည်း ထိုအိမ်သို့သွားရမှာဝန်လေးသော ကြောင့် ကိုမြတ်သာဆိုင်သို့သာ လာရန် ခေါ်နိုးဆိုလိုက်၏။

အခုတလော နေထွန်းအိမ်က အလာကျဲသွားသလို သူက လည်း အလာကျဲသွား၏။

ဒေါ်ခင်မာတင်နှင့် မျက်နှာချင်းဆိုင်ရမှာ ဝန်လေးနေ ကြောင်းကို နေထွန်းအိမ်တို့သားအဖက နားလည်ကာ သူ့အား မခေါ်တော့ပေ။

သူကလည်း မိခင်၏ပန်းခြံကို ဝိုင်းကူညီရခြင်းကို ဒေါ်ခင် မာတင်ပြောသကဲ့သို့ နိမ့်ကျသောအလုပ်ဟုမမြင်သောကြောင့် သူ့အလုပ်ကို သူ မြတ်နိုးတွယ်တာလျက်ရှိနေသည်။

သို့ရာတွင်...သူ့ဖခင်က သူ့အား ဝင်ငွေတည်ငြိမ်မှုရှိ သော အလုပ်ကို လုပ်စေချင်သည်။

"မင်းနှစ်သက်လာတဲ့ မိန်းကလေးတွေ့ရင် လူရိုသေ ရှင်ရိုသေ အလုပ်ကတော့ရှိရမယ်၊ ယုတ်စွအဆုံးကွာ...မင်္ဂလာ ဆောင်ဖိတ်စာမှာ နာမည်နောက်က အမြီးရှည်တပ်နိုင်လေ ပိုကောင်းလေကွာ၊ ဝင်ငွေကောင်းတာမကောင်းတာ အပထား၊ ဘယ်ကုမ္ပဏီက မန်နေဂျာ၊ စီအီးအိုဆိုရင် လူအထင်ကြီးတာ ပေါ့ကွာ၊ အခုဟာက...မင်းအမေရဲ့ ဒေါ်ဥယျာဉ်က ဥယျာဉ် မှူးဆိုတဲ့ ရာထူးက ဝင်ငွေကောင်းပေမယ့် မနိပ်တဲ့ဂုဏ်ကြီးကွာ"

တရားသူကြီးပီပီ စကားကြွယ်၍ နောက်နောက်ပြောင် ပြောင်နေတတ်သော ဖခင်က သူ၏ဥယျာဉ်မှူးဘဝကို အားမရ သဖြင့် ဝေဖန်ကာ အလုပ်လုပ်စေချင်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ခြံစိုက်တယ် ပန်းစိုက်တယ်ဆိုတာ အသက်ခြောက်ဆယ်ကျော် ပင်စင်စားတွေရဲ့အလုပ်ပါသားရယ်၊ အခုထဲက ဇောက်ချ မလုပ်ပါနဲ့"

ဖခင်တဖွဖွပြောလွန်း၍ ဖခင်နှင့် ကိုမြတ်သာတို့ စုံစမ်းပြုလုပ်ပေးသည့် သူကျွမ်းကျင်ရာ ကွန်ပျူတာနှင့် စက်ပိုင်းဆိုင်ရာ ပြုပြင်မှု၊ မိတ္တူကူးစက်နှင့် ကွန်ပျူတာစာစီလုပ်ငန်းကို စက်လေးလုံးဖြင့် စာစီစာရိုက်လေးဦး ခန့်ကာ ကိုမြတ်သာတို့ စာအုပ်ဖြန့်ချိရေးနှင့် နီးစပ်ရာမှာဖွင့်လိုက်သည်။

မိခင်ဘက်မှအမွေအနှစ်များနှင့် ချမ်းသာကြွယ်ဝသော်လည်း မိဘနှစ်ပါးလုံးက သားသုံးယောက်ကို ပျိုဝပ်၍မော်ကြွားမှုမရှိစေရန် အသုံးအစွဲကအစ ချွေတာစီစစ်ပြု၍ ဖခင်၏လစာဝင်ငွေ ခြံဝင်ငွေများဖြင့်သာ ဝင်ငွေပြု၍ အိမ်သုံးစရိတ်ကို သုံးစွဲစေသည်။

ထို့ကြောင့် သူလည်း ချွေတာ၍မော်ကြွားခြင်းမရှိဘဲ ရိုးရိုးကုတ်ကုတ်နေခဲ့၏။ နှစ်သစ်ကူးကိစ္စတွင် ညီများအား စိတ်မချသဖြင့် တစ်လမ်းတည်းအတူနေခဲ့သော လူငယ်များစုပေါင်းကာ ကားတစ်စီးဖြင့် ကန်ပေါင်သွားသည်ကို လိုက်သွားမိပြီး နည်းနည်းဟု သောက်စားပျော်ပါးမိသည့် အပြစ်ဒဏ်ကိုခံရသဖြင့် မိဘများအား အားနာမဆုံးသလို ရှက်လည်းရှက်ခဲ့မိသည်။ နောင်တွင် ထိုကဲ့သို့ မဖြစ်စေရန် နမူနာယူ၍ ကိုယ့်ကိုယ်ကို ဆုံးမခဲ့၏။

သို့ရာတွင် နေထွန်းအိမ်တို့မောင်နှမနှင့် ခင်မင်ရသည်ကို တော့ အမြတ်တစ်ခုဟု ယူဆကာ စဉ်းစားမိသည့်အခါတိုင်း ကြည်နူးမိ၏။

"ဒီကောင်ကလေး မလာသေးပါလား၊ ဘာဖြစ်လို့ ကြာနေရတာလဲ"

ကိုမြက်သာ၏စကားကြောင့်၊ သူ့အတွေးပြယ်သွားပြီး စာအုပ်ပုံအမြင့်ပေါ်မှာ တင်ထားသော ပန်းစည်း၏မွေးပျံ့မှုအတွက်ကို သတိထားမိသည့်အခါတိုင်း ဆိုင်ရှေ့သို့ လှမ်းကြည့်မိသည်။

"မင်းနဲ့ကောင်ကလေးနဲ့သာ သိပ်မတွေ့ဖြစ်တယ်၊ ထွန်းလူနဲ့တော့ တွေ့ထယ်ထင်တယ်၊ ထွန်းလူက နေ့လယ်ဘက်ဆိုရင် မရှိဘူးတဲ့၊ ဟိုကောင်ဇော်ကြီးတို့ ပြောတာကတော့ သူ့ဌေးသားတစ်ယောက်နဲ့ -တွဲနေတယ်လို့ပြောတာမဲ၊ ငါကရော့တော့ အဲဒီကောင်ကလေးနဲ့လို့ ထင်တာပဲလေ"

"ဟုတ်မှာပေါ့...ဟိုနေ့က ခြံထဲကို အတင်းလိုက်ပြီး နေထွန်းတို့သားအဖနဲ့ အတင်းရောနေတာကို သတိထားမိတယ်၊ ကျွန်တော်လည်း မကြိုက်ပေမယ့် ရှေ့တင်မှာတော့ ပြောလို့ မကောင်းဘူးလေ"

"သတိတော့ပေးထားလိုက်ဦးပေါ့။ ကိုယ့်အပေါင်းအသင်းဖြစ်နေတာကိုး၊ ကောင်ကလေးကဝယ်ပြီး ဘာမှအသိဟာရား

www.burmeseclassic.com

www.burmeseclassic.com

မရှိသေးဘူး၊ ချိုပေါက်ကလေးပဲရှိသေးတာ"

"ဟာ...လာပြီ"

လမ်းဘက်ကိုမျက်နှာမူနေသော ကိုမြတ်သာကလှမ်း၍ ပြောလိုက်သဖြင့် လှည့်ကြည့်သောအခါ နေထွန်းအိမ်က မြူးကြွသောအသွင်ဖြင့် ကားပေါ်မှဆင်းကာ ခုန်ပေါက်၍ ပြေးဝင်လာ၏။

"ကိုမင်း လာလေဗျာ...ကားက လမ်းပေါ်မှာ ရပ်ထားလို့ မရဘူး၊ ပန်းရော..."

"ပါပါတယ်ကွ...ဘာလို့ ဒီလောက်တောင် လောနေရတာလဲ"

"ကျွန်တော်နဲ့ ခဏလိုက်ခဲ့ဦး၊ မုန့်စားရအောင်လေ"

"မင်းက ဘာစားချင်လို့လဲ"

"လာပါဗျာ...ကိုမင်းကလဲ ခဏလေးပါ။ ကိုကြီးမြတ်သာရော လိုက်ခဲ့ပါလားဗျာ"

ပျာယာခတ်အမူအရာကြောင့် မင်းခန့်က ပန်းစည်းကို လှမ်းယူနေစဉ် ကိုမြတ်သာက သူ့ပိုက်ဆံအိတ်ကိုလှမ်းယူကာ...

"ကိုယ်ကတော့ ဆိုင်မှာ ဘယ်သူမှမရှိသေးလို့ မလိုက်တော့ပါဘူး၊ မင်းတို့ပဲ သွားကြပါ။ မင်းခန့်ရေ...ရော့"

ဘယ်တော့မှ ပိုက်ဆံအိတ်နှင့် ပိုက်ဆံကို မျှားမျှားစားစား မကိုင်တတ်ပဲ အကျီအိတ်ထဲမှာသာ ထည့်တတ်သော မင်းခန့်အကြောင်းကို သိ၍ သူ၏ခေါက်ပိုက်ဆံအိတ်ကို လက်ထဲအတင်း

ထည့်ပေးပြီး...

"သွားကွာ...မင်းဆိုင်ကို ငါကြည့်ထားလိုက်မယ်၊ ကောင်မလေးတွေလာရင် သော့ပေးလိုက်မယ်"

ကိုမြတ်သာ၏ ခေါက်ပိုက်ဆံအိတ်ထဲတွင် သိန်းဂဏန်းနီးပါး ပါဝင်နေသည်ကိုသိထားသဖြင့် တစ်စုံတစ်ခုပြန်ပြောရန် ပါးစပ်ပြင်လိုက်စဉ် ကိုမြတ်သာက ပခုံးကိုပုတ်၍ အတင်းတွန်းထုတ်လိုက်သည်။

"ကားပေါ်ရောက်ရင် မင်းလိုအပ်မှာပါကွာ၊ သွား...ကောင်ကလေးသွားပြီ၊ ဘာပဲဖြစ်ဖြစ် မင်းကို အထင်မသေးစေနဲ့ပေါ့"

ဆိုင်ဝမှာ ခုန်စွစ္ပနှင့်ရပ်၍ သူ့အားစောင့်နေသော နေထွန်းအိမ်ထံသို့ သုတ်ခြေတင်၍ လိုက်လာခဲ့၏။ နေထွန်းအိမ်က ပန်းစည်းအား သူ့လက်ထဲထည့်ကာ...

"လာဗျာ...အစ်ကိုကလဲ ကြာလိုက်တာ၊ ဟိုမှာ ကားနှစ်စီးပိတ်နေလို့"

"ဟ...ဟ အတင်းဆွဲနေတာပဲ"

သူက ကိုမြတ်သာပေးသော ပိုက်ဆံအိတ်ကို တစ်ဖက်လက်နှင့် ပန်းစည်းကိုတစ်ဖက်နှင့် နေထွန်းအိမ်ဆွဲခေါ်ရာနောက်သို့ ကန်ကန်ယိုကားယားနှင့် လိုက်ပါလာစဉ် ကားနားရောက်သောအခါ ရင်ဆဲ ထိတ်ခနဲဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com

အဘယ်ကြောင့်ဆိုသော် ကားရှေ့ခန်းမှာ ထိုင်နေသော မေလွန်းအိမ်ကို တွေ့ရသောကြောင့် ဖြစ်သည်။

"ဒီနေ့ မမကြီးမွေးနေ့ပဲ အစ်ကိုမင်း...မမကြီးက အစ်ကို့ကို တွေ့ချင်လို့တဲ့၊ ကဲ...တက်ဗျာ"

နောက်ကားများကြောင့် နေထွန်းအိမ်တွန်းပို့သော ရှေ့ခန်းမှာပင် ဝင်ထိုင်လိုက်၏။ နေထွန်းအိမ်ကတော့ နောက်ခန်းမှာထိုင်ရင်း...

"မမကြီး ကောင်းတဲ့နေရာကိုပဲ သွားပေးနော်"

သူ့ရင်ထဲမှာ ကတုန်ကရီဖြစ်ကာ...ရုတ်တရက်မို့ ဘာပြောရမှန်းမသိ ဖြစ်နေ၏။ မေလွန်းအိမ်က အပြုံးနှင့် ကားကို ကျင်လည်စွာမောင်းရင်းက...

"ရှင့်ကို မတွေ့ရလို့ မောင်လေးကို မေးကြည့်ရတယ်လေ"

"ဟို...ဘယ်တုန်းက ရောက်လဲ"

"မနေ့ညက"

ရင်ထဲထိတ်ခနဲ ဝမ်းသာသွားသည်။ မနေ့ကမှရောက်ပြီး ဒီနေ့ မိမိထံရောက်လာသည်မှာ ကောင်းမြတ်၍ မင်္ဂလာရှိသော အလားအလာပင်ဖြစ်၏။

"ကိုမင်း...ဘာစားခဲ့လဲ"

"မနက်စောစောစာ ထမင်းကြော်စားခဲ့တာပေါ့"

"ဒါဖြင့် ဘုရားအရင်သွားရအောင် မမကြီး ပြီးမှ ဆိုင်မှာ

ကောင်းကောင်းစားမယ်နော်"

"အင်းပါ"

ကိုမြတ်သာပိုက်ဆံအိတ်ထည့်ပေးလိုက်ခြင်းမှာ မေလွန်းအိမ်ကို လှမ်းမြင်လိုက်သောကြောင့်ဖြစ်ကြောင်း ယခုမှပင် နားလည်တော့၏။

ကိုမြတ်သာသည် ဒေါ်ခင်မာတင်တို့သားအမိက မင်းခန့်အပေါ်မှာ အထင်အမြင်သေးသွားမှာစိုးရ၍ တမင်ထည့်ပေးလိုက်ခြင်းဖြစ်သည်။

"မိန်းကလေးနဲ့သွားရင် ကိုယ်က ငွေထုတ်နိုင်မှ တော်ရုံကျမှာကွ"

ကိုမြတ်သာ မကြာခဏပြောတတ်ပြီး ယခု ညီအစ်ကိုလို ခင်နေသော မင်းခန့်အား အထင်အမြင်သေးသွားမှာ စိုးရိမ်၍ ယုံယုံကြည်ကြည်နှင့် သူ့ပိုက်ဆံအိတ်တစ်ခုလုံးကို ပေးလိုက်ခြင်းဖြစ်သည်။

"မောင်လေးကပြောတယ်၊ ကိုမင်းက အလာကျဲသွားတယ်တဲ့"

"ဆိုင်ဖွင့်နေလို့"ဟု ပြောမည်လုပ်ပြီးမှ မပြောတော့ဘဲ ပြုံးလိုက်ရင်း...

"ခြံထဲမှာ အလုပ်များနေလို့ပါ"

စကားအစမှာတော့ မေလွန်းအိမ်က သူ့အား တကယ်ပင်

www.burmeseclassic.com

www.burmeseclassic.com

မေးရ၍ တကူးတကခေါ်လာခြင်းအတွက်ကို ကိုယ့်ကိုယ်ကို အထင်ကြီးသွားမိသည်။

သို့ရာတွင် စကားပြောနေရင်းကပင် ထွန်းလူတို့အိမ် ဝင်ထွက်နေသည်ကို ဖခင်ဦးတင်ထွန်းက ပြောပြသဖြင့် ထွန်းလူ အကြောင်းကို တီးခေါက်ချင်ကြောင်း သိလိုက်ရ၏။

"ထွန်းလူတို့ ဇော်မျိုးတို့ဆိုတဲ့ သူငယ်ချင်းအသစ်တွေက ကိုမင်းနဲ့ ခင်သလား"

"အော်..."

ရုတ်တရက် ဝမ်းနည်းသွား၏။ သူထင်သလို မဟုတ်ဘဲ မောင်ငယ်၏ အပေါင်းအသင်းအကြောင်းကို မေးလို၍သာ ဖြစ်သည်ပဲ...

"မင်းက စိတ်ဓာတ်မမှန်တဲ့ အပေါင်းအသင်းကို ကိုယ်ပေါင်း စိတ်ခွာ လုပ်ရတယ်ကွ"

ကိုကြီးစံမြတ်သာသည် ဆေးလိပ်ဖွာရင်းက တွေးတွေးဆာဆ ပြောလိုက်သည်။

မင်းခန့်အဖို့ ထွန်းလူတို့လူစုနှင့်ပတ်သက်၍ အတော်လေး စိတ်ညစ်မိသည်။ မေလွန်းအိမ်၏အိမ်ကိုလည်း လိုက်ပြခိုင်းနေသည်။

"သူတို့နဲ့ပတ်သက်ပြီး မင်းကို အခွင့်အရေးသမားလို့ ထင်သွားလိမ့်မယ်"

"ထွန်းလူတို့အုပ်စုနဲ့ အလည်ကောင်းလို့ နှစ်သစ်တုန်းက ကဲကောင်းလို့ဒုက္ခမရောက်တယ်၊ အခုလည်းကြည့်ပြီး အပေါင်းအသင်းလုပ်ပေါ့ ကိုမင်းရာ...သူ့ကြောင့် မင်းဒုက္ခရောက်မှာ ငါစိုးရိမ်တယ်၊ အထူးသဖြင့် မိန်းကလေးကိစ္စနဲ့ပတ်သက်ပြီး ဒီလိုကောင်မျိုးတွေက စိတ်မချရဘူး၊ မင်းအဲတွက် ကိုယ်ပြောတာပါ"

မင်းခန့်၏ တွေဝေနေသောအမူအရာကိုကြည့်ကာ စံမြတ်သာမှာ သက်ပြင်းမောကြီးချလိုက်မိ၏။

"မကောင်းအဖော် ပေါင်းမိသော်၊ ကိုယ်ပေါ် အမှုဆက်တတ်သည်တဲ့ ကိုမင်းရာ၊ ကြည့်ပေါင်းပေါ့"

စံမြတ်သာသည် အပေါင်းအသင်းများကို ခင်တွယ်ကာ အားနာတက်သော မင်းခန့်အတွက် အစဉ်အမြဲ ဆုံးမ ဆူပူတတ်သည်။

မင်းခန့်ကမူ စံမြတ်သာ၏ပြောစကားများကို ဟုတ်ကဲ့

www.burmeseclassic.com

www.burmeseclassic.com

ဟု ရှေ့တွင်ပြောသော်လည်း နောက်ပိုင်းတွင် လုပ်ချင်ရာလုပ်ပြီး သူငယ်ချင်းများအလိုကို လိုက်မြဖြစ်၏။

သို့ရာတွင်...မေလွန်းအိမ်နှင့်ပတ်သက်၍တော့ သူငယ်ချင်းများကို အလိုမလိုက်တော့ပေ။

အဘယ်ကြောင့်ဆိုသော်...မေလွန်းအိမ်၏ မိသားစုက သူ့အား အထင်သေးသွားမည်စိုးသောကြောင့်ပင်ဖြစ်၏။

"ဟာ..."

မေလွန်းအိမ်၏ သူ့အား လက်ညှိုးလေးထောင်ကာ ဆိုင်ဝမ္ဘာရပ်၍ ကြည့်လိုက်သဖြင့် မင်းခန့် အံ့အားသင့်စွာဖြင့် မျက်နှာရဲခဲဖြစ်သွားသည်။

"မေလွန်းအိမ်ပါလား၊ လာလေ...ဘယ်ကိုလာတာလဲ"

"ကိုမင်းကို တမင်လိုက်ရှာရတာပေါ့၊ ဟိုမှာလေ... ထွန်း လိုက်လာလို့"

"ဟာ..."

မင်းခန့်သည် ကားပေါ်မှဆင်းလာသော နေထွန်းအိမ်ထံသို့ ကမန်းကတန်းပြေးဆင်းကာ ဆီးကြိုလိုက်၏။ မိုးဖွဲဖွဲလေး ရွာနေသည့်အတွက် သူ အားနာသွားမိသည်။

"မိုးတွေလေတွေကြားထဲမှာကွာ၊ နေထွန်းကလဲ"

"ကိုမင်းမလာတော့ လိုက်လာရတာပေါ့"

မင်းခန့်နှင့် ကိုစံမြတ်ဆာတို့က သူတို့မောင်နှမနှစ်ယောက်

ကို ခွေးခြေမှုလေးများ ချပေးလိုက်သည်။

"ထိုင်...မေလွန်းအိမ်၊ ဘယ်ကဘယ်လို ရောက်လာ တာလဲ"

"ကျောင်းကိုရောက်သေးတယ်"

"အင်း...ကိုယ် မနက်ပိုင်းကပဲ တက်တယ်၊ ဒါကြောင့် နေထွန်းလာရင် ကြိုပြောလို့ပြောတာပေါ့၊ ကိုယ်က ဒီမှာလာကူ နေတာ"

"ထွန်းကလည်း နေ့လယ်ကျမှ လိုက်ချင်တယ်ဆိုလို့ လိုက်ခဲ့တာ၊ ဒီနေ့ မေမေတို့ဈေးမှာ အချိန်ကုန်သွားတာနဲ့ ခုမှ လာဖြစ်တာ"

"ကိုယ့်အိမ်ကိုရောက်တော့ ဘယ်သူနဲ့တွေ့လဲ"

"ဟိုတစ်ခါ ကိုမင်းမိတ်ဆက်ပေးတဲ့ ညီလေးနှစ်ယောက် ထဲက တစ်ယောက်ကိုတွေ့တယ်၊ နာမည်တော့ မမှတ်မိကော့ ဘူး"

သူစိမ်းယောကျ်ားများနှင့်ပတ်သက်၍ မှတ်မှတ်သားသား မရှိတတ်သော မေလွန်းအိမ်၏စိတ်ဓာတ်ကို မင်းခန့် သိပြီး သားဖြစ်သည်။

"မြို့ထဲသွားတယ်၊ ဒီနေ့ ကိုကြီးဆိုင်မှာ အလုပ်ရှိလိမ့်မယ် ဆိုပြီး ထွက်သွားတယ်တဲ့ ဒါကြောင့် လွန်းလည်း လိုက်လာ ခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com

"တော်သေးတာပေါ့ ဒီမှာတွေ့လို့ ထွန်းကတော့ ဒီကောင်တွေနဲ့တွေ့ရင် ပျော်မှာပဲ၊ နောက်မှ ကိုမင်း မိတ်ဆက်ပေးမယ်"

"ဘုန်း"

စံမြတ်သာက သူ၏ပေါင်ပေါ် သို့ စာအုပ်နှင့်ရိုက်ကာ...

"လက်ဖက်ရည်မှာကွာ၊ မိုးအေးအေးမှာ လက်ဖက်ရည်သောက်တာပေါ့"

"အို...နေပါစေ"

"ကျွန်တော်ကတော့ ကော်ဖီပဲသောက်ရတယ်၊ ဒါပေမယ့် စမူဆာကြော်ရရင်တော့ တည့်ပါတယ်"

"ကောင်လေးနော်"

နေထွန်းအိမ်က ရယ်မောရှာ ဝင်နောက်လိုက်သောအခါ မေလွန်းအိမ်က သူ့မောင်ကို မျက်စောင်းထိုးကာ တံတောင်နှင့် တွတ်လိုက်၏။

"မမကလည်း အေးဆေးပေါ့"

မင်းခန့်က ဆိုင်နောက်ဘက်ဝင်သွားကာ စံမြတ်သာ၏ တပည့်လေးတစ်ဦးအား လက်ဖက်ရည် ဝယ်ခိုင်းလိုက်သည်။

"သူက အစ်ကိုကြီးကို ကူညီတာလား၊ ရှုပ်တာလား"

မေလွန်းအိမ်၏ ရွှင်ပျပျအမူအရာနှင့် မင်းခန့်ကို မေးငေါ့လိုက်သဖြင့် စံမြတ်သာက ပြုံးလိုက်ရင်း...

"ကူညီပြီးလုပ်ပေးရင်း စာပိုင်းဖတ်တယ်လေ၊ စာအုပ်အဌားခသက်သာတာပေါ့၊ ကိုမင်းက စာသိပ်ဖတ်တာ၊ လစဉ်ထုတ် မဂ္ဂဇင်းရော ဝတ္ထုရော သူ့အကုန်ဖတ်တာပဲ"

နေထွန်းအိမ်က စာအုပ်ချုပ်သည်ကို စိတ်ဝင်စားနေသည်။ ကော်ပြားနှင့် ကတ္တူနောက်ကျောဖုံးကို ဖုံးရန်အတွက် စာအုပ်ချုပ်ခုံလေးတစ်ခု သီးသန့်ရှိနေရဆည်။

ထိုခုံများတွင်ရှိ ဆူးရာများက သူတို့၏ လုပ်သက်များကို ဖော်ပြနေလေ၏။

"ထွန်း...ဒါက ဒီနေ့ထွက်တာ ပြာလောင်နဲ့ဝိဇ္ဇာ"

"ကိုမင်းမလာတော့ စာအုပ်မဖတ်ရတော့ဘူးဗျာ၊ ပျင်းလိုက်တာ၊ မမဖတ်ပြတာက စိတ်ဝင်စားစရာ မကောင်းဘူး"

"အမလေး...အဲဒီစကားကို အိမ်ကျရင် မပြောရဲတော့ဘူး မဟုတ်လား"

မောင်နှမနှစ်ဦးက တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် စနေကြ၏။

တစ်ဒဂ်လေးအားဖြင့် မင်းခန့်ရင်ထဲတွင် ကြည်နူးမှုလေးများ ဖြတ်ပြေးသွားသည်။ အလေးအနက် စဉ်းစားထားသည့် အကြောင်းအရာများက မြူမှုန်အုံသွင်ဖြင့် အဝေးသို့ ပြန့်လွင့်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

"သိပ်လေပေးဖို့ အချိန်မရဘူးနော်၊ မေမေဆူနေဦးမယ်"

မေမေဟူသော စကားသံကို မေလွန်းအိမ်၏နှုတ်ဖျားမှ ထွက်ပေါ်လာသံကြားသောအခါ မင်းခန့်သည် အိပ်မက်မက်နေရာမှ လန့်နိုးသွားသည်။

"ညြော်...အန်တီ အိမ်မှာရှိနေလား"

"အင်းလေ...အထည်တွေ မရောက်လာလို့တဲ့၊ အိမ်မှာနားနေတယ်၊ မေမေ အိမ်မှာရှိနေရင် စားချင်တာကိုလုပ်ကျွေးရမှာလေ၊ ခါတိုင်း ကိုယ်ချက်ချင်ရာချက်ပဲ၊ ဘာမှမပြောဘူး၊ အခုတော့ ဘာစားချင်တယ်၊ ဘာလုပ်ပေးပါလို့ ပြောမှာ"

မေလွန်းအိမ်၏စကားကို နားထောင်ရင်းက သူ၏မိခင်ကို သနားမိသည်။ သားသမီးများအလိုကျ အစဉ်အမြဲလိုက်လျောနိုင်စွမ်းရှိသည့် မေမေပင် ဖြစ်သည်။

"အဲသာနေစမ်းပါ မမရာ..ကျွန်တော်က တစ်ခါတလေမှ ထွက်ရတာကို"

"ကိုမင်းအားတဲ့နေ့နဲ့ ချိန်းလိုက်လေ၊ မမ လိုက်ပို့ပေးမှာပေါ့"

"ကဲ...ပြော...နေထွန်း ဘယ်သွားချင်သလဲ၊ တိရစ္ဆာန်ရုံလား၊ ပန်းခြံလား"

"ဟာ...ကိုမင်းကလဲ ကျွန်တော်က ကလေးမှမဟုတ်တာ"

မင်းခန့်က ဝင်နောက်လိုက်သဖြင့် နေထွန်းအိမ်သည် ရှက်ကိုးရှက်ကန်းနှင့် ရယ်မောလိုက်၏။

"ဒါဆို ကျောင်းထဲလာပြီး မျက်စိအားသွင်းမယ်လား"

"သေချာတာပေါ့"

"ကောင်လေးနော်...ဆယ်တန်းတောင် မအောင်သေးဘူး၊ ဟင်..."

"စကားပီရင်ပြီးရောပေါ့ မေလွန်းအိမ်ရယ်"

"ကိုမင်းကလဲ"

နောက်ပြောင်ရယ်မောရင်းဖြင့် လွတ်မြောက်နိုင်ရန် ရုန်းကန်နေသည်ကြားမှ တဖြည်းဖြည်း တင်းကျပ်စွာ ချည်နှောင်ခြင်းကို ခံလိုက်ရ၏။

"ဘာလဲ...ကိုမင်းက ရည်းစားစကားပြောတာ မပီမှာစိုးလို့လား၊ ကိစ္စမရှိပါဘူး၊ နို့နဲ့မန်ရင်ပြီးတာပါပဲ၊ စကားပီပီ မပီပီ ကောင်မလေးတွေက အထာပေါက်ပြီးသားပါပဲ"

"ကောင်လေးနော်...သူက ပိုကဲနေတယ်"

"မမလိုတော့ မီးဖိုချောင်နဲ့ အချိန်ကုန်မနေနိုင်ပါဘူး၊ ပျင်းစရာကြီး"

www.burmeseclassic.com

www.burmeseclassic.com

"ကဲ...ကဲ...ပျင်းမနေနဲ့တော့၊ ထတော့ ပြန်စို့၊ နောက်မှ အေးအေးဆေးဆေး လာကြတာပေါ့"

မေလွန်းအိမ်က ပြောပြောဆိုဆိုနှင့် ထလိုက်သဖြင့် နေထွန်းအိမ်သည် ပခုံးနှစ်ဖက်ကို ဆတ်ခနဲတွန့်လိုက်ပြီး လက်ကျန်မုန့်ကို ပါးစပ်ထဲပစ်ထည့်ပြီး ထိုင်ရာမှထလိုက်၏။

"အာ...မိုးရွာနေတာပဲ၊ နေဦး...ကိုယ်လိုက်ပို့ပေးမယ်၊ မေလွန်းအိမ် နေဦး"

ဘာရယ်မဟုတ်...မိုးရေထဲမှာ ထီးမပါဘဲ ထွက်သွားမည်စိုးသောကြောင့် ကမန်းကတန်း ထီးလိုက်မိုးပေးလိုက်သည်။ ကားသော့ဖွင့်ပြီး ကားထဲဝင်ထိုင်သည်အထိ ထီးမိုးပေးပြီးမှ နေထွန်းအိမ်ကို တစ်ခါပြန်လာကြိုကာ ကားထဲအထိလိုက်ပို့ပေးလိုက်၏။

ပြူလုပ်လိုက်စဉ်က အမှုမဲ့အမှတ်မဲ့နှင့် ဘာကိုမှဂရုမထားမိသော်လည်း ပြီးမှ ရှက်သွား၏။ ကိုကြီးစံမြတ်သာက သူ့အလုပ်ကို သူ အေးအေးဆေးဆေးလုပ်နေသော်လည်း အကူကောင်လေးက ပြုံးစေ့စေ့နှင့်...

"ကိုမင်းကလဲ...ချိုပြီးပို့ပေးရောပေါ့"

"တော်စမ်းပါကွာ"

မင်းခန့် ရှက်ကိုးရှက်ကန်နှင့် စာအုပ်တစ်အုပ်ကိုဆွဲယူကာ အဖုံးချုပ်ရန်အတွက် ကတ္တူးပြားတစ်ပြားကို ဆွဲယူလိုက်၏။

"မင်း သူတို့မောင်နှမကို ရှောင်နေတယ်မဟုတ်လားကိုမင်း"

ရုတ်တရက် ကောက်ကာင်ကာမေးလိုက်သောကြောင့် မင်းခန့်သည် ဘာပြန်ဖြေရမ်နန်းမသိဘဲ စံမြတ်သာအား ခေတ္တမျှ ငေးစိုက်ကြည့်နေ၏။ ပြီးမှ ခေါင်းကိုလေးတွဲ့စွာ ညိတ်လိုက်ရင်း...

"ဟုတ်ပါတယ်...သူတို့က သိပ်ချမ်းသာတော့ ကျွန်တော် သူတို့နဲ့ဆက်ဆံရတာ အလိုလိုသိမ်ငယ်နေသလိုပဲ၊ သူ့အမေကြီးကို သိပ်သဘောမကျဘူး"

ထိုအခါ စံမြတ်သာက သူ့အနားသို့လာထိုင်ကာ မီးသေနေပြီဖြစ်သော ဆေးပြင်းလိပ်ကို မီးညှိလိုက်၏။

"ယောက်ျားပဲကွာ...ပြီးတော့ မင်းကလူငယ်ပဲ၊ အညွှန့်တလူလူနဲ့ တစ်နေ့မှာ မင်းကို ဝန်ကြီးချုပ်မဖြစ်ရဘူးလို့ ဘယ်သူပြောမလဲ၊ တခြားမကြည့်နဲ့လေ မင်းအဖေကိုကြည့်"

မင်းခန့် ငြိမ်သက်စွာ တွေးနေလိုက်၏။

ဖခင်သည် ရုံးအကူဘဝဖြင့် လုပ်သားကောလိပ်ရောက်ကာ ဘွဲ့ယူခဲ့သည်။ ထို့နောက် ပြင်ပရှေ့နေလက်မှတ်ကို

www.burmeseclassic.com

www.burmeseclassic.com

ရအောင်ယူပြီး ရှေ့နေလောကကို ကူးပြောင်းကာ ယခုကဲ့သို့ တရားသူကြီးဖြစ်လာသည်အထိ ကြိုးစားခဲ့၏။

ဖခင်သည် လေ့ကားထစ်များကို တစ်ထစ်ချင်း မှန်မှန် တက်ကာ ကြိုးစားလာသူပင်ဖြစ်သည်။

မိမိအနေဖြင့် ဖခင်၏ကြိုးစားမှုကို အစဉ်အမြဲ အားကျ ဂုဏ်ယူစမြဲပင်ဖြစ်၏။

"ဟေ့ကောင် မင်းခန့် လာကွာ၊ ပြန်လိုက်မယ်မဟုတ်လား"

ရုတ်တရက် အတွေးလွန်နေသောကြောင့် ဖခင်၏ မာဇဝါဂျစ် ဆိုင်ရှေ့သို့ထိုးရပ်လာသည်ကို သတိမထားလိုက်မိပေ။ ဖခင်က လှမ်းအော်မှ အားလုံးပျာယာခတ်သွား၏။

"ဟုတ်ကဲ့ဖေဖေ လိုက်ပါမယ်၊ ကိုကြီး သွားမယ်နော်၊ ကိုကြီးရော ဘာပေးလိုက်ဦးမလဲ"

"ဘာမှပေးစရာမရှိပါဘူးကွာ၊ ဟိုမှာ အန်ကယ်စောင့်နေရတာ ကြာတယ်၊ သွား...သွား"

စံမြတ်သာက အတင်းတွန်းလွှတ်နေသောကြောင့် မင်းခန့်လည်း ကမန်းကတန်းထွက်လာသည်။

ထီးကိုပင် ဖွင့်မဆောင်းမိပေ။ မိုးကား ဖွဲဖွဲရွာနေ၏။

"သားကလည်း ထီးဆောင်းရောပေါ့။ လက်ထဲမှာ ထီး

ကြိုးကိုင်ပြီးတော့ ဒီကောင် အူကြောင်ကြောင်နဲ့"

ကားရှေ့ခန်းတွင် ဧည့်သည်လူကြီးတစ်ဦးပါနေသောကြောင့် သူက နောက်ခန်းမှ တက်ထိုင်လိုက်၏။

"သွားပြီဟေ့"

ဖခင်သည် ကိုကြီးစံမြတ်သာအား လက်ပြ၍ ထွက်သွားလေသည်။ သူကလည်း ကိုကြီးကို လက်လှမ်းပြ၏။ ကိုကြီးကို ဖခင်ကလည်း လွန်စွာချစ်ခင်သည်။ ကိုကြီးကဲ့သို့ အလုပ်ကို ကြိုးစားရန် အမြဲ ဆုံးမဖူး၏။

"သားကို စာအုပ်ဖြန့်ချိရေးမှာ ကူလုပ်ခိုင်းပါတယ်၊ ခုနသူငယ်က အိမ်နီးချင်းပဲ၊ ငယ်ငယ်ထဲက ကျွန်တော်တို့ မျက်စိရှေ့တင်ပဲ ရိုးရိုးသားသားနဲ့ ကြိုးစားလာတဲ့သူငယ်မို့ သူ့ဆီကိုပဲ သားကို အပ်ထားရတာ၊ ဒီစာပေဖြန့်ချိရေးတစ်ခုလုံးကို သူက ဦးစီးထားတာပဲ"

မင်းခန့်က အတူပါလာသောလူကြီးအား ယခုမှစ၍ သေသေချာချာကြည့်လိုက်သောအခါ ရုတ်တရက် အံ့အားသင့်သွား၏။ ကြက်သီးများပင် ထသွားမိသည်။ အဘယ်ကြောင့်ဆိုသော် နေထွန်းအိမ်နှင့် မေလွန်းအိမ်တို့၏ဖခင် ဦးဝင်းနိုင်ဖြစ်နေသောကြောင့်ပင်တည်း။

"ဟာ...ဦးပါလား"

www.burmeseclassic.com

www.burmeseclassic.com

"အေး...ငါလည်း မင်းကို မြင်ဖူးပါတယ်လို့ ကြည့်နေတာကွ၊ အာ...လက်စသတ်တော့ ကျုပ်သား နေထွန်းမျောက်ကို အိပ်ရာထဲမှာ ငြိမ်ငြိမ် နေပြီး စိတ်ဓာတ်မကျဘဲ ပျော်ရွှင်မှုရအောင် ထိန်းပေးတဲ့သူငယ် ဟာ ခင်ဗျားရဲ့သားဖြစ်နေတယ်ဆိုတာ ကျုပ်တော့ မအံ့သြတော့ ပါဘူး၊ တကယ့်အဖေတူသားပဲ"

ဦးဝင်းနိုင်၏စကားကြောင့် သူ့ရင်ဘတ်မှာ အလိုလို မောက်တက်လာသည်ဟု ခံစားလိုက်ရ၏။

အဖေတူသားဟု ပြောခြင်း ခံလိုက်ရသည့်အတွက် သူ့ရင်မှာ အလိုလို ကျေနပ်ဝမ်းသာမိကောသည်။

* * *

တစိမ့်စိမ့်ရှာနေသော မိုးရေအောက်မှာ တဖြည်းဖြည်း လျှောက်ရင်းက ရင်ထဲမှာ တစ်စုံတစ်ခုကို တမ်းတနေမိသည်။ ထိုတစ်စုံတစ်ခုမှာ...

"တီ...တီ...တီ"

အနားသို့ ဟွန်းသံပေးပြီး ထိုးရပ်လာသော ကားကြောင့် သူ အံ့အားသင့်သွား၏။

ကားမှန်ကို ချလိုက်၍ ဝင်းပပမျက်နှာလေး ပေါ်ထွက်လာသောအခါ သူ့ရင်ထဲ ဆူဝေသွားတော့သည်။

"ကဲ...ကိုမင်း ကားပေါ်တက်"

"ဟာ...ရောက်တော့မှာပဲ"

"တက်ပါ ကိုမင်းရယ်၊ ပြောစရာရှိလို့ပါ ခဏလေးပါ"

ထိုအခါမှ သူလည်း ကားပေါ်သို့ ကမန်းကတန်း တက်လိုက်၏။ ကားတစ်မျိုးပြောင်းထားသည်ကို တွေ့လိုက်ရသည့်

www.burmeseclassic.com

အဲတွက် သက်ပြင်းတိုးတိုးလေးချမိ၏။ ချမ်းသာလိုက်တာ၊ ကားကိုတောင် ပြောင်းစီးနိုင်ကြတယ်ဟု တွေးမိရင်း စိတ်မောနေမိသည်။

"ကိုမင်းနဲ့ တိုက်ရိုက်တွေ့မှန်းသိရင် ထွန်းကိုခေါ်လာခဲ့ပါတယ်၊ ဒါ ထွန်းကိုဝယ်ပေးထားတဲ့ကားလေ၊ သူ့အတွက် စပယ်ရှယ် ငြိမ့်ငြိမ့်လေး စီးရအောင်တဲ့"

"ဩော်...ကောင်းတာပေါ့၊ ဒါပေမယ့် ကားကအကြမ်းမောင်းရင် သူ့ခေါင်းက ခံနိုင်ပါ့မလား"

"ရတယ်၊ ဒီကားက အကြမ်းမောင်းလဲ ငြိမ့်နေတာပဲ၊ ကြည့်ပါလား"

ပြောပြောဆိုဆိုနှင့် မေလွန်းအိမ်က ဂီယာပြောင်းကာ လီဗာကို ဖိနင်းလိုက်၏။ ဝေါကနဲထွက်သွားသော်လည်း ယိမ်းထိုး၍ မသွားပေ။

"ကိုမင်း...ဒီနေ့ ဘယ်အချိန်အားလဲ"

"ဆယ့်နှစ်နာရီပေါ့"

"အိမ်ကို လိုက်ခဲ့ပါဦးလား၊ ထွန်းက အပြင်ထွက်ချင်လို့တဲ့၊ ဒီကားကို သူမောင်းချင်လို့တဲ့၊ အားရဲ့လားဟင်"

သူ သက်ပြင်းလေးခိုးချပြီးမှ ခေါင်းလေးတွဲစွာ ညိတ်

လိုက်၏။ သူတစ်ပါး၏ တောင်းဆိုလာသော အကူအညီကို ဘယ်တော့မှ ငြင်းပယ်လေ့မရှိသည်ကား သူ့ညဉ့်ဝင်ဖြစ်၏။

"အားပါတယ်၊ မေလွန်းအိမ်စောင့်နေပါ၊ ကျွန်တော် လာခဲ့ပါ့မယ်"

"လွန်းလာမှာပေါ့"

"မလာပါနဲ့...ကျွန်တော်လာမယ်၊ အိမ်ရှေ့မှာသာ ရပ်နေပါ"

ကမန်းကတန်းတားလိုက်၏။ ထွန်းလူတို့ကို မျက်ခြည်ဖြတ်၍ လာရမည်ဖြစ်သည်။

"ဒါဆို စောင့်နေမယ်နော်၊ ဘယ်မှ ထွက်မပြေးနဲ့"

ကားတံခါးကို ဖွင့်ဆင်းမည်အပြု မေလွန်းအိမ်၏ စကားကြောင့် သူလှည့်ကြည့်ကာ မလုံမလဲနှင့် ပြုံးလိုက်ရင်း...

"ကျွန်တော်က ဘယ်ကိုထွက်ပြေးရမှာလဲ"

"သိဘူးလေ၊ ရှောင်တတ်လွန်းလို့"

"ဂျိုးကြောင်းတိုက်ဆိုင်လို့ ရှောင်တယ် ထင်နေရတာပါ၊ ကျွန်တော် ဆက်ဆက်လာခဲ့ပါ့မယ်"

ပြောသာပြောခဲ့ရသည်၊ ဒီနေ့ သူငယ်ချင်းမျာ[illegible]ကား မည်သို့ လှည့်ပတ်ပြောရမည်မသိဖြစ်နေ၏။ နေ့စဉ်လိုလို ကိုကြီး

www.burmeseclassic.com

www.burmeseclassic.com

စံမြတ်သာဆိုင်တွင် အလုပ်များကြောင်း အကြောင်းပြထွက်လာပြီး ဒီနေ့တော့ သူငယ်ချင်းများနှင့် အချိန်ဖြုန်းလိုက်ဦးမည်ဟု စဉ်းစားထားကာမှ...

"သစ္စာဖောက်လာပြီ"

သူ့အား ဝိုင်းရှုကြည့်ကြပုံကားသင်းလှသည်၊ တစ်ယောက်တစ်ချက် ဇက်ပိုးအုပ်လိုက်၊ လက်သီးနှင့်ထိုးလိုက်နှင့် မသက်သာလှပေ။

"ကားကို လေယာဉ်ပျံလို မောင်းသွားတာ ဘယ်သူလဲကွ၊ မိုးမမြင်လေမမြင်နဲ့ ငါတို့ကိုတောင် မမြင်ဘူး မဟုတ်လား"

သို့ဖြစ်၍ စပ်ဖြဖြနှင့် "မင်းတို့ပါရင် ရှုပ်နေမှာစိုးလို့ပါကွာ"ဟု လေသံပျော့နှင့် ပြောရာပြေကြောင်း ပြောလိုက်သည်။

"မင်းတို့ အတော်လေး ခရီးရောက်နေပြီလားကွ"

ထွန်းလူ၏ မလိုတမာအမေးကို သူဘာပြန်ဖြေမှန်း မသိဖြစ်သွားသည်။

"ဟော့ကောင်တွေ ဇော်မျိုးဦးအစ်မ အသည်းအသန်ဖြစ်နေလို့တဲ့ ဆေးရုံတင်ထားရလို့တဲ့ကွ၊ သွားကြည့်ကြမလား"

"ဟေ... ဘာဖြစ်လို့လဲ၊ မနေ့ကပဲ သူ့အိမ်ပြန်ပို့ပေးတော့ အကောင်းကြီးပဲ"

"သွေးပေါင်ကျတာတဲ့ကွ၊ ကဲ... ဘယ်သူလိုက်ကြမလဲ"

ရုတ်တရက် မောင်မောင်အေးစကားကြောင့် မင်းခန့်က မဆိုင်းမတွပင် ပြန်ဖြေလိုက်၏။

"ငါလိုက်မှာပေါ့ကွာ၊ ထွန်းလူရော"

"အားလုံးလိုက်လို့ ဘယ်ဖြစ်မလဲ၊ လူများနေမှာပေါ့"

ဇော်မျိုးဦးနှင့် ထွန်းလူ ဤမျှရင်းနှီးနေသည်ကို အဘယ်ကြောင့် မသွားသနည်းဟု အံ့အားသင့်သွား၏၊ သို့ရာတွင် ရုတ်တရက် ဘာမျှ မစဉ်းစားမိဘဲ သူငယ်ချင်းသုံးယောက် ဆေးရုံသို့ ထွက်လာကြသည်။

ဇော်မျိုးဦးသည် အစ်မနှင့်အတူနေ၏။ သူ့အစ်မအပျိုကြီးကား ဇော်မျိုးဦးကို ကုန်စုံဆိုင်ဖွင့်ကာ ကျောင်းထားပေး၏။

သူ ဇော်မျိုးဦးနှင့် ထွန်းလူသည် အိတွဲအများဆုံးဖြစ်ကြသည်။

မောင်မောင်အေးနှင့် လွင်ကိုတို့သည် နောက်မှတွဲမိသော အတွဲများပင်ဖြစ်၏။ သို့ရာတွင် သူတို့က ကဗျာကယာလိုက်လာကြသည်။

ထွန်းလူမပါသည့်အတွက် ရင်ထဲမှာ စနိုးစနောင့်တော့ ဖြစ်သွားမိ၏။

ဆေးရုံသို့ရောက်သောအခါ သွေးအားနည်းနေသဖြင့် သွေးနှစ်ပုလင်းသွင်းရမည်ဟု ဇော်မျိုးဦးက ပြောသဖြင့် မင်းခန့်၏

www.burmeseclassic.com

www.burmeseclassic.com

အိုသွေးဖြင့် လိုအပ်သည့် တစ်ပုလင်းကို ဖောက်ထည့်ပေးလိုက်သည်။

ဆေးရုံအသွားနှင့် ဇော်မျိုးဦးကို ရှာဖွေရသည်နှင့် သွေးဖောက်ကာ စစ်ဆေးပြီး အစားတစ်ခုခုစားပြီးမှ သွေးသွင်းရမည် ဆိုသဖြင့် အပြင်ထွက်ကာ ထမင်းဝယ်စားပြီး သွေးလာဖောက်သည့် အချိန်မှာ...

ဆယ့်နှစ်နာရီပင် ရှိနေလေပြီ...

ဤသို့ဆိုလျှင် မေလွန်းအိမ်တစ်ယောက် ဘယ်သို့ရှိနေမည်နည်း။

♥ ♥ ♥

"မယုံရင် ဇော်မျိုးဦးနဲ့ မောင်မောင်အေးတို့ကို မေးကြည့်ကျွန်တော် မညာဘူး"

မေလွန်းအိမ်၏ မျက်လုံးများကား မာနရောင်များဖြင့် တလဲ့လဲ့ တောက်ပနေသည်။

"အိမ်ဘက်ကို လှည့်ပြောလိုက်ရင် ဘယ်လောက်ပင်ပန်းမှာလဲ"

"အချိန်မီ ပြန်လာမယ်ထင်လို့ပါ မေလွန်းအိမ်၊ ဟိုရောက်မှ သွေးလိုတော့ သွေးသွင်းပေးနေရတာ၊ ညနေ သုံးနာရီမှ အိမ်ပြန်ရောက်တယ်"

မေလွန်းအိမ်၏မျက်နှာများသည် တင်းမာမှုများမှ တဖြည်းဖြည်းပြေလျော့သွား၏။ သို့ရာတွင် သူတစ်ယောက်တည်း အိမ်ရှေ့မှာ ယောင်လည်လည်နှင့်စောင့်နေရသည့် အဖြစ်ကို မကျေမနပ် ဖြစ်မိ၏။

"ကိုထွန်းလူသာ လာမပြောရင် မေလွန်း ဘယ်လောက် အထိမှား စောင့်နေရမလဲ မသိဘူး"

"ထွန်းလူက ဘာလာပြောတာလဲ"

ရင်ထဲမှာ ထင့်ကနဲဖြစ်သွားပြီး ကမန်းကတန်းမေးလိုက်သည်။

"အရေးကြီးလို့ဆိုပြီး မနက်ကတည်းက ထွက်သွားတာပဲတဲ့၊ မေလွန်းကို သူနဲ့ချိန်းထားလားလို့ မေးတယ်"

"အဲဒီတော့..."

"ဟုတ်တယ်လို့ပြောတော့ သူကူညီပါ့မယ်တဲ့လေ၊ မေလွန်းက ကိစ္စမရှိပါဘူး၊ ဒီလိုလာပြောတာ ကျေးဇူးတင်ပါတယ်လို့ ပြောပြီး ထွက်လာခဲ့ဘယ်"

www.burmeseclassic.com

www.burmeseclassic.com

"အင်း...ဖြစ်ရမယ်"

ထွန်းလူ ဒါကြောင့် ဆေးရုံကို မလိုက်တာကိုးဟု ရင်ထဲမှာ မှတ်ချက်ချလိုက်မိသည်။

ထိုအခါတွင် ပွဲလန့်တုန်းဖျာခင်းသည့် ထွန်းလူ၏ စိတ်ဓာတ်ကား တဖြည်းဖြည်းပေါ်လွင်လာသည်။

သူက သက်ပြင်းရှည် ချလိုက်ရင်းက...

"အခု မေလွန်းကရော ကိုယ့်ကို ကျေနပ်ရဲ့လား"

"ဘာကိုလဲ"

"ကတိပျက်ပြီး တစ်ယောက်တည်း ထားခဲ့လို့လေ"

"လူတစ်ဖက်သားအပေါ် စေတနာနဲ့ ကူညီဖို့သွားတာပဲ၊ မေလွန်းကျေနပ်ပါတယ်၊ ကိုမင်းရဲ့ လူမှုရေးစိတ်ဓာတ်ကိုလည်း ချီးကျူးမိပါတယ်"

တိမ်ညိုကင်းစင်သော လမင်း၏ ကြည်လင်ဝင်းပသော အပြုံးလေးကို တွေ့ရသောအခါ မင်းခန့်လည်း စိတ်ထဲတွင် ချမ်းမြေ့သွားမိ၏။

ထိုအခါမှ မနေ့က သွေးလှူပြီး ယနေ့တွင် အိမ်မှာ နားနားနေနေ နေရမည်ကို မနေဘဲ ထွက်လာလိုက်သဖြင့် အနည်းငယ် ကတုန်ကရီဖြစ်လာမိသည်။

"ချီးကျူးဖို့တော့ မလိုပါဘူးဗျာ၊ ကျွန်တော့်ကို နားလည်ရင် ကျေနပ်ပါပြီ"

စကားပြောရင်းက မေလွန်းအိမ် ရပ်နေသည့် သစ်ပင်ဘေးနား ထိုင်ချလိုက်သည်။

"ညောင်းတယ်ဗျာ"

မလုံမလဲနှင့်ပြောလိုက်သေးသည်။ မေလွန်းအိမ်က အံ့အားသင့်ဟန်ဖြင့် မျက်လုံးလေး ဒေါင့်ကပ်ကြည့်ကာ...

"ကိုမင်း... မြို့ကဲမှာ တော့ဘူးလား"

"ဟင့်အင်း...မေလွန်းအိမ်နဲ့တွေ့မလို့လာတာ၊ အိမ်ပြန်တော့မယ်"

"ဩော်...ဟုတ်သားပဲ၊ မနေ့က သွေးလှူထားတာ ဒီနေ့မှာ နားရမှာပေါ့၊ လာ...မေလွန်း အိမ်လိုက်ပို့မယ်လေ"

"အာ...ရပါတယ်၊ အဲဒီလောက်ကြီးလည်း မဟုတ်ပါဘူးဗျာ၊ ကျောင်းပျက်နေပါ့မယ်"

ထိုအခါ မေလွန်းအိမ်က မင်းခန့်၏ အကျီလက်မောင်းဖျိ ဆွဲကာ...

"ကဲ...စကားပြောနေတာ ကြာပါတယ်၊ ဟေ့ပေါ့သောက်မယ်၊ ပြီးတော့ အိမ်ပြန်ပို့ပေးမယ်၊ နီးနီးပဲဟာ"

မေလွန်းအိမ်၏စကားကို သူမပယ်ရှားလိုတော့ပေ။ နဂိုကတည်းက လက်ဖက်ရည်အသောက်များပြီး အအိပ်အနေနည်းသောကြောင့် အရေးပေါ် သွေးတစ်ပုလင်းထုတ်ယူခြင်းဖြင့် သွေ့တွင် ခံနိုင်အား သိပ်မရှိပေ။

www.burmeseclassic.com

www.burmeseclassic.com

မေလွန်းအိမ်၏ ကားပေါ်ကို ခြေပစ်လက်ပစ်ထိုင်လိုက်မိသည်။ ဖြစ်နိုင်လျှင် မိမိအိပ်ခန်းတွင်းမှ အိပ်ရာပြန်ဖြူဖြူလေးပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်ချင်သည်။

"မေလွန်းက ကိုမင်းလို အလှူကြီးမပေးနိုင်လို့ လှူတဲ့သူကို ကုသိုလ်ဒါနပြုချင်လို့ပါ။ ကိုမင်းကြည့်ရတာ အားနည်းနေပုံပဲ၊ ညက အိပ်ပျော်ရဲ့လား"

"ဟင့်အင်း...မပျော်ဘူး၊ ညက အိပ်ဆေးသောက်အိပ်မလို့ပဲ မေ့သွားတယ်၊ ကိုယ့်စိတ်ထဲမှာ မေလွန်းကို အားနာနေတယ်၊ တော်သေးတာပေါ့ ထွန်းလူ သွားပြောပေလို့ပဲ"

မင်းခန့်က ရီးရီးလေးပြောလိုက်သည်။ အမှန်တကယ်ပင် မနေ့ညက သူ အိပ်မပျော်ခဲ့ပေ။ မေလွန်းအိမ် စိတ်ကောက်နေမလားဟု စိုးထိတ်ထိတ်ဖြစ်မိသည်။

သို့ရာတွင် သူ့အပြောကြောင့် မေလွန်းအိမ်မျက်နှာလေးရဲသွားသည်ကို သူသတိမထားမိလိုက်ပေ၊ အိပ်ချင်လွန်းသဖြင့် ကူရှင်နောက်တွင် လျှာ့ရဲရဲ မှီထိုင်ရင်း မျက်လုံးလေး မှိတ်ထားမိ၏။

"ကိုမင်း"

"ဟင်"

"အိပ်ချင်နေလား"

"အင်း"

"ဒါဆို...မေလွန်းတို့အိမ်မှာ အိပ်လိုက်၊ ထွန်းအခန်းထဲမှာ အိပ်လေ"

"ဟင့်အင်း...ကိုယ် သူများအိမ်မှာ မအိပ်တတ်ပါဘူး၊ အခုလဲ မအိပ်ပါဘူး၊ မှေးနေတာ အစောကြီးရှိသေးတာပဲ"

"ဒါဆို မအိပ်နဲ့ဦး၊ ဗိုက်ဖြည့်ပြီးမှ တစ်ခါတည်း အကြာကြီး အိပ်နော်၊ ကြေးအိုးဝင်သောက်မယ် ရသလား"

"ရတာပေါ့၊ ဗိုက်ဆာနေတာနဲ့ အတော်ပဲ"

"အိမ်က ဘာမှမစားခဲ့ဘူးလား"

"ပဲပြုတ်နံပြားနဲ့ ကော်ဖီတစ်ခွက်က ဘတ်စ်ကားထဲမှာတင် ပျောက်သွားပြီ"

"အင်း"

မေလွန်းအိမ်က နှစ်ခြိုက်စွာပြုံးလိုက်သည်။

မင်းခန့်၏ အိပ်ချင်မူးတူးပုံစံကို ခိုးခိုးကြည့်ရင်း ချစ်စိတ်ပိုမိပါလားဟု တွေးရင်း ကိုယ့်ကိုယ်ကို အံ့အားသင့်မိ၏။

မင်းခန့်သည် သာမန်ယောက်ျားမျိုးသာဖြစ်သည်။ အသား မဖြူမည်ဆိုသော်လည်း အညိုဘက်သို့ လုနေသည်။ အရပ်ငါးပေငါးလက်မခန့်သာရှိပြီး ရုပ်ရည်အားဖြင့် ထူးထူးခြားခြားကြီး လှမနေပေ။ သို့ရာတွင် ထူးအမ်းအမ်း နှုတ်ခမ်းအစုံအောက်မှ သွားတက်လေးများဖော်ကာ အရွှတ်အနောက်စကားပြောလျှင် လွန်စွာချစ်ဖွယ်ရာကောင်းသည်ဟု မေလွန်းအိမ်ထင်မိ၏။

www.burmeseclassic.com

www.burmeseclassic.com

"ကိုမင်း"

"ဟင်"

"အိပ်နေလားလို့"

"မအိပ်ပါဘူး၊ ရောက်ပြီလား"

"ရောက်ပြီလေ ဆင်းတော့"

ထိုအခါမှ မျက်လုံးလေးပွတ်ကာ အောက်သို့ ဆင်းလာသည်။ သို့ရာတွင် ကားမှန်တံခါးကို ပိတ်သည့်ခလုတ်ကို နှိပ်လိုက်ဖို့ သူမမေ့ပေ။

"ဟာ...ကိုမင်း ဘယ်လဲ"

မောင်မောင်အေးအား တွေ့လိုက်ရသည်။

"မင်း...ဆိုင်ကို မသွားဘူးလား"

"သွားမှာ၊ ဒီဘက်မှာ ပစ္စည်းလာဝယ်တာ၊ မင်းရောမနေ့က သွေးလျှုထားတာ၊ ဒီနေ့ အနားမယူဘူးလား"

"ဒါ...အနားယူနေတာပဲကွ၊ ကြေးအိုးသောက်ပြီး အိမ်ပြန်အိပ်မလို့၊ မင်းရော သောက်ဦးမလား"

"နေပါစေတော့ကွာ...ငါ့ကိုစောင့်နေလိမ့်မယ်"

မောင်မောင်အေးက ပြောပြောဆိုဆိုနှင့် အပြေးတစ်ပိုင်းထွက်သွားသည်ကို တွေ့လိုက်ရ၏။ ခါတိုင်း မေလွန်းအိမ်အား အလေးမှုပေးကာ မိတ်ဆက်ခိုင်းသူထဲတွင် သူလည်း အပါအဝင်ဖြစ်သည်။

ယခု...မေလွန်းအိမ်ကိုပင် အရေးလုပ်၍ကြည့်မနေဘဲ အရေးတကြီးလှည့်ထွက်သွားသည့်အတွက် မင်းခန့်ရင်ထဲတွင် အတော်လေး ထူးဆန်းနေသည်။

"ကိုမင်းသူငယ်ချင်းက ဘာတွေအရေးကြီးနေလို့လဲ"

မေလွန်းအိမ်စကားကြောင့် မောင်မောင်အေးကို ငေးကြည့်နေရာမှ သတိဝင်လာသည်။

"ဩော်...မသိဘူး မေလွန်းအိမ်၊ ကျောင်းတက်ခါနီးလို့လားမသိဘူး၊ သူက စာကိုဂရုစိုက်တယ်"

မင်းခန့်က ပေါ့ပေါ့လေးပြောလိုက်သည်။ အကယ်၍ မောင်မောင်အေး ပြုလုပ်နေသောအမှုကို မင်းခန့်သိပါလျှင် ဤကဲ့သို့ ပေါ့ပေါ့လေးပြောလိမ့်မည် မထင်ပေ။

"ကိုမင်း...သုံးရက်လောက် အိမ်မှာအနားယူလိုက်ဦးနော်"

"ပျင်းစရာကြီး"

မျက်စောင်းလေးကို နွဲ့နွဲ့လေးထိုးလိုက်ရင်း...

"ထွန်းကို လွှတ်ပေးပြီး ငြိမ်အောင်ထိန်းခိုင်းရဦးမလား"

"အာ...မလုပ်ပါနဲ့၊ တော်ကြာ အိမ်ကညီတွေနဲ့ပေါင်းပြီး ဘောလုံးပွဲဖြစ်သွားဦးမယ်"

မင်းခန့်၏စကားကို မေလွန်းအိမ် နားမလည်ခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com

သို့ရာတွင်...နေထွန်းအိမ်အား မင်းခန့်ကိုအိမ်သို့ လွှတ်လိုက်သောအခါမှ နားလည်ခဲ့၏။

"ချက္စာ...ချ...အား...ဘယ်ရမလဲ"

"ဟေ့...ဟေ့...မလုံ့လေ၊ ငါ့အလှည့်"

တားပေါ်မှဆင်းပြီး ဝင်းတံခါးကိုဖွင့်လိုက်သည်နှင့် အိမ်တွင်းမှအသံများကို လှမ်းကြားလိုက်ရသဖြင့် မေလွန်းအိမ် ရင်ထိတ်သွား၏။

"ဟာ...တော်တော့ကွာ၊ တော်တော့"

"နေထွန်း ထွက်တော့၊ မင်းက သိပ်ခေါင်းကောင်းတာ မဟုတ်ဘူး"

"ဒီတစ်ပွဲတည်းပါ ကိုမင်းရ၊ ခဏနေဦး"

ညှဉ်ခန်းတွင် မြင်လိုက်ရသောမြင်ကွင်းကြောင့် မေလွန်းအိမ်မှာ အသံထွက်အောင်ပင် ရယ်မောမိတော့သည်။

အဘယ့်ကြောင့်ဆိုသော်...မင်းခန့်နှင့် နေထွန်းအိမ်မှာ ကစားစရာအံ့ခွက်ကြီးကို လုနေခြင်းပင်ဖြစ်၏။ ထိုအံ့ထဲတွင် တုတ်လုံးများတပ်ထားပြီး လူရုပ်များစီချိတ်ထား၏။ တုတ်လုံးများကို လှည့်ဆွဲပေးပြီး ဘောလုံးကန်နေကြခြင်းပင်ဖြစ်သည်။

"အား...မေလွန်းအိမ်၊ ကားသံလည်းမကြားရပါလား"

မင်းခန့်က ရှက်ကိုးရှက်တန်းနှင့် ထရပ်လိုက်ပြီး အိမ်ရှေ့သို့လှမ်းကြည့်ကာ ပြောလိုက်သည်။

"ထိုင်ဦးနော်"

စွပ်ကျယ်လက်ပြတ်နှင့်မို့ ကုလားထိုင်ပေါ် ဖြစ်သလို လွှားတင်ထားသော ရှပ်အင်္ကျီကို မေလွန်းအိမ်အား ကျောခိုင်းကာ ဝတ်လိုက်၏။

နေထွန်းအိမ်ကမူ အစ်မဆူမှာစိုး၍ ပြုံးဖြီးဖြီးလုပ်ကာ-

"လက်ပဲလှုပ်ရတာပါ။ ခေါင်းမပါပါဘူး"

"အလကား မမ၊ တစ်ကိုယ်လုံးလှုပ်တယ်"

မင်းခန့်၏ညီတစ်ဦးက နေထွန်းအိမ်နှင့်ရွယ်တူမို့ ခဏချင်း ခင်သွားဟန်တူသည်။

မေလွန်းအိမ်သည် မင်းခန့်တစ်ယောက်တည်းကိုသာ သိသောအိမ်၌ အတန်ကြာအောင်နေမိပြီး မင်းခန့်၏ မိခင်နှင့်ရော၊ ညီနှစ်ယောက်နှင့်ပါ အဖွဲ့ကျပြီး ဘောလုံးပွဲလေးကိုပင် ဝင်ရွဲကာ နေထွန်းအိမ်နည်းတူ ပျော်ရွှင်ကြည်နူးနေသဖြင့် အိမ်

www.burmeseclassic.com

ပြန်ရန်ပင် ရေမှလျှော့သွားအောင်အထိ ဖြစ်မိ၏။

စကားနည်းသော၊ ရင်းနှီးဖော်ရွေသော၊ ပွင့်လင်းသော၊ စေတနာထားတတ်သော မင်းခန့်၏မိခင် ဒေါ်လှသူ သုပ်ကျွေးသော လက်ဖက်နှင့် သင်္ဘောရွက်သုပ်ကိုပင် ကျေနပ်ခံတွင်းတွေ့သွား၏။

ထိုအခါတွင် မင်းခန့် မိမိအိမ်သို့လာစဉ် မိခင်ဒေါ်ခင်မာတင်၏ ဆက်ဆံရေးနှင့်နှိုင်းယှဉ်မိပြီး စိတ်မကောင်းဖြစ်သွားမိသည်။

"သားလေးပျင်းရင် အမေတို့အိမ်မှာလာနေပေါ့၊ ဒီမှာက သားသုံးယောက်နဲ့ အမြဲဆူညံနေတာပဲ၊ သူတို့အငယ်နှစ်ယောက်ကလည်း မျောက်ရှုံးတယ်"

"စိတ်ချ...ထွန်း အမြဲလာမှာ၊ ထွန်းကိုနားပြီးတယ် မပြောနဲ့နော်၊ ထွန်းကတော့ ဆောမှာပဲ"

"ဆောပါသားရယ်...ဆောနိုင်ပါတယ်၊ အမေတို့အိမ်မှာလည်း ကစားစရာတွေပေါသားပဲ။ သားတို့သူငယ်ချင်းတွေလည်း ဒီအိမ်မှာပဲ လာကစားနေကြတာပဲ"

နေထွန်းအိမ်သည် ပြောသည့်အတိုင်းပင် နေ့စဉ်ရောက်လာတတ်၏။ သို့ရာတွင်...မင်းခန့်၏ညီနှစ်ဦးမှာ တစ်ဦးက ပထမနှစ်ဖြစ်ပြီး အငယ်ဆုံးမှာ ကိုးတန်းကျောင်းသားသာ ရှိသေးသဖြင့် ကျူရှင်နှင့်ကျောင်းသို့ ပြေးလွှားနေရသောကြောင့်

ကစားချိန် သိပ်မရှိပေ။ မင်းခန့်ကသာ မနက်ပိုင်းကျောင်းတက်ပြီး ခါတိုင်းကဲ့သို့ စံမြတ်သာထံမသွားတော့ဘဲ အိမ်သို့ပြန်လာကာ နေထွန်းအိမ်နှင့် နေပေး၏။

တစ်ခါတစ်ရံ နေထွန်းအိမ်ကားနှင့်ပင် မြို့ထဲရှိ စံမြတ်သာ၏ စာအုပ်ဆိုင်ကလေးဆီသို့ ရောက်ရှိလာပြန်သည်။

"ကိုကြီးစံမြတ်သာက စကားပြောကောင်းတယ်နော်၊ သူပြောတဲ့စကားမျိုးကို ထွန်း မကြားဖူးဘူး"

"အင်း...ဒါကြောင့်လည်း ကိုယ်လည်း ကိုကြီးရဲ့ညီတွေ ဖြစ်ရတာပေါ့၊ ဟာ...ဟိုမှာ ထွန်းလူတို့ပါလား"

ရှောင်လွှဲမရအောင်ပင် တည့်တည့်တိုးမိသည်။ ထွန်းလူနှင့် မောင်မောင်အေးက သူတို့နှစ်ဦးအား လက်နှင့်ဆီးပိတ်ရင်း-

"ဘာလဲကွ...အခုတလော ကိုမင်းတစ်ယောက် လေစိမ်းတွေတိုက်နေတယ်"

"လာကွာ၊ လွင်ကိုတို့ ဇော်မျိုးဦးတို့နဲ့ ချိန်းထားတာပဲ"

"ဘယ်မှာလဲ ထွန်းလူ"

"လက်ဖက်ရည်ဆိုင်မှာပဲ"

လက်ဖက်ရည်ဆိုင်ရောက်မှ မိတ်ဆက်ပေးမည်ဟု စိတ်တူးပြီး သူတို့အုပ်စုထိုင်နေကျဖြစ်သော သုံးဆယ့်တစ်လမ်း လက်ဖက်ရည်ဆိုင်သို့ နေထွန်းအိမ်အားခေါ်လာခဲ့၏။

"မင်း...ဘယ်တွေသွားနေလဲ ကိုမင်း"

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်မှမသွားဘူး၊ ကိုကြီးဆိုင်မှာပ်ရှိပါတယ်"

သူက ဖာမာတေးတေးလေးပြောလိုက်သည့်တိုင် ထွန်းထူက သူ့ဇက်ပိုးကို ဖြောင်းခနဲမြည်အောင်ချလိုက်ရင်း...

"နင့်အမေ...ငါ ကိုကြီးဆိုင်ကို မနက်တိုင်းလာရှာတယ် မတွေ့ဘူး၊ မင်း ဘာတွေလုပ်နေလဲ"

မင်းခန့် ဘာမှမပြောတော့ဘဲ လက်ဖက်ရည်ဆိုင်တွင်းရှိ လွင်ကိုနှင့် ဇော်မျိုးဦးတို့ကို လှမ်း၍လက်ပြလိုက်ရင်း သူတို့ခုံမှာ ဝင်ထိုင်လိုက်၏။

"ဟေ့ကောင်ကိုမင်း၊ မင်းဘယ်သွားနေလဲ၊ ဒီမှာထိုင်"

ဇော်မျိုးဦးက သူ့အား မျက်နှာခပ်တည်တည်ထားပြီး သူ့ဘေးမှခုံကို လက်ညှိုးထိုးပြလိုက်၏။

တစ်ခါတစ်ရံ ဤကဲ့သို့ ခပ်တည်တည်နှင့်နောက်တတ်သော သူငယ်ချင်းများ၏အထာကိုသိသဖြင့် မင်းခန့် ဝင်ထိုင်ရင်း နေထွန်းအိမ်ကိုလည်း သူ့ဘေးနားထိုင်ရန် လက်ပြလိုက်၏။

"မင်းက ငါတို့အဖွဲ့ကို သစ္စာဖောက်ပြီး ဘယ်တွေလျှောက်သဝေထိုးနေတာလဲ၊ ထိုင်...သေသေချာချာထိုင်၊ ဟေ့ကောင် တည့်တည့်ထိုင်လေ"

ဇော်မျိုးဦးအမိန့်အတိုင်း တည့်တည့်ထိုင်လိုက်သည်။ နေထွန်းအိမ်ကိုလှမ်းကြည့်ရာ နေထွန်းအိမ်မှာ မျက်လုံးလေးကလည်ကလည်နှင့် နားမလည်သလို လှမ်းကြည့်နေသည်။

"ဟေ့ကောင်...ဘယ်ကြည့်နေတာလဲ၊ ရှေ့ကြည့်...ဒီရှေ့တည့်တည့်ကြည့်ကွ"

"အာ..."

ရုတ်တရက် မျက်နှာတစ်ခုလုံး ပူထူသွားသည်။ အဘယ်ကြောင့်ဆိုသော် စားပွဲရှေ့တည့်တည့်တွင် ထိုင်နေသော မိန်းကလေးမှာ ဒူးအထက်ဝတ်ထားသောထဘီနှင့် ခွေးခြေပုလေးနှင့် မအပ်စပ်ကြောင်း တွေ့လိုက်ရ၏။

"အဟဲ"

ဇော်မျိုးဦးကို ရှက်ရယ် ရယ်ပြလိုက်၏။ ဇော်မျိုးဦးက မရယ်မပြုးဘဲ နေထွန်းအိမ်ကိုကြည့်ကာ...

"ဟိုကောင်လေးက မင်းမိတ်ဆွေလား"

"အင်း...နေထွန်းအိမ်တဲ့"

"ဒါဆို...မေလွန်းရဲ့မောင်ပေါ့၊ ယောက်ဖလေး လား၊ ဒီနားကို၊ ကိုမင်း မင်းဖယ်ပေးစမ်း"

"မလုပ်ပါနဲ့ကွာ"

မင်းခန့်က အားနာစွာဖြင့် ငြင်းပယ်လိုက်သော်လည်း ဇော်မျိုးဦးက သူ့အားတွန်းလွှတ်ကာ နေထွန်းအိမ်ကိုဆွဲ၍ သူ့နားထိုင်စေပြီး...

"မင်းက နေထွန်းအိမ် ဟုတ်လား၊ မင်းအစ်မက ဘယ်လောက် မာနကြီးသလဲ မင်းသိရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com

"အဲဒါကို ကျွန်တော်မသိပါဘူးခင်ဗျာ"

"မသိရင် သိအောင် ရှေ့ကြည့်"

နေထွန်းအိမ်က ဘာမှန်းညာမှန်းမသိဘဲ ကြည့်သည်။ သို့ရာတွင် သူတို့ကဲ့သို့မမြင်ပေ။

"ဘာတွေ့လဲ"

"ဘာမှမတွေ့ပါဘူး"

"မင်း ငါ့ယောက်ဖမဟုတ်ဘူးကွ၊ သိပ်တုံးတာပဲ၊ ကြည့်စမ်းကွာ...ဘာတွေ့လဲ သေသေချာချာကြည့်"

ဇော်မျိုးဦးက အထပ်ထပ်ပြောနေမှ ဘစ်ဖက် မျက်နှာချင်းဆိုင်မှ အမျိုးသမီးကလည်း ရိပ်မိသွားဟန်ဖြင့် အနေအထားပြင်လိုက်သည်။

"ဟီဟီ..."

ကလေးသာသာရှိသေးသော နေထွန်းအိမ်မှာ ချက်ချင်းပင် သဘောပေါက်သွားကာ ရယ်ဖြီးဖြီးလေး ဖြစ်သွား၏။

"မင်းဟာ ကလေးအဖျက်သမားပဲ"

မောင်မောင်အေးက ရယ်မောလိုက်သဖြင့် ထွန်းလူက အတင်းဝင်၍ရောနေတော့သည်။

"ငါ့ညီ မင်းကိုပျော်စေရမယ်၊ စိတ်ချမ်းသာစေရမယ်၊ အစ်ကိုတို့နဲ့သာပေါင်း"

နေထွန်းအိမ်၏မျက်လုံးများမှာ စောစောကအမျိုးသမီး

ထံသို့သာရောက်သွားပြီး မင်းခန့်ဘက်သို့တိမ်းကာ...

"ဆောင်တိုတိုဝတ်တဲ့ မိန်းကလေးတွေအတွက်တော့ ဒီလို ထိုင်ခုံမျိုးဟာ မကောင်းဘူးနော် ကိုမင်း"

"အင်း..."

အင်း...ဟုသာ ပြောပြီး မေလွန်းအိမ် ထဘီတိုတိုဝတ်သလား၊ ရှည်ရှည်ဝတ်သလားဟု စဉ်းစားလိုက်မိသည်။

"မေလွန်း ထဘီတိုတိုဝတ်တာက ခေတ်ဖက်ရှင်အနေနဲ့ မဟုတ်ဘူး ကိုမင်း၊ မေလွန်းက မိုးလင်းတာနဲ့ ဈေးပြေးရ၊ ချက်ပြုတ်ဖွဲ့စီစဉ်ရ၊ ထမင်းချိုင့်ကို အချိန်မီအောင်ထည့်ပေးရနဲ့ ထဘီရှည်ရှည်ဝတ်ပြီး နွဲ့နေလို့မရဘူး၊ ဘာလို့ မေလွန်းကို ထဘီရှည်ရှည်ဝတ်ခိုင်းနေရတာလဲ၊ နေထွန်းကလည်း မနေ့ကပြောပြတယ်"

မင်းခန့်ရင်ထဲ ထိတ်သွား၏။ မေလွန်းအိမ်အား အကုန်

www.burmeseclassic.com

ပုံ ပြောပြလိုက်သလားဟု တွေးမိလိုက်သည်။

မင်းခန့်၏အတွေးကို ကြိုမြင်လိုက်ဟန်တူသော မေလွန်းအိမ်တ ညင်သာစွာပြုံးလိုက်ရင်း...

"ထွန်းနဲ့ မေလွန်းတို့မောင်နှမတွေက လျှို့ဝှက်မှုမရှိဘဲ အမြဲပွင့်လင်းကြပါတယ် ကိုမင်း၊ ထွန်း အားလုံးပြောပြပါတယ်"

သူတို့ဘရက်ကျသည်ကို မြင်များသွားပြီး အထင်သေးသွားလားဟု စိုးရိမ်မိ၏။

"တို့ မေလွန်းကို ထဘီရှည်ရှည်ဝတ်ပါလို့ မခိုင်းပါဘူး၊ တို့မျက်စိထဲမှာ အမြင်လှတာကိုပြောမိတာပါ"

မေလွန်းအိမ် ပြုံးလိုက်ပြန်သည်။ မင်းခန့် ကိုယ့်ဘာသာ ကိုယ် ရှက်သွား၏။

တကယ်ဆို မေလွန်းအိမ်ကို ထဘီတိုတိုဝတ်တာကို ကြိုက်သလား၊ ဘာလို့ ထဘီရှည်ရှည်မဝတ်တာလဲဟု ပြောမိခြင်းသည် မိမိ၏အမှားပင်ဖြစ်၏။

မေလွန်းအိမ် ထဘီတိုတိုဝတ်တာနဲ့ သူနဲ့ ဘာမှမဆိုင်ပါလားဟု တွေးမိလိုက်လျှင် ဘယ်လောက်ကောင်းမလဲ။ မေလွန်းအိမ်သည်လည်း ဤကဲ့သို့ ခန့်ပြုံး ပြုံးလိမ့်မည်မထင်ပေ။ သူ ဘာကြောင့် ပြောမိလိုက်ပါသနည်း။

"ကိုမင်းက မေလွန်းကို ထဘီရှည်ရှည်ဝတ်တာကို ကြိုက်တယ်လား"

မင်းခန့် ဘာပြောရမှန်းမသိ ဖြစ်သွား၏။

"ပြောလေ"

မေလွန်းအိမ်၏ ထပ်ဆင့်မေးသံထဲတွင် နွေမှုမှုအသံလေးပါသွားသည်။

"ဟို... ဘယ်လိုပြောရမလဲ၊ နေထွန်းလည်း ပြောပြီးမှာပါ။ ခေတ်ဖက်ရှင်က လှကြပါတယ်၊ ဒါပေမယ့်... လက်ဖက်ရည်ဆိုင်မှာ ဖြစ်သလိုမျိုး မလုံခြုံတဲ့ အရှက်ကင်းမဲ့တာမျိုး ကြုံတွေ့မှာစိုးလို့ ကိုယ်က ကိုယ့်အစ်မလို စာနာပြီး ထိုင်လို့ကောင်းရဲ့လေး နည်းနည်းရှည်ပေးကြရင် ကောင်းမယ်လို့တွေးမိပြီး မေလွန်းကိုလည်း အဲဒီလိုမဖြစ်စေချင်လို့ သတိပေးတာပါ"

မေလွန်းအိမ်ကလည်း ရှက်ရယ်ရယ်သလို မင်းခန့် မျက်နှာလည်း ရှက်ပြုံးပြုံးလိုက်မိ၏။ အကယ်၍သာ ဤစကားကို ထွန်းလူတို့ကြားပါမူ...

"စံမြတ်သာရဲ့တပည့် မပြောရဘူး၊ ပညာပေးတွေကများနေပြီ၊ ဒါပေမယ့် မိန်းကလေးတစ်ယောက်နဲ့ စကားပြောရင်တော့ ပညာပေးကို ဘေးချိတ်ပြီး နှလုံးသားရေးကို ရှေ့တင်လို့ ချစ်ခင့်ချွေဖို့ကိုတော့ မမေ့နဲ့ဦးပေါ့"

မင်းခန့်၏ရင်ထဲ၌ တိုက်ခိုက်ထွန်းနေသော်လည်း ဦးနှောက်တမှု တားဆီးလျက်ရှိနေ၏။

နေထွန်းအိမ်ကိုအကြောင်းပြု၍ မိဘချင်းမင်းသော်

www.burmeseclassic.com

www.burmeseclassic.com

လည်း ဒေါ်ခင်မာတင်ကမ္ဘ ဤမျှ လှိုက်လှိုက်လှဲလှဲ ခင်မင်မှု မရှိပေ။ သူမ၏မျက်လုံးများက မင်းခန့်အား သတိပေးဟန့်တား နေသကဲ့သို့ပင် ဖြစ်၏။

"ကိုမင်း ဘယ်လိုဖြစ်နေလဲ"

"ဟင်...ဘာဖြစ်လို့လဲ"

"သိဘူးလေ၊ တဝေးတဝိုင်ဝိုင်နဲ့"

"ထင်လို့ပါ...ကိုယ် ဒီလိုပဲနေတတ်တာ"

မလုံမခြုံ ဖုံးဖိ၍ပြောလိုက်သော်လည်း မေလွန်းအိမ်ကမ္ဘ မျက်စောင်းလေးဝှေ့လိုက်ရင်း...

"မဟုတ်ပါဘူး၊ ကိုမင်းကို မေလွန်းတွေ့တုန်းက အရွက်အနောက်နဲ့ သိပ်မုန်းဖို့ကောင်းတာ"

"မုန်းဖို့ကောင်းတယ် ဟုတ်လား"

ရုတ်တရက် မင်းခန့်က ထပ်၍မေးလိုက်သောအခါ မေလွန်းအိမ်က ပြုံးလျက် နှုတ်ခမ်းကိုစေ့ကာ ခေါင်းညိတ်ရင်း...

"အင်းလေ...မဟုတ်ဘူးလားလို့"

"ဒါဆို...အခုတော့ရော"

ထိုအမေးအတွက် အဖြေမလာတော့ဘဲ နီးမြန်းသော မျက်နှာလေးဖြင့်သာ မသိသလိုနေလိုက်သည်။ မင်းခန့်ကလည်း ထပ်မမေးတော့ပေ။

အကယ်၍သာ မေးလိုက်လျှင် ပွင့်လုဆဲဆဲတံခါးမှာ လေအဟုန်ကြောင့် ဝုန်းခနဲဆောင့်ဖွင့်လိုက်သကဲ့သို့ပင် ဖြစ်ပေလိမ့်မည်။

"ဟုတ်ပြီ...တက်...တက်...ရောက်ခါနီးပြီ၊ တက်တော့လေ"

အိမ်ထဲမှာ တီဗီဂိမ်းကစားနေကြသော နေထွန်းအိမ်နှင့် သူ့ညီငယ်၏အသံမှာ ပျံ့လွင့်လာလေသည်။ မိခင်စိုက်ထားသော ယုဇနပင်မှ ယုဇနပန်းများသည် ပွင့်နေသည်မှာ ရက်ကြာသွားပြီဖြစ်၍ တစ်လွှာချင်းကြွေကျလာသည့် ပွင့်ဖတ်အဖြူလေးများကား မြေပေါ်သို့ ကြဲပြန့်နေလေ၏။

မေလွန်းအိမ်နှင့် မင်းခန့်တို့ နှစ်ဦးစလုံး ပွင့်ဖတ်ကြွေလေးများကို ပြိုင်တူငေးကြည့်နေမိ၏။

မလှပ်မယှက်နှင့် ငေးကြည့်နေသော လူသားနှစ်ဦးမှာ ကျောက်ရုပ်အသွင် ဖြစ်နေသောကြောင့် စာကလေးများကား ယုဇနပင်နားသို့ ပျံ့ဆင်းလာကြပြီး မြေပေါ်တွင် လူး၍ဆော့ကစားနေကြ၏။

သူတို့ထိုင်နေသော ခုံတန်းလျားနောက်ရှိ ပိတောက်ပင်ပေါ်မှ ရွက်ကြွေကလေးများကား မိုးငွေ့ပါသောလေနှင့် အတူလွင့်ကြွေလာလေသည်။

မကြာမီ မိုးရွာတော့မည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း...သူတို့နှစ်ဦး၏ ရင်တွင်းဌမ္ဘ မိုးများ သည်းထန်စွာရွာသွန်းနေနှင့်ကြသည်။

ရင်တွင်းဌသာ အုံ့ဝိုင်းရွာသောမိုးဖြစ်ပြီး အပြင်ဘက်ဌမ္ဘ ထုတ်ဖော်၍မရွာသောကြောင့် မေလွန်းအိမ်၏ရင်ထဲတွင် အားမလိုအားမရဖြစ်မိသည်။

သို့ဖြစ်၍ သူမကပင် စတင်လှုပ်ရှားကာ နာရီကိုလှမ်းကြည့်ရင်းက...

"လေးနာရီတောင်ထိုးတော့မှာပဲ၊ မေလွန်းတို့ ပြန်မှ ထင်တယ်၊ မိုးလည်းရွာတော့မယ်"

ပြောပြောဆိုဆိုနှင့် ထိုင်ရာမှထကာ အိမ်ပေါ် သို့တက်သွားလေ၏။

မင်းခန့်ကား သက်ပြင်းရှည်ကြီးချရင်း နောက်မှလိုက်တက်သွားလေသည်။

နေထွန်းအိမ်က တီဗီဂိမ်းကစားနေသဖြင့် ပွဲအပြီးကို စောင့်နေ၏။

တောင်တက်သမားမှာ ခဲရာခဲဆစ် တောင်ပေါ် သို့တက်နေသည်ဖြစ်သည်။ တစ်ခါတစ်ရံ ခြေချော်ကျလိုက်၊ ကျောက်ပွဲကျလိုက်နှင့် တစ်ခါတစ်ရံ လမ်းမှားရပင် ရောက်သွားပြန်သည်။

"သားအကျီအိတ်ထဲက အထုပ်သေးတစ်ထုပ်က ဘာတွေလဲ သား"

ရုတ်တရက် မိခင်၏အမေးကြောင့် ကြောင်သွားသည်။ မိခင်က ဆေးထုပ်လိုလို အထုပ်သေးလေးကို သူ့ရှေ့မှာလာပြပြီး...

"ဖြူဖြူ၊အမှုန့်လေးတွေလေ...ဒီမှာ သားရဲ့"

"ဩော်...ထွန်းလူတို့ မေမေရေ၊ ဓာတ်ခွဲခန်းမှာ သုံးမလို့ဆိုလားပဲ၊ ဘိန်းဖြူမှုန့်တဲ့၊ သားကို ခွဲပေးထားတာ၊ အဲဒါ မနက်ဖြန်ယူသွားရမှာ၊ သားအကျီအိတ်ထဲပဲ ပြန်ထည့်ပေးပါ မေမေ"

"ဟဲ့...ဟဲ့...ယောင်လို့များတော့ မမြည်းကြည့်လိုက်နဲ့နော်...သား...ကြောက်စရာကြီး"

"စိတ်မပူပါနဲ့ မေမေ၊ သားက လူလိမ်မှာပါ"

"အမေ့သားကို ယုံကြည်ပါတယ်ကွယ်"

မိခင်က အိပ်ခန်းထဲသို့ ပြန်ဝင်သွားသောအခါ သူက မလုံမလဲနှင့် မေလွန်းအိမ်ကို လှမ်းကြည့်လိုက်သည်။

မေလွန်းအိမ်၏ နှုတ်ခမ်းပါးလေးမှာ ဝိုင်းဝိုင်းလေးဖြစ်နေသည်အထိ သူတို့သားအမိ၏ လှုပ်ရှားပြောဆိုဟန်များကို ငေးမောကြည့်နေဟန် တူသည်။

"ဘာလဲ...မေလွန်းအိမ်က ကိုယ့်ကိုသုံးတယ်ထင်နေလို့လား"

ထိုအခါတွင် မေလွန်းအိမ်က ခေါင်းလေးကိုခါရမ်းလိုက်

www.burmeseclassic.com

www.burmeseclassic.com

ရင်း ပါးချိုင့်လေးများပေါ် အောင်ပြုံး၍...

"မထင်ပါဘူး ကိုမင်းရယ်...မေလွန်းကလည်း ဘိန်းသမား ဆေးသမားတို့ အပေါင်းအသင်းမလုပ်ပါဘူး၊ စိတ်ဓာတ် မခိုင်မာတဲ့ လူပျော့လူညံ့လို့သတ်မှတ်ပြီး စကားတောင် မပြောချင်ဘူး"

"ကိုယ် ဆေးစွဲမစွဲ သိနိုင်မလား"

"သိတော့မသိနိုင်ဘူးပေါ့၊ ဒါပေမယ့်...ကိုမင်းကို ယုံကြည်ပါတယ်"

"မေလွန်းအိမ်ရဲ့ ယုံကြည်မှုကို ထိန်းသိမ်းထားပါ့မယ် ဗျာ"

မျက်စောင်းလေးဝဲကျသွားပြီး 'ကျေးဇူးပါပဲ' ဟူသော စကားလေးက မင်းခန့်၏နှလုံးသားကို ရိုက်ခတ်လာသည်။

"ဟာ...ရောက်တော့မယ်ဟေ့၊ တက်ပေးကွ၊ ကြိုးစားပေးကွ၊ ရောက်တော့မယ်"

နေထွန်းအိမ်၏အော်သံက သူတို့နှစ်ဦးထံ ပျံ့လွင့်လာသည်။ မေလွန်းအိမ်က စာအုပ်ပိရိုနားကပ်သွားကာ စာအုပ်များကို ကြည့်နေစဉ် မင်းခန့်ကလည်း မေလွန်းအိမ်နားလာရပ်၍...

"စာအုပ်ဖတ်ချင်ရင် ယူလေ"

"ဟင့်အင်း...ကြည့်တာပါ။ ပြီးတော့ ကိုမင်းဖေဖေက စာအုပ်ကို သိပ်စည်းကမ်းကြီးမှာပဲနော်"

"ကိုယ်နဲ့မဆိုင် ခွင့်မပိုင် ဆွဲကိုင်မယူရ" ဟူသော မှန်ဝိရိုမှ စာတန်းလေးအား လက်ညှိုးထိုးပြီး ပြောလိုက်သောအခါ...

"ဒါပေမယ့်...မေလွန်းအိမ်ကိုတော့ ခွင့်ပြုရမှာပေါ့"

"ဘာဆိုင်လို့လဲ"

"ဆိုင်ပါတယ်၊ ဖေဖေက သားကြီးရဲ့ အထူးဧည့်သည်ကို ဦးစားပေးပါတယ်"

မေလွန်းအိမ်က ပခုံးနှစ်ဖက်ကိုတွန့်လိုက်ရင်း...

"ဘာလဲ အထူးဧည့်သည်ဆိုတာ..."

မင်းခန့် ခေါင်းကုပ်လိုက်သည်။ ထိုစကားကို သူ မရှင်းတတ်တော့ပေ။

"ထူးတော့ အထူးပဲ၊ ဘာအထူးလဲတော့မသိဘူး"

"သွား..."

လက်ထဲမှ သတင်းစာနှင့်လှမ်းရိုက်လိုက်သည်။ 'ဖုန်း' ဟူသောအသံ ကျယ်သွားသဖြင့် ညီငယ်ကလှမ်းကြည့်လိုက်၏။ နေထွန်းအိမ်ကမူ တောင်ထိပ်သို့ရောက်ခါနီးမှ ခြေချော်ကျနေသဖြင့် သဲကြီးမဲကြီး တွန်းတင်နေ၏။

"ကိုယ်တတော့ မေလွန်းအိမ်ဟာ ကိုယ့်အတွက် ထူးတယ်လို့ သိနေတယ်၊ မေလွန်းအိမ်ကသာ မသိသေးတာ"

ရှုတ်တရက် ဖျတ်ခနဲပင့်ကြည့်သောအကြည့်ဟင်...

"ဟုတ်ကဲ့...ကျွန်မကပဲ ဖွင့်ပြောပါ့မယ်"ဟု ပြောနေ

www.burmeseclassic.com

www.burmeseclassic.com

သယောင်ယောင် အဓိပ္ပာယ် ပါနေသည်။

"ကိုယ့်အတွက် မေလွန်းအိမ်ဟာ အထူးဂရုစိုက်ရမယ့် မိန်းကလေးပါ။ ကိုယ် မေလွန်းအိမ်ကို ချစ်တယ်"

"အို..."

ရှက်ရမည့်အစား အလန့်တကြားနှင့် နေထွန်းအိမ်ဘက်ကို လှမ်းကြည့်လိုက်၏။

"ရပြီကွ...အောင်လံထူပြီ၊ တောင်ထိပ်ရောက်ပြီဟေ့"

နေထွန်း၏ အော်သံကြောင့် မေလွန်းအိမ် ရှက်သွား၏။ မျက်နှာတစ်ခုလုံး စွေးစွေးနီသွား၏။

စောစောက ခြံထဲတွင် နှစ်ဦးတည်း လွတ်လွတ်လပ်လပ် ရှိနေစဉ် ဖွင့်ဟမပြောဘဲနှင့် ယခု...ညည့်ခန်းထဲမှာ လူတွေ အများကြီးရှိနေမှ ဖွင့်ပြောလိုက်သည့်သူအား မေလွန်းအိမ် မကျေမနပ်ဖြစ်သွားသည်။ ကိုယ့်ဇောနှင့်ကိုယ်မို့ မကြားကြသော်လည်း လိပ်ပြာကမလုံချင်။

"ကဲ...ပြီးရင်လည်း ထတော့၊ အချိန်မရှိတော့ဘူး"

ပြောပြောဆိုဆိုနှင့် ဘယ်သူ့ကိုမှမကြည့်ဘဲ အိမ်ပေါ်မှ အရင်ဆင်းလာခဲ့၏။

မင်းခန့်၏ရင်ထဲ ဟာသွား၏။

"သူ...စိတ်မှားဆိုးသွားလား"

မင်းခန့် မနေတတ် မထိုင်တတ်ဖြစ်နေ၏။ အခုတလော မေလွန်းအိမ်လည်း သူ့ထံသို့မလာတော့ပေ။ နေထွန်းအိမ်ကသာ သူ့ဘာသာရောက်လာသည်။

မင်းခန့်သည် နေထွန်းအိမ်ကိုလည်း မမေးဝံ့ပေ။ သို့ရာတွင်...ထွန်းလူကမူ မျက်နှာပြောင်စွာဖြင့်...

"ဟေ့ကောင်နေထွန်း၊ အခုတလော မေလွန်းကိုမမြင်ပါလား"

"မြင်ချင်ရင် ~~ဆူ~~ အိမ်~~ကောက်~~ နားသွားကြည့်ပေါ့ဗျာ၊ မမကခင်ဗျားတို့မြင်အောင် လာပြရမှာလားဗျ"

နေထွန်းအိမ်စကားကြောင့် သူ အံ့အားသင့်သွားသည်။ နေထွန်းအိမ်သည် အစ်မကို စ,နောက်ရာတွင် ဘယ်သောအခါမှ စိတ်ဆိုးတတ်သူမဟုတ်ပေ။ ယခုအခါတွင် စိတ်ဆိုးသည့်လေသံနှင့် ပြောလိုက်သည့် သူ မနေတတ်မထိုင်တတ်ဖြစ်သွားသည်။

နေထွန်းအိမ်ကိုမျှား ~~ပြော~~ ပြသလားဟု သံသယဖြစ်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com

မေလွန်းအိမ်နှင့် မတွေ့ရသည်မှာ တစ်ပတ်နီးပါးခန့် ရှိနေလေပြီ။ သူ့ရင်ထဲမှာ လွတ်ပာနေ၏။ နေထွန်းအိမ် ပြောသကဲ့သို့ မေလွန်းအိမ်၏ အိမ်ကသို့လည်း သူ မသွားရဲပေ။

သို့ဖြစ်၍ မင်းခန့်၏ ပုဏ္ဏားတိုင်ဖြစ်သော ကိုကြီးစံမြတ်သာထံသို့သာ ပြေး၍ အကြံဉာဏ်တောင်းရပြန်သည်။

"အင်းလေ...တောင်းခံရမှာ ကိုယ့်အလုပ်ပဲ၊ ပေးတာ မပေးတာက သူ့တာဝန်ပဲပေါ့၊ မင်း အစပြုပြီးပြီပဲ၊ ပြီးဆုံးအောင် ကြိုးစားပေါ့"

"သူ စိတ်ဆိုးနေသလား မသိဘူးနော်"

"ဒါတော့ ဘယ်သိမှာလဲ"

မင်းခန့် ခေါင်းကုတ်မိသည်။ ကိုကြီးစံမြတ်သာသည် မေလွန်းအိမ်၏ အတွင်းစိတ်သဏ္ဌာန်ကို ပြောပြနိုင်မည်ဟု ထင်မိသည်။ သို့သော်...ကိုကြီးကိုယ်တိုင်ကမူ စိတ်မဝင်စားလေသံနှင့် ပြောနေသဖြင့် အကြံအိုက်သွား၏။

"ဟုတ်ဘူးလေ ကိုကြီးရာ...ကျွန်တော်က ဖွင့်ပြောလိုက်ပြန်ရင် သူ စိတ်ဆိုးပြီး အော်လိုက်မှာလား"

"ဟာ...အော်ပစေပေါ့ ငါ့ကောင်ရ၊ မင်းဟာက သတ္တိမရှိဘဲ ရည်းစားစကားပြောရတယ်လို့ကွာ၊ ဒါဆိုလည်း ပြောမဲနေနဲ့တော့လေ၊ ဒီအတိုင်းပဲ နေတော့၊ မေလွန်းအိမ်က မင်းကို ဖွင့်ပြောတဲ့အချိန်ထိ စောင့်နေလိုက်လေ"

"အဲ...အဲဒီလိုတော့ ဘယ်ပြောမလဲ"

မင်းခန့်စကားကြောင့် စံမြတ်သာသည် အားပါးတရ ရယ်မောလိုက်၏။

ထို့နောက် မင်းခန့်၏ပခုံးကိုပုတ်ရင်းက...

"ကိုမင်း...ကိုမင်း...ခိုးချင်တာကလည်း ပျာလို့ လက်ရှေးတာကလည်း ချာလို့၊ ကဲ...ဒီနေ့၊ အင်း...ဒီနေ့တော့ နေစောင်းသွားပြီ၊ နောက်နေ့ နေအထွက်ကို သွားစောင့်နေ၊ ဟိုက ပါးရိုက်လည်း ခံလိုက်ပေါ့ကွာ"

"အာ..."

မင်းခန့်မှာ မသက်မသာ ရယ်မောမိလိုက်၏။ နဂိုကတည်းက မေလွန်းအိမ်၏ အစ်မကြီးဆန်ပုံ အနေအထိုင်တည်ငြိမ်ပုံတို့ကို အလိုလိုရှိန်နေခြင်းပင် ဖြစ်သည်။

"ဟော...ဟော"

ဆိုင်အဝကိုကြည့်ပြီး စံမြတ်သာမှာ ပါးစပ်ပေါက်ကြီး ဟောဟော ဟူသော အသံထွက်လာသဖြင့် မင်းခန့် ရုတ်တရက် လှည့်ကြည့်လိုက်၏။

ရင်ထဲ ဟာခနဲဖြစ်သွားသည်။

မေလွန်းအိမ်နှင့် ဒေါ်ခင်မာတင်၊ မေလွန်းအိမ်၏ မျက်နှာမှာ ပြုံးထားသော်လည်း ဒေါ်ခင်မာတင်ကမူ ဟန်ဆောင်၍ပင် မပြုံးတော့ဘဲ မျက်နှာကိုတင်းထား၏။

www.burmeseclassic.com

www.burmeseclassic.com

"ကိုထွန်း လာသလားဟင်"

"မနက်ကတော့ ဒီကိုလာတယ်၊ သူ ပြန်ဦးမယ် ဆိုပြီး ပြန်သွားတယ် မေလွန်းအိမ်"

"ဒုက္ခပါပဲ"

"ဒုက္ခမလုပ်နဲ့၊ ဒါကြောင့် သမီးကို မေမေပြောတာ၊ ကလေးကချေတွေနဲ့ အပေါင်းအသင်းမလုပ်ခိုင်းပါနဲ့လို့၊ ခုတော့ အိမ်ပြန်ရကောင်းမှန်းမသိဘဲ ပေါက်လွတ်ပဲစား ပျက်စီးချင်တိုင်း ပျက်စီးနေပြီ"

ဒေါ်ခင်မာတင်၏စကားကား မင်းခန့်၏ရင်ဝသို့ ချွန်ထက်သော လှံသွားနှင့် ထိုးလိုက်သကဲ့သို့ စူးနစ်ဝင်သွားလေ၏။

"သူနဲ့ဘယ်သူပါသွားသေးလဲ ကိုမင်း"

"မပါဘူး၊ သူတစ်ယောက်တည်းပဲ"

"ဒါဆို... သူ့သူငယ်ချင်းတွေဆီမှာပဲထင်တယ်"

"ဟုတ်မှာပေါ့၊ ဘာ... ဘာအကြောင်းထူးလို့လဲဟင်"

"ဩော်... လာ... လာ... သမီး၊ အချိန်ကုန်တယ်ကွယ်၊ ရှာရဦးမှာပဲ"

ဒေါ်ခင်မာတင်က မေလွန်းအိမ်၏ လ[illegible]ကို အတင်းဆွဲခေါ်သွားသဖြင့် မေလွန်းအိမ်သည် နှုတ်ဆက်ချိန်ပင်မရတော့ဘဲ မိခင်နောက်သို့ လိုက်ပါသွားရရှာသည်။

မင်းခန့်မှာ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ထား[illegible]

မိသည်။

"အဲဒါလား... ဒေါ်ခင်မာတင် ဆိုတာ"

စံမြတ်သာ၏အမေးကို ခေါင်းညိတ်ကာဖြေလိုက်သည်။ နှုတ်ကမူ ဘာမျှမပြောနိုင်လောက်အောင် စိတ်မကောင်းဖြစ်မိ၏။

"အသားလွတ်ကြီး ဝင်ချီးတာပဲကွ၊ မင်း စဉ်းစားတော့ မင်းခန့်"

ရင်ထဲမှာ ပူလောင်သွားမိသည်။ စံမြတ်သာအား စကားပြန်မပြောနိုင်အောင်အထိ စိတ်မကောင်းဖြစ်မိ၏။

"ကလေးကချေတွေနဲ့ အပေါင်းအသင်းမလုပ်ခိုင်းပါနဲ့" တဲ့။ မိမိအား မျက်လုံးစွေကာ စောင်းကြည့်ပြီးပြောသွားသော ဒေါ်ခင်မာတင်၏ပုံရိပ်ကို မျက်ဝန်းထဲမှမထွက်နိုင်တော့ပေ။

"ဒီဆိုင်ကိုလည်း အထင်သေးတဲ့မျက်လုံးနဲ့ ကြည့်သွားလိုက်တာ၊ အင်းလေ... သူ့နားက စိန်နားကပ်ကြီးတစ်ဖက်လောက်တောင် မရှိတဲ့ ငါတို့ဆိုင်လေးကို ဘယ်အထင်ကြီးမှာလဲ"

စံမြတ်သာသည် စိတ်မကောင်းဟန်ဖြင့် တဖျစ်တောက်ဟောက်ပြောနေမိသည့်တိုင်အောင် မင်းခန့်ကမူ ဘာစကားမျှ ပြန်မပြောပေ။ စာအုပ်များကိုသာ အမိပ္ပာယ်မဲ့ ငေးနေ၏။

"ဟေ့... ကိုမင်း၊ နေထွန်းက မင်းရဲ့အိမ်ကိုများ ရောက်နေသလား"

"ဟာ... ဟုတ်ပါရဲ့ ကိုကြီးရာ"

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါမှ သူ ရုတ်တရက်ထရပ်လိုက်မိသည်။

"ကြည့်ရတာ သူ့အိမ်နဲ့မျှား စိတ်ကောက်လာသလားလို့ ချော့ပြီးပြန်ပို့လိုက်ပေါ့၊ မင်းကိုယ်တိုင်ပြန်ပို့ပါ။ သူ့အဘွားကြီးနဲ့ စကားမပြောချင်ရင် အဘိုးကြီးနဲ့တော့ ပြောပေါ့ကွာ"

မင်းခန့်က လွယ်အိတ်ကလေးကို ကောက်လွယ်ကာ..

"ဟာ...ဖြည်းဖြည်းပါကွ"

"ဟုတ်ဘူး၊ ကျွန်တော် ကိုကြီးကိုပြောမလို့ မေလွန်းအိမ်ကို အဝေးကပဲ ချစ်တော့မယ်ဗျာ"

"မင်း ဖွင့်ပြောထားတာကိုရော"

"ဒီအတိုင်းပဲ ထားလိုက်မယ်ဗျာ"

ဒ ဒ ဒ

"သူက အိမ်မပြန်ဘူးဆိုလို့ ဒီအိမ်မှာပဲ ခဏနေခိုင်းထား ဦးမယ်၊ ဦးဝင်းနိုင် မနက်ဖြန်ညနေကျမှ လာခေါ်ပါလား"

"အားနာစရာကြီးဗျာ၊ သားက သိပ်ဇီဇာကြောင်တာပဲ"

"ရပါတယ်၊ ဒီမှာ သားတွေလည်းရှိနေတာပဲ၊ စိတ်ပြေလက်ပျောက်ပေါ့၊ ကျွန်တော်က စိတ်ပူမှာစိုးလို့ဆက်တာပါ၊ ပြီးတော့...သူက သူ့အိမ်ကိုအကြောင်းကြားရင် ဒီမှာမနေဘူး ထွက်ပြေးမယ်လို့ ခြိမ်းခြောက်နေလို့ အခြေအနေကြည့်ပြီးမှ ဖုန်းဆက်တာပါ။ ချက်ချင်းလာမခေါ်ပါနဲ့၊ တစ်ညလောက်တော့ သိပ်ထားပေးပါ"

"အူ့အမေက သည်းနေတယ်ဗျာ၊ ဒီည သူ့သားကိုမတွေ့ရင် သေမလိုတောင်ဖြစ်နေတာ"

ဦးကံညွှန့်က သက်ပြင်းရှည်ကြီးချလိုက်မိသည်။ မိတာ ကိုယ်ချင်းစာမိသဖြင့်...

အင်းလေ...ညရောက်တော့မှပဲ လာခေါ်ပါတော့ဗျာ၊ ဒီအိမ်ကို သမီးသိနေသားပဲ၊ ကျွန်တော်တို့ အကြောင်းကြားတာ တိုတော့ မသိပါစေနဲ့ဗျာ"

"စိတ်ချပါ...ကျွန်တော်နဲ့သမီးပဲ လာခဲ့ပါမယ်၊ အခုကိစ္စတာ သူ့အမေနဲ့စိတ်ကောက်ကြတာပါ၊ ညကိုးနာရီလောက် လာခဲ့ပါမယ်နော်"

"ဟုတ်ကဲ့...ကျွန်တော် ထိန်းထားပါ့မယ်ဗျာ"

ဖခင်ဖုန်းချလိုက်သောအခါ မင်းခန့်ကလည်း ရင်မော်ဘွာ သက်ပြင်းရှည်ကြီးချလိုက်မိ၏။

နေထွန်းအိမ်၏မိခင် တွေ့မည်စိုးသောကြောင့် မင်းခန့်

www.burmeseclassic.com

www.burmeseclassic.com

သည် ဖုန်းမဆက်ဘဲ ဖခင်အား ဖုန်းဆက်ရန် မနည်းပြောရသည်။ ဖခင်ကလည်း သူနှင့်ရင်းနှီးသော မိတ်ဆွေဖြစ်၍သာ ဖုန်းဆက်ခြင်းဖြစ်သည်။

"အမေတွေဆိုတာ ဒီအတိုင်းပဲသားရေ...ကိုယ့်သား သမီးကို ဆုံးမစကားပြောတယ်ဆိုပြီး ဆူပူပြောနေကြတာပဲ၊ သားသမီးတွေက ကြာတော့ နားပူလာလို့ထွက်ပြေးတဲ့အခါကျတော့မှ မျက်ရည်ကျကြတာပဲ မဟုတ်လား"

"ဒါပေမယ့်...ကျွန်တော်တို့အမေကတော့ ဒီလိုမဟုတ်ပါဘူးနော်၊ တစ်ခါတလေ ဆူစေချင်တာတောင် မဆူဘူး"

"မင်းအမေက ခွင့်လွှတ်တတ်၊ နားလည်တတ်ပြီး လူတစ်ဖက်သား စိတ်အနှောင့်အယှက်ဖြစ်မယ့်အလုပ်ကို ဇာစ်ခါမှ မလုပ်ဖူးတဲ့ သူတော်ကောင်းမကြီးပါကွာ"

ကိုယ့်ငါးချဉ် ကိုယ်ချဉ်သည်ဟူ၍ပင် ဖခင်အား မနောက်တော့ပေ။ ဖခင်ပြောစကားများကား လိုပင်လိုသေးသည်ဟု သူ စိတ်ထဲထင်မိ၏။

"ကောင်လေးကို နှည်းနှည်းဂရုစိုက်ပြီးထိန်းထားလိုက်သား၊ တခြားမသွားစေနဲ့နော်"

"ဟုတ်ကဲ့"

ခြံထဲတွင် ဂစ်တာတီးနေကြသော သူ့ညီအုပ်စုထဲဝင်နေသည့် နေထွန်းအိမ်ထံသို့ သူ ဆင်းလာခဲ့သည်။

မေလွန်းအိမ် လာမည်ဆိုသောကြောင့် သူ့ရင်မှာ တဖိန်းဖိန်းခုန်နေသည်။ မေလွန်းအိမ်ကို တွေ့လျှင် ဘယ်လို စကား စပြောရမလဲဟု စဉ်းစားမိလျှင် ချမ်းစိမ့်စိမ့်ဖြစ်လာသလို ရင်ပူလာသလိုလို ခံစားလိုက်ရ၏။

"ကိုကြီးစံမြတ်သာတို့အိမ်နဲ့ နီးလား"

"အင်း...မျက်စောင်းထိုး တစ်အိမ်ကျော်ပေါ့"

"သွားလည်ရအောင်"

"မနက်ကျမှသွားပါလား"

"ခုသွားပြီး ဘာသွားရိုက်တာပေါ့ ကိုမင်းရာ၊ နို့မဟုတ်ရင် ဒီကောင်တွေစာကျက်မှာမဟုတ်ဘူး၊ ဆယ်နာရီမှပြန်လာမယ်၊ မင်းတို့စာကျက်ကြတော့ ငါ့နဲ့ပြိုင်ပြီး ကလေရိုက်ဖို့ စိတ်မကူးကြနဲ့၊ ငါက ကျောင်းပင်စင်စားကွ"

နေထွန်းအိမ်ကို အထင်မသေးရဲတော့။ လွန်စွာနားလည်သိတတ်သောသူပင် ဖြစ်သည်။ ထို့ကြောင့် သူသည် အိမ်ပေါ်တက်ပြီး မိခင်ရော ဖခင်ကိုပါ အသိပေးပြီးမှ နေထွန်းအိမ်နှင့် အတူ ကိုကြီးစံမြတ်သာအိမ်သို့ ထွက်လာခဲ့၏။

"လာခဲ့...ဝင်ပြေး"

စံမြတ်သာက နေထွန်းအိမ်အား ချစ်စနိုးနှုတ်ဆက်ပြီး ရေနွေးကြမ်းနှင့် လက်ဖက်သုပ်ကျွေးခဲ့၏။ သူ့ထံရောက်လာသည်ဟု ကြိုတင်တွက်ဆထားဟန်တူသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကဲ...ဘာလို့ထွက်လာရတာလဲ၊ အဘွားကြီး ပူညည်လို့လား"

နေထွန်းအိမ်က ပခုံးနှစ်ဖက်ကို ဟန်ပါပါတွန့်လိုက်၏။ ဘာမျှမပြော ပြုံးရုံသာပြုံးနေသည်။

"အမေက ပူညည်ပူညည်လုပ်တာ အကျင့်လိုဖြစ်နေပြီပဲကွာ၊ နည်းနည်းတော့ဖွင့်လွှတ်ရဦးမှာပေါ့"

"လူကြီးတွေကို လူငယ်တွေက နားလည်ပေးပါတယ်၊ လူကြီးတွေက နားမလည်ပေးဘူးဗျ"

စံမြတ်သာနှင့် မင်းခန့်က သဘောကျစွာရယ်မောလိုက်သည်။ နေထွန်းအိမ်က သူ့မိခင်ကိုစိတ်ဆိုးနေသည့်ဟန်ဖြင့် မျက်နှာကို စူပုပ်ပုပ်လုပ်ထား၏။

"အဘွားကြီးက သားအတွက်စိတ်ပူနေတော့ မည်းမည်းမြင်ရာ ရမ်းတာပဲ၊ နေ့လယ်တည်းက ကိုယ်သိတယ်၊ ကိုယ့်ဆိုင်လာကတည်းက သားဇောကပ်နေမှန်းပေါ့"

"ကိုကြီးဆိုင်ကို လာတယ်..."

မင်းခန့်က စံမြတ်သာအား အချိန်မီဟန့်တားရန် လက်လှမ်းမီရာ ပေါင်ကိုတို့လိုက်သော်လည်း ဘ[illegible]မမီတော့ပေ။

ကိုကြီးသည် စကားကို အလွတ်မ[illegible]တတ်မှန်းဆိ[illegible]သော်လည်း ဒီတစ်ခါတော့ လွတ်သွားပြီလား။ မေ[illegible]အိမ်တို့ သားအမိ ဆိုင်လာသည်ကို နေထွန်းအိမ်အား ပြောမထားမိပ။

"မေမေဟာ ကိုယ့်သား[illegible]ကလွဲလို့ ဘယ်သူကိုမှ အထင်မကြီးဘူး၊ အရေးမလုပ်ဘူး၊ လောကမှာ သူ့သွေးသား အဓိကပဲ၊ အခုတလော ကျွန်တော်နဲ့မမကို သိပ်ဆူတာပဲ"

"လူကြီးတွေက ခေတ်အခြေအနေကို ဥပေက္ခာပြုထားတာ မှားတာပေါ့ကွာ၊ မင်းက အခုတလော အသွားအလာ သိပ်များနေလို့လားကွ"

နေထွန်းအိမ် ငြိမ်ကျသွား၏။ ကားတစ်စီးနှင့်လျှောက်သွားနေသည်ကို မိခင်ရော မမကပါ ဆူထားသဖြင့် နေထွန်းအိမ် စိတ်ကောက်နေခြင်းဖြစ်သည်။

"မင်းက ကျောင်းလည်းမတက်၊ အလုပ်ကလည်းမရှိတော့ စိတ်လေနေတာပေါ့၊ အဲဒါ ကိုယ့်အမှားကိုယ်ပြင်ဦး၊ အပေါင်းအသင်းဆိုတာ ခွဲခြားပေါင်းရတဲ့ အပေါင်းအသင်းလည်း ရှိတယ်၊ မင်းဝါသနာပါရင် ငါ့ဆိုင်မှာလာထိုင်ပေါ့ကွာ"

"ကိုကြီးဆိုင်က လေလွင့်လူငယ်များ စုစည်းရာဒေသ ထင်ပါတယ်၊ ကိုယ်လည်း အဲဒီမှာစာဖတ်လိုက်၊ လူထိုင်ဝေးလိုက်နဲ့"

မင်းခန့်က စံမြတ်သာစကားကို ဝင်ဖြည့်ပေးလိုက်ပြန်သည်။

နေ့ဝန်းအိမ်ကား ငိုင်ကာတွေးနေ[illegible] မိခင်၏ ပြင်းပြင်းထန်ထန် ကန့်ကွက်သော စကား[illegible]ကို ကြားရပါလျှင်မူ ဤ[illegible]သို့ ခေါ်ကြတော့မလား ဟူ၍ ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"မင်းခန့်ဆိုတဲ့ကောင်လေးနဲ့ စာအုပ်ဆိုင်က အကောင်တို့ မင်းက ကိုးကွယ်ထားရအောင် သူတို့က ဘာအဆင့်အတန်းရှိလို့လဲ၊ မင်းအနားမှာနေပေးတာကိုပဲ ဆပ်မကုန်တဲ့ကျေးဇူးတွေတင်နေတုန်းပဲလား"

မေမေ့စကားများက လွန်လွန်းသည်။ မဆီမဆိုင် စာအုပ်ဆိုင်မှ ကိုကြီးစံမြတ်သာကိုပါ ပုတ်ခတ်စကားပြောခဲ့သည်။ ဘယ်ရှေးဘဝ၏ ရေစက်လည်းမသိ။ မေမေက ကိုကြီးစံမြတ်သာကို ကြည့်မရသလို၊ ကိုကြီးစံမြတ်သာကလည်း မေမေ့အား အလိုလိုကြည့်မရ ဖြစ်နေဟန်တူသည်။

"သားရေ..."

ရုတ်တရက် အိမ်ဝတွင် ဘွားခနဲပေါ်လာသော ဦးဝင်းနိုင်နှင့် မေလွန်းအိမ်ကြောင့် နေထွန်းအိမ်ရော မင်းခန့်ပါ အံ့သြသွား၏။ မင်းခန့်၏ဖခင် ဦးကံညွှန့်ပါ ပါလာသည်။

"သားတို့က ဒီမှာအဖွဲ့ကျနေတာကိုး"

"မမက ဘာလို့လိုက်ပို့ရတာလဲ"

နေထွန်းအိမ်က အစ်မကို စူပုပ်သောမျက်နှာဖြင့် လှမ်းမာန်လိုက်သောအခါ မေလွန်းအိမ်က မျက်နှာငယ်ကလေးနှင့်-

"မမ တောင်းပန်ပါတယ် ထွန်းရယ်...ကိုယ့်အတွက်နဲ့ သူများမှာဝန်ပိုနေမှာစိုးလို့ပါ"

"မပိုပါဘူးဟု၊ ကျွန်တော်က ကြဲသလိုအိပ်မှာပဲ၊ မေမေ့

ကိုသာ ပြောလိုက်၊ ကိုကြီးစံမြတ်သာတို့အိမ်မှာ အိပ်မယ်"

ထိုစကားကြောင့် မင်းခန့်ရင်ကိုလှုပ်ခတ်သွားသည်။

လူကြီးနှစ်ဦးအား စံမြတ်သာက နေရာထိုင်ခင်းပြုလုပ်ပေးသည်။ စံမြတ်သာနှင့် မိခင်အိုကြီးနေသောအိမ်သည် ဆယ့်နှစ်ပေ၊ ဆယ့်ငါးပေသာကျယ်သော ကြမ်းခင်း ကျူးထရံကာအိမ်ဖြစ်၏။

သို့ရာတွင်..စာအုပ်များက သူ့နေရာနှင့်သူ စီနေသည်။ ထိုစာအုပ်များအလယ်မှာ ဖျာလေးကို ကျဉ်းကျဉ်းကျပ်ကျပ်ခင်းထား၏။ တစ်အိမ်လုံး ဧည့်သည်နှင့်စာအုပ်နှင့် ပြည့်သွားတော့သည်။

"မေလွန်းအိမ် အပေါ်ကက်လေ"

ခေါ်သာခေါ်ရသည်။ ထိုင်စရာနေရာကား မရှိ။ ကျပ်ကျပ်သပ်သပ်ထိုင်မှ ရသည်။

"ရပါတယ်အစ်ကိုကြီး၊ မေလွန်း ဒီအောက်ကခုံတန်းလျားလေးမှာ ထိုင်မယ်၊ အေးတာပေါ့"

သနပ်ခါးပင်နှစ်ပင်ကြားရှိ ခုံတန်းလျားလေးကို မင်းခန့်နှင့် စံမြတ်သာတို့က နှစ်သက်စွာထိုင်လေ့ရှိကြသလို မေလွန်းအိမ်ကလည်း လူကျပ်ရှ၍လား၊ သဘောကျ၍လားတော့မသိ၊ ထိုခုံတန်းလျားလေးပေါ် ဝင်ထိုင်လိုက်၏။

အိမ်ပေါ်မှ အလင်းရောင်ကား မေလွန်းအိမ်၏ မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com

ပေါ် ထိုးကျနေသည်။

ရှစ်နာရီပင်မထိုးသေး အစောကြီးရောက်လာသော သူတို့သားအဖနှစ်ဦးကို မင်းခန့် နားမလည်ပေ။

"သူ့အမေက ရဲစခန်းမှာအမှုဖွင့်မယ်လေး ဘာလေးနဲ့ လုပ်နေလို့ အလကားရှုပ်ကုန်မှာစိုးတာနဲ့ သမီးကိုချော့မေးပြီး မြန်မြန်ထွက်လာတာ"

"ဒါဆိုလည်း ဖေဖေပြန်တော့၊ သား ကိုကြီးစံမြတ်သာ အိမ်မှာပဲနေမယ်လို့ ပြောလိုက်ပါ"

နေထွန်းအိမ်က ခေါင်းမာစွာဖြင့် ထပ်၍ပြောလိုက်သော အခါ ဦးဝင်းနိုင်က သားတို့ပခုံးကိုချစ်စနိုးပုတ်ကာ...

"ကိုယ့်အမေအကြောင်းလည်း သိသားနဲ့သားရယ်... ဒီလိုပြောလို့ အေးရောလား။ တော်ကြာ မဆိုဖိတ်ခဲ့လူတွေ ဝင်ရမ်းကုန်ဦးမယ်၊ ကိုယ့်အတွက် ဘယ်သူ့ကိုမှ ဒုက္ခမပေးပါနဲ့ကွာ"

ဦးဝင်းနိုင်စကားကြောင့် နေထွန်းအိမ်မှာ ငြိမ်သက်သွား၏။ ဦးဝင်းနိုင်သည် နေထွန်းအိမ်အား သိပ်အလေးမထားဟန်ဖြင့် စံမြတ်သာ၏စာအုပ်များကို ယူကြည့်နေသည်။

"စာအုပ်တွေက အများကြီးပဲ၊ ဒါ စုထားတာလား"

"ဟုတ်ကဲ့ခင်ဗျာ၊ နှစ်သက်တဲ့စာအုပ်တွေကို ဝယ်စုထားတာပါ။ ဒီခေတ်ကတော့ မဂ္ဂဇင်းတွေလောက်ပဲရှိတာ များပါတယ်"

စံမြတ်သာသည် သူ့စာအုပ်အကြောင်းပြောရလျှင် မမောနိုင် မပန်းနိုင်တော့ပေ။

ဦးဝင်းနိုင်၊ ဦးကံညွှန့်နှင့်အတူ စာအုပ်များကိုကြည့်ကာ အဖွဲ့ကျနေစဉ် မင်းခန့် အောက်သို့ဆင်းလာပြီး...

"နေ့လယ်အိမ်ပြန်တော့မှ နေထွန်းအိမ် အိမ်ရောက်နေမှန်း သိလိုက်တယ်လေ၊ ကျွန်တော် ရောက်ရောက်ချင်း ဖုန်းဆက်မလို့ပါပဲ၊ မေလွန်း စိတ်ဆိုးမှာစိုးလို့"

"ဒီအိမ်ရောက်နေမယ်ဆိုတာ မေလွန်းရိပ်မိပါတယ်"

ထိုမျှသာပြောပြီး အဝေးသို့ငေးနေဟန်ကိုတွေ့လိုက်ရ၍ မင်းခန့် သက်ပြင်းရှည်ကြီးချလိုက်မိ၏။

ပွဲလန့်တုန်း ဖျာဝင်၍မခင်းချင်။ အခွင့်အရေးသမား အဖြစ်မခံနိုင်၍ သက်ပြင်းသာအခါခါချမိတော့သည်။ ပြီးတော့ ဒေါ်ခင်မာတင်၏မျက်နှာက တစ်ရစ်ဝဲဝဲ။

"ရှင်...တော်တော်မိုက်ရိုင်းတယ်၊ အစက ရှင့်ကို ဒီလောက်ရိုင်းမှန်း မသိခဲ့ဘူး"

www.burmeseclassic.com

www.burmeseclassic.com

"ဟင်..."

ရုတ်တရက် အံ့အားသင့်သွား၏။ ရှေ့တည့်တည့်ရပ်ကာ မျက်နှာအား လက်ညိုးနှင့်ထိုး၍ ဒေါသနှင့်ပြောနေသော မေလွန်းအိမ်အား သူ နားမလည်စွာ ကြည့်မိသည်။

"ရှင့်စိတ်ဓာတ်က သိပ်အောက်တန်းကျပါလား ဟင်၊ ဒါကြောင့် မေမေကပြောတာ၊ လူလေးကြည့်တော့ နဲ့.ပုံရိုးပုံနဲ့ ကုတ်ကမြင်းဆိုတာ တကယ်မှန်တာပဲ"

ငြိမ်သက်စွာအိုပ်ပျော်နေသော မြွေပွေးအား လာထိသဖြင့် ရှူးခနဲဒေါသထွက်သွားသည်။

"နေပါဦး မေလွန်းအိမ်၊ စွဲချက်တွေကများလှချည်လား၊ ခုထိတော့ ကျွန်တော်ဟာ မိုက်ရိုင်းတယ်ဆိုတဲ့အပြုအမူ၊ အောက်တန်းကျတယ်ဆိုတဲ့ အပြုအမူတွေ ဘာမှမလုပ်ခဲ့ဘူးဆိုတာ ကိုယ့်ကိုယ်ကို ယုံတယ်"

နှုတ်ခမ်းကို လှုပ်စွာမဲ့ပစ်လိုက်သည်။ ဖွဲဖွဲလေးကျလာသော မိုးစက်များကိုပင် မထေမဲ့မြင်ပြုလျက်...

"ရှင့်သူငယ်ချင်းထွန်းလူကိုလွှတ်ပြီး ကျွန်မကို ဘာပြောခိုင်းလဲ ပြော"

"ဘာမှမပြောခိုင်းဘူး"

ကိုယ့်ဘက်ကမှန်နေ၍ လေသံမာမာနှင့်ပြန်ငြင်းလိုက်သည်။ ထို့နောက် လွယ်အိတ်ထဲမှထီးကိုထုတ်၍ ဖွင့်ကာ

မေလွန်းအိမ်ကို မိုးပေးလိုက်၏။

"ပြောချင်တာကိုပြော၊ ထွန်းလူနဲ့ကျွန်တော် ဒီမနက်တွေ့တောင်မတွေ့ရသေးဘူး"

မေလွန်းအိမ်က သူ့ထီးရိပ်အောက်မှ ရှောင်ထွက်လိုက်ပြီး...

"ကျွန်မက ပြဿနာတစ်ခုကို ဘယ်တော့မှအကြွေးမထားချင်ဘူး၊ ဒါကြောင့် ချက်ချင်းမေးတာ၊ ရှင်က ထွန်းလူကိုပြောတယ်ဆို"

"ဘာပြောတာလဲ၊ ပြောခဲ့တဲ့စကားတွေက အများကြီးပဲ"

"ရှင်နဲ့ကျွန်မနဲ့ ဘာဖြစ်တယ်၊ မဖြစ်ဘူးဆိုတာ ကျွန်မကို သွားမေးလို့ ပြောတယ်ဆို"

"ဟာ...ထွန်းလူနဲ့ ကျွန်တော်က အရင်းနှီးဆုံးပဲဟာ၊ ကျွန်တော့်ဘာသာပြောမှာပေါ့၊ ဘာလို့ ခင်ဗျားကိုမေးခိုင်းရမှာလဲဗျာ"

အံ့အားသင့်စွာဖြင့် ပြောလိုက်သောစကားသည် မာဆတ်ဆတ်ဖြစ်သွားသဖြင့် ပြောပြီးမှ မေလွန်းအိမ် စိတ်ဆိုးသွားမှာ စိုးရိမ်သွား၏။

သို့သော် မေလွန်းအိမ်က တစ်စုံတစ်ခုကိုစဉ်းစားမိဟန်ဖြင့် မျက်မှောင်တွန့်လျက်...

"သူက ဘာလို့ ကျွန်မတို့ကြားမှာ စကားရောင်း စကား

www.burmeseclassic.com

ဝယ် လုပ်ချင်ရတာလဲ၊ ဒီစကားကို ရှင်မပြောရင် ရှင့်လူကို ကျွန်မဆီမလာစေနဲ့၊ သိပ်ရှုပ်တာပဲ"

မေလွန်းအိမ် လှည့်ထွက်သွားသောအခါ မင်းခန့်ရင်ထဲ လွတ်ဟာသွားပြီး သူမကို မသွားစေချင်။

"မေလွန်းအိမ်"

မေလွန်းအိမ်က ခြေလှမ်းတန့်သွားသည်။ မင်းခန့်က နောက်မှလိုက်၍ ထီးမိုးပေးပြီး...

"ခင်ဗျား ကျွန်တော့်ကိုစိတ်ဆိုးနေသေးလား"

"ဘာကိုဆိုးရမှာလဲ"

မင်းခန့် ခေါင်းကုတ်လိုက်မိသည်။

"ဟို...ကျွန်တော်...ကျွန်တော် ချစ်ခွင့်ပန်ထားတာ ကိုလေ"

မပြောတော့ဘူးဟု ဆုံးဖြတ်ထားကာမှ လွတ်ခနဲထွက်သွားသည်။

"ခွင့်မန်တာမဟုတ်ပါဘူးရှင်၊ ကျွန်မဆီက ဘာမှ ခွင့်မတောင်းပါဘူး"

"မတောင်းရဲပါဘူးဗျာ၊ ခင်ဗျားအမေကြီးကို ကျွန်တော် ကြောက်တယ်၊ ကျွန်တော်ချစ်တာကို ခင်ဗျားသိရင်ပြီးရော"

သူက လှည့်ထွက်သွားမည်အပြု...

"ကိုမင်း"

"ဟင်..."

"မေလွန်းအိမ်ကို မိုးရွာထဲမှာပစ်ထားခဲ့တယ်နော်"

"အား"

ထိုအခါမှ မေလွန်းအိမ်ကို ထီးမိုးပေးပြီး မျက်လုံးကစား လိုက်၏။

"ကား ဘယ်နားထားထားလဲဟင်"

သူ့စကားကို မေလွန်းအိမ် အဖြေမပေးဘဲ ဆက်လျှောက်လာသည်မို့ သူက ထီးတော်မိုးလုပ်ပေးရင်း...

"ကိုမင်း ယောက်ျားမဟုတ်ဘူး"

"ဗျာ...ဟုတ်ပါတယ်"

"သတ္တိမရှိဘူး"

ထိုအခါမှ သူ သဘောပေါက်သွားပြီး ရှက်ပြုံးပြုံးလိုက်တာ...

"အချစ်အတွက် သူရဲဘောကြောင်ကြတာပဲ မေလွန်းအိမ်၊ ခင်ဗျားအမေက ကျွန်တော်နဲ့ သဘောတူမှာမှမဟုတ်တာ၊ တွန်တော်က ချစ်ပြီဆို လက်တွဲဖို့ပါ ရည်ရွယ်တာဗျာ"

"ဒါဆို...ဘာလို့ဖွင့်ပြောတာလဲ"

"ငါ့ဝမ်းပူဆာ မနေသာ ဆိုသလိုပေါ့"

"တတ်တယ်"

မျက်စောင်းလေးဝင့်ကာ ပြောလိုက်သည်နှင့် သူ့အလိုကို နားလည်သွားပြီး ရှက်ပြုံးနှင့် ပလုံးပထွေးပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

"မေလွန်းအိမ်က ကျွန်တော့်ကို သတ္တိတွေပေးမှာလား"

"ကိုမင်းက သတ္တိပဲလိုချင်တာပေါ့"

ပန်းနုရောင်သမ်းနေသောမျက်နှာလေးကို ငုံ့လျှိုး၍ မေးလိုက်သောအသံသည် မေလွန်းအိမ်တွင် တွေ့နေကျ မျက်နှာပင့်နေသည့်ဟန်နှင့် အသံတိုးဖြင့် လုံးဝကွာခြားနေသော ကြောင့် သူ့ဘက်က ရာနှုန်းပြည့်အောင်မြင်ပြီဖြစ်ကြောင်း နားလည်လိုက်၏။

"သတ္တိပဲလိုချင်တယ် မေလွန်းအိမ်၊ အချစ်အတွက် သတ္တိရှိဖို့ အရေးကြီးတယ်"

"တကယ်လား ကိုမင်းက သတ္တိပဲလိုချင်တယ်လား"

"ဟုတ်တယ်လေ...မေလွန်းအိမ်ကိုချစ်ပေမယ့် သတ္တိ မရှိလို့တော့ ရယူလိုမှုအတွက် စိုးရိမ်နေတယ်"

"မေလွန်းကတော့ သတ္တိရှိတယ်၊ မေလွန်းချစ်မိပြီဆိုရင် ဘယ်လို အရံအတားပဲဖြစ်ဖြစ် ဖြတ်ကျော်ရဲတယ်"

မင်းခ်န့် သက်ပြင်းရှည်ကြီးချက်လိုက်မိ၏။

"မေလွန်းရဲ့အချစ်ကိုရရင် ကျွန်တော် ကြိုးစားပါ့မယ်၊ သတ္တိရှိပါ့မယ်ဗျာ"

ပြောသာပြောရသည်။ ရင်ထဲမှာတော့ စိုးရိမ်နေသလိုလို အားငယ်သလိုလိုနှင့်။

"ဘာမှသိမ်ငယ်စရာမရှိပါဘူး၊ စိုးရိမ်စရာဝဲရှိတယ်၊ ဒီအဘွားကြီးရဲ့ ပါးစပ်ဒဏ်ကိုပေါ့၊ ဒီအဘွားကြီးက မင်းရယ် ငါရယ်ကို သိပ်ချီးနှိမ်တာပဲ၊ နေထွန်းကို လှည့်ပတ်အစ်တော့ မင်းထက် ငါ့ကိုပိုနှိမ်တယ်တဲ့၊ ငါက စာအုပ်ရောင်းနေတာကို ပိုနှိမ်တယ်လေ၊ မင်းကိုတော့ အရာရှိသားမို့ သိပ်မပြောဘူး"

စံမြတ်သာသည် သူ့စာအုပ်အရောင်းအဝယ်လုပ်ငန်း နှင့် ပတ်သက်၍ စော်ကားလျှင် နည်းနည်းမျှသည်းမခံတတ်ပေ။

စီးပွားရေးလုပ်ရန်ထက် ဝါသနာကို ပို၍အလေးထားသူ ဖြစ်၏။

"ဈေးသည်ချင်းအတူတူ ပိုချင်သေးတယ်၊ သူ့ယောက်ျား ရော၊ မေလွန်းအိမ်ကရော၊ နေထွန်းအိမ်ကပါ ကိုကြီးဆိုင်... ကိုကြီးဆိုင်နဲ့ပြောနေတာကို နားကြားပြင်းကပ်ပြီး လူမမြင်ဖူးဘဲနဲ့ မုန်းနေတာလေ၊ အစကတော့ သူ့သမီးပါသွားမှာစိုးလို့ ထင်ပါ တယ်"

ဘာတစ်ခွန်းမျှမပြောဘဲ အဝေးသို့ငေးနေမိ၏ဦး၊

www.burmeseclassic.com

www.burmeseclassic.com

စံမြတ်သာက ဆေးလိပ်ကို အားပါးတရဖွာရင်း တစ်စုံတစ်ခုကို သတိရဟန်ဖြင့်...

"ဟေ့...အဲဒါကောင်းတယ်၊ ငါ့ဆီမြားဦးလှည့်နေတော့ မင်းကို သံသယမဖြစ်ဘူးပေါ့ကွာ၊ နေထွန်း ထွက်ပြေးတုန်းက လည်း ငါ့အိမ်မှာပဲတွေ့တော့ အဘွားကြီးက ငါ့ကိုပဲထင်နေတာ၊ အခု နေထွန်းက ငါ့ဆိုင်လာပြီး စာအုပ်ဖတ်လိုက်၊ စာအုပ်ချုပ်လိုက်နဲ့ လုပ်နေတာကို ပိုပြီး အောင့်သက်သက်ဖြစ်နေတယ်ကွ"

စံမြတ်သာသည် ဒေါ်ခင်မာတင်ကို မကျေနပ်သော ကြောင့် အရွဲ့တိုက်လိုစိတ် ရှိနေသည်ကို မင်းခန့်ရိပ်မိ၏။ သူ့ ရင်တွင်းခံစားချက်များက နိုးထလာပြီး မင်းခန့် အားမငယ်စေရန် အတွက် အားပေးရင်း ဒေါ်ခင်မာတင်နှင့် အနှစ်နှစ်အလလ အပြိုးထားထားသော ရန်ဘက်သဖွယ် မကျေမနပ်နှင့် ရေရွတ် ပြောနေ၏။

စံမြတ်သာအကြောင်းကိုသိနေသော မင်းခန့်သည် စံမြတ်သာကဲ့သို့ ဖြစ်မည်ကို ကြောက်ရွံ့မိ၏။

စံမြတ်သာတွင် ဇနီးရှိခဲ့ဖူးသည်။ သို့သော် အဆင့် အတန်းချင်း မတူညီသောကြောင့် မိဘများက လိုက်ခွဲကြသဖြင့် ကွဲသွားကြပြီး စံမြတ်သာ၏ဇနီးသည် စိတ်ထောင်းကိုယ်ကျေ ဖြစ်ကာ ဆုံးပါးသွားခဲ့သည်။

"ကျွန်တော် ဘာကိုစိုးရိမ်နေမှန်းမသိပါဘူး၊ တစ်ခုခုကို

တော့ စိုးရိမ်နေမိတာ အမှန်ပဲ၊ မေလွန်းအိမ်က ကျွန်တော်တို့ တကယ်ချစ်တာပါ။ ထွန်းလူတို့ကတောင် မနာလိုဖြစ်သေးတယ်၊ မေလွန်းအိမ်က ထွန်းလူကိုတောင် ခန့်လိုက်သေးတယ်၊ ကိုထွန်း လူကို ကျေးဇူးတင်ပါတယ်တဲ့၊ ကိုထွန်းလူပြောလိုက်လို့ သူတို့ နှစ်ယောက် ပွင့်ပွင့်လင်းလင်း ချစ်သူဖြစ်ရတော့တယ်လို့လေ၊ ထွန်းလူမျက်နှာကြီး မည်းပုပ်သွားတာပဲ"

"မင်းကို ငါပြောထားသားပဲ၊ ထွန်းလူကို သတိထားပေါင်း လို့လေ၊ ဒီကောင်က စိတ်ထားမကောင်းဘူး"

မင်းခန့်၏ခေါင်းထဲတွင် ထွန်းလူအကြောင်းထက် မေလွန်းအိမ်အကြောင်းသာ ခေါင်းထဲဝင်နေ၏။

မေလွန်းအိမ်သည် ချစ်သူကိုချစ်ရာတွင် ယခင်က ဘယ်ယောက်ျားလေးကိုမှ ဂရုမစိုက်သကဲ့သို့ ယခုလည်း... ချစ်သူက လွဲလို့ ဘယ်ယောက်ျားလေးကိုမှ ဂရုမစိုက်ပေ။

"ကိုယ်မလာတဲ့အခါ လိုက်မလာပါနဲ့၊ ဟိုကောင်တွေက စကြလိမ့်မယ်"

"စ,ပစေပေါ့ ကိုမင်းရယ်...မေလွန်းမှမကြားတာ၊ ပြီးတော့ မြင်လည်းမမြင်ဘူး၊ မေလွန်းမြင်တာ ကိုမင်း တစ်ယောက်တည်းကိုပဲ၊ အဲဒီတော့ ဘယ်လောက်စစ မေလွန်း ဘာမှ မဖြစ်သွားပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

"ဟာ...ဟေ့ကောင်..ငါပြောတာမကြားဘဲနဲ့ ဘာတွေ တွေးနေတာလဲ"

သဘောကျစွာ ပြုံးလိုက်မိသောအပြုံးဖြင့် စံမြတ်သာကို လှည့်ကြည့်ကာ...

"မေလွန်းအိမ် သတ္တိရှိတာကို တွေးမိလို့ပါ ကိုကြီးရာ၊ သူ သတ္တိရှိတာနဲ့ ကျွန်တော်ပါ လိုက်ပြီး သတ္တိရှိလာရတော့တာပဲ၊ နေထွန်းကတော့ပြောတယ်၊ မမက သိပ်ရဲတာပဲတဲ့၊ မေမေက သဘောတူမှာမဟုတ်ဘူးတဲ့"

"တော်စမ်းပါ ကိုမင်းရာ...အဘွားကြီး ဘာလို့သဘော မတူလဲဆိုတာ စဉ်းစား၊ အမိက ငွေကြောင့်ပဲ၊ မင်း သိပ်မချမ်းသာလို့ သဘောမတူတာ၊ မင်းက အရာရှိကြီးသားပဲ၊ ဂုဏ်ရှိပြီးသားပဲ မဟုတ်လား၊ ငွေရှိဖို့ပဲလိုတာပေါ့၊ ဟေ့ကောင်...ကိုမင်း ငါ့တုန်းက ငါခေါင်းမာလို့ တစ်လွဲမာနကြီးနေလို့ ခံရတာ၊ အခု မင်းကြိုးစား"

မင်းခန့်ရင်ထဲ စိမ့်ဝင်သွားသည်။ သူ ဘာကိုကြိုးစားရမှာလဲ။

အဘွားကြီး ဘာလိုလဲ၊ သူတို့သိပ်အမွန်းတင်ပြီး ဂုဏ်လုပ်နေတဲ့ ဆီဒိုးနားမှာ သုံးခါပြန် မဂ်လာဆောင်နိုင် အောင် လုပ်ကွာ၊ မင်းကို ငါ လမ်းစဖော်ပေးမယ်၊ ငါ အောက်ကျ

မခံချင်လို့မသွားတဲ့ ငါ့ဘကြီးဆီ မင်းအတွက်အောက်ကျခံပြီး ပြောပေးမယ်၊ မင်း အလုပ်လုပ်ကွာ"

စံမြတ်သာစကားကြောင့် သူအံ့ဩသွား၏။ စံမြတ်သာသည် သူပြောလိုသည့်စကားကိုသာ အိပ်မက်ထဲ၌ ရေရွတ်ပြော ဆိုနေသူ တစ်ယောက်ပမာ ရေရွတ်လျှက်...

"ငါ့ဘကြီးက ကုမ္ပဏီတစ်ခု လုပ်နေတယ်၊ နိုင်ငံခြားနဲ့ အဆက်အသွယ်လုပ်ဖို့ လူယုံလိုနေလို့ ငါ့ကိုလာခေါ်နေတာ ကြာပြီ"

စိတ်အားထက်သန်စွာပြောနေသည့် စံမြတ်သာကို သူ ငေးငေးလေးကြည့်နေမိသည်။

မေလွန်းအိမ်အား ပြန်မတိုင်ပင်မိသော်လည်း ဖခင်နှင့် မိခင်ကိုတော့ ပြောပြကာ တိုင်ပင်မိ၏။ ထိုအခါ ဖခင်စကားကြောင့် သူ့ရင်ထဲမှာ စူးနစ်ခဲ့၏။

"အေးပေါ့ကွာ...မမိတဲ့ပန်းကိုလှမ်းချင်ရင် တုံးခုပြီး တော့မှ လှမ်းရတာပေါ့ကွာ၊ သားယောက်ျားလေးတစ်ဦးအဖို့ အချိန်တန်လို့ မိန်းမလိုချင်ရင်လည်း အလုပ်ရှိရှိ မရှိရှိ တောင်းပေးရမယ့်ထုံးစံ မိဘမှာရှိကြတာပဲ၊ သားက ကိုယ့်အသိစိတ်နဲ့ ကိုယ် ကြိုးစားချင်ဟယ်ဆိုတော့လည်း, လမ်းသာအားလျှော့ပြီး

www.burmeseclassic.com

www.burmeseclassic.com

တယ်ကွာ၊ ဒါပေမယ့်...ဖေဖေတို့ပေးနိုင်တဲ့ ပညာအမွေဖြစ်တဲ့ ဘွဲ့တစ်ခုကိုတော့ ရအောင်ယူပေးပေါ့ကွာ”

○○○

မေလွန်းအိမ်သည် အချစ်အတွက် နှလုံးသားတံခါးကို ဖွင့်ပေးပြီးနောက်တွင် ပျော်ရွှင်ခြင်း၊ ကြည်နူးခြင်း၊ ရင်ခုန်ရခြင်း ဟူသော အချစ်၏ခံစားချက်များကို မရရှိသေးပေ။

မေလွန်းအိမ်၏ အချစ်ကို ရရှိပြီးနောက် တစ်ပတ် နှစ်ပတ်အတွင်းသာ စားအတူ၊ သွားအတူရှိခဲ့ပြီးနောက် ချစ်သူတို့၏ ပျော်ရွှင်ကြည်နူးစရာအကောင်းဆုံး ချစ်စခင်စ အခြေအနေတွင် မင်းခန့် မိန်းမောမနေဘဲ အလုပ်လုပ်နေသည်ဆို၍ ပို၍ နားမလည်ပေ။

“နေပါဦး ကိုမင်းရယ်...ဘာအလုပ်မို့ ဒီလောက်... သဲသဲမဲမဲလုပ်နေရတာလဲ”

မေလွန်းအိမ်သည် ဖုံးကွယ်ထားသည့် မျက်လုံးများ၏ အဓိပ္ပာယ်ကို ရှာဖွေမိသူပီဖီ ရင်ထဲကမကျေနပ်သည်များကို ဖွင့်အံ့မေးလိုက်သဖြင့် တမင်ဖုံးကွယ်ထားသော်ကြောင့် မည်သို့ ပြောရမည်မသိ ဖြစ်သွားသည်။

နူတ်ဆိတ်ကာနေပြီး ဆံပင်ကိုသာ လက်ငါးချောင်းဖြင့် ထိုးဖွနေသော မင်းခန့်၏မျက်နှာကိုငုံ့ကြည့်ရင်း...

“အဖြေသိပ်ခက်နေရင် မဖြေနဲ့တော့လေ”

ပြတ်သားသောလေသံကြောင့် မေလွန်းအိမ်ကို မော်ကြည့်လိုက်သည်။ စိတ်များဆိုးသွားသလားဟု။

“အဖြေခက်စရာမရှိပါဘူး မေလွန်းရယ်၊ ဘာအလုပ်ဆိုတာ ကိုယ်တိုင်က သေသေချာချာမသိသေးလို့ပါ”

“မသိဘူးဘဲ လုပ်ရသလား”

“အစပဲ ရှိသေးတာပဲ”

“အလုပ်လုပ်ရအောင် ကိုမင်းက အဆင်မပြေလို့လား”

ထိုအမေးအတွက် အဖြေခက်သွားသည်။

“အစကတော့ အလုပ်လုပ်ဖို့ လုံးဝစိတ်မကူးဘူး မေလွန်း”

“ခုမှစိတ်ကူးတယ်ပေါ့”

ခနဲ့အပြုံးနှင့်ပြုံးကာ စူးစူးလေးကြည့်ပြီးမေးလိုက်သဖြင့်

www.burmeseclassic.com

www.burmeseclassic.com

မင်းခန့်ရင်ထဲ အသည်းယားသွား၏။ ထို့ကြောင့် မေလွန်းအိမ်၏ လက်ကလေးကို တင်းတင်းဆုပ်ကိုင်ရင်း မချင့်မရဲလေသံနှင့်...

"ဟုတ်တယ်...မောင့်အတွက် မျှော်လင့်ချက်အသစ်တွေကို ယူဆောင်ပေးတဲ့ မောင့် မေလွန်းအတွက် မောင် အလုပ်လုပ်ချင်ပြီ၊ ထိုက်တန်မယ့် ကြည်ဖြူနိုင်မယ့် လက်ခံနိုင်မယ့် အခြေအနေရောက်အောင်လို့ မောင်ကြိုးစားရတော့မယ်လေ"

မေလွန်းအိမ်က လွန်စွာအံ့အားသင့်သောမျက်လုံးများဖြင့် သူ့အားမော်ကြည့်ကာ...

"မေလွန်းက ကိုမင်းကို..."

"ချစ်သူတွေဖြစ်ပြီပဲ၊ သူများခေါ်တဲ့အခေါ်အဝေါ်တွေ မခေါ်ဘဲ ချစ်သင်္ကေတလေးတွေ ပြောင်းခေါ်ပေးပါ"

"သွား...အရေးထဲ မဏ္ဍာပ်တိုင်တက်ပြချင်နေပြန်ပြီ"

ရှက်ရှက်နှင့် သူ့လက်ကို အတင်းရုန်းလိုက်သော်လည်း မလွတ်ဘဲ ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ထားရင်းက...

"ချစ်လွန်းအိမ်"

"ဟာ...ဘာလို့အော်ရတာလဲ၊ မရှက်ဘူးလား"

"မရှက်ပါဘူး ချစ်လွန်းအိမ်ရယ်..."

"ဒါပေမယ့်...ကျွန်မ ရှက်တယ်"

"ဒါဆို နှစ်ကိုယ်ကြားပဲခေါ်မယ်နော် ချစ်လွန်းအိမ်...ချစ်လွန်းအိမ်"

"သွား...အရှုးလိုပဲ"

လက်ထဲမှစာအုပ်နှင့် မင်းခန့်ကိုလှမ်းရိုက်လိုက်သည်။ ရယ်မောရင်းနှင့် စောစောကတင်းမာလုဆဲဆဲပြဿနာလေး ပျောက်ကွယ်သွားသည်ဟု ထင်လိုက်ရသည်။

"ကဲ...သွားစို့ မေလွန်း"

"ဟင်...ဘယ့်နှယ့်လောနေရတာလဲ"

"ဘက်ကိုပြေးရဦးမှာမို့ပါ"

"ဘာကိတ်"

"ကိုယ်စားလှယ်လွှဲတဲ့ကိစ္စကို လုပ်ရမှာမို့ပါ၊ တစ်နာရီ ချိန်းထားတယ်၊ လွန်း ပြန်တော့လေ"

"မောင် တကယ်အလုပ်လုပ်ပြီပေါ့"

အခေါ်အဝေါ်လေး ပြောင်းလိုက်သည်ကိုပင် မကြည်နူးနိုင်ဘဲ ခေါင်းလေးဆတ်ဆတ်ညိတ်ရင်း...

"မောင့်ကို သံသယမျက်လုံးတွေနဲ့ မကြည့်ပါနဲ့ လွန်းရယ်၊ လွန်းခေါင်းထဲမှာထည့်ထားရမှာက မောင် ဘွဲ့ရဖို့ တစ်လနှစ်လပဲလိုတော့တာကို စောင့်မနေနိုင်ဘူး၊ ရတုန်းပဲ အလုပ်တိုဆုပ်ကိုင်ရမယ်၊ အလုပ်လုပ်ရင်း စာမေးပွဲဖြေမယ်ဆိုပဲ ဒါတွေ

www.burmeseclassic.com

အားလုံးဟာ အချစ်အတွက်ပြောင်းလဲသွားတာပဲ၊ လွန်းကိုချစ်လို့ လွန်းကိုတန်ဖိုးထားလို့၊ လွန်း မျက်နှာမငယ်ရအောင် မောင်ကြိုးစားမယ်၊ လွန်းကို စချစ်မိတဲ့အချိန်ကစပြီး မောင်လုပ်သမျှ ကြိုးစားသမျှ ခြေလှမ်းလှမ်းသမျှ အားလုံးတွေဟာ လွန်းအတွက်ပဲဆိုတာ စွဲစွဲမြဲမြဲမှတ်ထားပါနော်"

နှုးညံ့နေသော ပါးပြင်လေးကို လက်နှင့်မနာအောင် ဆွဲလိမ်ပြီး လှည့်ထွက်သွားသော ချစ်သူ၏နောက်ကျောကို ငေးကြည့်နေမိသည်။

ရင်ထဲမှာလွတ်ဟာသွား၏။ ခဏလေးဝေးကွာသည်ကို ပင် သည်းမခံချင်လောက်အောင် ရင်ထဲမှာလွမ်းဆွတ်နေသည်ကား အဘယ်ကြောင့်နည်း။

မင်းခန့်ကို စွဲစွဲလမ်းလမ်း ချစ်မိနေ၍သာဖြစ်သည်ဟု မေလွန်းအိမ် ယုံကြည်လိုက်သည်။ အဘယ်ကြောင့်ဆိုသော် မင်းခန့်က ချစ်စကားပြောပြီး မိမိထံတွင် အဖြေမတောင်းဘဲ မေ့ပျောက်ရှောင်ဖယ်ထားစဉ်ကပင် ရင်ထဲမှာ မကျေမနပ်နှင့် ခံစားနေရသည်ကို မိမိကိုယ်ကို မိမိ အသိပင်ဖြစ်၏။

ထိုအခါတွင် မင်းခန့်စိုးရိမ်သကဲ့သို့ မေလွန်းအိမ်၏

ရင်ထဲတွင်လည်း စိုးရိမ်စိတ်ကလေးဝင်သွားလေသည်။

"အချစ်ကို လက်လွှတ်ဆုံးရှုံးရမည့် စိုးရိမ်စိတ်..."

"မမကတော့ လုပ်ချလိုက်ပြန်ပြီ"

"ဘာလဲဟ..."

အဆုံးအစမရှိပြောလိုက်သော စကားကြောင့် မေလွန်းအိမ် အလန့်တကြားနှင့် မေးလိုက်သည်။

အတွေးထဲတွင် မင်းခန့်သာစိုးမိုးနေသည်မို့ စိတ်ကူးယဉ်နှင့် ငေးနေစဉ် နေထွန်းအိမ်စကားကြောင့် အတွေးပျက်ကာ လန့်သွား၏။

"ဒီလောက်မီးတောက်နေတာတောင် လောင်စာကစုနေသေးတယ်ဗျာ၊ အုံ့ရော...အုံ့ရော"

ရုတ်တရက် နားမလည်စွာဖြင့် ခေတ္တငေးသွားသည်။ နောက်မှ မင်းခန့်တို့ ပန်းခြံထဲတွင် သူမနှင့် မင်းခန့် ပူးကပ်ထိုင်တွဲကာ စကားပြောနေသည်ကို နေထွန်းအိမ်တွေ့သွား

www.burmeseclassic.com

www.burmeseclassic.com

ကြောင်း သတိရလိုက်မိ၏။

"မားသားကို မမမ့် မလန့်တာ"

"လန့်တော့လန့်တာပေါ့ ထွန်းရာ...ဒါပေမယ့် မောင့်ကို..."

ဆက်မပြောသင့်တော့သဖြင့် ရပ်ထားလိုက်သောစကားကို နေထွန်းအိမ်ကား ပြုံးဖြီးဖြီးနှင့် ဆက်လိုက်၏။

"အချစ်ဆိုတာ အောင့်အီး၍မရပါ။ ဟုတ်လားမမ၊ ကိုယ်ဆက်၍ မအောင့်နိုင်တော့ဘူးပေါ့"

"တော်စမ်းပါ"

ရယ်မောပြီး နေထွန်းအိမ်ကို လှမ်းထုလိုက်သော်လည်း ရင်ထဲတွင်နွမ်းသွားသည်။ နေထွန်းအိမ်ကိုယ်တိုင် စိုးရိမ်နေသော အမှုကို သူ အဘယ်ကြောင့်ပြုမူလိုက်မိသနည်း။

မင်းခန့်ကို ချစ်မိစဉ်က မင်းခန့်အကြောင်းကိုသာ တွေး၍ စဉ်းစားနေမိသည်။ အဆင့်အတန်းကို ပေတံနှင့်တိုင်း တာတတ်သော မိခင်ကို အဘယ်ကြောင့် မစဉ်းစားမိခဲ့သနည်း။

"မေမေသာသိရင် မီးတောက်ပြီပဲ"

"မတတ်နိုင်ဘူး၊ ချစ်သွားပြီပဲ"

"ထွန်းတော့ လန့်တယ်"

မေလွန်းအိမ်က မကျေမနပ်နှင့် မျက်စောင်းလေးလှေ့ လိုက်၏။

"အားကိုးရတော့မယ်"

ထိုအခါတွင် နေထွန်းအိမ်ဟာ တွေးတွေးဆဆလေးနှင့် စဉ်းစားနေသည်။

မေလွန်းအိမ်ကတော့ တာမျှမစဉ်းစားချင်။ အလုပ်မအားလပ်သည့်ကြားမှ ခဏတာတွေ့ရသည့် အချိန်လေးကိုပင် စိတ်ကူးနှင့်ဆွဲဆန့်လျက် တစ်ယောက်တည်း တိတ်တဆိတ်နေရသည့်/အလုပ်ကိုပင် လုပ်နေချင်မိသည်။

ခါတိုင်းကဲ့သို့ပင် အိမ်အလုပ်လုပ်ရသည်ကိုပင် တက်တက်ကြွကြွမရှိလှပေ။ မိခင်ကလည်း လူယုံရနေသဖြင့် မင်္ဂလာစေ့းသို့ နေ့စဉ်မသွားတော့။ အထည်များရောက်လာသည့်အခါ ဖျင်းသည့်အခါသာ ထသွားသည်။ တစ်ပတ်တွင် နှစ်ရက်ခန့်သာ စေ့းသို့သွားတော့၏။

အိမ်အလုပ်နှင့် သားသမီးများကို စိတ်ဝင်စားလာသည်မှာ နေထွန်းအိမ် အိမ်ကထွက်သွားပြီးကတည်းက ဖြစ်၏။

သားနှင့်သမီးအား ဥပေက္ခာပြုကာ စီးပွားရေးကိုသာ မဲရှာနေသော ဒေါ်ခင်မာတင်အဖို့ အရွယ်ရောက်နေကြသော သားနှင့်သမီးကို ဂရုစိုက်ရမည်မှန်း နားလည်စပြုနေပြီ။

ထို့အပြင် ငယ်ရာမှကြီးလာသော ဒေါ်ခင်မာတင်အနေနှင့် ချစ်တတ်လာသော သမီး၏ ငေးငိုင်သောအမူအရာ၊ အပြုံးသွားလျှင် အချိန်ယူ အလှပြင်လာသည့် အပြုအမူများကို သတိထားမိစ

www.burmeseclassic.com

ပြုနေလေပြီ။

"ထွန်းကို အားကိုးရမှာထက် ဖေဖေ့ကိုအားကိုးရင် ပိုကောင်းမယ်ထင်တယ်"

နေထွန်းအိမ်အပြောကြောင့် မေလွန်းအိမ်လည်း ဖခင်ဦးဝင်းနိုင်ကို သတိရလာသည်။ မင်းခန့်၏ဖခင် ဦးကံ့ညွှန့်နှင့်ကား ခင်မင်ရင်းနှီးသည့် တရားထိုင်ဘက် မိတ်ဆွေများပင် ဖြစ်၏။

ထို့အပြင် မင်းခန့်၏ဖခင်မှန်း မသိခင်ကပင် နှစ်ဆန်းတစ်ရက်နေ့ ရိပ်သာမှထွက်စဉ်ကတည်းက ဦးကံ့ညွှန့်အား ခ်ီးမွမ်းစကားပြောဖူးသည်ကို မေလွန်းအိမ် မှတ်မိလိုက်သည်။

"ဟုတ်တယ်...ဖေဖေက ဦးကံ့ညွှန့်ကို သိပ်အထင်ကြီးတာပဲ၊ သီတင်းကျွတ်လပြည့်နေ့ကတောင် ရိပ်သာသွားဖို့ချိန်းကြသေးတယ်၊ ဦးကံ့ညွှန့်ကို ဖေဖေကသွားခေါ်ပြီးမှ အတူတူသွားကြမယ်တဲ့၊ ဖုန်းစကားပြောနေတာကို မမ ကြားလိုက်တယ်"

"ဒါဟာ မမအတွက် တစ်ခုတည်းသော မျှော်လင့်ချက်ရောင်ခြည်လေးပဲ၊ ဖေဖေ့စကားကို မေမေက ပယ်ရှားခဲ့ပါတယ်၊ ပြီးတော့...ကိုမင်းကလည်း ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်ပြီး ငွေရှာနေတယ်မဟုတ်လား"

"သူ့အလုပ်နဲ့ပတ်သက်ပြီး မမ့ကိုမပြောပြဘူး"

"ထွန်းကိုလည်း မပြောပြပါဘူး၊ ကိုကြီးကသာ အရိပ်

အငွေ့ပြောတာ၊ ကိုကြီးကတော့ မေမေ့ကိုမကြည်ဘူး သိလား"

"မေမေ့စကားကလည်း ကြည်စရာမှမရှိတာ"

"မေမေက မမကို ကိုကြီးနဲ့ငြိမှာ သိပ်စိုးတာ"

မေလွန်းအိမ် ပြုံးလိုက်မိသည်။ မြို့ထဲသွားသည့်အခါတိုင်း မေလွန်းအိမ်၏နောက်မှ တကောက်ကောက်လိုက်သည့် မိခင်ကို နားလည်ထားသည်။

"ကောင်းတာပေါ့၊ ကိုကြီးကလည်း မေမေအထင်လွဲအောင် ဖုန်းကအစခေါ်ပေးတယ်လေ၊ တကယ်တော့ ကိုမင်းပြောဖို့ သူကဖုန်းခေါ်ပေးတာပဲ"

"နေပါဦး..မမက ကိုမင်းကို နှစ်ယောက်တည်းတွေ့ရင် အဲဒီလိုပဲခေါ်လို့လား၊ မခေါ်ပါဘူး မဟုတ်လား"

"ခွေးကောင်လေး"

နေထွန်းအိမ်၏ အရွှတ်အနောက်လေးကြောင့် မေလွန်းအိမ်မှာ စိတ်ရှုပ်ထွေးနေသည့်ကြားမှ ရယ်မောလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

"စိတ်ရှုပ်စရာ ဘာဘာညာညာတွေ တွေးနေရင် ပိုစိတ်ရှုပ်ရုံပဲရှိတယ် ညီမလေး၊ ဘာမှမတွေးနဲ့ ကိုမင်း ခရီးထွက်သွားတာ အလုပ်ကြောင့်ပဲ၊ ညီမသိရင် တားနေမှာစိုးလို့ မပြောသွားတာ၊ ကိုကြီးကို နားလည်အောင်ပြောပြဖို့ မှာသွားတယ်"

ထူးထူးခြားခြား အိမ်နားသို့လာကာ မေလွန်းအိမ်အားရှာဖွေ၍ မင်းခန့် ခရီးထွက်သွားကြောင်း လာပြောသည့် စ်မြတ်သာကို မေလွန်းအိမ်က လက်ဖက်ရည်တိုက်ကာ ဧည့်ခံနေသည်။

"ကိုမင်းက ပေါ့ဝေါ့သမားမဟုတ်ဘူး၊ သိပ်အလေးအနက်ထားတာပဲ၊ အမှတ်လည်းကြီးတယ်၊ သူ့ကို နှိမ်တယ်ထင်ရင် သူကပို့ရွဲ့တတ်တယ်၊ ဒါပေမယ့်...ညီမကိုချစ်လွန်းလို့ ဘာမှ အရွဲ့မတိုက်ဘဲ ကြိုးစားပြီးအလုပ်လုပ်တာ"

"သူလုပ်တဲ့အလုပ်က ကောင်းရဲ့လား ကိုကြီးရယ်၊ ဟိုလေ...မေလွန်းစိုးရိမ်တာက ငွေရချင်ဇောကြောင့်..."

"အဲဒီလိုမဟုတ်ပါဘူး၊ သူက ဦးကံဇွန်ရဲ့သားပဲ၊ ဦးကံဇွန် အကြောင်းလည်း ညီမသိမှာပေါ့၊ ရှေ့နေပေါက်စဘဝ

ကတည်းက တရားတဲ့အမှု၊ မှန်ကန်တဲ့အမှုဆိုရင် အရိုးကျေကျေ အရေခန်းခန်း လိုက်တာပဲ၊ မတရားတဲ့ဘက်ကနေဆိုရင် ငွေဘယ်လောက်ပုံပေးပေး မလိုက်ဘူး၊ သူက ငွေမချမ်းသာချင်နေ၊ သစ္စာရှိပြီး ရိုးသားရင်ပြီးရောမှတ်ယူတဲ့ လူစားပဲ"

ဦးကံညွန့်အကြောင်းကို ဖခင်ထံမှလည်း ကြားခဏ ကြားနေရသည်။

"အခု သူလုပ်နေတာ နိုင်ငံခြားက သစ်ကိုယ်စားလှယ်နဲ့ ဆက်သွယ်တဲ့အလုပ်ပဲ၊ သူက သစ်ကွက်တွေကိုလိုက်ကြည့်ပြီး နိုင်ငံခြားကကိုယ်စားလှယ်နဲ့ စကားပြောရတာပါ။ ယုံကြည်ရတဲ့လူ လိုအပ်နေလို့ ကိုယ့်ဘကြီးက ပြောပြောနေတာ၊ အတော်ဖြစ်သွားပြီပေါ့၊ ဒေါ်လာသုံးရာရတယ်လေ"

"ကိုမင်းက မေလွန်းကို ဘာမှမပြောဘူး ကိုကြီး၊ သိပ်လျှို့ဝှက်တာပဲ"

"ကိုကြီးကိုတောင် သူ့လုပ်ငန်းနဲ့ပတ်သက်ပြီး မပြောတော့ဘူး၊ သူ့ကုမ္ပဏီ နေရာပြောင်းတာကအစ မပြောလို့ ကိုကြီးကတောင် ဆဲထားသေးတယ်"

"သူကလျှို့ဝှက်တာလား၊ သူ့ကုမ္ပဏီပေါ်မှာ ကတိတည်တာလား"

"အဲဒါလည်းပါတယ်၊ အာမချောင်တာလည်းပါတယ်၊ ဓားကြားတတ်တာလည်း ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဟင်း...စုံသွားတာပဲ"

မေလွန်းအိမ်က သဘောကျစွာရယ်မောလိုက်သည်။ ချစ်သူအကြောင်းပြောနေရလျှင် မျက်လုံးလေးမှာ တလဲ့လဲ့ တောက်ပကာ မျက်နှာပြင်၌ ပန်းနုရောင်သမ်းသွားသည့် မေလွန်းအိမ်အား စံမြတ်သာ ငေးကြည့်နေမိသည်။

ချစ်သူအား ချစ်တတ်လွန်းသော မိန်းကလေးများသည် ချစ်သူနာမည်ကြားသည်နှင့် ကြည်နူးမှုလေး ဖုံးသွားတတ်သည်ကို သူ မြင်ဖူးခဲ့သည်။

"အခု...ကိုမင်းဘယ်သွားတာလဲဟင်"

"ဘော်..တောင်ငူတင်ပါ။ ပဲခူးမှာနှစ်ညအိပ်ပြီး တောင်ငူဘက် သွားမှာ၊ အခြေအနေအရ အလွန်ဆုံးငါးရက်ပါပဲ"

"ငါးရက်..."

နှုတ်ဖျားမှ တီးတိုးရေရွတ်လိုက်သည်။ စံမြတ်သာအဖို့ ငါးရက်ပါပဲဟုပြောလိုက်သော်လည်း မေလွန်းအိမ်အဖို့တော့ ငါးနှစ်ဟူ၍ ကြားမိသလိုလိုပင်။ ထိုငါးရက်တာကာလကို အလွမ်းရက်ရှည်များစွာဖြင့် ဖြတ်ကျော်ရပေဦးတော့မည်။

"ကိုကြီးကိုလာမှပဲ သတင်းမှန်သိရတော့တယ်၊ ကိုထွန်းလူတို့ဆို နောက်နေတာပဲ"

စံမြတ်သာ မျက်မှောင်ကုတ်လိုက်သည်။

"ကိုမင်းပြန်လာရင် ချက်ချင်းလာတွေ့မှာပါ။ အဲဒီဘက်

ကို သိပ်မသွားပါနဲ့"

စံမြတ်သာစကားကြောင့် မေလွန်းအိမ်မျက်နှာလေး ရဲသွားသည်။ မိန်းကလေးတန်မဲ့ စိုက်စိုက်လိုက်နေသည်ကို အလိုလိုရှက်သွားမိ၏။

မေလွန်းအိမ်၏ မျက်နှာအမူအရာကို ကြည့်ကာ ရိပ်မိသွားဟန်ဖြင့်...

"ကိုမင်းသူငယ်ချင်းတွေက အစအနောက်သန်လွန်းလို့ပါ။ သူတို့ဒဏ်ကို ကိုယ်လည်းခံနိုင်ဘူး၊ ကိုမင်းပဲခံနိုင်တယ်"

"ဟုတ်တယ်နော်၊ ဒါပေမယ့်...ထွန်းကတော့ သိပ်သဘောကျတာပဲ"

စံမြတ်သာ သက်ပြင်းရှည်ကြီးချလိုက်မိသည်။ နေထွန်းအိမ်ကဲ့သို့ ဆယ်ကျော်သက်လူရွယ်တစ်ဦးအား ထိန်းချုပ်ရသည်မှာ မလွယ်ကူလှပေ။ အထူးသဖြင့် ငွေကြေးချမ်းသာသော လူရွယ်များကား ပို၍ ထိန်းသိမ်ရခက်သည်။

"နေထွန်းတောင် မလာတာကြာပြီ မေလွန်းအိမ်၊ သူက တိုယ့်ဆီလာမယ်ဆိုပြီးတော့ အကြောင်းပြပြီးတော့ မသွားစေနဲ့၊ တတ်နိုင်သမျှတော့ ထိန်းပေးဦး"

စံမြတ်သာစကားကြောင့် သက်ပြင်းရှည်ကြီးချလိုက်ရင်း-

"သူ့ကို အဖမ်းရသိပ်ခက်တာပဲ၊ ပြောပြန်ရင်လည်း ဟိုတစ်ခါကလို ထွက်ပြေးသွားမှာကြောက်ရသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com

စံမြတ်သာက တစ်စုံတစ်ခုကို စဉ်းစားဟန်ဖြင့် ဆေးပြင်းလိပ်အား အားပါးတရ ဖွာရှိုက်လိုက်၏။ မီးခိုးလုံးများက မေလွန်းအိမ်၏ မျက်နှာလှလှလေးထံသို့ အလုံးအရင်းနှင့် ဝင်ရောက်လာသဖြင့် မေလွန်းအိမ်က မျက်နှာလေးမဲ့ကာ တစ်ဖက်သို့လှည့်သွား၏။

ဤသည်ကို စံမြတ်သာက သတိမထားမိဘဲ ဆေးလိပ်ကိုသာ ဆက်ဖွာ၍ စဉ်းစားနေ၏။

စံမြတ်သာသည် သူစဉ်းစားနေလျှင် ပတ်ဝန်ကျင်အား ဂရုမစိုက်မိပေ။

"သူ့ကျန်းမာရေးအခြေအနေကောင်းရင် ကျောင်းပြန်တက်ပစေပေါ့။ ဆရာဝန်နဲ့ နည်းနည်းတိုင်ပင်ကြည့်ပါလား၊ နို့မဟုတ်ရင် စိတ်လေသွားမယ်၊ စာမေးပွဲဖြေဖို့မဟုတ်ပေမယ့် သူ့စိတ်ငြိမ်သွားအောင်ပါ"

"ဟုတ်တယ်နော်...ကိုမင်းကလည်း အဲဒီလိုပဲအကြံပေးတယ်၊ မေလွန်း ဖေဖေတို့ကို ပြောကြည့်ဦးမယ်"

"အင်း...ဒီလိုပဲ ဟိုကလှည့်ထိန်း ဒီကလှည့်ထိန်းပဲ လုပ်ရတော့မှာပဲ၊ ကဲ...ကိုယ်သွားမယ်၊ စိတ်မပူဖို့လာပြောတာပါ"

"ကျေးဇူးပဲကိုကြီး၊ သူ အလုပ်လုပ်နေတယ်ဆိုရင် စိတ်မပူတော့ပါဘူး၊ ကောင်းတဲ့အလုပ်ဆိုရင် အားပေးပါတယ်၊

မေလွန်းက လူငယ်ပီပီ မဟုတ်တာလုပ်မှာကို သိပ်စိုးတာပဲ"

မေလွန်းအိမ်ပြောသည့် မဟုတ်တာဟူသော စကားကြောင့် စံမြတ်သာနှတ်ခမ်းသည် ပြုံးရိပ်တစ်သွားပြီး မျက်ခုံးနှစ်ဖက် မြင့်တက်သွားကာ...

"ဘာမဟုတ်တာတွေလဲ ညီမရဲ့"

"ဪ...ဟိုလေ မူးယစ်ဆေးဝါးသုံးတာတို့ လောင်းကစားစားတာတို့ကိုပြောတာပါ။ အလုပ်မရှိဘဲ စိတ်လေနေကြတဲ့ လူငယ်တွေအတွက်စိုးရိမ်တာပါ။ မောင်လေး ထွန်းလည်း အဝါအဝင်ပေါ့လေ"

လူကြီးဆန်ဆန်ပြောသွားသော မေလွန်းအိမ်၏စကားကြောင့် စံမြတ်သာမှာ အားပါးတရပြုံးလိုက်မိသည်။

ဪ...သူ့ကလည်း အစ်မကြီးမို့ အမိအရာဖြစ်နေတာကိုး"



"အစ်မကြီး အမိအရာပီပီ သမီးက ကိုယ့်မောင်လေးတို့ ဆုံးမဖို့ မေမေကတာဝန်လွှဲပြီးသားပဲ၊ အဲဒါကို အခွင့် တာဝန်

www.burmeseclassic.com

ယူဖို့ ဘာဖြစ်နေရတာလဲ”

ဒေါ်ခင်မာတင်က မေလွန်းအိမ်အပေါ်၌ မကျေမနပ် ချက်များ စုပြုံသွားသည်မို့ မျက်နှာမှာတင်းမာနေပြီး အချက်ကျ လျှင် ထတောက်လာမည့် လောင်စာများကဲ့သို့ အဆင်သင့်...

“အစကတော့ မမေသိတဲ့အတိုင်းပဲ၊ သမီးစကားကို နားထောင်တာပဲ၊ အခု ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုးလုပ်တတ် လာတာကို သမီးက သူ့နောက်လိုက်ပြီးထိန်းပေးနေရမှာလား”

“အေး...အစက သမီးစကားကိုနားထောင်ပြီး အခု ဘာလို့နားမထောင်ရသလဲဆိုတာ သမီးဘာသာသမီး စဉ်းစား ပေါ့၊ ခေါင်မလုံရင် မိုးယိုမှာပဲ၊ ရှေ့တန်း ဖြောင့်ဖြောင့်မသွား ရင် နောက်ကန်းက ဘယ်လို ဖြောင့်ဖြောင့်လိုက်မှာလဲ”

ရင်ဝသို့ ဆောင့်ထိုးခံရသည့်နယ် ခံလိုက်ရသောကြောင့် ဆတ်ခနဲဖြစ်သွားသည်။

“သမီး ဘာလုပ်လို့လဲ”

လေသံမာသွားသည်ထင့်။ ဒေါ်ခင်မာတင်၏ လောင်စာ စုထားသော ဒေါသမီးပုံကြီး ဝုန်းခနဲထတောက်သွားလေတော့ ၏။

“ဘာ...နင် ငါ့ကိုခံပြောတာလား မေလွန်းအိမ်၊ နင် ဘယ်တုန်းကမှ ငါ့ကို ဒီလိုမပြောဖူးဘူး၊ စာပေသမားယောင်မ ယောင် ကဗျာသမားယောင်ယောင်နဲ့ စိတ်ကူးယဉ်နေတဲ့

အကောင်တွေနဲ့ပေါင်းပြီး ငါ့ကိုအာခံတာပေါ့ ဟုတ်လား”

ဘယ်တုန်းကမှ သမီးအပေါ်မှာ နင်တစ်လုံးငါတစ်လုံး မသုံးဖူး၍ မေလွန်းအိမ် အံ့အားသင့်သွားသလို ဝမ်းလည်းနည်း သွား၏။

“နင်...ဒီအကောင်တွေကို အိမ်ခေါ်လာပြီး နေထွန်း ကို စောင့်ခိုင်းရတာနဲ့၊ အကောင်တွေဆီလွှားရတာနဲ့ နေထွန်းကို နင်ပဲ စဖျက်ဆီးတာပဲ၊ ငါ့သားပျက်စီးရတာ ညည်းတရားခံပဲ၊ ညည်းတရားခံပဲ”

“မေမေ...မေမေ အဲဒီလိုမပြောပါနဲ့၊ မေလွန်းကလည်း မေမေ့သမီးမဟုတ်လို့ ပြောတာလား”

“မဟုတ်ဘူး...ငါ့သမီးရင်းဆိုရင် ဒီလိုအောက်တန်းကျ တဲ့ အကောင်ကို ကြိုက်တဲ့အစားမဟုတ်ဘူး၊ နင်ဆက်သွယ် ပေးတဲ့ အပေါင်းအသင်းကြောင့် ငါ့သားပျက်စီးရတာ”

မေလွန်းအိမ်သည် ဘာမျှမပြောတော့ဘဲ မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ရှိုက်၍ရှိုက်၍ ငိုချလိုက်၏။

“မေမေ...မမကိုဒီလိုမပြောနဲ့၊ မမရဲ့ အပေါင်းအသင်း တွေနဲ့ သားသွားတာမဟုတ်ဘူး၊ သားသူငယ်ချင်းတွေနဲ့ သွား တာပဲ”

အစ်မငိုနေသည်ကိုတွေ့၍ နေထွန်းအိမ်မှာ ရှောင်း နားထောင်နေရာမှ မနေသာတော့ဘဲ ဝင်၍ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဦးဝင်းနိုင်သည် ကြားလျှက်နှင့် တမင်ဝင်မပြောဘဲ သူ စိတ်ကူးနှင့်သူ နေနေလိုက်၏။ ဦးဝင်းနိုင်သည် ဒီမောင်နှမ နှစ်ဦး၏ ချစ်ခင်မှုအတိုင်းအတာကို ခန့်မှန်းမိ၍ အစ်မဘက်က မခံနိုင်လျှင် မောင်က ဝင်မည်ဖြစ်ကြောင်း ကြိုတင်တွက်ဆထားသောကြောင့် ဖြစ်သည်။

"ကိုကြီးစံမြတ်သာတို့၊ ကိုမင်းတို့က သားကို အမြဲဆုံးမတာပဲ၊ သားဘာသာသား ဖျင်းလို့ လျှောက်လည်နေတာပါ၊ မမကို ဘာမှပြောစရာမလိုဘူး၊ မေမေက ထစ်ခနဲရှိ မမကိုဆူဖို့ပဲ"

"နင့်အစ်မ ရည်းစားထားတာ နင်မသိဘူးလား"

"သိသားပဲ...လူကောင်းနဲ့ထားတာပဲ၊ ထားပစေပေါ့"

"ဘာ့...ဘာ...ဘယ်သူနဲ့လဲ၊ ပြောစမ်း ပြောစမ်း"

ဒေါ်ခင်မာတင်၏ထောင်ချောက်ထဲသို့ နေထွန်းအိမ် ကျံ့ကျသွားသည်။ နေထွန်းအိမ် ဘာပြောရမှန်းမသိဖြစ်သွားပြီး အစ်မအား လှမ်းကြည့်လိုက်၏။

"ဟိုကောင်...စာအုပ်ဆိုင်ကကောင်နဲ့ မဟုတ်လား၊ ပြောစမ်း မေလွန်းအိမ်၊ နင် ဒီကလေကောင်ကို သိပ်အထင်ကြီးနေလား"

ဒေါ်ခင်မာတင်၏ဒေါသက အထွတ်အထိပ်သို့ရောက်သွားသောအခါ ဦးဝင်းနိုင်မှာ ထိုင်ရာမှထလိုက်၏။

"ဖြည်းဖြည်းပြောစမ်းပါကွာ၊ သမီးရည်းစားထားတာ

ခုနစ်အိမ်ကြားအောင် အော်မေးနေရသလား၊ ငါ့သမီး အသက်ဆယ့်ရှစ်နှစ်ကျော်ပြီပဲ၊ ကိုယ်ပိုင်စဉ်းစားဆုံးဖြတ်နိုင်တာမို့ ဘယ်တော့မှ မောဟောရမ်းရမ်းမလုပ်ဘူး"

ဖခင်က မိမိဘက်မှ ကာကွယ်သည့်တိုင်အောင် မေလွန်းအိမ်မှာ အားယေါ်ကြောက်ရွံ့စွာဖြင့် မောင်ကိုတစ်လှည့် ဖခင်ကိုတစ်လှည့် အားကိုးတကြီးနှင့်ကြည့်နေမိ၏။

"စံမြတ်သာက တစ်ခုလပ်၊ ကျုပ်သူငယ်ချင်းသမီးနဲ့ ညားပြီး ကွဲသွားတာ ကျုပ်သိပြီးသား၊ ဒီလိုကောင်နဲ့ဖြစ်ရင်တော့ သူသေရင်သေ၊ မသေရင် ကျုပ်သေမှာပဲ"

ဒေါ်ခင်မာတင်က မေလွန်းအိမ်၏မျက်နှာကို လက်ညှိုးထိုးကာ ပြောနေသဖြင့် မေလွန်းအိမ်မှာ ပြာမှုန်လေးအသွင်ဖြင့် သာ လေမှာလွင့်သွားပါစေဟု ဆုတောင်းလိုတ်မိ၏။

"နေပါဦးအမေကြီးရယ်...ဖြည်းဖြည်းမေးပါ၊ မင်းသမီး အနေအထိုင်ကိုလည်း မင်းသိသားပဲ၊ အခုမှရည်းစားထားတာ ဝမ်းသာရမှာပေါ့၊ ဖေဖေက သမီးကို အပျိုကြီးများလုပ်မလားလို့ စိုးရိမ်နေဆာ၊ တဲ...ပြောစမ်း...စံမြတ်သာနဲ့လား၊ မင်းခန့်နဲ့လား၊ ဖေဖေကတော့ စံမြတ်သာနဲ့လို့ မထင်ဘူး"

ဦးဝင်းနိုင်က မေလွန်းအိမ်၏ပခုံးကို တယုတယဖက်တာ မေးလိုက်သောအခါ ဖခင်၏လက်များမှတစ်ဆင့် အားအင်များ တိုးလာကာ ပူနွေးလာပြီး နှုတ်ဖျားမှဖွင့်ဟကာ...

www.burmeseclassic.com

www.burmeseclassic.com

"မင်း...မင်းခန့်ပါ"

ထိုအခါမှ ဦးဝင်းနိုင်ထံမှ သက်မချသံကြားလိုက်ရသည်။

"ဦးကံညွှန့်ရဲ့သားနဲ့ဆိုတာ ဖေဖေရိပ်မိပါတယ်၊ သမီးမှာ ရွေးချယ်တတ်တဲ့ ဦးနှောက်ရှိတာပဲ"

"သမီး...ကိုစံမြတ်သာနဲ့ အရိုးသားဆုံးခင်တာပါ။ ကိုစံမြတ်သာကလည်း အခွင့်အရေးသမားမဟုတ်ပါဘူး"

"အေး...အခွင့်အရေးသမားဆိုတာ ချိုတို့ အမြီးတို့မှ မပါတာ၊ နင်က ဘယ်လိုလုပ်သိမလဲ၊ ဒီ မင်းခန့်ဆိုတဲ့ကောင်နဲ့လည်း ငါ သဘောမတူနိုင်ဘူး၊ ဘာ အလုပ်အကိုင်ရှိလို့ ဘာဝင်ငွေရှိလို့လဲ၊ ခုမှ ကျောင်းသားပဲ၊ သူက ညည်းကို ဘာနဲ့ဖာင်တောင်းနိုင်လို့လဲ"

"မအေကြီး"

ဦးဝင်းနိုင်၏အသံ ဟိန်းထွက်သွားသည်။ ဒေါ်ခင်မာတင် အသံတိတ်သွား၏။ မတိတ်၍လည်း မဖြစ်ပေ။ ဦးဝင်းနိုင်၏မျက်နှာမှာ သိသိသာသာနီမြန်းနေပြီး အသားများပင် တဆတ်ဆတ်တုန်နေ၏။

"ငါနဲ့နင့်တုန်းကလည်း နင့်မိဘတ/သဘောတူလား"

ဒေါ်ခင်မာတင် မဖြေနိုင်ပေ။

"ဘာနဲ့မှတင်မတောင်းနိုင်ရင် နေပစေ၊ ငါ့သမီးကိုချစ်တယ်၊ ရိုးသားတယ်၊ မိုးရိုးကောင်းတယ်ဆိုရင် ပြီးရော၊ လောက်

မှာ မေတ္တာနဲ့တည်ဆောက်တဲ့ အိမ်ထောင်ရေးဟာ ဘယ်လောက် ပျော်စရာကောင်းသလဲဆိုတာ မင်းအသိပဲ မဟုတ်လား။ ကလေးတွေကို စိတ်ဆင်းရဲအောင် ဘာမှမလုပ်နဲ့"

ဦးဝင်းနိုင်က သားနှင့်သမီးဘက်လှည့်ကာ ပခုံးတစ်ဖက်စီ ဖက်ပြီး...

"ကဲ...သားရော သမီးရော နားထောင်၊ သားလေးက စာမေးပွဲမဖြေချင်သေးရင်နေ၊ ဒါပေမယ့်...ကျောင်းပြန်တက်၊ လည်နေမယ့်အစား ကျောင်းတက်လိုက်ပေါ့၊ သားကဆိုးနေမယ်လည်ရှေ့မယ်ဆိုရင် သားမမအဖို့ မလွယ်တော့ဘူးဆိုတာ သားနားလည်တယ်မဟုတ်လား၊ ကိုယ့်အစ်မ စိတ်ချမ်းသာအောင်နေပါ၊ ကဲ...သမီးက ကိုယ့်ကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနေ၊ ဦးကံညွှန့်သားမို့ ဖေဖေမငြင်းပါဘူး၊

ချင်းတိုင်ပင်ပြီး စီစဉ်ပေးမယ်ကြားလား"

"ဟုတ်ကဲ့ ဖေဖေ"

ဒေါ်ခင်မာတင်၏ မကျေနပ်သော အလိုမကျသော ဒေါသရောင်တောက်နေသော မျက်နှာကို မောင်နှမနှစ်ယောက်သုံး မကြည့်ဝံ့၍ အသာလှည့်ထွက်လာကြသည်။

မေလွန်းအိမ်၏ရင်မှာ ဖခင်ကသဘောတူ၍ ပျော်ရွှင်ရသည့်အစား မိခင်၏ မျက်နှာကိုကြည့်ရင်း ရင်ထဲမှာလေးလံ

www.burmeseclassic.com

www.burmeseclassic.com

လျှက်ရှိနေသည်။

"အင်းလေ...ဒီအိမ်မှာ ဖေဖေက အခရာပဲ"

ကိုယ့်ကိုယ်ကို အားပေးသည့်တိုင်အောင် ရင်ထဲမှာ ပေါ့ပါးမှုမရှိနေတော့ဘဲ တွေဝေငေးမောနေမိသည်။

* * *

"စိတ်မပူပါနဲ့ လွန်းရယ်...မောင်ကြိုးစားပါ့မယ်၊ လွန်းမိဘ သဘောတူပြီး ကျေနပ်စေရပါ့မယ်"

ရင်ထဲမှာ အားငယ်မှုလေးဖြစ်ပေါ်လာသော်လည်း ချစ်သူမိန်းမသားကို အားမငယ်စေရန် အားပေးလိုက်သည်။

ဒေါ်ခင်မာတင်အား အစဉ်အမြဲသတိထားနေမိသည်။ မေလွန်းအိမ်အတွက် ကြိုးစားခြင်းထက် ဒေါ်ခင်မာတင်အတွက် ကြိုးစားခြင်းဆိုလျှင် ပို၍မှန်ကန်ပေလိမ့်မည်။

ဤကဲ့သို့ ပြေးလွှားလှုပ်ရှားနေသည့်ကြားမှ အချစ်ရေးပြဿနာကား တကျိုကျိုဖြစ်နေသဖြင့် ပို၍ခေါင်းခြောက်မိသည်။

မေလွန်းအိမ်၏ဖခင် ဦးဝင်းနိုင်က သဘောတူသော်လည်း မိခင် ဒေါ်ခင်မာတင်၏ မကျေမနပ်ပြောဆိုသံကို နေ့စဉ်ခံနေရသောကြောင့် စိတ်ညစ်နေသည့် မေလွန်းအိမ်ကိုလည်း အားပေးရပြန်သည်။

"ဖေဖေသာခံမနေရင်တော့ ဝေးရပေါ့မောင်ရယ်...လွန်းတော့လေ မောင်နဲ့ဝေးရမှာကို တွေးမိတိုင်း မခံစားရဲဘူး ကြောက်တယ်"

မင်းခန့်က မေလွန်းအိမ်၏လက်ကလေးကို ဖွဖွလေး ဆုပ်ကိုင်ထားရင်းက...

"အလကား...ဘာကြောက်တာလဲ၊ မောင်တို့ရဲ့မေတ္တာတရားကို ဘယ်သူတွန်းလှန်နိုင်မလဲ၊ မောင်တော့ မကြောက်ဘူး။ လွန်းကိုချစ်နေရရင် ပြီးရော၊ သတ္တိတွေရှိထားရမှာပေါ့၊ လွန်းက သိပ်အားငယ်တာပဲ"

"မောင့်ကိုချစ်တော့ ဝေးကွာမှုဒဏ်ကို မခံနိုင်ဘူး။ မောင်စာလည်း ခရီးခရာခရီးထွက်နေတာကိုး"

ချစ်သူကို ချွဲနွဲ့စကားဆိုလိုက်သောအခါ မင်းခန့်သည် သတ်ပြင်းရှည်ကြီးကိုချလိုက်မိ၏။ အဝေးမှလှမ်းမြင်နေရသော သစ်ပုတ်ပင်ကြီးကို အဓိပ္ပာယ်မဲ့ ငေးလိုက်မိသည်။

ရှင်ထဲ၌မူ 'ခရီးထွက်ရင် ငွေပိုရလို့ ခရီးပဲထွက်ချင်နေတာပေါ့ လွန်းရယ်...'ဟု တိုးတိုးလေးပြောလိုက်သည်။ နှုတ်တ

www.burmeseclassic.com

တော့ ဖွင့်မပြောရက်ဘဲ...

"တာဝန်အရခရီးထွက်ရတာပါ လွန်းရယ်...မောင်လဲ လွမ်းတာပေါ့"

ထိုစဉ် သူတို့နောက်ကျော သစ်ပင်၏တစ်ဖက်မှ ရှိုက်ငိုသံသဲ့သဲ့ကို ကြားရသဖြင့် မေလွန်းအိမ်ရော မင်းခန့်ပါ ငဲ့ကြည့်လိုက်မိသည်။

ချစ်သူမိန်းကလေး ငိုနေသည်ကို ယောကျ်ားလေးက တတွတ်တွတ်ချော့နေ၏။ မေလွန်းအိမ်က မင်းခန့်လက်ကို ကိုင်လှုပ်ကာ...

"သွားစို့ မောင်"

"အင်း..."

မင်းခန့်လည်း ဤနေရာတွင်ဆက်မနေချင်တော့။ သူ့ထစ်ပါး ချစ်သူတို့၏ အဆင်မပြေမှု ငိုရှိုက်သံများကို မကြားလိုမမြင်လိုတော့။

သူတို့နှစ်ဦး ထလာသောအခါ မျက်နှာချင်းဆိုင်မှ လျှောက်လာကြသော ယောကျ်ားလေးအုပ်စုဆီမှ အော်သံသဲ့သဲ့ ထွက်လာသည်။

"အချစ်ဟောင်း အချစ်ပျက်တွေ ဝယ်တယ်၊ အကြင်နာသစ်နဲ့ လဲမယ်၊ အချစ်အို အချစ်ပျက်တွေ ပြင်တယ်"

မလှမ်းမကမ်း စုံတွဲတစ်တွဲမှာ စိတ်ကောက်နေကြသည်။

နှုတ်ခမ်းစူကာ ခေါင်းငုံ့ရင်း စိတ်ကောက်နေသည့် ချစ်သူအား ယောကျ်ားလေးက ချော့နေရသည်။

"ကောက်နေတာတွေ မီးပေးပြီးဖြောင့်မယ်"

"ဟင်း..."

မင်းခန့် ပြုံးလိုက်သည်။ အချစ်အတွက်ငိုရသူ၊ စိတ်ကောက်ရသူများကို ဤတက္ကသိုလ်နယ်မြေတွင် တွေ့နေရသည်။ သို့ရာတွင်...အားလုံး ပုံမှန်အနေအထားကတော့ ယောကျ်ားလေးများသည် စိတ်ကောက်နေရသော ချစ်သူ၊ မျက်ရည်ကျနေရသော ချစ်သူကို ချော့တတ်ရပေမည်။

"မောင့်ကိုတော့ လွန်း စိတ်မကောက်နဲ့နော်၊ မောင် မချော့တတ်ဘူး"

"ဟင့်အင်း...လွန်းကလည်း မကောက်တတ်ပါဘူး၊ ဒါပေမယ့်...ဟင့်ဆိုရင်တော့ လာမချော့နဲ့၊ သွားပြီပဲ၊ မောင့်ကို အခက်အခဲ အတားအဆီးတွေကြားက ချစ်လာရတာ၊ မောင်တာ ဇွေဖောက်မယ်မကြံနဲ့နော်၊ လွန်းကတော့ လုံးဝပဲ"

"တာ့တာပေါ့"

မင်းခန့်က မေလွန်းအိမ်၏လက်ကလေးကို တင်းတင်းဆုပ်ကိုင်ရင်း ပြောလိုက်သည်။

"မနောက်နဲ့ တကယ်ပြောတာ"

"မနောက်ပါဘူး လွန်းရယ်...အချစ်ဆိုတာ ဘဝတစ်

www.burmeseclassic.com

www.burmeseclassic.com

လျှောက်လုံး သေတဲ့အထိ အမြတမ်းရှင်သန်နေတာပဲ၊ အချစ်ကုန်ဆုံးသွားတယ်မှ မရှိတာ၊ ချစ်ခြင်းမေတ္တာက ဒီလောကမှာ အမြတ်ဆုံးမို့ တကယ်လို့ သစ္စာတွေပျက်ခဲ့ရင် မေတ္တာတွေစူးရှရပါစေ လွန်းရယ်"

"မောင် ကျိန်တာလား"

"သစ္စာဆိုတာပါ။ လွန်းအပေါ်မှာ မောင် ဘယ်တော့မှ မဖောက်ပြန်ဘူး၊ သစ္စာမပျက်ဘူး၊ အဲဒါကိုယုံနော်"

မေလွန်းအိမ်က ပြုံးလျက် ခေါင်းလေးကိုညိတ်လိုက်သည်။ ချစ်သူ၏သစ္စာစကားကိုကြားရသောအခါ မိန်းမသားများအဖို့ တစ်ဒင်္ဂလေးတော့ ကျေနပ်ပျော်ရွှင်ကြရသည်မှာ ဓမ္မတာပင်ဖြစ်ပေသည်။

"လွန်းရယ်..မောင်တော့လေ အလုပ်လုပ်ရမှ လုပ်အားတန်ဖိုးကို နားလည်လာတယ်၊ ငွေတွင်းက သိပ်နက်တာပဲကွယ်၊ တစ်ခါတလေ ရခဲလှတဲ့လူဘဝကြီးမှာ ဝမ်းစာအတွက် ရှာဖွေရုန်းကန်ရင်း သာမန်အချိန်တွေကုန်သွားတာကို နှမြောလိုက်မာ၊ အခုလို ချစ်သူလက်ကိုပဲဆွဲပြီး လျှောက်ဆွားချင်တဲ့နေ့လေးကိုပဲ လိုချင်တယ်"

"ဟော်ပြီလား"

မင်းခန့်၏ အလေးအနက်စကားများကို မေလွန်းအိမ်က လျှောင်လိုက်သဖြင့် မင်းခန့်က မျက်မှောင်လေးတွန့်ကာ မေလွန်း

အိမ်ကို ကြည့်လိုက်သည်။ သို့ရာတွင်...မေလွန်းအိမ်၏ ရွှန်းရဲ့ တောက်ပသော ချစ်မျက်လုံးများနှင့် ရင်ဆိုင်တွေ့ရသောအခါ ချစ်သူပျော်နေ၍သာ နောက်နေကြောင်း နားလည်လိုက်၏။

"မတော်သေးဘူး လွန်း၊ မွေးဖွားခြင်းနဲ့ သေခြင်းဆိုတဲ့ လမ်းတိုတိုလေးမှာ အချစ်နဲ့ပဲ အချိန်ကုန်နေရအောင် မောင့်မှာ ပြည့်စုံမှုမရှိတော့ ရုန်းကန်လှုပ်ရှားရင်း ငွေတွင်းနက်နက်ကို တူးနေရတာပဲ၊ ဒါဟာလည်း မျှော်လင့်ချက်လေးတစ်ခုနဲ့ ကြိုးစားနေရတာပေါ့"

ဒီတစ်ခါတော့ မေလွန်းအိမ် မနောက်ရက်တော့ပေ။ ချစ်သူ၏လက်မောင်းကိုသာ အားပေးသည့်အနေဖြင့် တွဲခိုဆုပ်တိုင်ထားလိုက်၏။

"တကယ်လို့ မျှော်လင့်ချက်မရှိရင် မောင် ဒီလောက်ကြိုးစားဖြစ်မှာမဟုတ်ဘူး၊ အချစ်ရဲ့မျှော်လင့်ချက် အလင်းရောင်လေးက နေရောင် လရောင်ထက်တောင် စွမ်းအားကြီးမားသေးတာပါလား လွန်းရယ်"

မေလွန်းအိမ် ဘာမှမပြောနိုင်ပေ။ ရေတမာပင်တန်းအောက်သို့ ဖြတ်လျှောက်ရင်း ဆောင်းဌေ့ပါသောလေကြောင့် ရွက်ကြွေလေးများ ဝဲဝဲကြွေကျနေသည်ကို ချစ်သူလက်မောင်းအား တွဲခိုရင်းက စိတ်ကူးယဉ်ဆဲ ကြည်နူးပျော်ရွှင်မိသည်။

"တကယ်ပဲလွန်း...လွန်းကို မောင်သိပ်ချစ်တယ်၊

www.burmeseclassic.com

www.burmeseclassic.com

ဒါ့ကြောင့် မောင်ကြီးစားနေရတာ၊ ဒါပေမယ့်...မျှော်လင့်ချက်တွေ ပျက်သုဉ်းသွားရင်တော့ မောင့်ဘဝလည်း ပျက်သုဉ်းသွားမလားပဲ"

"မောင်ကလဲ၊ ဘာတွေပြောနေမှန်းလည်း မသိဘူး"

လက်မောင်းကို တင်းတင်းလေးဆုပ်ကိုင်ရင်း မကေ့မနပ်နှင့် စကားဆိုကာ...

"စိုးရိမ်ရမှာက လွန်းပါနော်"

"မောင်လေ...လွန်းအချစ် လွန်းမေတ္တာကိုတော့ ယုံပါတယ်၊ ဒါပေမယ့် ကံကြမ္မာကိုတော့ မယုံကြည်ရဲဘူး လွန်းရယ်"

"သား...အိပ်တော့လေ၊ မိုးတောင်လင်းတော့မယ်၊ မနက်ခရီးသွားရဦးမယ် မဟုတ်လား"

မိခင်သတိပေးလိုက်မှ နာရီကိုလှမ်းကြည့်လိုက်သော အခါ လေးနာရီထိုးနေပြီဖြစ်၏။ သို့ရာတွင်... ဆစ်စာရင်းများ

တိုရေးမှတ် ၍ မကုန်သေးပေ။ အချိန်များတို့ အလုအယက်လူ နေကာမှ ကုန်လွယ်စွာ ရွှေ့လျားပြန်သော နာရီများကို မတွေ့မနပ် လှမ်းကြည့်နေမိ၏။

"သားမအိပ်တော့ဘူး မေမေ၊ လမ်းမှာပဲအိပ်တော့မယ်"

"ရထားပေါ်မှာ အိပ်လို့ရလို့လား"

"ရပါတယ်မေမေ၊ အကျင့်ဖြစ်သွားပါပြီ"

မိခင်ထံမှ သက်ပြင်းရှည်ကြီးချလိုက်သံကို ကြားရသော အခါ မင်းခန့်မှ မလုံမလဲခံစားလိုက်မိသည်။ မိဘကိုလုပ်ကျွေးဖို့ ထက် မိန်းမယူရန်စုနေသော သူ့အဖြစ်ကို မိဘများက အပြစ်မတင်၊ မငြိုငြင်ဘဲ ကရုဏာနှင့်ပင် ယုယကြင်နာနေကြ၏။

တိုးညင်းသော ခြေသံလေးနှင့်အတူ သူ့နားမှတွက်သွားပြီးနောက် မကြာမီ ထမင်းကြော်နံ့က အိပ်ခန်းထဲသို့ပျံ့ဝင်လာလေသည်။

သူ...ထမင်းကြော်စားသွားနိုင်ရန်အတွက် မိခင်က ထရ၍ ကြော်ပေးခြင်းဖြစ်သည်။ ဤကဲ့သို့ တစ်နေရာရာသို့သွားသည့်အခါတိုင်း မိခင်က လိုလေသေးမရှိအောင် အစားအသောက်များကို စီမံပေးတတ်၏။

အမေခူးပေးသော ထမင်းကို အေးချမ်းစွာ လက်ဆေးပြီး ချစ်သူအတွက် နေပူထဲမှာ ငွေရှာနေရသည့် သူ့အကြောင်းတို့ ပြေးစားချင်တော့။

www.burmeseclassic.com

www.burmeseclassic.com

"သား...ထမင်းကြော်စားလိုက်ဦး"

လမ်းခရီး၌ ဗိုက်မနာစေရန် နန္တင်းဝါဝါလေးများကို ထည့်ကြော်ပြီး ညနေကကြော်ထားသော ငါးမြွေထိုးခြောက်ကြော်လေးနှင့် ကြက်သွန်ကို ပါးပါးလှီးပြီး အချဉ်ညှစ်ထားသည့် အအေးပြေစာလေးပါ ပါသည်။ ထို့နောက် လက်ဖက်ခြောက် အရောင်ဖျော့သည့် ရေနွေးကြမ်းတစ်ခွက်က အင်္ဂေ့တထောင်းထောင်းနှင့်။

အမေကား တာဝန်ကျေဆဲ။ အမေ၏ဝတ္တရား ကျေနေဆဲ၊ သူကသာ...

"ဟူး..."

သက်ပြင်းရှည်ကြီးမှုတ်ထုတ်လိုက်ကာ ထမင်းကြော်တစ်ဇွန်း စ,စားလိုက်၏။

အမေနှင့် ချစ်သူအကြောင်းတွေးမိလျှင် မွန်းကျပ်သော ဝေဒနာများနှင့် စိတ်အင်အားများ ကျဆင်းခဲ့သည်မို့ ဘာမျှ မစဉ်းစားချင်တော့။

အချစ်၏ဝါးမျိုမှုကိုခံရပြီး အာမခံရဲသော ယောကျ်ား၊ ကတိအတိုင်း ထမ်းပိုးရှန်းကန်ရသည်မှာ ပင်ပန်းလွန်းလှသည်။

သူ...ထမင်းကြော်ကို လက်စသတ်ထားလိုက်ပြီး မီးဖိုထဲသို့ ပန်းကန်ယူလာသောအခါ အရုဏ်ဆွမ်းချက်နေသော မိခင်က သူ့လက်ထဲမှပန်းကန်ကို လှမ်းယူလိုက်၏။

"ရပါတယ်မေမေ၊ သားဆေးပါ့မယ်"

ကိုယ့်ဘာသာ ဌေရှာရမှ မိဘများအပေါ် ပိုသိတတ်လာသည်။

"ဩော်...ညကိုးနာရီလောက်တုန်းက မေလွန်းအိမ်ဖုန်းဆက်တယ်သား၊ သားအိပ်နေလို့ မနှိုးတော့ဘူး"

သူ ဆယ်နာရီကျော်မှ နိုးသည်။ ရှုသမျှအချိန်ကိုလုကာ တမင်အိပ်ထားခြင်းဖြစ်၏။

"ဘာမှမဟုတ်ပါဘူး၊ သားခရီးထွက်ရမှာကို ကောင်မလေး မသိသေးဘူးထင်တယ်"

သူ...သက်ပြင်းတိုးတိုးလေးချလိုက်ရင်း...

"ဟုတ်တယ်မေမေ၊ အလကား တားနေမှာစိုးတာနဲ့ မပြောဘူး၊ ဘာပြောသေးလဲ"

"ဘယ်ပြောမလဲ၊ အိပ်နေတယ်ဆိုတာနဲ့ ဖုန်းပြန်ချသွားတယ်"

"တောင်ဌရောက်မှပဲ ဖုန်းဆက်တော့မယ်၊ ခရီးထွက်တာတို့ သူ့မပြောသွားရင်လည်း စိတ်ကောက်ဦးမယ်၊ ဟိုကောင်တွေကို ပိတ်ထားလိုက်ဦး မေမေ၊ ခုမှ ပြုန်းဒိုင်းကြီး ထထွက်သာရသလို လုပ်ရမှာပဲ၊ ဟူး...မေမေရာ ရည်းစားထားရတာ သိပ်အလုပ်ရှုပ်တာပဲနော်"

သူ့အပြောကြောင့် မိခင်က တိုးတိုးလေးရယ်မောလိုက်

www.burmeseclassic.com

www.burmeseclassic.com

ရင်း...

"ဒါတောင် မယူရသေးလို့ သားရဲ့ ယူပြီးရင် ပိုအလုပ်ရှုပ်မယ်"

"ငမိုက်သားပါ"

သူက ရယ်မော ရင်ပြော :လိုက်၏။

ဤလောကတွင် မိခင်၏ ညင်သာသောစကားသံလေးသည်သာလျှင် သူ၏ မောပန်းပူလောင်နေသောရင်ကို အေးမြစေသည်ဟု မှတ်ယူထားလိုက်မိသည်။

"သားရယ်...မေမေကတော့ သား ဒီလောက်ပင်ပန်းတာ မကြည့်ရက်ဘူး၊ မေမေ့မှာ စိန်လက်စွပ်တစ်ကွင်းရှိတယ်၊ စေ့စပ်တော့ ပေးလိုက်ပေါ့၊ သား အပိုတွေလုပ်နေရင် ကုန်မှာစိုးတယ်"

ရင်ထဲအောင့်သွား၏။ စေ့စပ်လက်စွပ်ကို စိန်လက်စွပ်လုပ်ပေးနိုင်ရန်ကြိုးစားနေသည့် သူကို မိခင်က မကြည့်ရက်ပေ။

"ရပါတယ်မေမေ၊ မေမေတို့ကို သား မထောက်ပံ့နိုင်ဘဲနဲ့ မေမေတို့ဆီကပစ္စည်းကို လက်မခံပါရစေနဲ့ ပြီးတော့...သား မပင်ပန်းပါဘူး မေမေရာ၊ ယောက်ျားတစ်ယောက်ဟာ ပင်ပင်ပန်းပန်းအလုပ်လုပ်နေရရင် အကျိုးမဲ့တဲ့ စိတ်လေမှု အပျော်အပါးတွေ မရှိတော့ဘူးပေါ့၊ ပြီးတော့ သား လုပ်အားရဲ့ တန်ဖိုးကို သိလာပြီပဲ၊ သားတော့ ပျော်တယ်"

"အင်းလေ..သားစိတ်ချမ်းသာဖို့က အရေးကြီးပါတယ်၊ ခေမေကတော့ မေမေ့မှာရှိတဲ့ ပစ္စည်းတွေကို သားသုံးယောက်တို့ အညီအမျှပေးရမှာပဲ့ သားကြီးအတွက်နည်းသွားမှာကို စိတ်မကောင်းဘူး"

"ဘာမှမပေးနဲ့၊ မေမေပဲ၀တ်၊ ဟိုအဘွားကြီးက အပြိုင်အဆိုင် သိပ်လုပ်တာ"

သူ့အပြောကြောင့် မိခင်က သဘောကျစွာရယ်မောပြီး သူ့ခေါင်းလေးကိုထိုးဖွကာ...

"ဘာပြိုင်ရမှာလဲ သားရဲ့...အသက်ကြီးနေပြီပဲ၊ အလှပြိုင် ပစ္စည်းပြိုင်လို့ ဘာထူးသွားမှာလဲ၊ မကြာခင်သေကြရတော့မယ့်လူတွေချည်းပဲ"

ရယ်လျက်ပြောလိုက်သော မိခင်ကိုငေးကြည့်ရင်းက ခေါ်ခင်မာတင်လည်း ဤကဲ့သို့စိတ်ထားမျိုးထားနိုင်လျှင် ဘယ်လောက်ကောင်းမလဲဟု စဉ်းစားလိုက်မိသည်။

"ဟင်း...အဲဒီအဘွားကြီးကတော့ သေတာတောင် ဘရားရမှာမဟုတ်ဘူး"

မကျေမနပ်နှင့် ပါးစပ်မှ တီးတိုးရေရွတ်လိုက်သည်ကိုကြားပြီး ခေါ်ခင်ကြားသွားလျှင်မူ ယောက္ခမမိဘအား မှီသော နှုတ်ခွန်းအကြောင်း တရားချဉ်းမည်ဖြစ်သည်။

"သား...နိုးပြီလား"

www.burmeseclassic.com

သူ မျက်နှာသစ်နေစဉ် ဖခင်က အိပ်ရာမှထလာသည်ကို တွေ့ရ၏။ ဘူတာရုံသို့ လိုက်ပို့ဦးမည်ဖြစ်သည်။ သူ မတားချင်တော့ပေ။

သူ ခရီးထွက်သည့်အခါတိုင်း ဖခင်က ကားဖြင့် ဘူတာရုံသို့မဟုတ် ကားဂိတ်သို့ လိုက်ပို့လေ့ရှိသည်။ သူ တားရ၍လည်း မရပေ။

"အင်း...ဖတ်စရာစာအုပ်တွေ ယူသွားရဲ့လား သား"

"ဟုတ်ကဲ့...ယူသွားပါတယ် ဖေဖေ"

"ရထားက ခြောက်နာရီခွဲနော်၊ စောပါသေးတယ်"

ဖခင်မျက်နှာသစ်နေစဉ် သူက အဝတ်လဲလိုက်ပြီး ဘုရားကန်တော့လိုက်၏။

ခရီးမထွက်မီ ဘုရားကန်တော့ပြီး မိဘနှစ်ပါးအားကန်တော့သည့် အလေ့အကျင့်ကိုတော့ သူ မဖျောက်ဖျက်ပေ။ သူ၏အိပ်ခန်းမှ ပြတင်းပေါက်တံခါးကို ပိတ်လိုက်သောအခါ အရှေ့ဆီမှ လင်းအရောက်လေး ပြူထွက်လာသည်ကို မြူမှုန်ကြားခ်ိ တွေ့လိုက်ရသည်။

မကြာမီ လောကကြီးက လင်းလက်လာတော့မည်။

* * *

"မေလွန်းကို ဘာလို့ပြောမသွားရတာလဲ"

မနက်စောစောရောက်လာသော မေလွန်းအိမ်ကြောင့် ဦးကံညွှန့်သည် မင်းခန့်ကိုလိုက်ပို့ပြီးအပြန် ရုတ်တရက်တွေ့လိုက်ရ၍ ဖာဖာထေးထေးလေး ပြောရပြန်သည်။

"ညဆယ်နာရီလောက်မှ ဖုန်းဆက်ပြီးခိုင်းလိုက်တာ၊ သုံးရက်တည်းပါတဲ့"

"ညက သမီးဖုန်းဆက်ပါသေးတယ်"

"သမီးဖုန်းဆက်တာ ကိုးနာရီကျော်ကျော်လောက်တဲ့။ သားကတောင် အန်ကယ့်ကိုဝင်ပြောခိုင်းသေးတယ်၊ အန်ကယ်က သမီးတို့မနိုးသေးမှာစိုးလို့"

"နိုးပါပြီ...သမီးဈေးသွားမလို့ ဖုန်းလေးတစ်ချက်ဆက်ပေးတာမျှား"

မေလွန်းအိမ်က မကျေမနပ်နှင့်ပြောလိုက်သဖြင့် ဦးတံညွှန့် ပြုံးလိုက်မိသည်။ မေလွန်းအိမ်၏ စေတနာမေတ္တာတို့ အသိအမှတ်မပြုဘဲ မနေနိုင်။

www.burmeseclassic.com

"ပဲခူးရောက်လို့အချိန်ရရင် ဖုန်းဆက်မယ်တဲ့၊ မရရင်တော့ တောင်ငူရောက်မှဆက်မယ်လို့ ပြောသေးတယ် သမီး၊ ဒီနေ့ ဘယ်မှမသွားရင် ဖုန်းထိုင်စောင့်နေပေါ့၊ ပဲခူးကတော့ ခုနစ်နာရီခွဲလောက်ရောက်မယ်၊ အဲဒီမှာ လူတစ်ယောက်တက်ပြီး အလုပ်မရှိဘူးဆိုမှ တောင်ငူဆက်သွားမယ်၊ တောင်ငူကို ဆယ့်နှစ်နာရီလောက် ရောက်လိမ့်မယ်"

ထိုအခါတွင် မေလွန်းအိမ်မှာ လက်မှနာရီကိုငုံ့ကြည့်လိုက်ရင်း မျက်နှာလေးမှာ အပြုံးရိပ်များ ဖြတ်သန်းသွား၏။

"အန်ကယ် သမီးသွားတော့မယ်နော်၊ တော်ကြာ... ပဲခူးကနေဖုန်းဆက်ရင် မတွေ့ဘဲနေနေဦးမယ်"

"အေး...အေး"

ကမန်းကတန်းပြန်ထွက်လာ၏။ လမ်းဘေးလည်း ဆုတောင်းလာမိသည်။ မိခင် ဘာမှခိုင်းစရာမပေါ်ပါစေနှင့် ဟူ၍...။

အိမ်သို့ရောက်သောအခါ မိခင်က စောစောစီးစီး အလှပြင်ထားနှင့်လေပြီမို့ ဝမ်းသာသွား၏။ ဤကဲ့သို့ စောစောအပြင်ထွက်လျှင် မိမိမှာ တစ်နေ့လုံး တာဝန်အေးနေမည်ဖြစ်သည်။ မိခင်က ဖခင်ရုံးကားနှင့် လိုက်သွားပြီးမှ ညနေအပြန်ဝင်ခေါ်ရမည် ဖြစ်သည်။

"မေလွန်း စျေးသွားတာကြာလှချည်လား"

မိခင်ဆီးမေးလိုက်သည့်စကားကို တမင်မကြားဟန်

ဆောင်ကာ ဘာမျှပြန်မဖြေဘဲ မီးဖိုထဲသို့ဝင်လာပြီး ဟင်းချက်စရာများကို တစ်ခုစီထုတ်ခိုင်းကာ စျေးစာရင်းမှတ်လိုက်၏။

"မေလွန်း အဲဒါတွေခဏထားစမ်း၊ ငါ့ကို စျေးလိုက်ပို့ဦး"

"ဟင်...မေမေကလည်း ဖေဖေနဲ့လိုက်မသွားဘူးလား၊ သမီးဟင်းချက်ရဦးမှာ"

"အို...ငါက စျေးသွားမှာမှမဟုတ်တာ၊ ဆွမ်းကျွေးသွားမှာပဲ၊ ခဏပါ"

"သမီး မေမေ့ကိုထားခဲ့ပြီး လာကြိုမယ်"

"အဲဒီလောက် အသည်းပိုမနေနဲ့ မေလွန်း၊ ခဏလေးပါလို့ ပြောပြီးပြီပဲ"

မေလွန်းအိမ် ဘာမျှမပြောသာတော့။ စိတ်မပါစွာဖြင့် ရေချိုး အဝတ်လဲရသည်။ ဖုန်းသံကိုလည်း နားစွင့်ရသေးသည်။

ကားထဲတွင်ထိုင်နေလျှင် မိခင်ကမကြိုက်ပေ။ သမီးအား ပွဲထုတ်ချင်နေသေးသည်။

"ဟူး...မလွယ်ပါလား"

ဆိုဖြစ်၍ အိမ်ဖော်ကောင်မလေးကိုသာ ဖုန်းလာလျှင် ဖုန်းနံပါတ်တောင်းထားပေးပါရန် တိုးတိုးတိတ်တိတ်မှာပြီး တယ်လီဖုန်းစင်ဘေးတွင် စာရွက်နှင့်ဘောလ်ပင်ကို အဆင်သင့်ချထားပေး၏။

မေလွန်းအိမ် ထင်ထားသလိုပင် မိခင်သည် အလှူအိမ်

www.burmeseclassic.com

www.burmeseclassic.com

တင်မက ပေးကွာနေသော မိတ်ဆွေဟောင်းအား ပြန်ပို့ရင်း အိမ်သိစေရန် လိုက်လည်လိုက်သေး၏။ နေ့လယ် ဆယ့်နှစ်နာရီ ကျော်မှ အိမ်ပြန်ရောက်သည်။

မေလွန်းအိမ် တစ်လှမ်းလုံးစိတ်တိုလာ၏။ ကားကို ဆောင့်အောင့်မောင်းလာသည်။ အမြန်မောင်းလာခဲ့သည်။ ဒေါ်ခင်မာတင်က သူလုပ်ချင်ရာလုပ်ပြီးသောကြောင့် သူ့အပြစ်နှင့်သူမို့ ငြိမ်နေသည်။

သို့ရာတွင်...အိမ်ပြန်ရောက်သောအခါ မဆင်မခြင် ဆီးရှ၍ပြောလိုက်သော အိမ်ဖော်မလေးကြောင့် မိခင်သိသွားသည်။

"မမ အခုလေးတင်ပဲ ဖုန်းလာသွားတယ်၊ သူက/ပျဉ်းမနားဘက် ဆက်သွားရဦးမှာမို့ ဖုန်းနံပါတ်မပေးနိုင်ဘူးတဲ့၊ ညရောက်မှဆက်မယ်တဲ့"

"အေး...အေး"

"ဩော်...မေလွန်းအိမ်ရယ်...ငါ့ကိုတော့ ဆောင့်အောင့်ပြီးလောနေတာ ဒါကြောင့်ကိုး၊ တော်တော် တော်တဲ့သမီးပဲ၊ ဒါကြောင့် အမေကို ကလန်ကဆန်လုပ်နေတာ၊ ညည်း အကောင်က ဘယ်လောက်အားကိုးရမှာမို့လဲ"

ရင်မှာ စူးနှစ်သွား၏။ မိခင်၏ ဖိနှိမ်သောစကားများကို အစဉ်ကြားယောင်နေသော်လည်း အရေထူ၍မသွားပေ။ ချစ်သူ အပေါ် ဖိနှိမ်သည့်အခါတိုင်း ချစ်သူအား သနားခြင်း၊ အချစ်ပို

ခြင်း၊ ချစ်သူဘက်မှ မခံချင်ဖြစ်ခြင်းတို့ကား ရင်ထဲမှာစုပြုံ၍ တိုးလာလေသည်။

"ယူချင်လည်း မြန်မြန်ယူကြပေါ့၊ မျက်စိနောက်တယ်၊ ငါ့သဘောမတူတဲ့လူကို ယူလို့ကတော့ ငါ့ဆီက ဘာအမွေမှ ရလိမ့်မယ် မမျှော်လင့်နဲ့၊ နင့်အဖေက ပေးစရာရှိရင်ပေးပါစေ ရှိပါတယ်၊ နင့်အဖေမှာ ပေးစရာအမွေစားအုပ်တွေ အများကြီးပဲ၊ ဟင်း...ဟင်း...ဟင်း"

မိမိကိုသာမက ဖခင်ဦးဝင်းနိုင်ကိုပါ ထိပါးလာသော ကြောင့် မေလွန်းအိမ်မှာ မခံမရပ်နိုင်ဖြစ်ပြီး အိမ်ပေါ်ထပ်သို့ တက်လာခဲ့သည်။

"မောင်ရေ..အတားအဆီးတွေက များလိုက်တာကွယ်၊ မေလွန်းတော့ ရူးတောင်ရူးချင်ပြီ၊ မမေရဲ့ ထိုးစစ်စကားတွေ တို့ ခံနေရတာ စိတ်ရှုပ်လှပြီ၊ လက်ထပ်ရအောင် မောင်ရယ်... အဲဒီအခါ ဘယ်ကအဖျက်အဆီးလာလာ မေလွန်းအနားမှာ မောင်ရှိနေရင် ဘာမှစိုးရိမ်စရာ၊ ကြောက်ရွံ့စရာတွေ မရှိတော့ ဘူးပေါ့၊ လွန်းဟာ မောင့်ရဲ့တစ်ဦးတည်း မှုပိုင်ပါပဲမောင်ရယ်"

ချစ်သူ၏ လိုင်စင်ပုံသေးသေးလေးကို ခိုးကြည့်ပြီး တိုးတိုးလေးပြောလိုက်မိ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

"မောင်...အဆင်ပြေရဲ့လား"

"ပြေပါတယ်လွန်းရယ်...ဘာလို့လာကြိုရတာလဲ၊ အကြာကြီးစောင့်နေရလား"

ကားဂိတ်မှာလာကြိုနေသော ချစ်သူကြောင့် အားနာသွား၏။ မေလွန်းအိမ်က ‘လက်ဆွဲအိတ်ကို ဆီးယူလိုက်ရင်းက.

"မောင်ပင်ပန်းမှာစိုးလို့ပါ။ လွန်းက ဘာမှမပင်ပန်းဘူး၊ မောင့်ကြည့်ရတာ အခုတလော တအားပိန်သွားတာပဲ၊ မောင်ကျန်းမာရေးကို ဂရုစိုက်ဦး၊ ကဲ...ကားပေါ်တက်ပါ မောင်ရဲ့ ခုမှ ခုနစ်နာရီကျော်ပဲရှိသေးတယ် ကားပေါ်မှာမှီပြီးလိုက်ခဲ့လေ၊ တစ်မှေးလောက်မှေးပါဦး"

မေလွန်းအိမ်က မင်းခန့်အား အတင်းအဓမ္မခေါ်သောကြောင့် မင်းခန့် မငြင်းနိုင်တော့ပေ။ ကိုယ်တိုင်ကလည်း နုန်းခွေနေ၏။

"အိမ်ရောက်တော့မှ စောစောအိပ်ရာဝင်ပြီး တစ်ရေးအိပ်လိုက်ရင် အားရှိသွားမှာပါ"

မင်းခန့်က နှစ်သိမ့်စကားပြောလိုက်သော်လည်း မျက်လုံးများက မှေးစင်းလာသည်။ မေလွန်းအိမ်ပြောသကဲ့သို့ပင် ကားကူရှင်နောက်မှီတွင် မှီချပြီး အနားယူလိုက်သည်။

မေလွန်းအိမ်က အလိုက်သိသိပင် ငြိမ်သက်နေလိုက်၏။

"ဪ...လွန်းရယ်..မောင်တော့လေ ဘယ်လောက်ပင်ပန်းပင်ပန်း မျှော်လင့်ချက်နဲ့ အံလုံပ်လုပ်နေရတော့ ပျော်တယ်၊ ကျေနပ်တယ်၊ ပင်ပန်းပေမယ့် လွန်းကိုချစ်တဲ့အကြောင်း စဉ်းစားမိရင် ပင်ပန်းသမျှတွေ ပြေပျောက်သွားရော"

မင်းခန့်၏စကားကို မေလွန်းအိမ်က တုံ့ပြန်မပြောတော့ဘဲ ကားကိုသာ ဂရုစိုက်မောင်းနေသည်။ မျက်လုံးအိမ်ထဲတွင် မျက်ရည်များဝဲလာ၏။ ကားမောင်းနေ၍ သတိထားပြီး မျက်တောင်ကိုပုတ်ခတ်ကာ ထိန်းချုပ်ထားလိုက်၏။

ခဏအကြာတွင် မင်းခန့်ကိုင့်ကြည့်လိုက်သောအခါတွင် ကူရှင်ကိုမှီပြီး အိပ်ပျော်နေ၏။

ချစ်သူမင်းခန့်က ရုန်းကန်လှုပ်ရှားနေရသကဲ့သို့ မေလွန်းအိမ်သည်လည်း မိခင်၏ မကျေမနပ်နှင့် ဆန့်ကျင်မှုကို နေ့စဉ်နှင့်အမျှ ခံနေရ၏။ သို့ရာတွင်...ချစ်သူအား စိတ်မကောင်းမှာစိုး၍ အသိမပေးဘဲ တစ်ယောက်တည်းကြိတ်၍ ခံစားနေသည်။

ချစ်သူက သူ၏မိသားစုအခြေအနေမှာ ပြည့်စုံမှုသိပ်

www.burmeseclassic.com

မရှိသေးသဖြင့် မေလွန်းအိမ်အား တင့်တင့်တယ်တယ်ထားနိုင်ရန် ရည်ရွယ်ပြီး အလုပ်ကို ကြိုးစားလုပ်ကိုင်နေ၏။

မြို့ထဲတွင် ကွန်ပျူတာဆိုင်ဖွင့်ထားသလို သူငယ်ချင်းတစ်ဦးနှင့် သစ်လုပ်ငန်းမှာ ရှယ်ယာဝင်ပြီး လုပ်ကိုင်နေသေးသည်မို့ အလွန်ပင်ပန်းနေ၏။

ထို့ကြောင့်...မင်းခန့်အား အိမ်အထိလိုက်ပို့ပေးပြီး မင်းခန့်၏အိမ်မှာပင် နံနက်စာ စားလိုက်၏။

"သမီးလေး သွားကြိုမယ်ဆိုလို့ အမေက သမီးလိုက်လာရင် စားဖို့ အစုံသုပ်လုပ်ထားတယ်၊ သားက ခရီးပန်းလာလို့ ဌက်ပျော်သီးနဲ့ နွားနို့ပဲသောက်ပြီး အိပ်လိုက်တော့နော်"

"ကားပေါ်မှာအိပ်လာပါတယ် မေမေရာ"

"အမယ်...သူအိပ်တာ ခဏလေးပါ"

"အိပ်ရေးဝပါတယ်၊ လမ်းမှာလည်းအိပ်လာသေးတယ်၊ စိတ်မပူပါနဲ့ လွန်းရယ်"

သူ၏မျက်လုံးလေး တလက်လက်တောက်ပလျက် ချစ်သူနားမှ မခွာချင်သေးမှာကို သိနေသဖြင့် မိခင်ကအနားမှ အလိုက်သိစွာပင် ရှောင်ထွက်ပေးလိုက်သည်။

"ကဲ...ဒါဖြင့် သမီးလေးတို့ စကားပြောကြဦးလေ၊ အမေ ဘေးအိမ်ကမှာထားတဲ့ပန်းတွေကို သွားပို့လိုက်ဦးမယ်"

မိခင်ထွက်သွားသဖြင့် တစ်အိမ်လုံးမှာ တာဝန်နှင့်

အသီးသီးအပြင်ထွက်နေကြသဖြင့် ရှင်းလင်းနေသည်မို့ သူတို့ မေလွန်းအိမ်ထိုင်နေသည့် နှစ်ယောက်ထိုင်ဆက်တီသို့ကူးလာပြီး ချစ်သူကို ယုယစွာထွေးပွေ့လျက်...

"လွမ်းလိုက်တာ လွန်းရယ်..သုံးရက်က သုံးလလောက် ထင်တယ်"

"ဝိုးပြီ..."

"အတူနေချင်ပြီ၊ ဒီသီတင်းကျွတ်ရင် လက်ထပ်ကြရအောင်နော်"

"အဲဒါထက် မောင့်ကျန်းမာရေးက အရေးကြီးတယ်လေ၊ မောင်က သိပ်ပိန်နေတာပဲ၊ အားဆေးသောက်ဦးလေ၊ မောင်လေးလည်း ပိန်နေတယ်"

"မောင်က အနားယူရင် ဝလာမှာပါ။ မေမေတို့တလည်း ဝရှိစိုက်ပါတယ်၊ ထွန်း ပိန်နေတာက ဘာလို့လဲ၊ နေကောင်းရဲ့လား၊ အခုတလော ထွန်းတစ်ယောက် အိမ်မလာတာတောင် ကြာပြီ၊ ဘယ်တွေရောက်နေလဲ၊ ဝရှိစိုက်ဦးလေ"

"မသိဘူး၊ မာမီဈေးသွားတဲ့ဆီလိုက်လိုက်သွားတာပဲ၊ လွန်းကလည်း သိပ်မမေးချင်ဘူး"

"ဈေးက လူစုံတယ်"

"ထွန်းလူတို့နဲ့ ပေါင်းနေတာတဲ့"

"အင်း...ကိုယ်လည်း အလုပ်နည်းနည်းပါးရင် ယွန်းတို့

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တို့ဘက်ဆွဲရမှာပဲ၊ အငယ်ကောင်တွေ စာမေးပွဲပြီးရင် ပေါ့လေ"

"အင်း...လွန်းလည်း သူ့ကိုပြန်ထိန်းပါ့မယ်"

♥ ♥ ♥

"ညည်းစိတ်ထဲမှာ စွဲစွဲမြဲမြဲမှတ်ထားဖို့က ညည်းအဖေ ကြောင့်လို့သာ မှတ်ထားလိုက်"

ဖခင်နှစ်ဦး၏ ရင်းနှီးချစ်ခင်မှုများဖြင့် မင်းခန့်နေကောင်း သောအချိန်တွင် စေ့စပ်လိုက်ကြပြီး လူငယ်နှစ်ဦး၏ဆန္ဒအရ မေလဆန်းတွင် လက်ထပ်ရန် ရည်ရွယ်လိုက်သည်။

သူတို့နှစ်ဦးတွေ့ဆုံ၍ အကျွမ်းဝင်သည့် မေလဆန်းကို အမှတ်တရအနေနှင့် ဖြစ်သည်။

မင်းခန့်သည် သူရည်ရွယ်ထားသည့်အတိုင်း မေလွန်း အိမ်အတွက် စေ့စပ်လက်စွပ်လုပ်ပေးသည်။ ပတ္တမြားတစ်လုံး မြှုပ်ထားသည့် မောင်းကွင်းလက်စွပ်ကလေးဖြစ်သည်။

"ဒါကို ပတ္တမြားမမှတ်ဘဲ မောင့်ရဲ့ နှလုံးသွေးစက်ကလေး

လို့ မှတ်ယူလိုက်ရင် လွန်းက ဒီလက်စွပ်ကလေးကို ပိုပြီး အလေးထား မြတ်နိုးနိုင်တာပေါ့"

မေလွန်းအိမ်သည် ချစ်သူပေးသော လက်စွပ်အား အရိပ်တကြည့်ကြည့်နှင့် မြတ်နိုးမဆုံးပေ။ ထိုလက်စွပ်ကလေး အား ကြည့်မိတိုင်း မင်းခန့်၏ သွေးစက်ကလေးတစ်စက်ဟု မှတ်ယူလိုက်ခြင်းဖြင့် မင်းခန့်ပြောသကဲ့သို့ ချစ်သူအပေါ်မှာရော လက်စွပ်ကလေးအပေါ်မှာပါ ပို၍မြတ်နိုးစိတ် ပိုလာမိသည်။

သို့ရာတွင်...မင်းခန့်၏ အလုပ်ကြိုးစားမှုကြောင့် ချစ်သူ နှစ်ဦးမှာ တွေ့ဆုံရန် အချိန်မပေးနိုင်ကြပေ။ တစ်ခါတစ်ရံ ခရီး ထွက်သွားတတ်သော ချစ်သူကိုယ်စား လက်စွပ်ကလေးကိုသာ ကြည့်၍ အလွမ်းဖြေနေရသည်။

ဦးဝင်းနိုင်ကမူ မင်းခန့်အလုပ်ကြိုးစားပုံကိုကြည့်ကာ သဘောကျနေ၏။

"ဖအေတူသားကွာ၊ သူ့အဖေက ကြိုးစားတယ်၊ အစွမ်း ရှိတယ်၊ လူဆိုတာ ကြိုးစားတိုင်းလည်း ဥာဏ်မရှိ၊ အစွမ်းမရှိရင် အလကားပဲ၊ အင်းပေါ့...သမီးရယ်...ကိုဘုဏ်ဝီရိယ လိုအပ် ဘာပေါ့၊ ဒီသုံးခုပေါင်းစပ်ရင် ဘယ်သူ မကြီးပွားဘဲခံနိုင်ပါ့မလဲ"

မေလွန်းအိမ် သိပ်မပူတော့ပေ။ မင်းခန့်၏ဝင်ငွေသည် တစ်လကို သုံးသိန်းကျော်ရနေသဖြင့် မေလွန်းအိမ် စိတ်အေးရ သကဲ့သို့ ဒေါ်ခင်မာတင်လည်း ပါးစပ်ပိတ်သွားကာ အပြောရပ် သွား၏။ ထိုအခါကျမှ မေလွန်းအိမ်အဖို့ ပန်းခင်းသောလမ်းတွင်

www.burmeseclassic.com

www.burmeseclassic.com

အေးချမ်းသာယာစွာ လျှောက်လှမ်းသွားရန်သာ ကျွန်တော့်သည်။

မေလွန်းအိမ် ပျော်ရွှင်စိတ်ချမ်းသာသကဲ့သို့ နေထွန်းအိမ်ကလည်း ပျော်ရွှင်နေသည်။ အဘယ့်ကြောင့်ဆိုသော်... မင်းခန့်၏ညီနှစ်ဦးနှင့် အဖွဲ့ကျကာ ပို၍ပေါင်းစည်းမိသောကြောင့် ဖြစ်၏။

"မမ လိုက်ဦးမလား"

"ဘယ်ကိုလဲ"

"ကိုမင်းဆီကိုပေါ့"

"ဟင့်အင်း...ကိုမင်းမှမရှိတာ၊ မလိုက်တော့ပါဘူး"

"မမလည်း အိမ်ထဲမှာပဲ ကုပ်ချိနေရင် အကျင့်ကြီးပါ နေဦးမယ်၊ ကိုမင်းရောက်ရင် လွတ်လိုက်မယ်နော်"

"လာပါလိမ့်မယ် အားကြီးကြီး"

ပြောပြီး စိတ်မကောင်းဖြစ်သွားသည်။ မင်းခန့်သည် မာနကြီးသောသူပီပီ ဒေါ်ခင်မာတင်၏ ချိုးနှိမ်မှုကို အမှတ်ထားဆဲ ဖြစ်သည်။ ကိစ္စရှိမှသာ အိမ်သို့လာတတ်၏။ သူတို့အိမ်မှာ စနေ၊ တနင်္ဂနွေရက်များတွင် ထူးထူးဆန်းဆန်း တစ်ခုခု လုပ်စားတတ်၏။ ထိုအခါမျိုးဌာသာ ကိုယ်တိုင်လာပို့သည်။ တခြားဘာအကြောင်းမှမရှိဘဲ အိမ်သို့မလာပေ။ ဤသည်ကို မေလွန်းအိမ်လည်း အပြစ်မတင်မိ။

မင်းခန့်လာလျှင် စိတ်ထဲတွင် တစ်စုံတစ်ခုကို စိုးရိမ်နေသလိုလို ခံစားရ၏။

ဤကဲ့သို့ ချစ်သူ ခရီးဝေးသွားနေစဉ် ချစ်သူအကြောင်းကို တစ်ယောက်တည်းငြိမ်သက်စွာ စဉ်းစားနေရခြင်းဖြင့် အေးချမ်း၍ ကြည်နူးဖွယ်ရာကောင်းလှသည်တု ထင်မိသည်။

"လွန်း..."

"ဟင်..."

ရုတ်တရက် လန့်သွားသည်။ နောက်သို့လှည့်ကြည့်သောအခါ ဆံပင်စုတ်ဖွားနှင့် ဂျင်းအင်္ကျီနှင့်သာရောင်မှာ ဖုံများနှင့် မည်းညစ်နေ၏။

"အယ်...မောင်ရယ်...ဘယ်လိုက ဘယ်လို..."

"ခုပဲ အဝေးပြေးဂိတ်ကလာတာ၊ လွန်းကိုတွေ့ချင်လို့ ဝင်လာတာ"

"ကြည့်စမ်း...တစ်ဖတ်တည်းနဲ့ အသားတွေမည်းပြီး ပိန်သွားလိုက်တာ၊ လာ...လာ...ဒီမှာထိုင်၊ ခုပဲ ထွန်းက မောင်တို့အိမ်ကို ထွက်သွားတယ်"

မင်းခန့်၏ခန္ဓာကိုယ်တွင် နေလောင်နှံ့ထွက်နေသည်ကို မေလွန်းအိမ် ရှုရှိုက်မိသောအခါ ချစ်သူအတွက် စိတ်မကောင်းဖြစ်သွားပြီး ခုံတန်းများမှာထိုင်စေပြီး ပခုံးတွင်လွယ်ထားသော ကျောပိုးအိတ်ကို ဖြုတ်ချကာ...

"သက်သောင့်သက်သာနေပါ မောင်ရယ်...မောင့်ကြည့်ရတာ မောလွန်းလို့၊ ခရီးလေးနော်၊ အဘေးသွားယူလိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com

မေလွန်းအိမ်က သမင်မလေးအသွင်နှင့် ပြေးထွက်သွားသည်ကို တစ်ချက်ကြည့်ပြီး ခုံတန်းလျားပေါ်တွင် လဲချလိုက်၏။

မိုးကုတ်မှ မန္တလေး၊ မန္တလေးမှ ရန်ကုန်အထိ မနားဘဲ ကားစီးလာခဲ့ရသဖြင့် ပင်ပန်းနွမ်းနယ်လွန်းလှသည်။ မိုးကုတ်သစ်တောထဲ၌ ငှက်ဖျားမမိစေရန် အစားအသောက်ကအစ ဆင်ခြင်နေရ၏။

ယခုကဲ့သို့ ကြမ်းတမ်းသောလမ်းခရီးမှာ ပင်ပင်ပန်းပန်းဖြတ်လာခဲ့၍ ချစ်သူမျက်နှာကို မြင်လိုတွေ့လိုသောကြောင့် အိမ်သို့ပင်ဝင်၍မနားဘဲ တန်းလာခဲ့ခြင်းဖြစ်သည်။

"မောင်"

အေးသော၊ မွှေးသော၊ နူးညံ့သောအရာလေး ထိတွေ့ခံစားလိုက်ရသည်။ မျက်လုံးကိုစုံမှိတ်ကာ လည်ပင်းလေးမော့၍ ဇိမ်နှင့်ခံယူလိုက်၏။

မေလွန်းအိမ်က ပဝါလေးရေဆွတ်၍ မင်းခန့်၏မျက်နှာ လည်ပင်းနှင့် ကုပ်များကို ယူယစ္စာပွတ်ပေးပြီး...

"အမောပြေ သံပရာရည်လေးသောက်လိုက်ပါဦး မောင်ရယ်...မောင့်ကြည့်ရတာ ပင်ပန်းလိုက်တာ"

ဆံစလေးများကို ဖွဖွလေးခိုးနမ်းရင်းက ချစ်သူအား ကြင်နာစကားဆိုလိုက်သည်။ မင်းခန့်က ထိုင်ရာမှဝုန်းခနဲထပြီး ကျောပိုးအိတ်ကိုဖွင့်ကာ...

"မေမြို့ကိုဝင်တော့ လွန်းအတွက် ဆွယ်တာဝယ်ခဲ့တာ၊

ကြိုက်မလားတော့မသိဘူး၊ မောင်တော့ကြိုက်တယ်"

ပလတ်စတစ်အောက်တွင် မြင်ရသောအရောင်ကို မြင်ကတည်းက မေလွန်းအိမ် စိတ်ညစ်သွား၏။ ရဲရဲတောက်နေသည့် အနီရောင်၊ ထိုအရောင်ကို မေလွန်းအိမ် မနှစ်သက်ပေ။ အကျီ၊ အဝတ်အစားဖြစ်လည်း အနီရောင်မရှိခဲ့။ သို့ရာတွင်...

"မောင်ကြိုက်ရင် လွန်းလည်းကြိုက်တာပေါ့၊ ရဲနေတာပဲနော်"

"မောင်တို့အချစ်က ဘယ်တော့မှမှေးမှိန်မသွားတဲ့ ရဲရဲတောက်အချစ်ဆိုတာ မှတ်ကျောက်လိုက်တာပဲ၊ မောင် မိန်းမအကျီတွေ မဝယ်တတ်ဘူး၊ တော်မလား ကြည့်ပါဦး"

"တော်မှာပါမောင်ရယ်၊ ကဲ...သံပရာရည်သောက်လိုက်ဦး"

"သောက်ပြီးပြန်မယ်၊ တအားအိပ်ချင်တာပဲ၊ လွန်းကိုတွေ့ချင်လွန်းလို့သာ ပြေးလာရတယ်၊ အိမ်က အိပ်ရာဖြူဖြူလေးပေါ်မှာ ထိုးအိပ်ချင်တဲ့စိတ်ပဲ ဖြစ်နေတယ်"

ပြောပြောဆိုဆိုနှင့် သံပရာရည်ဘူးကို အသက်မရှူဘဲ မော့သောက်လိုက်လေ၏။

"လွန်း လိုက်ပို့ပေးမယ်နော်"

"အဘွားကြီးက သည်းထိုယ်ထင်ဦးမယ်"

"မေမေ မရှိဘူး"

"ကောင်းလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com

"ဟင်း...မောင်နော်၊ ဝရဲကြီးမယ်"

"ကဲ...ကဲ...ဝရဲကြီးတွေ ဝရဲလေးတွေထက် အရေးကြီးတာ အိမ်ပြန်ရေချိုးပြီး အိပ်ဖို့ပါ၊ နှမတော်ရဲ့ရှေ့မျက်နှာတော်ကိုလည်း အားရအောင်ဖူးပြီးပြီပါ၊ ပြန်မယ်...ကဲ...လိုက်ပို့"

မေလွန်းအိမ်က ရယ်စရာမကောင်းသော်လည်း ကြည်ကြည်နူးနူးလေး ရယ်မောမိသည်။

ထိုနေ့က မိခင်ကို စျေးကြိုချိန်ရောက်မှ အိမ်ပြန်လာခဲ့၏။ မစ်းခန့်အိပ်ပျော်နေသည်အထိ ခုတင်ဘေးတွင်ထိုင်ကာ ယပ်ခတ်ပေးရင်းက ကြည်နူးကာ ကျေနပ်ပီတိဖြစ်နေလေသည်။

ချစ်သူအနားတွင်ထိုင်ကာ ယခုကဲ့သို့ ထာဝစဉ်ပြုစုပေးနိုင်ရန် အချိန်မှာ မဝေးတော့ပေ။

"အဲဒါ ကောင်းကြသေးရဲ့လားဟင်၊ ကောင်းကြသေးရဲ့လား၊ လာစမ်း...သူတော်ကောင်းကို လင်လုပ်မယ့်မိန်းမ ခုလာစမ်း"

စျေးမှပြန်လာလာချင်း အော်ဟစ်နေသော မိခင်၏အသံကြောင့် မေလွန်းအိမ်မှာ နားမလည်စွာနှင့် အိမ်ရှေ့ခန်းတွင်း ဝင်လာသည်။

ဖခင်ဦးဝင်းနိုင်ကမူ ခေါင်းငိုက်စိုက်ချကာ ညည်ခန်းတွင်း၌ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေ၏။ ခါတိုင်း မိခင်ကတ္ပါကဲ့သို့အော်ဟစ်နေလျှင် ဟန့်တားတတ်သော ဖခင်ကား မဟန့်တားဘဲ ကိုယ်တိုင် စိတ်ရှုပ်နေဟန်တူသည်။

"ဒီမှာကြည့်စမ်း မေလွန်း"

မေလွန်းအိမ်းနားလာ၍ သတင်းစာ၏နောက်ကျောအဖုံးကို လက်ညှိုးထိုးပြလိုက်သည့်နေရာသို့ ဖတ်ကြည့်လိုက်ရာ-

"မူးယစ်ဆေးဝါးသုံးစွဲရန် ပြင်ဆင်နေကြသည့် လူငယ်သောင်းစုအား ဖမ်းမိခြင်း"

မိမိနှင့် ဘယ်လိုမှမပတ်သက်သည်မို့ မိခင်ဖြစ်သူအား နားမလည်သလို မော့ကြည့်မိသည်။

"အင်းပါ...ဆက်ဖတ်ပါဦး"

"ယမန်နေ့ညနေ လေးနာရီတွင် မင်္ဂလာဒုံမြို့နယ် ဘူတာလမ်းရှိ ဦးစောရိန်နေအိမ်ခြံအတွင်း မူးယစ်ဆေးဝါးသုံးစွဲ၍ စီစဉ်နေကြသော လူငယ်ငါးဦးအား ဘိန်းဖြူမှုန့်များနှင့်အတူ ဆေးထိုးအပ်များကိုပါ လက်ဝယ်တွေ့ရှိ၍ ဖမ်းဆီးအရေးယူခဲ့သည် ဆိုဖါလား"

www.burmeseclassic.com

www.burmeseclassic.com

ဖတ်ရင်းက ရင်ဖိုလာသည်။ မိမိနှင့် ပတ်သက်နေသလားဟု စိုးရိမ်ကာ ပူထူလာ၏။

"အဆိုပါလူငယ်များမှာ ထွန်းလူ၊ အဖ...၊ မင်းခန့် အဖ ဦးကံညွှန်..."

မျက်လုံးများပြာဝေသွားပြီး သတင်းစာကိုလွှတ်ချလိုက်မိသည်။

"မယုံဘူး၊ သမီး မယုံဘူး"

"အလိုတော်...ပုပ်လို့ပေါ်၊ ဟုတ်လို့ကျော်တာပေါ့၊ သတင်းအတိအကျရတာတောင် ညည်းက ငြင်းချင်သေးလို့လား၊ ငါက အစကတည်းက မသက်ာနေတာကြောပြီ၊ လူက ဓိန်လိန်နေတာပဲ၊ တကယ့်ဆေးသမားရှပ်"

"ဟင့်အင်း...ဟင့်အင်း...မဟုတ်ပါဘူး မေမေရယ်၊ သူ့ပိန်တာ အလုပ်လုပ်ရတာ ပင်ပန်းလို့ပါ၊ အခုဟာက သူ့ သူငယ်ချင်းတွေ လုပ်တာကို..."

မေလွန်းအိမ်က ကတုန်ကရီနှင့် အတတ်နိုင်ဆုံး ကာကွယ်နေလိုက်သည်။

"မိုးကြိုးကပစ်ပြီးနေပြီပဲ သမီးရယ်...အခုမှ ထန်းလက်နဲ့ကာလို့ ရမလား၊ စောစောစီးစီးသိရတာ ကောင်းတာပေါ့၊ တော်ကြာ...ဘိန်းစားမယားအဖြစ်နဲ့ ငါ့သမီး တစ်သက်လုံး လူညွှန့်တုံးနေဦးမယ်"

ဒေါ်ခင်မာတင်က စကားအရှိန်ကို လျှော့ချ၍ချလိုက်သည်။ မေလွန်းအိမ်အဖို့ အံ့သြခြင်း၊ ဝမ်းနည်းခြင်း၊ နားမလည်ခြင်း၊ မယုံကြည်ခြင်းတို့ဖြင့် မျက်လုံးအိမ်ထဲမှ မျက်ရည်များ ပြည့်လျှံလာလေသည်။ ဖခင်ဦးဝင်းနိုင်အား အားကိုးသောမျက်လုံးနှင့် လှမ်းကြည့်လိုက်မိ၏။

သမီး၏အမူအရာကိုသိသော ဦးဝင်းနိုင်သည် သက်ပြင်းရှည်ကြီး ချလျက်...

"အင်းလေ...သူငယ်ချင်းတွေသုံးတာ ဆိုရင် သူပါပါသွားပြီး ရဲစခန်းရောက်တော့ ဖြေရှင်းရင် ရတာပဲ၊ အခုဟာက သတင်းစာထဲ ဟိုးလေးတကျော်ပါလာတော့ စဉ်းစားစရာပေါ့ သမီးရယ်...ဟုတ်မဟုတ် ဖေဖေစုံစမ်းကြည့်ဦးမယ်"

"အို...ဘာမှစုံစမ်းမနေနဲ့၊ ခင်မာတင်တော့ မျက်နှာကို သာ ဓားနဲ့လှီးလိုက်ချင်တယ်၊ စော့စပ်ထားတာဖြင့် လပိုင်းပဲရှိသေးတာ၊ လူတွေသိကုန်ပြီ၊ ဘယ်လောက်ရှက်စရာကောင်းလိုက်သလဲလို့၊ တော်ပြီ မေလွန်းအိမ်၊ ငါ တစ်ကြိမ်တစ်ခါပဲ အလျှော့ပေးမယ်၊ ဒီတစ်ခါတော့ လုံးဝ အလျှော့မပေးတော့ဘူး၊ နာမည်ဟောက်နဲ့ အကောင်ကို ငါဘယ်လိုမှ သမက်မတော်နိုင်တော့ဘူး"

မိခင်၏စကားကြောင့် မေလွန်းအိမ်မှာ ငိုရှိုက်လျက် အိမ်ပေါ်သို့ ပြေးတက်သွားလေသည်။

ထိုအခါ လေကားမှဆင်းလာသော နေထွန်းအိမ်မှာ

www.burmeseclassic.com

နားမလည်သောအမူအရာနှင့် အစ်မပြေးတက်သွားသည်ကို လိုက်ကြည့်ပြီးမှ လှေကားပေါ်မှာ အသာအယာဆင်းလာပြီး...

"ဘာတွေကျွိုင်ပူနေတာလဲ မေမေရာ၊ မေမေ့ကလည်း မိုးလင်းကမိုးချုပ် ကိုမင်းကိုပဲရန်လုပ်နေတာ၊ ဘယ်ဘဝက ရန်ကြွေးပါလာလို့လဲ"

"ဘာ..."

မိခင်၏ဒေါသမှာ နေထွန်းအိမ်ထဲ လွင့်စင်သွားလေတော့သည်။

မေလွန်းအိမ်အဖို့ ယနေ့သည် မျှော်လင့်ချက်ကမ္ဘာလေး အစိတ်စိတ်အမွှာမွှာ ပြိုကွဲပျက်စီးသွားသောနေ့ ဖြစ်သည်ဟု...။

■ ■ ■

"ဘယ်လိုမှ ဆက်သွယ်လို့မရဘူး ကိုမင်း၊ နေထွန်းကိုပါ ဆက်သွယ်လို့မရဘူး၊ ခြံတံခါးကို အမြဲသော့ခတ်ထားတယ်၊ ငါ့ကို မြင်တာနဲ့ စကားတောင်အပြောမခံဘူး၊ အတင်းမောင်းထုတ်

တာပဲ၊ တယ်လီဖုန်းကိုလည်း လိုင်းဖြုတ်ထားပုံရတယ်"

မင်းခန့် စိတ်ဓာတ်ကျသွားသည်။ ယောက်ျားတန်ဖဲ့ မျက်ရည်များစီးကျလာပြီး...

"ကိုကြီးစကားကို နားမထောင်မိလို့ ကျွန်တော့်ရည်မှန်းချက်တွေ အားလုံးပြိုကွဲသွားပြီ၊ ဟင့်...ဟီး"

ကလေးငယ်ကဲ့သို့ အားပါးတရ ငိုရှိုက်မိ၏။ ထောင်တွင်းကြီးတွေ့ခဲ့ရသော ဒုက္ခများနှင့် အိပ်မပျော်စားမဝင်ဖြစ်ကာ သောကပွေနေရသည်။

စံမြတ်သာမှာ ဘယ်သို့ဖြေသိမ့်ရမည်ကို စဉ်းစားရင်း သူ့ကိုယ်တိုင်လည်း အကြံမပြုတတ်ဖြစ်နေ၏။

ညီအစ်ကိုရင်းမျှ ရင်းနှီးနေသော မင်းခန့်အကြောင်းကို သူ ကောင်းကောင်းသိသည်။

"အင်းပေါ့ ညီလေးရယ်...အပြစ်ရှာနေတဲ့ဝံပုလွေဟာ သိုးငယ်ကို ဘယ်လိုနေနေ အပြစ်ပဲမြင်နေတော့မှာပေါ့၊ ဒါပေမယ့်...မင်း လွတ်လွတ်ကျွတ်ကျွတ်ဖြစ်သွားရင် မေလွန်းအိမ်ဆီကို ကိုယ်တိုင် အကျိုးအကြောင်းပြောပြလိုက်မပါ၊ မေလွန်းအိမ်က မင်းကိုသိပ်ချစ်တော့ လိုက်လျောနားလည်မှာပါ"

မေလွန်းအိမ် နားလည်သည့်တိုင်အောင် **လေးငါးလ**သာ လုပ်ရသော ကုမ္ပဏီက နားလည်ပါ့မလား၊ ယခင်ကဲ့သို့ ဓမ်ဓအား ယုံကြည်ပါ့မလားဟု စိုးရိမ်နေမိပြန်သည်။

"မင်းအလုပ်အတွက်လည်း ဘာမှမပူနဲ့၊ ကိုးကြီးက

www.burmeseclassic.com

www.burmeseclassic.com

နားလည်ပြီးသားပါ။ မင်းအဖေလည်း မင်းရဲ့ဆီးတို့၊ သွေးတို့၊ ဓာတ်မှန်တို့အားလုံး စစ်ဆေးပြီး သက်သေတွေပြုနေတယ်၊ ဘာမှမပူနဲ့"

မင်းခန့်မှာ အနည်းငယ်စိတ်သက်သာရာရသွား၏။ ကျွန်သူငယ်ချင်းလေးဦးကိုတော့ ကယ်တင်၍မရမှန်း နားလည်လိုက်သည်။ သူကား...ကုမ္ပဏီတွင် မေလွန်းအိမ်အတွက် ကြိုးစားနေစဉ် သူ၏သူငယ်ချင်းလေးဦးမှာ ဘိန်းဖြူစွဲကာ အပြန်အလှန် ဆေးထိုးနေကြ၏။

ထိုထဲတွင် မေလွန်းအိမ်၏မောင် နေထွန်းအိမ်လည်း ပါဝင်နေကြောင်းကို သူနှင့်နေထွန်းအိမ်သာ သိသည်။

ပြန်တွေးကြည့်မိလျှင် ထိုစဉ်က ခရီးမှပြန်လာပြီး ခရီးပန်းကာ အားနည်းလွန်းသဖြင့် ညနေဘက်တွင် ဆေးခန်းဝင်၍ အကြောဆေးထိုးကာ အိမ်ပြန်လာခဲ့ပြီး မှောင်ရီပျိုးစအချိန်ဖြစ်၍ မိသားစုထမင်းစားပြီး အိမ်ရှေ့ကွပ်ပျစ်၌ ရေနွေးအိုး ထန်းလျက်ပန်းကန်ဖြင့် ဈေးကားပြောနေကြစဉ် ညီအငယ်ဆုံးက ရောက်ရှိလာပြီး...

"ကိုကြီး...ကိုကြီး ယောက်ဖကို ကြည့်ထိန်းဦး"

"ဟင်...ဘာလို့လဲ"

ယောက်ဖဟု နေထွန်းအိမ်ကို ကင်ပွန်းတပ်ထားသဖြင့် သူ အလန့်တကြားဖြစ်သွား၏။

"လွင်ကိုတို့နဲ့ပေါင်းပြီး ဆေးစွဲနေတယ်"

"ဟင်...ဟုတ်လို့လား"

ရင်ထဲထိတ်သွားပြီး မယုံရဲရဲနှင့်မေးလိုက်သည်။

"ကျွန်တော်လည်း အစကတော့ ရိုးရိုးပေါင်းနေတာ-ထင်တယ်၊ ဟိုတစ်နေ့ကမှ ရင်းထပြီး ဆေးကို အသည်းအသန် ရှာနေတာတွေ့မှ အံ့သြသွားတယ်၊ သူ့ကိုချော့ပြီး ဆွဲထုတ်လာတာပဲ၊ သူက မရတော့ဘူး၊ စွဲနေပြီ"

"စွဲနေပြီ...ဟင်...ဘယ်ဖြစ်မလဲ"

သူသည် ထိုင်ရာမှထ၍ ကယောင်ချောက်ချားဖြင့် တိုဟိုဒီဒီကြည့်ကာ တုန်လှုပ်သွားသည်။

"သူ...သူဘယ်မှာလဲ"

"ခုနကပဲ ပန်းခြံနားမှာ လွင်ကိုတို့က သူ့ကိုစောင့်နေကြတယ်၊ သူက အိမ်ကနေ ငွေဖန်ပြီး လွင်ကိုတို့ဆီကို ပြန်လာရမယ့်ပုံပဲ"

"ဟာ...မဖြစ်ဘူး"

"နေဦး သားကြီးရဲ့၊ ချက်ချင်းမသွားနဲ့ဦးလေ၊ ဖေဖေ့ကို စောင့်ပါဦး"

မိခင်တားမြစ်နေလျက်ကပင် ကမူးရှူးထိုးနှင့် ထွက်သွားမြင်ခြင်းသည် သူ့အတွက် ပထမဦးဆုံးသောအမှားဖြစ်မှန်း မကြာမီနာရီဝက်အချိန်တွင်းမှာ သိလိုက်ရ၏။

ပန်းပင်များမရှိတော့ဘဲ ချဲ့နွယ်နှင့် ရွက်လှပင်ရိုင်းများ စာသာ မင်းမူနေသော ခြံပတ်ဝန်းကျင်မှာ မကောင်းမှုပြုသော

www.burmeseclassic.com

သူတို့အတွက် အကောင်းဆုံးနားခိုနိုင်ဖွယ်ရာ ချောင်ကောင်းကောင်းတစ်ခု ဖြစ်၏။

ထိုနေရာတွင် လွင်ကိုတို့ မိုက်ရူးရဲလူငယ်လူရွယ်တစ်စုတို့၏ နားခိုရာလည်းဖြစ်၏။

"ဒါကြောင့် မင်းကိုအားကိုးရတာပေါ့ ထွန်းလေးရာ၊ ဟီး...ဟီး...ဟီး"

"သူ့ကို အရင်လုပ်ပေးလိုက်"

သူရောက်ရှိသွားသောအချိန်တွင် နေထွန်းအိမ်က ဆေးသွင်းထိုးစပြုနေပြီမို့ အန္တရာယ်ဖြစ်စေနိုင်သဖြင့် ဇွတ်မတားဘဲ အသာလှမ်းကြည့်ပြီးမှ...

"ထွန်း...ထွန်း...မင့်အမေ နေမကောင်းလို့ မင်းကို ရှာနေတယ်၊ ပြန်သွားလိုက် မြန်မြန်"

"အာ...အစ်ကိုကြီး"

ရုတ်တရက် နေထွန်းအိမ်က သူ့ကိုမြင်သဖြင့် ကယောင်ကတန်းဖြစ်သွားပြီး ရင်မဆိုင်ဝံ့သလိုဖြင့် လျင်မြန်စွာပြေးထွက်သွား၏။

"ထွန်း...အိမ်ကိုတစ်ယောက်တည်းမသွားနဲ့၊ ကိုကြီးအိမ်ကိုသွား၊ အဲဒီကနေ လိုက်ပို့ခိုင်းလိုက်"

"ဟုတ်..."

သူအကြောင်းကိုသိသွားသဖြင့် ကြောက်ကြောက်လန့်လန့်ဖြစ်နေသည့် နေထွန်းအိမ်အား ဆွဲခေါ်ပြီး အိမ်သို့လိုက်ပို့

ပေးသင့်ပါလျက် မပို့ပေးလိုက်ဘဲ လွင်ကိုတို့အုပ်စုအား ရင်ဆိုင်၍ ဆုံးမသတိပေးနေခြင်းသည် သူ့အတွက် ဒုတိယအမှားတစ်ခု ဖြစ်ခဲ့သည်။

"မင်းတို့ ဘယ်လိုလုပ်ကြတာလဲကွာ၊ ဆယ်တန်းကောင် မအောင်သေးဘဲ ခေါင်းမှာဒဏ်ရာရထားတဲ့ ကလေးတစ်ယောက်ကို မူးယစ်ဆေးစွဲအောင်လုပ်တာဟာ တရားမလွန်လွန်းဘူးလားကွာ"

"အချင်းချင်းတွေပဲ သယ်ချင်းရာ...လူငယ်တွေပီပီ ပျော်စေပျက်စေ ငြိမ့်စေအေးစေလေးတွေကို ဖန်တီးနေတာပဲတွာ၊ ဆြာကြီးမလုပ်ချင်ပါနဲ့ကွာ၊ ကဲတွာ...သူငယ်ချင်းတို့ တိုယ်တို့သယ်ချင်း အရင်းအချာကြီးကိုလည်း ငြိမ့်သွားရလေအောင် နိဗ္ဗာန်ဆိုတာ ဘာလဲသိရလေအောင် ပို့လိုက်ကြစမ်း"

ထွန်းလူက ပြောင်စပ်စပ်အမူအရာနှင့် သူနားကပ်လာသလို သူငယ်ချင်းများအားလုံးကလည်း သူ့အားဝိုင်း၍ ချုပ်နှောင်ကြတော့သည်။

"မရှန်းနဲ့နော်၊ ရှန်းလို့ အကြောမှားသွားရင် သေသွားမယ်၊ ဘာမှတ်လဲ"

"ဟေ့ကောင်ထွန်းလူ သေချင်သေပစေကွ၊ မူးယစ်ဆေးပါးတော့ ငါသွေးသားထဲ တစ်စက်အဝင်မခံဘူး"

"ဟာ...လွင်ကို ဒီကောင့်ပါးစပ်ကိုပိတ်ထားစမ်း၊ သူ့ရှားတွေကြားကုန်တော့မှာပဲ၊ ဟေ့ကောင်...နှစ်ကောင် မင်းတို့

www.burmeseclassic.com

တ သူ့ကိုမနှိုင်ဘူးလားကွ၊ ချုပ်ထားစမ်းပါ။ ဒီကောင့်ကို မိန်းမ
မရခင် လူပျိုဘဝရဲ့စည်းစိမ်လေးတွေ စုံနေအောင် ခံစားခိုင်းမလို့"

"မလုပ်နဲ့ကွာ၊ မင်းတို့ ငါ့ကိုဖျက်ဆီးဟာ၊ ငါ နေကောင်း
တာလည်းမဟုတ်ဘူး၊ ဖယ်ကွာ၊ ဟေ့ကောင်တွေ လွှတ်စမ်း"

ပြောသာပြောရသည်။ ရုန်းကန်ရန်အားမရှိပေ။ ဇော်မျိုး
ဦးနှင့် မောင်မောင်အေးတို့လက်က သန်မာလှ၏။

"နတ်စည်းစိမ်ခံရအောင်ပါ သူငယ်ချင်းရာ"

ဇော်မျိုးဦး၏လျှောင်သံကို ကြားရသောအခါ သူ ဇော်မျိုး
ဦးကို စူးစူးစိုက်စိုက်ကြည့်ရင်းက...

"ငါ့သွေးစက်တွေနဲ့ မင်းအစ်မအသက်ကို ကယ်တင်ခဲ့
တာကို မင်းက ငါ့သွေးစက်တွေထဲ ဘိန်းဖြူရည်ထည့်ပြီး ပြန်
ကျေးဇူးဆပ်တာလား ဇော်မျိုးဦး"

"ဟာ..."

ဇော်မျိုးဦးချုပ်ကိုင်ထားသောလက်များ ပြေလျော့သွား
လေသည်။

"ဟေ့ကောင် အလကား အာပလာ...လုပ်ကွာ၊ တို့လို
ဖီလင်မျိုးရအောင်လို့ပါ"

တွေဝေသွားသော ဇော်မျိုးဦးကို ထွန်းလူက ပြန်ဆွဲပေး
လိုက်၏။ ဇော်မျိုးဦးသာမက မောင်မောင်အေးနှင့် လွင်ကိုတို့
လည်း တွေဝေသွားတော့သည်။

ဤသည်ကို အခွင့်ကောင်းယူ၍ မင်းခန့်က ထွန်းလူ၏

လက်မှ ဆေးထိုးအပ်ကို ဆွဲလုယူလိုက်စဉ်...

"ဟေ့ကောင်တွေ မပြေးနဲ့"

ရုတ်တရက် အားလုံးကြောင်သွား၏။ မျက်နှာစိမ်းလူကြီး
လေးငါးဦးက သူတို့ကိုဝန်းရံထားကြသည်။ တစ်ဦး၏လက်ထဲ
တွင် ခြောက်လုံးပြူးကိုင်ထား၍ ဘယ်သူမှ မလှုပ်ဝံ့တော့။

မင်းခန့်၏လက်ထဲမှ ဆေးထိုးအပ်ကို တစ်ယောက်က
လှမ်းယူလိုက်သည်။ ကျန်တစ်ယောက်က ရေပူလင်းနှင့် ဘိန်းဖြူ
မှုန့်ထုပ်ကို လှမ်းယူကာ...

"သတင်းရနေတာ ကြာပြီ၊ ဒါကြောင့် မင်းတို့ကိုစောင့်
ဖမ်းနေတာ"

ရဲစခန်းရောက်သောအခါ သူ အမျိုးမျိုးရှင်းပြသော်
လည်း မယုံကြည်ကြပေ။ ချက်ချင်း အချုပ်ထဲထည့်ကာ အိမ်ကို
အကြောင်းကြားကြ၏။ ဖခင်ဦးကံညွှန့်ကမူ...

"ယောက်ျားပဲ...အချုပ်ထဲအိပ်ရတာ မဆန်းပါဘူး
အပေါင်းအသင်းမကောင်းလို့ ဝင်ရတာပဲ၊ နမူနာယူရအောင်
နောင်ကြဉ်ရအောင် ခဏနေလိုက်ဦး"

မိခင်က မျက်ရည်ကျသော်လည်း ဖခင်ကမူ အပြုံးမပျက်
ပေ။ မင်းခန့်ကမူ မျက်ရည်များရစ်ဝဲလာသည်အထိ စိတ်ထိခိုက်
နေမိ၏။ မိခင်ကိုလည်း မေလွန်းအိမ်အားရှင်းပြရန် မှာသည်မှာ
ဘယ်နှစ်ကြိမ်မှန်းပင် မသိတော့ပေ။

မင်းခန့်သည် မင်္ဂလာဒုံရဲစခန်း၌ပင် ရှစ်ရက်ခန့်နေနေ

www.burmeseclassic.com

www.burmeseclassic.com

ပြီး ဖခင်ဦးကံညွှန်ကာ ဆေးစစ်ချက်များနှင့် သက်သေပြုကာ မင်းခန့်တွင် မှူးယစ်ဆေးဝါးသုံးစွဲခြင်းမရှိကြောင်း တွေ့ရသည့် အပြင် ဇော်မိုးဦး၊ လွင်ကိုနှင့် မောင်မောင်မေအားတို့ကလည်း မင်းခန့်အား ဝိုင်းချုပ်၍ ဆေးထိုးရန်ကြံကြကြောင်း သက်သေထွက်ဆိုသောကြောင့် မင်းခန့်မှာ အမှုမှ ကွင်းလုံးကျွတ် လွတ်ခဲ့လေသည်။

သို့ရာတွင်...သူ့တင်းစာထဲတွင် နာမည်ပါထားသော မင်းခန့်အဖို့မူ...။



"မင်းခန့်ကသုံးတာမဟုတ်ဘူးကဲ့၊ သူ့သူငယ်ချင်းတွေက သုံးတာပါတဲ့"

ဦးဝင်းနိုင်က သူကြားသောသတင်းအား ဒေါ်ခင်မာတင်ကို ပြန်ပြောပြပြီး အပေါ်ထပ်အိပ်ခန်းထဲတွင် အိပ်ခန်းတံခါးပိတ်ကာ နေ့စဉ်နှင့်အမျှ အိပ်ခန်းအောင်းနေသော သမီးကြီး မေလွန်းအိမ်အား ပြောပြလိုသည်။

"အို...သူ့အရှိန်နဲ့သူ နေပစေ အဖေကြီး၊ သမီးလို မိန်းကလေးမျိုးဟာ သူ့ထက်သာတဲ့ယောကျ်ားတွေကို ခေါင်းခေါက်ရွေးလို့ရတယ်၊ ဒီလို အညှီးစက်စွန်းထေးပြီး ထောင်ထွက်ကောင်တစ်ကောင်နဲ့ မပေးစားနိုင်တော့ဘူး၊ သမီးကို ဘာမှ သွားမပြောနဲ့၊ သမီးက သူ့ကောင်ကို စိတ်နာနေပြီ"

ဒေါ်ခင်မာတင်ပြောသကဲ့သို့ပင် မေလွန်းအိမ်လည်း မည်သည့်သတင်းမျှမကြားရဘဲ အဆုတ်အသွယ်ပြတ်နေသောကြောင့် မင်းခန့်အပေါ်တွင် သံသယဝင်ထွားလေသည်။

မင်းခန့်၏မိခင်ကိုယ်တိုင် မင်းခန့်အိတ်ကပ်ထဲမှ ဘိန်းဖြူမှုန့်များကို တွေ့ခဲ့ကြသည်။ မိမိကိုယ်တိုင်လည်း မြင်ခဲ့၏။

"ထွန်းလူတို့ မေမေရေ ဓာတ်ခွဲခန်းမှာသုံးမလို့ဆိုလားပဲ၊ ဘိန်းဖြူမှုန့်တဲ့၊ သားကိုခွဲပေးထားတာ၊ အဲဒါ မနက်ဖြန်ယူသွားရမှာ၊ သားအကျီအိတ်ထဲ ပြန်ထည့်ပေးပါ မေမေ"

"ဟဲ့...ဟဲ့ ယောင်လို့များတော့ မမြည်းကြည့်လိုက်နဲ့နော် သား၊ ကြောက်စရာကြီး"

"စိတ်မပူပါနဲ့ မေမေ၊ သားက လူလိမ်မှာပါ"

"အမေ့သားကို ယုံကြည်ပါတယ်ကွယ်"

မင်းခန့်တို့သားအမိ အပြန်အလှန် ပြောနေသည့် စကားများကို ပြန်လည် ကြားယောင်မိကာ နှုတ်ခမ်းကို တင်းတင်းလေလိုက်ပြီး ဝေ့ဝဲလာသော မျက်ရည်စများကို မျက်တောင်နှင့်ပွတ်ခပ်ထိန်းကာ...

www.burmeseclassic.com

"ကိုယ်...ဆေးစွဲ မစွဲ သိနိုင်မလား"

"သိတော့ မသိနိုင်ဘူးပေါ့၊ ဒါပေမယ့် ကိုမင်းကို ယုံကြည်ပါတယ်"

"တောက်"

မေလွန်းအိမ်က ပြင်းပြင်းထန်ထန် တက်ခေါက်မိသည်။ မင်းခန့်၏စကားများကို ပြန်လည်ကာ ကြားယောင်မိသည့် အခါတိုင်း မကျေမနပ်နှင့် ဆောက်တည်ရာမရ ဖြစ်မိသည်။

"ဒါကြောင့် သူဒီလောက် ပိန်နေတာကိုး"

မယုံကြည်သလိုလို ယုံရမလိုလိုနှင့် အိပ်မက်ပမာ ယောင်ချာချာ ဖြစ်ပြီး စားမဝင်အိပ်မပျော်နှင့် ဘယ်မှလည်း မသွားတော့ဘဲ အိပ်ခန်းသာ အောင်းနေမိသည်။ သူငယ်ချင်း မိတ်ဆွေများ၏ အမေးစကားကို 'မဟုတ်ပါဘူး'ဟု မငြင်းနိုင်ဘဲ 'မသိဘူး'ဟုသာ ဘူးကွယ်ရင်း အားလုံးနှင့်ဝေးရာကိုသာ ရှောင်ပုန်းနေချင်နေသည်။

အဆုံးစွန်ဆုံးတွင် မိဘနှင့် မောင်ငယ်များနှင့်ပါ စကားမပြောလိုတော့၊ မင်းခန့်အကြောင်းကို စကားပင် အစမခံချင်၊ ကြားလည်း မကြားလို။

သို့ဖြစ်၍ မိဘများနှင့် နေထွန်းအိမ်မှာ အလိုက်သိသိ နှုတ်ဆိတ်နေရသည်။

"ရုတ်တရက် သွေးပူတုန်းဆိုတော့ ဘာမှ မဆုံးဖြတ်စေနဲ့ပေါ့၊ နောက်မှ ခေါင်းအေးအေးထားပြီး စဉ်းစားပါစေ အမေ

ကြီးရယ်၊ သမီးဆန္ဒကို ဦးစားပေးပါ"

"အို...သူ့ဆန္ဒကို ဦးစားပေးမိလို့ ဒီလိုဖြစ်ရတာ၊ ရှင်လဲ အတူတူပဲ၊ အခု ကျုပ်ဆန္ဒကို ဦးစားပေးရမယ်၊ ကျုပ်သဘော မတူနေတာနဲ့ သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေက မစလိုက်တာပဲ၊ ကျုပ်သမီးက ဒီထက်သာတဲ့ ယောကျ်ားနဲ့ ထိုက်လို့သာ"

"တော်စမ်းပါဟာ"

ဦးဝင်းနိုင်က မကြားလိုတော့ဟန်ဖြင့် ထိုင်ရာမှ ထလာလိုက်သည်။ မိမိအနေဖြင့် ဦးကံညွှန်ထံသွားပြီး အကျိုးအကြောင်းမေးပြီးဖြစ်သောကြောင့် မင်းခန့်တွင် အပြစ်မရှိမှန်း သိနေပြီဖြစ်သည်။

သို့ရာတွင် အရှိန်တက်နေသည့် ဇနီးနှင့်သမီးအား ဘာစကားမျှ ပြန်မပြောနိုင်သေးပေ။

သမီးမေလွန်းအိမ်ကိုသာ အရိပ်တကြည့်ကြည့်နှင့် ကြည့်ကာ အခွင့်သာသည့်နေ့ကို စောင့်မျှော်နေ၏။

မေလွန်းအိမ်သည် အရွယ်ရောက်ကတည်းက အချစ်ရေးကိစ္စတွင် ကင်းရှင်းပြီး ယောကျ်ားလေးများအပေါ် ၌လည်း စိတ်ဝင်စားမှု နည်းပါးခဲ့၏။

မင်းခန့်ကိုမှ စွဲစွဲလမ်းလမ်း ချစ်မိခြင်းပင်ဖြစ်၏။ အချစ်ကြီး၍ အမျက်ကြီးခဲ့လေပြီဖြစ်သည်။ မိခင် တားဆီးနေလျက်နှင့် ဇွတ်ချစ်ခဲ့ပြီးမှ ယခုကဲ့သို့ "သတင်းစာထဲ နာမည်နှင့်ဟတ္ထတိုးလေးတကျော်ဖြစ်ရသည်ကို မေလွန်းအိမ် ခွင့်မလွှတ်နိုင်

www.burmeseclassic.com

www.burmeseclassic.com

တော့ပေ။

စေ့စပ်လက်စွပ်ကိုပင် ဝတ်မထားတော့ဘဲ အဝတ်ဗီရိုထဲ သည်အတိုင်းပစ်ထားခဲ့သည်။

"ရှင်က သိပ်ပြီး ဦးကံညွှန်ကို အထင်ကြီးနေတာပဲ၊ သူက တရားသူကြီးပဲမဟုတ်လား၊ သူ့သားဘက်က အများကြီးလုပ်ပိုင်ခွင့် ရှိတာပဲ၊ သူ့သားလွတ်လာနိုင်အောင် သူ လုပ်နိုင်တာပဲ"

မိခင်နှင့် ဖခင်၏အပြောကို မေလွန်းအိမ် ဆက်၍ နားထောင်နိုင်စွမ်း မရှိပေ။ အိမ်အောက်သို့ဆင်းရန် ခြေဦးလှည့်ပြီးမှ အောက်ထပ်ညှဉ့်ခန်းမှ မိခင်၏စကားသံကို မကြားလိုတော့သဖြင့် အိပ်ခန်းထဲသို့ ပြန်လှည့်ဝင်လာသည်။

နာမည်ကြီး အစွမ်းထက်သော တရားသူကြီးသားတစ်ဦးအဖို့ အမှုအခင်းအားလုံး မှေးမှိန်ပျောက်ကွယ်နိုင်သည်ပဲလားဟု တွေးမိသောအခါ မင်းခန့်အပေါ် ၃ ဝိုး၍ မကျေမနပ်ဖြစ်လာမိသည်။

"သမီး"

ဒေါ်ခင်မာတင်၏ခေါ်သံကြောင့် မေလွန်းအိမ် လှည့်ကြည့်မိသည်။

ဒေါ်ခင်မာတင်က မေလွန်းအိမ်ထိုင်နေသော မှန်တင်ခုံကုလားထိုင်နှင့် မျက်နှာချင်းဆိုင်ခုတင်ပေါ် ဝင်ထိုင်ရင်း...

"ဘာမဟုတ်တဲ့ တန်ဖိုးမရှိတဲ့ကောင် တစ်ကောင်အတွက် သောကရောက်မနေနဲ့ သမီး၊ မေမေ အားလုံးစုံစမ်း

ပြီးပြီ၊ ဒီအကောင်က ဆေးလိပ်ထဲထည့်သောက်နေတာကြာပြီတဲ့၊ ဒီတော့...သမီးဦးနှောက်ထဲက ထုတ်ပစ်လိုက်တော့နော်၊ အရင်ကလို ပျော်ပျော်ရွှင်ရွှင်နေစမ်းပါ သမီးရယ်..."

ဒေါ်ခင်မာတင်ကား ပွဲလန့်တုန်း ဖျာဝင်ခင်းနေလေပြီ။

မေလွန်းအိမ်အား ညှာပြီး ဘယ်သူမှ စ,မပြောရက်သေးသော စကားကို ဒေါ်ခင်မာတင်က စပြောပြီး တွေဝေနေသော မေလွန်းအိမ်အား နားသွင်းလိုက်၏။

"သမီးရှက်လို့ပါ မေမေ၊ သမီး အပြင်မထွက်ချင်သေးပါဘူး"

"အေးပါ...သမီးကို ထွက်ဖို့ပြောတာမဟုတ်ပါဘူး၊ သမီးရဲ့ဂုဏ်သိက္ခာကို ပြန်ဆယ်ရအောင်လို့ မေမေတို့ဘက်က စေ့စပ်ကြောင်းလမ်းတာကို အရင်စဖျက်လိုက်မယ်လေ၊ ဘယ့်နဲ့လဲ"

မေလွန်းအိမ် ရုတ်တရက်တွေဝေသွား၏။ တကယ်တမ်း စွန့်လွှတ်ရတော့မည်ဆိုတော့ ရင်ထဲမှာနာကျင်သွားမိသည်။ ဆို့ရာတွင် နာကြည်းစိတ်များက ဖုံးလွှမ်းနေသောကြောင့်...

"မေမေ့သဘောပါပဲ"

"အေးပါ...မေမေ အဆင်ပြေအောင် ကြည့်လုပ်ထားလေ၊ သမီးစိတ်ထဲမှာ အေးချမ်းအောင်သာနေနော်၊ ဘာမှ ဝတ္တရားနဲ့ သိလား"

ဒေါ်ခင်မာတင်ထွက်သွားသောအခါ မလွှားနဲ့ဟုပြော

www.burmeseclassic.com

www.burmeseclassic.com

သွားသော်လည်း အတွေးများက ခေါင်းထဲရောက်လာကာ မျက်ရည်များ တတွေတွေစီးကျလာလေ၏။

မျှော်လင့်ခြင်း ယုံကြည်ခြင်းများစွာဖြင့် ချစ်သူကိုချစ်ခဲ့ရသည်။ တခြားသော ယောကျ်ားသားများကဲ့သို့ အခွင့်အရေး မယူတတ်ဘဲ ရိုးသားပြီး ရယ်ရွှင်ဖွယ်၊ စိတ်ကြည်နူးဖွယ်စကားများဖြင့် တစ်ဖက်သားအပေါ် ကူညီတတ်သော ချစ်သူအား စွန့်လွှတ်ရမည်ကို တွေးလိုက်တိုင်း မျက်ရည်ကျမိသည်။

သို့ရာတွင် မင်းခန့်စ၍ ချစ်စကားပြောသည့်နေ့ကို အမှတ်ရပြီး အကျီအိတ်ထဲမှ ဘိန်းဖြူမှုန်များကို တွေ့ပါလျက် မိမိက သေသေချာချာ မမေးမြန်းဘဲ မင်းခန့်စကားကိုသာ ယုံစားမိသည်မှာ မိမိအမှားပင် ဖြစ်သည်။

လှည့်စားရက်သောချစ်သူကို နာကြည်းစွာဖြင့် ငိုရှိုက်ရုံကလွဲ၍ မိမိဘာများတတ်နိုင်မည်နည်း။

"ရက်စက်လိုက်တာမောင်ရယ်၊ လှပ်ရက်လိုက်တာ၊ လက်ထပ်ဖို့ ကြိုးစားနေတယ်ဆိုတာ ဒါပဲလားဟင်"

"ဟာ...ဒုက္ခပါပဲ"

စံမြတ်သာသည် ရုတ်တရက် သူ့နှုတ်ကို ရိုက်လိုက်မိ၏။ မင်းခန့်လွှတ်မည့်နေ့တွင် သတင်းစာမှ 'စေ့စပ်ကြောင်းလမ်း ဖောက်သိမ်းခြင်း'ဟူသော ခေါင်းစဉ်နှင့် မင်းခန့်နှင့် စေ့စပ်ထားသည်ကို မေလွန်းအိမ်မှ ဖျက်သိမ်းခြင်းဖြစ်၏။ စုံစမ်းမေးမြန်းခြင်းသည်းခံပါဟုလည်း ရေးထားသည်။

သို့ရာတွင် စံမြတ်သာက စွန့်စား၍ သွားရတော့မည်။

မင်းခန့်သည် ထောင်မှလွတ်လျှင်လွတ်ခြင်း မေလွန်းအိမ်ထံသို့ သွားမည်ဟု ကြုံးဝါးထားသောကြောင့်ဖြစ်၏။

ထို့ကြောင့် စံမြတ်သာသည် ဆိုင်ဖွင့်ဖွင့်ခြင်း သတင်းစာကို ဖတ်မိ၍ ဆိုင်အား တပည့်များနှင့်လွှဲကာ မေလွန်းအိမ်အိမ်သို့ ပြေးလာခဲ့၏။

ဒေါ်ခင်မာတင်နှင့် မျက်နှာချင်းမဆိုင်လိုသော်လည်း ရင်ဆိုင်ရဦးမည်ဖြစ်သည်။

"ဖွင့်ပေးပါဗျာ၊ ခဏလေးတွေ့ရုံပါပဲ၊ ဦးဝင်းနိုင်နဲ့တွေ့ဖို့ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com

ရှေးဦးစွာ ခြံစောင့်နှင့် ရင်ဆိုင်ရသည်။ ခြံစောင့်က အလုပ်ရှင်၏အမှာစကားကိုသာ နာခံမည်။ စံမြတ်သာ ဘယ်လို ပြောပြော ဖွင့်မပေးပေ။

သို့ဖြစ်၍ ခြံထဲရှိ ဘဲလ်ကိုသာ အဆက်မပြတ်နှိပ်နေသည်။

"ခင်ဗျား ဘယ်လိုဖြစ်နေတာလဲ၊ ခင်ဗျားဝင်ခွင့်မရှိဘူး ဆိုမှပဲ ပြန်ထွက်ဖို့ကောင်းနေပြီနော်၊ နောက်မှ ကျွန်ုပ်ကို အဆိုးမဆိုနဲ့"

ခြံစောင့်လူကြီးက တုတ်တုတ်ခိုင်ခိုင်ဖြစ်သည်။ အလွန်ဒေါသထွက်နေသည့်ဟန်နှင့် စံမြတ်သာကို ကြိမ်းမောင်းသော်လည်း စံမြတ်သာက မမှုပေ။ လူခေါ်ဘဲလ်ကိုသာ တွင်တွင်နှိပ်ရင်း...

"ကျွန်ုပ်...ခင်ဗျားနဲ့စကားပြောဖို့လာတာ မဟုတ်ဘူး၊ အိမ်ရှင်တစ်ယောက်ယောက်နဲ့ စကားပြောဖို့လာတာ၊ မတွေ့မချင်း ကျွန်ုပ်မပြန်ဘူး"

"ဟာ...ဒီလူ..."

စံမြတ်သာက စကားပြောရင်းက ဘဲလ်ကိုနှိပ်ထားသဖြင့် အိမ်ထဲ၌ ဘဲလ်မြည်သံမှာ ဆူညံစွာထွက်ပေါ်လာသောကြောင့် ဦးဝင်းနိုင်ရော ဒေါ်ခင်မာတင်ပါ အလန့်တကြားဖြစ်ကာ ပြေးထွက်လာကြ၏။

နေထွန်းအိမ်ကပါ အိပ်ရာမှထလာဟန်ဖြင့် ဖိုသီဖတ်သီ

ပြေးထွက်လာသည်။ မေလွန်းအိမ်ကမူ ထမင်းစားခန်းထဲ၌ နံနက်စာ စားနေသဖြင့် ဘဲလ်သံကြောင့် လိုက်တာလေးဟာကြည့်လိုတ်၏။

စံမြတ်သာကိုမြင်သောအခါ ဒေါ်ခင်မာတင်ကို ပြန်ချတာ စားလက်စမုန့်ကို ဆက်မစားတော့ဘဲ အိမ်ပေါ်ပြန်တက်သွား၏။

"ဘယ်လိုဖြစ်တာလဲ မောင်စံမြတ်သာရယ်...စောစောစီးစီး"

"သတင်းစာမှာတွေ့လို့ပြေးလာတာ အန်ကယ်၊ ဒီနေ့မင်းခန့်ထွတ်မှာကို ဘာလို့ ဒီလိုတစ်ဖက်သတ်ထည့်လိုက်ရတာလဲဗျာ၊ ကိုမင်းမှာ ဘာအပြစ်မှမရှိပါဘူး"

စံမြတ်သာသည် ဦးဝင်းနိုင်ကိုတွေ့ခိုက် အသက်မရှူတင်းတမန်းကတန်းပြောချလိုက်၏။ ဦးဝင်းနိုင်က နားမလည်ဟန်ဖြင့်-

"ဘာသတင်းလဲကွ"

"ဩော်...ဘဲဒါ ငါထည့်လိုက်တာလေ၊ သမီးထည့်ခိုင်းလို့ထည့်တာ၊ ဘယ်တတ်နိုင်မလဲကွယ်...သူကထည့်ဆိုလို့ ထည့်တာပဲ၊ တို့အနေနဲ့လည်း ဘာအပြစ်မှ ရှိရှိ မရှိရှိ တောင်ထွက်တစ်ယောက်ကို တို့အသိုင်းအဝိုင်းထဲ အဝင်မခံနိုင်ဘူး"

"ဒီလိုမလုပ်ပါနဲ့ အန်တီ၊ သူတို့လူငယ်ချင်းစကားပြောပြီးမှလုပ်တာ ကောင်းတာပေါ့၊ အခုဟာက တစ်ဖက်သတ်ကြီး"

စံမြတ်သာသည် ရှုံ့ရှုံ့ရှဲရှဲနှင့် ဒေါ်ခင်မာတင်ကို ပြန်ပြောသောအခါ ဒေါ်ခင်မာတင်က ခါးနှစ်ဖက်ကို ထောက်ကာ

www.burmeseclassic.com

မျက်နှာကိုပင့်၍...

"မော့...ဘာဖြစ်လဲ၊ မိန်းကလေးဘက်က နစ်နာလို့ ထည့်လိုက်တာပဲ၊ မကျေနပ်ရင် တိုင်ချင်ရာတိုင်ပေါ့၊ သတင်းစာထဲမှာ ဟိုးလေးတကျော်ပါလာတဲ့ကိစ္စကို ငါတို့ဘက်က သတင်းစာထဲကနေ ပြန်ပြီးဂုဏ်ဆယ်ရမှာပေါ့"

"နေပါဦး အမေကြီးရယ်...ဖြည်းဖြည်းပြောပါ"

ဦးဝင်းနိုင်က နှစ်ယောက်ကြားဝင်ကာ ဟန့်တားလိုက်သည့်တိုင်အောင် ဒေါ်ခင်မာတင်က ရပ်တန့်မသွားဘဲ...

"အစကတည်းက တို့က သဘောတူတာမဟုတ်ဘူးဟေ့၊ လူငယ်ချင်းမေတ္တာမျှနေတယ်ဆိုလို့သာ လက်ခံလိုက်ရတယ်၊ နည်းနည်းမှသဘောမတူဘူး၊ ကဲ...အခု ကံတရားက ဖယ်လိုက်ပြီ၊ တို့သမီးကတော့ ခါးခါးသီးသီးပဲ၊ အသံတောင်မကြားချင်ဘူးတဲ့"

"မဟုတ်ပါဘူး...အကျိုးအကြောင်းမသိသေးလို့ပါ၊ မေလွန်းသာ အကြောင်းစုံသိရင် နားလည်မှာပါ၊ ကိုမင်းက မူးယစ်ဆေးဝါးကို လုံးဝသုံးစွဲဖူးတဲ့လူငယ် မဟုတ်ပါဘူး အန်ကယ်ရာ၊ အဲဒါ သူ့မှာအပြစ်မရှိလို့ ဒီနေ့လွတ်မှာပါ"

"အန်ကယ်ကြားပါတယ် မောင်စံမြတ်သာ၊ သမီးက ငယ်စိတ်ဆိုတော့ နည်းနည်းအမျက်ကြီးတာပါ။ သမီး စိတ်ပြေတဲ့နေ့မှာ အန်ကယ်ပြောပြပါ့မယ်၊ သတင်းစာထဲပါတာကတော့ အန်ကယ်မသိပါဘူး၊ မောင်မင်းပြန်လွတ်လာတဲ့အခါ နားချပြီး

ထိန်းထားပေးပါကွာ၊ အန်ကယ်လည်း သမီးကို ဖြည်းဖြည်းချော့ပြမှာပေါ့"

"အလိုတော်...ပြီးပြီးသားကို ရှင်က ဘာပြန်ဆက်ချင်လို့လဲ၊ မလိုချင်ဘူး၊ ဘာမှမပြောနဲ့၊ ကျုပ် ဒီလိုထောင်ထွက်ကောင်နဲ့ မဆက်ဆံချင်ဘူး၊ ကျုပ်သမီးနဲ့လည်း မတန်ဘူး၊ လာမပတ်သက်စေနဲ့၊ စံမြတ်သာ မင်းလူကို မင်းတားလိုက်ဝါ၊ ခါပဲပြောမယ်၊ ကဲ...ကြွ...ကြွ"

ဒေါ်ခင်မာတင်က စကားကို အတင်းဖြတ်ကာ စံမြတ်သာကို နှင်ထုတ်သည်။ စံမြတ်သာက ခေါင်းမာစွာဖြင့်...

"အမှန်တရားကိုသိအောင်တော့ လုပ်ရမှာပဲအန်တီ၊ တို့မင်းမှာ ဘာအပြစ်မှမရှိဘူးဆိုတာ မေလွန်းအိမ် မသိသေးလို့ဝါ သိရအောင်ကို ပြောပြရမှာပဲ၊ လူငယ်တွေရဲ့ချစ်ခြင်းကို မခွဲဝါနဲ့ အန်တီ၊ ကိုမင်းက အများကြီးမျှော်လင့်ချက်ထားပြီး ကြိုးစားနေရတာပါ"

"အန်ကယ်နားလည်ပါတယ် မောင်ရယ် အန်ကယ့်သမီးကို ပြောပြပါမယ်"

"မလိုဘူး...မပြောပြဘူး၊ ဒီလောက်အပင်ပန်းခံပြီး ကြိုးစားနေမှ တစ်ပဲခြောက်ပြားရတဲ့ ဝင်ငွေကို ငါတို့ကတော့ ရယ်တယ်ဟေ့၊ မတူမတန်လို့ ဝေးကြပြီပဲ၊ ရော့...ဒီမှာ စ့ေစပ်သက်စပ် ပြန်ယူသွား၊ လာ...ဦးဝင်းနိုင် ရှင် ဘာမှပြောမနေပဲ ကိုတော့ဘူး၊ သမီးက ပြီးပြတ်ပြီဆိုရင် လှည့်မကြည့်တတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com

ဆိုတာ ရှင်လည်းအသိပဲ"

ဒေါက်ခနဲမြည်သံနှင့်အတူ စံမြတ်သာ၏ခြေရင်း ကွန်ကရစ်လမ်းပေါ်သို့ ပတ္တမြားလက်စွပ်ကလေး လွင့်စင်ကျလာလေသည်။

စံမြတ်သာသည် ဒေါ်ခင်မာတင်ဆွဲခေါ်၍ပါသွားသော ဦးဝင်းနိုင်ကိုငေးကြည့်ရင်း ပတ္တမြားလက်စွပ်ကလေးကို ကြေကွဲစွာ ကောက်ယူလိုက်သည်။

"အစကတော့ စိန်လုပ်ပေးမလို့ ရည်ရွယ်တယ်၊ နောက်တော့ ရည်ရွယ်ချက်ပြောင်းသွားတယ်၊ အသွေးအသားပါ ပုံပြီးချစ်ရလို့ သွေးစက်ကလေးနဲ့တူတဲ့ ပတ္တမြားကိုပဲ လုပ်လိုက်တာပဲကိုကြီးရယ်..."

မင်းခန့်ကိုယ်စား လက်စွပ်ကလေးက စကားပြောနေသယောင်ယောင်။

"ရက်စက်လိုက်ပါပေ့ကွာ..."

* * *

"ဟင့်အင်း...ကျွန်တော်မယုံဘူး ကိုကြီး၊ မေလွန်းကို သူတို့အကျပ်ကိုင်တာပဲဖြစ်ရမယ်၊ မေလွန်းက ကျွန်တော့်ကို

သိပ်ချစ်တာ အစ်ကိုကြီးသိတယ်နော်"

မင်းခန့်အား ထောင်မှမလွတ်မီ အားဆေးသွင်းပေးနေသဖြင့် မင်းခန့်သည် ထွတ်ချိန်နောက်ကျသွား၏။

သို့ဖြစ်၍ စံမြတ်သာက မင်းခန့်နောက်ကို အမိလိုက်ပြီး လက်စွပ်ကလေးအားပြကာ မေလွန်းအိမ်ထဲသွားမည့် အစီအစဉ်ကို ရှေ့ပြောင်းခိုင်းလိုက်ခြင်းဖြစ်သည်။

"အေးပါ ကိုမင်းရယ်...ဒီပြဿနာဆိုတာ အေးအေးဆေးဆေးမှသွားပြီး ဖြေရှင်းရတာ၊ ရှုးရှုးရှဲရှဲလုပ်လို့မရဘူး၊ နေထွန်းကိုလည်း အဘွားကြီးက အလွတ်မပေးတော့ နေထွန်းကို ပြောလို့မရဘူး၊ ဒါဝေမယ့်...နေထွန်းက မင်းကိုခင်တော့ တစ်ချိန်ချိန်တော့ လစ်လာမှာပဲ၊ အဲဒီတော့ မင်း နေကောင်းအောင်နေ၊ အားပြည့်အောင်ကြိုးစားပြီးမှ ဖြေရှင်းကြတာပေါ့"

စံမြတ်သာသည် မင်းခန့်နားဝင်အောင် ဖျောင်းဖျတာချော့နေ၏။

သို့ရာတွင်...မင်းခန့်ကမူ လောကကြီးအား နားမလည်စွာဖြင့် ငေးကြောင်ရှိကြည့်နေမိသည်။

အချစ်အပေါ်၌ သစ္စာထားသော...
အလုပ်အပေါ်၌ ကြိုးစားသော...
အလုပ်ရှင်အပေါ် သစ္စာရှိသော...
လူလူချင်း ညှာတာ၍ ကူညီတတ်သော...
သူတစ်ပါးအပေါ်တွင် နားလည်ခွင့်လွှတ်တတ်သော...

www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းများအပေါ် အစစကူညီဖေးမ အလေးထားတတ်သောသူ။ သူသည် လောကကြီး၌ အကောင်းမှန်သမျှကို ပြုလုပ်၍ အဆိုးမှန်သမျှကို ဆင်ခြင်စာ ရှောင်လွှဲခဲ့ပါသည်။

သို့ပါ၍...အဘယ်ကြောင့်များ မိမိအပေါ် ကံကြမ္မာက နှိပ်စက်ခဲ့ပါသနည်း။

မိမိမျှော်မှန်းထားသော ရည်ရွယ်ချက်များ တစ်စစီပြိုကွဲ လွင့်စင်သွားလေပြီ။

အချစ်ဆုံးချစ်သူ၏ တုံ့ပြန်မှုကား ညင်သာလှပေသည်။ မိမိ၏နှလုံးသွေးကို နင်းခြေရက်လေအားသည်။

"ကိုမင်း...ဒီလောက်စိတ်ထိခိုက်မနေပါနဲ့ ကိုမင်းရယ်၊ အမှန်တရားဆိုတာ ဖုံးကွယ်ထားလို့မှ မရတာပါ၊ အခုတောင် ကိုမင်းလွတ်လာပြီပဲ၊ ကိုယ်မှန်လို့ပေါ့"

မင်းခန့်ကို စံမြတ်သာက ဖျောင်းဖျနေသော်လည်း မိခင်ကမူ မည်သည့်စကားမျှမပြောနိုင်ဘဲ ရင်ထဲဆို့နစ်နေ၏။

သား၏ဖြစ်အင်ကိုမြင်ရသောအခါ စိတ်မကောင်းဖြစ်ကာ မျက်ရည်ကျခဲ့မှလွဲ၍ ဘာမျှမတတ်နိုင်ပေ။ သို့ရာတွင် မျက်ရည်များကို ကြိုးစား၍ ချုပ်တည်းထားရလေသည်။ သားထောင်မှလွတ်သည့်နေ့တွင် ပျော်ရွှင်ရမည့်အစား ငိုပွဲဆင်နေရသည်ဆိုလျှင် မကောင်းပေ။

မနက်စောစော သတင်းစာမှာတွေ့ရစဉ်ကတည်းက သားအတွက် ယူကြုံးမရဖြစ်ကာ မျက်ရည်ကျရ၏။

ဦးကံညွှန့်ကမူ အလေးမထားဟန်ဖြင့် ရယ်မောလျက်

"လူငယ်တွေရဲ့စိတ်က တစ်စောကိုကန်းဆန့်ဟယ်လေ၊ ဒါတို့ စိတ်မကောင်းဖြစ်မနေနဲ့၊ သားကြီး ကိုမင်းက နားလည်မှာပါ။ သွေးပူတုန်းခဏပါပဲ၊ သွေးအေးသွားတော့ နားလည်လာမှာပါ။ အရေးကြီးတာက ခေါင်းမတ်နိုင်ဖို့ပဲပေါ့"

ဦးကံညွှန့်သည် သားအတွက် ဆောင်ရွက်ပေးသင့်သည်တို့ ဆောင်ရွက်ပေးပြီးဖြစ်၍ သား ထောင်မှလွတ်သည့်နေ့တွင် အရေးကြီးသော အမှုတစ်ခုကို စီရင်ချက်ချမည့်နေ့ဖြစ်၍ မကြို့တော့ဘဲ အမေပါလျှင်ပြီးရောဟု သဘောထားကာ မလိုက်တော့ပေ။

ယခုကဲ့သို့ သားဖြစ်သူ မင်းခန့် စိတ်ဓာတ်ကျနေမှန်း သိလျှင် သူ ခဏတော့လာဖြစ်နိုင်သေးသည်။

"ကဲ...ကိုမင်း အနားယူပြီးရင် ထကော့လေ၊ အိမ်ပြန်ကြတာပေါ့၊ အရင်ကလိုပဲ ကိုကြီးဆိုင်က စာအုပ်သစ်တွေ ကိုမင်းဆီ ပို့ထားတယ်၊ ကိုမင်းအိမ်ပြန်ရောက်တော့ အေးအေးဆေးဆေး အနားယူရင်းဖတ်ပေါ့"

မင်းခန့်ထံမှ စကားတစ်ခွန်းမျှ ထွက်မလာပေ။

"ကဲ...ကိုမင်း၊ မင်းက စိတ်ဓာတ်ကြံ့ခိုင်တဲ့ ယောကျ်ားပဲ ပြီးတော့...မေတ္တာစစ်မှန်ရင် ပြေလည်ရမှာပေါ့ကွာ"

မင်းခန့်သည် နှုတ်ခမ်းကလေးကို တွန့်ကွေးကာ ပြုံးပြီးရင်း...

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် ဘာကိုမှအယုံအကြည်မရှိတော့ဘူး ကိုကြီး ရာ၊ ကရားကိုနတ်စောင့်တာတို့၊ မေတ္တာကို သစ္စာစောင့်တာတို့ အဲဒါတွေ ဘာတစ်ခုမှ မယုံတော့ဘူး"

"ပြော်...သားရယ် ကဲနိမ့်တုန်းခဏပါပဲ"

"ကံကလည်းဗျာ၊ နိမ့်တဲ့လူအပေါ် ပိုနိမ့်တာပဲနော်၊ သားတို့မှာ ဖေဖေ့ရဲ့ဂုဏ်မရှိရင် ပိုပြီးကံနိမ့်ကျမှာပဲ၊ အခုတော့ ခနမရှိပေမယ့် ရာထူးဂုဏ်လေးရှိနေသေးလို့ တော်သေးတာပေါ့နော်၊ နို့မဟုတ်ရင် မေလွန်းအိမ်ဆိုတဲ့ တော်ဝင်ပန်းနားတောင် မကပ်နိုင်ပါဘူး"

မင်းခန့်က လက်စွပ်ကလေးကို အိတ်ကပ်ထဲသို့ထည့်လိုက်ပြီး နှုတ်ခမ်းကို တင်းတင်းစေ့ကာ တစ်စုံတစ်ခုကို ဆုံးဖြတ်ချက် ချလိုက်၏။

* * *

"မေလွန်းအိမ်...မေလွန်း"

မင်းခန့် သံတံခါးကို ကိုင်လှုပ်ကာ အသံကုန်တစ်ခေါ်လိုက်သဖြင့် ခြံစောင့်နှင့်အတူ ဒေါ်ခင်မာတင်က ပြေးထွက်လာ

သည်။

"မင်း...မင်း...ဘာလာလုပ်တာလဲ၊ သွား...အခုပြန်"

"ကျွန်တော် မေလွန်းအိမ်နဲ့တွေ့ရအောင်လာတာ အန်တီ၊ မတွေ့မချင်း မပြန်ဘူး"

မင်းခန့်၏အသံမှာ မာတောကနေသကဲ့သို့ ဒေါ်ခင်မာတင်၏ မျက်လုံးများမှာလည်း မီးဝင်းဝင်းတောက်နေ၏။

"ဘာ...မင်းလို ထောင်ထွက်တိန်းစားတစ်ယောက်ကို ရား ငါ့သမီးနဲ့ပေးတွေ့ရမှာလား၊ မတန်ရာကို မမှန်းစမ်းပါနဲ့၊ ငါ့သမီးက မင်းကိုမတွေ့ချင်လို့ စေ့စပ်တာကိုဖျက်လိုက်ပြီမဟုတ်လား"

"ကျေပ်...ခင်ဗျားကြီးနဲ့ စကားမပြောချင်ဘူး၊ မေလွန်အိမ်၊ မေလွန်း...မေလွန်း"

မင်းခန့်က ဒေါ်ခင်မာတင်ကို ပြန်ပြောပြီး မေလွန်းအိမ်ဆောင်ကိုသာ တွင်တွင်အော်ခေါ်လိုက်သည်။

"မေလွန်း...လွန်း...လွန်း"

"ဟေ့...ငါ့သမီးအရှက်ကိုခွဲတာလား၊ တော်တော်ယုတ်ဆတဲ့ကောင်ပဲ"

"မေလွန်း...လွန်း"

မင်းခန့်က ဘယ်သူဘာပြောပြော ဂရုမစိုက်ဘဲ ဆက်ခေါ်နေ၏။ နေ့လယ်ခင်းနေပူပူထဲတွင် ချွေးများရွှဲနေ၏။ အိပ်ခန်းထဲတွင် အိပ်ချင်ဟန်ဆောင်ကာ မိခင်အလစ်ထွက်သာ

www.burmeseclassic.com

www.burmeseclassic.com

ခြင်းဖြစ်၏။

"မေလွန်းအိမ်"

"တံခါးဖွင့်ပေးလိုက်ပါ မေမေ၊ မေလွန်းအိမ်ကလည်း ပြဿနာတစ်ခုကို ပြတ်ပြတ်သားသားရှင်းလိုက်ရမှ ကျေနပ်တဲ့ မိန်းမသားပဲ"

ဒေါသရှိန်နှင့် ရှူးရှူးရဲရဲဖြစ်နေသော မင်းခန့်သည် ချက်ချင်းပင် သိုးသူငယ်အသွင်ဖြစ်သွားပြီး...

"မောင်ရှင်းပြပါရစေ လွန်း၊ မောင် လုံးဝ ဆေးမသုံးပါဘူး၊ ဆရာဝန်ဆေးစစ်ချက်စွေနဲ့ မောင့်မှာ အပြစ်မရှိလို့လွတ်လာတာပါ လွန်း၊ မောင့်ကိုမရက်စက်ပါနဲ့"

"ကျွန်မ မယုံဘူး ကိုမင်းခန့်"

မေလွန်းအိမ်၏ ပြတ်သားသောစကားသံကြောင့် မင်းခန့်ရင်ထဲ ဟာခနဲဖြစ်သွား၏။ မေလွန်းအိမ်၏မျက်လုံးများကား အစိမ်းရောင်တောက်နေလေ၏။

"ပထမတစ်ကြိမ် ရှင်အကျီအိတ်မှာတွေ့ကတည်းက ကျွန်မစဉ်းစားခဲ့ဖို့ကောင်းတယ်၊ အခုတော့...ကျွန်မ အမှားပေါ့လေ၊

"ဟာ..."

မင်းခန့်ခေါင်းထဲ မိုက်ခနဲဖြစ်သွား၏။ လုံးဝမျှော်လင့်မထားသော စကားဖြစ်သည်။

"ကျွန်မ ရှင့်ကိုပြတ်ပြတ်သားသားပြောမယ်၊ ကျွန်မဟာ ချစ်ရင် အသည်းနင့်အောင်ချစ်ပြီး အမေကိုတောင်ဆန့်ကျင်ပြီး သတ္တိရှိရှိ ရှင့်ကိုချစ်ခဲ့တာ၊ ကျွန်မချစ်သလောက် ရှင်က မင့်ညာဘူး၊ ဒီမှာကိုမင်းခန့်...ကျွန်မမျက်နှာကို နောက်ဆုံးကြည့်စမ်းပါ၊ ရှင်...ကျွန်မမျက်နှာကို လုံးဝမကြည့်ရဘူး၊ ကျွန်မသေတာတောင် ရှင်လာမကြည့်ရဘူး၊ ရှင်သေရင်လည်း ကျွန်မ မလာဘူး၊ ဒါ...နောက်ဆုံးစကားပဲ"

ချာခနဲလှည့်ထွက်သွားသော ခဲ့စ်သူ၏နောက်ကျောကို အံ့သြခြင်း၊ မယုံကြည်ခြင်းများဖြင့် ငေးမောကြည့်ရင်း အောက်နှုတ်ခမ်းကို တင်းတင်းကိုက်ကာ မေလွန်းအိမ်တို့ခြံဝမှ လှည့်ထွက်လာခဲ့သည်။

နွေဦးအစမို့ ပူလောင်လွန်းသော နေမင်းကား မင်းခန့်ကို မညှာတာနိုင်ပေ။

✇ ✇ ✇

"ကိုမင်းရာ..."

စံမြတ်သာက စိတ်မကောင်းစွာဖြင့် မင်းခန့်၏ပခုံးကို ဆုပ်တိုင်ကာ ညည်းလိုက်၏။

"မေလွန်းအိမ်က စိတ်ကြီးတယ်ဆိုတာ မင်းလည်းသိသားပဲ၊ ဒါကြောင့် အေးအေးဆေးဆေးမှာသွားပါလို့ မင်းကို ပြောသားပဲ"

စံမြတ်သာက မင်းခန့်ဖျားနာမှု ချွေးများကို ဖုတ်ပေး

www.burmeseclassic.com

ရင်း ဖြေသိမ့်လိုက်၏။ မင်းခန့်က မေလွန်းအိမ်တို့ အိမ်မှ မြို့ထဲသို့ ရောက်လာခြင်းဖြစ်သည်။

"သူမျက်လုံးတွေက စိမ်းလိုက်တာကိုကြီးရာ၊ ပြီးတော့ ဖေဖေ့ကိုပါ ပုတ်ခတ်ပြောသေးတယ်"

"လူယေ်ကိုးကွ"

"လူယေ်မဟုတ်ဘူး ကိုကြီး၊ ဒေါ်ခင်မာတင်ရဲ့ဝိညာဉ် သူ့ဆီပူးကပ်ပြီးပြောနေတာ၊ ကျွန်တော်တော့ သူပြောတယ် မထင်ဘူး၊ ဒေါ်ခင်မာတင်ပြောတယ်လို့ပဲ ထင်တယ်၊ ဒါပေမယ့် မထင်ရက်စရာ သူ့ပါးစပ်လှလှလေးက ထွက်လာတဲ့စကားလေ"

မင်းခန့်မျက်လုံးများက နာကျည်းဆွေးမြည့်နေဟန်ဖြင့် အောက်နှုတ်ခမ်းကို ဖိကိုက်ရင်း...

"သူ့မျက်နှာကို လုံးဝမကြည့်နဲ့၊ သူ့သေရင်တောင် မကြည့်ရဘူးတဲ့၊ ကျွန်တော်သေရင်လည်း လာမကြည့်ဘူးတဲ့ဟာ"

မင်းခန့်က ခြောက်ကပ်စွာရယ်မောလိုက်သည်။

"ဟုတ်တယ်ကိုကြီး...ကျွန်တော်သေရင်တောင် အမြန်ဆုံးသင်ြှာ်လိုက်စမ်းပါဟာ၊ သူ ကျွန်တော့်မျက်နှာကို မကြည့်စေရဘူး၊ ဒါကိုတော့ ကျွန်တော် ကိုကြီးကိုမှာလိုက်မယ်"

"မင်းကွာ...ချက်ချင်းကြီးသင်ြှာ်တာ လွယ်လို့လား၊ စာရွက်စာတမ်းတွေ ပြည့်စုံမှုဖြစ်တာကွ"

စံမြတ်သာက ရယ်စရာအနေနှင့် နောက်လိုက်သော အခါ မင်းခန့်က ကြိုးစား၍ရယ်လိုက်သည်။

"အလကားပါ ကိုကြီးရာ၊ ချစ်တယ်ဆိုတာ အလကားပဲ၊ တကယ်ချစ်ရင် ခွင့်လွှတ်နိုင်ရမှာပေါ့နော်၊ အလကားပါပဲ"

"မဟုတ်ပါဘူး၊ သွေးပူနေတုန်းခဏပါပဲ၊ မေလွန်းအိမ်က မင်းကိုတကယ်ချစ်တာပါ၊ အချစ်ကြီးလို့ အမျက်ကြီးရတာပါကွာ"

"ဟင်း..."

မင်းခန့်က ခြောက်ကပ်စွာ တစ်ချက်ရယ်လိုက်ပြီး အိတ်ကပ်ထဲမှ ဘောလ်ပင်ကိုထုတ်ကာ စံမြတ်သာ စာအုပ်ဖုံးမည့် ကတ်ညိုပေါ်၌ စာကြောင်းများချရေးလိုက်၏။

"မေလွန်းပြောနေတာတွေက ချစ်လွန်းလို့လား၊ ဒါမှမဟုတ် သူ့အမေရဲ့ ဂုဏ်မက်တဲ့စိတ် ဝင်သွားလို့လား...ဘာပဲ ဖြစ်ဖြစ်လေ ကျွန်တော်ကတော့ ခံလိုက်ရပြီပဲ"

အချစ်အတွက် ကိုယ်စားလား...
နှလုံးသားအတွက် ကိုယ်စားလား...
ဝနအတွက် ကိုယ်စားလား...
အရှုံးသမားအတွက် ကိုယ်စားလား...။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

"မင်း...ယောက်ျားမဟုတ်ဘူးလား သားကြီးရာ... အမှန်တရားဆိုတာ ဖုံးကွယ်ထားလို့မှမရတာပဲ။ ဘာလို့ စိတ်ဓာတ်ကျနေရတာလဲ"

"ခံပြင်းလွန်းလို့ပါ ဖေ"ဖေရယ်...နည်းနည်းပါးပါးရှင်းပြ ခွင့်တောင် မပေးဘဲ ပက်ပက်စက်စက်ကို ပြောလိုက်တာဟာ လွန်လွန်းပါတယ်ဗျာ"

စိတ်က မည်သို့ပင်တင်းထားရသော်လည်း ရင်ထဲမှာ အခံရခက်သော ဝေဒနာတစ်ခုကြောင့် ရှင်လန်းတက်ကြွမှုမရှိ တော့ပေ။ မေလွန်းအိမ်တို့ ခြံတံခါး အိမ်တံခါးများ သော့ပိတ်ထားသည်ကို တွေ့လိုက်ရသည့်အခါတိုင်း နာကျည်းစိတ် စိုးရိမ်စိတ်များဖြင့် ရင်မှာပူလောင်နေသည်။

"သွေးပူနေတုန်းမှာ ဒီလိုပေါ့သားရယ်...သူရောကိုယ်ရော ပူလောင်ပြီး သောကတွေဖြစ်နေရမှာပဲပေါ့။ နောက်... အချိန်နည်းနည်းကြာလာမှ ဖြေရှင်းကြတာပေါ့"

"သားကလည်း ကမူးရှူးထိုးနဲ့ ဆုံးဖြတ်တာသိပ်မြန်လွန်းတယ်"

ဖခင်က သားအားနှစ်သိမ့်နေစဉ် မိခင်ကပါ ဝင်ထောက်လိုက်သဖြင့် သူ...ဘာမျှမပြောသာတော့ပေ။

ထိုအခါတွင်...အလန့်တကြားနှင့် ပြေးထွက်သွားသော နေထွန်းအိမ်၏ပုံစံကို မြင်ယောင်လာကာ ရင်ထဲမှာ ဇဝေဇဝါဖြစ်သွားမိသည်။

နေထွန်းအိမ်ဟာ သူ့ရဲ့အပြစ်တွေကို စိုးကြောက်လို့ မဖြေရှင်းတာလား။ ဘာလို့ သူ့အစ်မကို မရှင်းပြရတာလဲ။ ဘိန်းဖြူစွဲတယ်ဆိုတာ သူ့ကြောင့်မဟုတ်ဘူးလို့ ဘာလို့ဖြေရှင်း မပေးရတာလဲ?။

"ညီလတ်နဲ့ညီငယ်...ဟိုကောင်လေး နေထွန်းအိမ် လာသေးလား"

"မလာပါဘူး ကိုကြီး...ဆေးဖြတ်နေတယ်ကြားတယ်၊ ဒီကောင် အဆင်ပြေပါ့မလားပဲ"

ညီနှစ်ဦး၏စကားကြောင့် သူ တွေဝေသွားသည်။ နေထွန်းအိမ်အား သံယောဇဉ်တွယ်မိသူဝီဝီ ညီငယ်များစိုးရိမ်သကဲ့သို့ စိုးရိမ်သွားမိသည်။

"အဲဒါပေါ့ သားကြီးရယ်...သူတို့မှာလည်း ပြဿနာလေးတွေ ရှိနေကြတာပဲ၊ သူတို့သား ဆေးဖြတ်ဖို့ကို ကြိုးစားနေရတာ မဟုတ်လား၊ အချိန်အခါကို စိတ်ရှည်ရှည်နဲ့စောင့်ပြီး သားက ကျွန်းမာရေးကောင်းအောင် ကြိုးစားနေလိုက်ပါကွယ်"

မိန်းမသားဖြစ်သော မိခင်က ခွင့်လွှတ်စိတ်မျှားပြင့် သူ့အား ဖျောင်းဖျပြောဆိုပြီး စိတ်အေးအေးနှင့် အနားယူခိုင်း၏

www.burmeseclassic.com

www.burmeseclassic.com

သူ့စိတ်ကလည်း တအုံ့နွေးနွေးနှင့် မကျေမနပ်ဖြစ်နေ သဖြင့် အိပ်စက်အနားယူ၍ပင် မရနိုင်အောင်ဖြစ်နေ၏။

"သားက စိတ်ကိုမထိန်းနိုင်တော့ အိပ်မပျော်စားမဝင်နဲ့ သိပ်ပိန်ပြီး ဆေးစွဲနေတဲ့ရုပ် ဖြစ်နေတာပေါ့သားရယ်...သား အလုပ်က အဆင်မပြေတုန်း တစ်ပတ်နှစ်ပတ်လောက်ကို အနား ယူလိုက်ပါ သားရယ်၊ ကျွန်းမာမှ စိတ်ကြည်လင်ပြီး ပြဿနာတွေ ကို ဖြေရှင်းလို့လွယ်ကူတာပေါ့ သားရယ်"

ဖခင်ဦးကံညွှန့်ကလေး သားအား ဖျောင်းဖျပြောဆိုပြီး အနား ယူခိုင်းသော်လည်း သူ၏စိတ်သည် တင်းကျပ်နာကျင်မှုတို့ ပြေပျောက်၍မသွားဘဲ ကြိတ်မနိုင်ခဲမရဖြစ်လျက်ရှိနေ၏။

ရဲစခန်းအချုပ်ထဲတွင် ရှစ်ရက်နေရစဉ်ကဖလည်း မစားနိုင် မအိပ်နိုင်ဖြစ်ပြီး အပြင်ပြန်ရောက်သောခါ၌လည်း ချစ်သူ၏ သစ်စိမ်းချိုးချိုးခြင်း ခံလိုက်ရသောအခါ ပို၍ စိတ်ထိ ခိုက်ကာ အိပ်ရာထဲလဲသည်အထိဖြစ်သွား၏။

"ဘယ်လိုလဲကွာ...မင်းက ယောကျ်ားမဟုတ်သလိုပဲ၊ စိတ်နုလှချည်လားကွာ"

စံမြတ်သာက မချိတင်ကဲ လာ၍ပြောသောအခါ သူ မျက်လုံးမှိတ်ကာ သက်ပြင်းရှည်ကြီးချပြီး...

"မင်း အဲဒီလိုလုပ်နေရင် သေသွားလိမ့်မယ်"

"သေချင်သေပါစေ ကိုကြီးရာ...အေးသွားတာပေါ့"

"အော်...အေးသွားတာပေါ့ ဟုတ်လား"

စံမြတ်သာက မကျေမနပ်နှင့် သူ့နားမှထရပ်လိုက်ပြီး

"မင်းက သူ့ကိုသိပ်ချစ်ကြောင်း အသေခံပြီးပြလိုက်လို့ မင်းအချစ်တွေက သိပ်ပြီးကြီးမြတ်ကြောင်း မော်ကွန်းတင်ကြ မှာလား၊ အချစ်သူရဲကောင်းကြီးလို့ ဘွဲ့တံဆိပ်ပေးကြမှာလား၊ အဲဒီဘွဲ့တံဆိပ်နဲ့ အချစ်အတွက် သက်သေပြလိုက်လို့ မင်းချစ်သူ က ကျေနပ်သွားပါပြီတဲ့...ဘာတွေထူးခြားသွားမှာလဲ၊ ပြီးတော့ မင်းမိဘကရော..."

စံမြတ်သာသည် ခုတင်ထက်၌ ဖြူလျော်လျော်ဖြစ်ကာ လဲလျောင်းနေသော သူ့အား ရွံရှာစွာကြည့်လိုက်ပြီး...

"လူသားအဖြစ် မွေးဖွားလာပေးရတဲ့ မင်းမိဘတွေရဲ့ ကျေးဇူးကို ဆပ်လိုက်တာပေါ့လေ၊ မင်းမိန်းမယူဖို့ငွေကို ကြိုးစား စုပြီး အချစ်အတွက် အသေခံဖို့ မင်းအမေက မင်းကို အပင်ပန်းခံ ပြီး မွေးပေးလိုက်တာပေါ့ကွာ၊ ခြီးကျူးဖို့ကောင်းလိုက်တာ၊ မင်းက လွင်ကိုတို့ ထွန်းလူတို့လို ဘိန်းဖြူစွဲနေတာပဲ၊ မင်းဘိန်းဖြူ က အသည်းကျမ်းတဲ့ ဘိန်းဖြူပဲ၊ မင်းက ပိုဆိုးနေတယ်ကွာ၊ တော်ပြီ...မင်းကိုအထင်ကြီးခဲ့တာတွေ အလကားပဲ"

အားရပါးရ မညာမတာပြောပြီး စံမြတ်သာလှည့်ထွက် လာသောအခါ သူ၏စိတ်များလျှော့ချ၍ မျက်ရည်များစီးကျလာ တော့သည်။

"သူ...အဲဒီလောက်တောင်မှ မေလွန်းအိမ်ကို ချစ်မိ သွားပြီလား"

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃)

မသိလိုက်ဘာသာနေနေခဲ့သော ဘဝလေးတစ်ခုတွင် ဘာမှမဟုတ်ဘူးဟု ထင်လိုက်ရသော အချစ်က မိမိဘဝကြီး တစ်ခုလုံး ဝါးမျိုသွားလိမ့်မည်ဟု လုံးဝမထင်မှတ်လိုက်မိပေ။

အချစ်ရဆုံးသော ချစ်သူသည် ဘိန်းဖြူစွဲပြီး မိမိ၏ မောင်ငယ်ကိုပင် ဖျက်ဆီးခဲ့ပြီမို့ ခါးသည်းစွာ မုန်းတီးရွံရှာသွားမိပြီး ကြောက်လည်း ကြောက်ရွံ့သွားမိသည်။

"အချစ်ဟာ အဲဒီလောက်တောင် အင်အားကြီးမားခဲ့သလားပဲ"

မောင့်ကိုမုန်းတယ်၊ နာကြည်းတယ်လို့ ပြောနေပေမယ့် အစဉ်အမြဲ သတိရနေမိသည်။ သတိရသည့်အခါတိုင်းလည်း

ရင်ထဲမှာ နာကျင်စူးရှလျက်...။

"ဒီနေ့ မောင်လေးခေါင်းကို စခရင်ရိုက်ကြည့်မယ် ဆိုတော့ စောစောလေးသွားမှဖြစ်မယ်"

"ကျွန်မတော့မလိုက်တော့ဘူးနော်၊ အဲဒါကြီးကြည့်ရတာ ရင်တုန်လွန်းလို့"

ဒေါ်ခင်မာတင်စကားကြောင့် ဦးဝင်းနိုင်က ခေါင်းညိတ်ကာ...

"နေခဲ့ပါ...ဒီမှာစောင့်နေ၊ ပစ္စည်းလေးဘာလေး သိမ်းထားပေါ့၊ ဖန့်လယ်ကျရင် ဆေးရုံကဆင်းရမှာပဲ"

ဦးဝင်းနိုင်နှင့် မေလွန်းအိမ်သာ နေထွန်းအိမ်နောက်သို့ လိုက်လာခဲ့သည်။

မကြာခဏ သတိလစ်ပြီး ခေါင်းကိုက်သည့်ဝေဒနာ ခံစားနေသဖြင့် ခေါင်းကို အက်ထရာဆောင်းရိုက်ရမည်ဖြစ်သည်။

မိခင်ကတော့ သား၏ဝေဒနာကို မကြည့်ရက်သလို ကောင်ဖြင့် လူခန္ဓာကိုယ်တစ်ဝက် ပေါင်းအိုးထဲဝင်သွားရတော့ သည်းယားသည်ဆို၍ မကြည့်ရက်၍ လိုက်မလာခဲ့ပေ။

မေလွန်းအိမ်ကသာ မောင်ငယ်အတွက် စိုးရိမ်ပူပန်မှု ဆေးရုံနှင့်အိမ်သို့ ပြေးလွှားချက်ပြုတ်ရင်းဖြင့် လွန်းပျံလို ပျံသွားနေရသည်။

ညဘက်တွင် မိခင် ဖခင်တို့၏ တူ၊ တပည့်များ တန်းလာအိပ်ကြသလို နေ့ဘက်တွင် မေလွန်းအိမ်ကသာ

www.burmeseclassic.com

www.burmeseclassic.com

ဒိုင်ခံစောင့်ပေးရင်။။

မကြာခဏ ခေါင်းမူးကာ သတိလစ်သွားတတ်သဖြင့် မေလွန်းအိမ်မှာ မောင်ငယ်အား မျက်ခြည်မပြတ်ရဲပေ။ ညဘက်မှာ အိပ်ဆေးတိုက်ကာသိပ်သဖြင့် တစ်ညလုံးအိပ်သွားတတ်သည်မို့ သိပ်ပြဿနာမရှိပေ။

"မမ...ဂူထဲဝင်ပြီးအိပ်ရတာ ကောင်းတယ်"

"ဟဲ့...ဒီကောင်လေး..."

"ပြန်ထွက်လာရင် အာကာသပေါ်က ဆင်းလာရသလိုပဲပေါ့။ ပက်လက်နဲ့ နတ်ပြည်သွားတာ"

သူ့အား အစဉ်အမြဲစိုးရိမ်နေသော အစ်မအား စ,နောက်ပြီး ဆေးရုံအကျီကိုဝတ်ဆင်ကာ အလှည့်ကျစောင့်နေသော မောင်ငယ်နားမှာရပ်ကာ မျက်နှာပျက်လျက် စိုးရိမ်သောကဖြစ်နေမိသည်။ မောင်ငယ်၏ဝေဒနာကိုမြင်ရသည့်အခါတိုင်း ချစ်သူကို နာနာကျင်ကျင်နှင့် သတိရမိသည်။

"သားအလှည့်..."

ဦးဝင်းနိုင်က သတိပေးလိုက်သဖြင့် အခန်းဆနားအထိ မောင်ကို ပွဲ့၍ပို့ပေးလိုက်သည်။ ထိုနေ့က လူနာဆယ်ဦး လက်ခံကာ အလှည့်ကျ အဝင်အထွက်ဖြစ်နေစဉ် ကစ်ဖက်ထွက်ပေါက်မှ တွန်းလှည်းက သူမထံဦးတည်ပြီး ဓာတ်လှေကားဆီသွားနေသောကြောင့် အနည်းငယ် နေရာကျဉ်း၍ အသာရှောင်ပေးလိုက်စဉ်...

"ဟင်...မေလွန်းအိမ်"

တွန်းလှည်းဘေးမှာ လိုက်ပါလာသော ကိုကြီးစံမြတ်သာကို တွေ့လိုက်ရ၍ အံ့အားသင့်သွား၏။

"အစ်ကိုကြီး ဘာ...ဘာလာလုပ်တာလဲ"

"ဒီမှာလေ..."

တွန်းလှည်းပေါ်မှာ ပက်လက်အိပ်နေသောသူ၏ မျက်နှာကို အဝတ်လှပ်ပြလိုက်သောအခါ...

"မောင်..."

နှလုံးသားထဲမှ အလန့်တကြားဆောင့်ထွက်လာ၏။ ပါးရိုးများ ငေါ့လျက် မျက်တွင်းဟောက်ပက်ဖြစ်နေသော ချစ်သူ၏မျက်နှာကို မယုံကြည်နိုင်သလို ငေးကြည့်နေစဉ် စံမြတ်သာက ဓာတ်လှေကားသို့ အလုပ်သမားတစ်ဦးနှင့်တွန်းသွားရင်း...

"မကြာခင် ဒီလောကကြီးကနေ ပျောက်ကွယ်သွားတော့မယ့် လူသားတစ်ယောက်ပဲပေါ့"

"အို...မဟုတ်ဘူး...မဟုတ်ဘူး"

မေလွန်းအိမ်သည် သတိလက်လွတ်အော်လိုက်ရင်းက သူ၏တွန်းလှည်းနောက်သို့ အမှတိတမဲ့ပြေးလိုက်လာမိသည်။

သူ၏မျက်လုံးက မှိတ်ထားဆဲပင်။ စံမြတ်သာက နာကျင်စွာ လုပ်ရယ်သံပြု၍...

"ဘိန်းသမား ဆေးသမားရုပ်မျိုးပေါ့။ ဟင်း...ဟင်း...ဟဲ...သွားပြီ၊ နေရစ်တော့"

www.burmeseclassic.com

www.burmeseclassic.com

"ကျွီ..."

ဓာတ်လှေကားတံခါးပိတ်သွားသည့်ရှေ့မှာ ရပ်လျက် ငေးကြောင်ရင်း သူမနှလုံးသားတို့ တစ်စစီကြေမွလွင့်စင်သွား သလိုပင်။ တစ်ကိုယ်လုံးတုန်ရီကာ ဒူးများကွေးညွှတ်လာလျက်။

"သမီး..."

ဖခင်၏ခေါ်သံသဲ့သဲ့ကိုသာ ကြားလိုက်ရပြီး အမှောင် ထုထဲသို့ လွင့်မျောသွားလေတော့သည်။

* * *

"ချစ်ခြင်းမေတ္တာဟာ အစားထိုးရသလားလို့ လွှဲန်း မထင်မိပါဘူး မောင်၊ သုံးနှစ်ကြာခဲ့ပေမယ့် လွှန်း မောင့်ကို မေ့လို့မှမရတာ...မောင် ဘယ်ဘဝ ဘယ်နေရာပဲ ရောက်နေ ရောက်နေ လွှန်းရဲ့ရင်ထဲက မောင့်ကိုတော့ ဆွဲထုတ်လို့မရပါဘူး မောင်ရယ်...ခရစ်သက္ကရာဇ် တစ်နှစ်ကူးပြောင်းသွားပါပြီ မောင်..."

"နှစ်ဦးမှာ အစ်မရဲ့ချစ်ဦးကို ရှာဖွေလာတဲ့ ထွန်း တစ်

ယောက်ဟာ ခေါင်းကို ခွဲစိတ်ကုသခံပြီး လူငယ်တစ်ဦးလို သွက်သွက်လက်လက် မနေနိုင်တော့ဘဲ ငေးငိုင်တွေဝေရင်းနဲ့ပဲ အသိုးကျန်ဘဝကို ဖြတ်ကျော်နေရရှာတယ်..."

"မောင်ကလွဲရင် ဘယ်သူကိုမှ လက်မခံနိုင်ဘူးလို့ ဆုံးဖြတ်ထားတဲ့ လွှန်းကို ဘယ်သူကမှ လက်ထပ်ဖို့မတိုက်တွန်း ကြသလို နေထွန်းအိမ်ဆိုတဲ့ ဒုက္ခိတသမားလေးမှာလည်း အစ်မရဲ့အိမ်ထောင်ဖက်ကို ကိုကြီးမင်းကလွဲလို့ ဘယ်သူမှ လက်မခံနိုင်ပါဟု အော်ဟစ်ဆူပူရင်းက လမ်းမဘက်ကို အစဉ် အမြဲ မျှော်လင့်စောင့်စားနေခဲ့တယ်ဆိုတာ မောင်သိရဲ့လား"

"မေမေရဲ့ အတွေ့ကြုံးများမှု၊ ဂုဏ်မနကို မက်မောမှုတို့ ကြောင့် မိမိတို့မောင်နှမနှစ်ဦးစလုံး ပျော်ရွှင်မှုဆိတ်သုဉ်းခဲ့ပြီး ဘဝမှာ ခြောက်သွေ့သွားခဲ့တာ မောင်ရော သိရဲ့လား"

ခါတိုင်းလို ငယ်ရွယ်သူမို့ သွက်လက်စွာ စီးပွားမရှာနိုင် တော့တဲ့ မေမေဟာ ငွေစကားကို သိပ်မပြောတော့သလို ဖေဖေ ဟာလည်း မနက်နဲ့ ညနေကို ကျောင်းကားမောင်းပြီး ကလေး အပို့အကြိုလုပ်နေတယ်။

မေလွန်းအိမ်ဆိုတဲ့ မိန်းမသားကတော့ ဝါသနာအရင်းခံ အတိုင်းပဲ ဆင်ခြေဖုံးတစ်ခုမှာ အလယ်တန်းပြဆရာမဘဝနဲ့ပဲ လမ်းလျှောက်အတိုင်း တရွေ့ရွေ့နဲ့ မှန်မှန်ချီတက်နေဆဲပေါ့လေ။

မောင်ဟာ မေလွန်းအိမ်ဆိုတဲ့ မိန်းမတစ်ယောက်ကို အမှန်တကယ် မုန်းမေနိုင်ပြီး ခွင့်မလွှတ်အောင် မုန်းထားခဲ့ပြီ

www.burmeseclassic.com

www.burmeseclassic.com

ဆိုတာတို့ သိပေမယ့် မောင့်ကို တမ်းတဆဲ သတိရဆဲ ဖြစ်နေတဲ့ နှလုံးသားကို ဒဏ်ပေးတဲ့အနေနဲ့ ချစ်သူအသစ်ရှာပြီး လက်ထပ်ဖို့ စဉ်းစားကြည့်ပေမယ့် မရခဲ့ပါဘူး မောင်ရယ်...ကျောက်ရုပ် နှလုံးသားက ဘယ်လိုလုပ် အသက်ပြန်ဝင်လာမှာလဲ...

"သမီး...ဒီနေ့ ကိုယ့်အစီအစဉ်နဲ့ကိုယ် ပြန်တော့၊ ဖေဖေ အော်ဒါရှိနေတယ်"

"တယ်ဟုတ်ပါလား ဖေကြီးက ဘယ်ကိုအော်ဒါသွားရမှာလဲ"

ကျောင်းသို့ အစီစဉ်အမြဲ ကြိုပို့နေကျဖြစ်သော ဖခင်၏ စကားကြောင့် အံ့အားသင့်စွာဖြင့် လှမ်းကြည့်လိုက်မိရုံရှိသေးသော်လည်း ဒေါ်ခင်မာတင်က ဝမ်းသာအားရလှမ်းမေးလိုက်သည်။ အော်ဒါရှိလျှင် ငွေများများရတာမို့ ဝမ်းမသာဘဲ နေပါ့မလား။

"မြို့ပြင်ဘက်ကိုပါ...လူငယ်တွေ နှစ်သစ်ကူးမှာ ပျော်ကြ ပါးကြမယ်ပေါ့လေ"

"အော်"

ဒေါ်ခင်မာတင်မျက်နှာပျက်သွားပြီး သားများကြားသွားလေမလားဟု စိုးရိမ်ကြီးစွာဖြင့် လှမ်းကြည့်လိုက်ပြီး...

"ရှင်ကလဲ..."

ဘာမျှဆက်မပြောရန် သတိပေးသလိုလှမ်းကြည့်လိုက်စဉ် နေထွန်းအိမ်က ကျောက်ရုပ်အသွင်ဖြင့် လမ်းမဘက်သို့

ငေးကြည့်ရင်းက...

"နှစ်သစ်ကူးပြီလားဖေဖေ...ကိုမင်း ဒီနေ့များ လာမလားမသိဘူးနော်"

နှုတ်ဖျားမှ နာကျင်စွာညည်းညူရင်း မျှော်နေပြန်သည်။ ခဏနာကိုယ်က မလှုပ်မယှက်ဖြင့် အပြင်ဘက်သို့ ငေးမောကြည့်ရှုနေလျက် သူ့မက မသိဟန်ဆောင်ကာ...

"အသွားလိုက်ပို့ရင် တော်ပါပြီ ဖေဖေရယ်"

"ရပါတယ် သမီးကျောင်းက နေ့ဝက်ကျောင်းဆိုတော့ အဆင်ပြေတာပေါ့။ ဖေဖေက ညနေသုံးနာရီပြီးတာနဲ့ လေးနာရီကို သွားရမှာဆိုတော့ သမီးရဲ့ ညနေကျောင်းကို မကြိုနိုင်ဘူး ကားငှားပြန်ခဲ့နော်"

"ဟုတ်ကဲ့"

"သူတို့က စျေးဝယ်ပြီး ချက်ပြုတ်ကြမယ်၊ ဖေဖေက ဈေးဦးအသယ်အပို့ လူအကြိုအပို့ လုပ်ရမှာပေါ့"

"ကျုပ်လည်း သားကို ငါးကင်ကျွေးရမယ်"

"ညောင်ပါတယ် မေမေရယ်...လွန်းဝယ်လာပါ့မယ်"

မေလွန်းအိမ်က တိုးဖွဖွလေး ပြောလိုက်သည်။

"မစားချင်ဘူး၊ ဘာမှဝယ်မလာနဲ့ ကိုကြီးမင်းကင်ပေးတဲ့ ငါးကင်လောက် ဘယ်ငါးကင်မှ ကောင်းမှာမဟုတ်ဘူး"

နေထွန်းအိမ်က တမ်းတနီမ်းတတလေး ပြောလိုက်ပြန်သဖြင့် ဒေါ်ခင်မာတင်မျက်နှာပျက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com

"အေးပေါ့ သားရယ် စေတနာ မေတ္တာနဲ့ကျွေးတဲ့အစား အစာဆိုရင် အဆိပ်တောင် ဆေးဖြစ်သွားတာပဲ၊ ကဲ...လာ သမီး သွားကြစို့ မအေကြီးက သားကို နေ့လယ်ဆေးတိုက်ဖို့ မမေ့နဲ့ဦး"

"အင်းပါ"

ဖျော့တော့သောအသံက မာနကျိုးသံဖြစ်သော်လည်း ဦးဝင်းနိုင်က ဇနီးကို မယုံရဲသေးပေ။

သမီး၏စေ့စပ်ပွဲပျက်အောင် သွေးထိုးပေးသူ၊ အိမ်တံခါးပိတ်ကာ သားငယ်အား ဖျက်ဆီးသူအနေနှင့် အကျပ်ကိုင်ကာ ချစ်သူနှင့်လွဲအောင် ဖန်တီးပေးခဲ့သော ဒေါ်ခင်မာတင်သည် သားငယ်နေထွန်းအိမ်၏ဆန္ဒကို လိုက်လျောချင်သော်လည်း ခင်ပွန်းနှင့် သမီးအား စကားမဟရဲတော့ပေ။ သားငယ်က အစ်မထက်ပင် မင်းခန့်အား တမ်းတနေ မျှော်လင့်နေ၏။

နေထွန်းအိမ်၏ အာရုံကြောတစ်ချို့မှာ ပျက်စီးသွားပြီ ဖြစ်၍ မကြာခဏ သတိမေ့တတ်သလို မှတ်ဉာဏ်အင်အားလည်း မရှိတော့ပေ။ ထို့ကြောင့် ကျောင်းဆက်တက်ရန် မဖြစ်နိုင်တော့ သဖြင့် အိမ်မှာပဲနေကာ သီချင်းနားထောင်ရုံ ဇာတ်လမ်းကြည့်ရုံ အပြင် ဘာမှ မတတ်နိုင်ခဲ့ပေ။

သူခေါင်းစဖြစ်စဉ် နှစ်သစ်ကူးညကိုတော့ မကြာခဏ မှတ်မိပြီး မင်းခန့်ချက်ပြုတ်ကျွေးသော ဟင်းမျိုးကို မှတ်မိနေသည်။

"သမီး"

ဦးဝင်းနိုင်က သမီးကို ငဲ့ကြည့်ကာ တိုးဖွဖွလေး ခေါ်လိုက်သည်။

"ရှင်..."

"ဒီနေ့ ဖေဖေနောက်ကျလိမ့်မယ်၊ တကယ်လို့ သားငယ်တ နှစ်သစ်ကူးငါးကင် စားချင်ရင် ဖေဖေ့ဆီကို ဖုန်းဆက်လိုက်လေ ဖေဖေလာပို့ပေးမယ်"

"ခုနကပြောလိုက်တာပဲ၊ သူမှုစားချင်ဘူးလို့"

မင်းခန့်၏လက်ရာကိုသာ စားချင်ကြောင်း ငြီးငြီးငြူငြူ ပြောလိုက်သောစကားကို ရည်ညွှန်း၍ ပြောလိုက်ခြင်းဖြစ်သည်။

"သားငယ်အလိုကို ဖြည့်ပေးချင်တယ်၊ အကောင်းဆုံး လက်ရာဆိုရင် သူထပ်ပြီး မတမ်းတတော့ဘူးပေါ့"

"ဖေဖေ သိပ်ညဉ့်မနက်စေနဲ့နော်"

"တစ်နာရီကျော်မှ ပြန်လာမှာ၊ သားငယ်ကို အိပ်ဆေးတိုက်သိပ်နော်"

"ဟုတ်ကဲ့"

ဖခင်က ကျောင်းဖယ်ရီကားဆွဲနေသည်မှာ နှစ်နှစ်ကျော် သွားပြီဖြစ်သည်။ ခါတိုင်း နှစ်သစ်ကူးညဆိုလျှင် မိသားတစ်စုမှာ စသိလိုက်ဘာသာနေ၍ ဖြတ်ကျော်သွားခဲ့သည်။

ဒီနှစ်မှ ဖခင်၏ကားကို အော်ဒါဌားသဖြင့် နှစ်သစ်ကူး အချိန်မှာ မိသားစုလေးဦးတို့ လှပ်ခတ်သွားလျက်ရှိသည်။

www.burmeseclassic.com

"ဖေဖေကားကို ဘယ်ကဌားတာလဲ"

"လူငယ်တစ်ယောက်ပဲကွ၊ မြို့ပြင်မှာ ပျော်ပွဲစားမလို့ ဆိုလားပါ၊ တစ်နာရီကို တစ်သောင်းပေးဌားတယ်၊ လေးနာရီက နေ ကိုးနာရီအထိပေါ့၊ ပြီးတော့ လူလှည့်ခေါ်ရမှာ မီတာနဲ့ တွက်ပြီး ယူခိုင်းတယ်၊ ငါးနေရာလောက်ထင်တယ်၊ ခြံထဲမှာ စားသောက်ပြီး ဆယ်နှစ်နာရီကျော်မှ ကခုန်ပြီး တစ်နာရီမှာ ပြန်ကြမယ်တဲ့၊ အဲဒါလည်း မီတာနဲ့ပဲ ယူခိုင်းတယ်၊ ဖေဖေက ယူရတာတောင် ခက်နေတယ်၊ တစ်နာရီကို တစ်သောင်းပေး တည်းက တွက်ခြေကိုက်သွားပါပြီကွာ"

လောဘနည်းသော ဖခင်သည် အသက်ခြောက်ဆယ့် ငါးနှစ်ရှိပြီဖြစ်သော်လည်း မိသားစုအတွက် အိမ်ထောင်ဦးစီး တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိနေဆဲဖြစ်သလို သူ တစ်ပါးအပေါ်မှာလည်း စိတ်စေတနာကောင်းကောင်းဖြင့် တာဝန်ကျေပွန်အောင် အလုပ်လုပ်လေ့ရှိသည်။

"သမီး...မောင်မင်းခန့်အကြောင်း ဘာကြားသေးလဲ"

ရင်ထဲမှာ သတိရနေဆဲဖြစ်နေစဉ် ရုတ်တရက် ဖခင်၏ အမေးကြောင့် ဘာဖြေရမှန်းမသိဘဲ ကြောင်အမ်းအမ်းဖြစ်သွား၏။

"အင်းလေ...သူကိုယ်တိုင်က အရင်ထွက်သွားတာပဲ မဟုတ်လား"

ပြန်တွေးကြည့်မိလျှင် ရင်ထဲမှာ ဆတ်ဆတ်ခါ နာကျင်

သွားမိသည်။ စေ့စပ်ကြောင်းလမ်းခြင်းကို မိမိဘက်တာ စဉ်ဖျက် သလို မောင်ငယ်ဘိန်းဖြတ်ပြီး ခဏခဏ သတိလစ်သွားချိန် ဆေးရုံတင်ကာ ကုသခြင်းတို့ကြောင့် သူ၏နလုံးသားရေးကိစ္စကို ဥပေက္ခာပြုထားလိုက်ရသည်။

နောက်ဆုံး ဆေးရုံမှာတွေ့စဉ်က သူမသည် မောင်ငယ် အတွက် ပင်ပန်းပြီး မိမိသတိလစ်လဲကျသွားစဉ် ဖခင်က သူ့အား ဆေးရုံပို့ကာ ခေတ္တအနားယူခိုင်းပြီး ဖခင်ကိုယ်တိုင် မင်္ဂလာဒုံ ခြံထဲသို့သွားပြီး မင်းခန့်မိသားစုကို မေးကြည့်မိသည်။

"သားသုံးယောက်လုံးက ဆေးလိပ်တောင် မသောက် တာပဲလေ၊ ဘယ်လိုလုပ် ဘိန်းစွဲမှာလဲ၊ အခု...ဌက်ဖျားဖြစ်လို့ ကော်တော်ပိန်ကျသွားတာပါ။ မကြာခင်မှာပဲ ပြန်ကောင်းလာပါ လိမ့်မယ်၊ သူ့ရဲ့ကံကြမ္မာက အဆိုးထဲရောက်နေပြီဆိုတော့ အချစ် ဈေးတာရော၊ အထင်လွဲခံရ၊ အစွပ်စွဲခံရတာရော ကျန်းမာရေး ရော အားလုံးညံ့တာပဲပေါ့။ မကြာခင် ကောင်းသွားမှာပါ"

မိသားစုက ဦးဝင်းနိုင်အား ကောင်းမွန်စွာဆက်ဆံ ခဲ့သော်လည်း သူကတော့ သားကိစ္စနှင့် မအားလပ်တာရော မျက်နှာပူတာရောကြောင့် ထပ်မံမသွားဖြစ်ခဲ့ပေ။

"သူနေကောင်းသွားတဲ့အခါ ထွန်းလည်း နေကောင်း သွားတဲ့အခါ အတူတူသွားကြတာပေါ့၊ မမတို့က အဲဒီလိုပဲ ဘာမှ မစဉ်းစားဘဲ ထင်ရာလုပ်တာကိုး"

ဟူ၍ မောင်ငယ်က အပြစ်တင်ပြီး သူနေကောင်းလာ

www.burmeseclassic.com

www.burmeseclassic.com

အောင် စောင့်ရင်းက သုံးလကျော်ကြာသွားလေသည်။

ထိုသုံးလအတွင်း၌ မင်းခန့်တို့မိသားစုမှာ ခြံကို အစောင့် ချုတာ နယ်သို့ထွက်သွားသည်မှာ ဘယ်နယ်သို့ ရောက်သွားခဲ့သည် မသိလိုက်ပေ။

"သူတို့ရဲ့ဇာတိနယ်ကို ခရာပြန်သွားတယ်၊ ဘယ်နယ်မှန်းတော့ မသိဘူး၊ ကလေးတွေကိုလည်း ကျောင်းပြီးအောင် အဝေးသင်ပဲပြောင်းမယ်တဲ့၊ ခြံကိုလည်း (၆)လငှားထားတယ်"

စုံစမ်းသိရှိရသော (၆)လဟူသည့်ကာလ၌လည်း မိသားစုများ ပြန်မလာတော့ဘဲ ပျောက်ကွယ်သွားလေပြီ၊ သူတို့အုပ်စု၏ ဆုံရာဖြစ်သော စံမြတ်သာ၏ဆိုင်လေးမှာပင် ဘယ်သူမျှ မရှိတော့ဘဲ လူသစ်များသာ ရောက်ရှိနေကြ၏။

သူတို့အိမ်နေရာ သိထားကြသည်မှာ နှစ်နေရာတည်းသာမို့ အစအန လုံးဝကွယ်ပျောက်သွားလေပြီ။

"သေရင်တောင် မမြင်တွေ့ချင်တော့ဘူး"ဟူ၍ ပြောခဲ့သော စကားကို နာကျည်းစွာဖြင့် လက်တွေ့အကောင်အထည် ဖော်လိုက်ပြီလား"

"မစိုးရိမ်ပါနဲ့ကွယ်၊ တစ်မိသားစုလုံး ပျောက်ကွယ်နေတာဟာ တစ်နေ့မဟုတ် တစ်နေ့တော့ ပြန်တွေ့နိုင်မှာပါ"ဟူသော ဖခင်၏ အားပေးမှုကြောင့်သာ သူတို့မောင်နှမနှစ်ဦးသည် မျှော်လင့်စောင့်စားနေကြရင်း သုံးနှစ်တိုင်အောင်ပင် သတင်းအစအနမြုပ်လျက် ရှိနေတော့သည်။

"ပျောက်သောသူရှာလျှင်တွေ့"ဆိုသကဲ့သို့ လွှင်ကိုဆို့ ထွန်းလူတို့၏စုရပ်နေရာများလည်း လူစုကွဲလျက်ရှိနေပြီဖြစ်သော ကြောင့် ဘယ်လိုမှရှာဖွေ၍ မရနိုင်အောင် ဖြစ်နေခဲ့ရသည်။

"ပျောက်သောသူ ရှာလျှင်တွေ့ ဆိုပေမယ့် တမင်ရှောင်ပုန်းနေတဲ့သူကိုတော့ ရှာလို့တွေ့နိုင်ပါ့မလား မောင်ရယ်"

မေလွန်းအိမ်၏နှုတ်ဖျားမှ ဖွင့်ဟ၍ မပြောသာသော်လည်း ချစ်သူကိုတော့ တမ်းတသတိရရင်း ရှာဖွေဖို့ အားလျော့ချင်ချင် ဖြစ်လာလေပြီ။

"ဖေဖေ ဒီနားမှာပဲ ရပ်လိုက်တော့၊ သမီး မိတ္တူတူးဘရာလေး ရှိလို့ပါ"

"အော်...အေး...အေး သမီးကျောင်းနဲ့က ဝေးသေးတာပဲ ဖေဖေ စောင့်ပေးမယ်လေ"

"ရပါတယ် ဖေဖေရယ်...တစ်မှတ်တိုင်ပဲ ရှိတာပဲ၊ အညောင်းပြေ လမ်းလျှောက်သွားပါ့မယ်"

မေလွန်းအိမ်သည် ဖခင်၏ ဆူဇူကီးကားပေါ်မှ ဆင်းလိုက်ပြီး မိတ္တူဆိုင်ထဲသို့ ဝင်လာလိုက်သည်။ တပည့်များအတွက် အင်္ဂလိပ်စာ စာစီစာကုံးများကို ရေးထားပြီး မိတ္တူကူးရန် ဝေဝေ ရန် ဖြစ်သည်။

ခြေလှမ်းများက လေးလံနှေးကွေးလျက် နှစ်သစ်ကူးနေ့ ရောက်လျှင် ချစ်သူကို သတိရလျက်ရှိနေသည့်စိတ်ကို ကြိုးစား၍ ဖျောက်ဖျက်လိုက်ချင်သော်လည်း ဘယ်လိုမှ ဖျောက်ဖျက်

www.burmeseclassic.com

ရေနိုင်ပေ။

"လွန်းရဲ့အမှားကို ခွင့်မလွှတ်နိုင်အောင် နာကျည်းမုန်းတီးနေသလား မောင်ရယ်"

ဖခင်က ထူးခြားစွာ မေးလိုက်သောကြောင့် ချစ်သူကို ပို၍ သတိရသွားမိပြီး မိတ္တူဆိုင်တွင်းသို့ အမှတ်တမဲ့ ဝင်လာသည့် ခြေလှမ်းများမှာ မျက်စိမပါခဲ့ပေ။ သူမ၏အသိစိတ်က အဝေးသို့ ပြန့်လွင့်နေသလို အမြင်အာရုံများကလည်း မျက်ရည်များဖြင့် မှုန်ဝါးလျက်ရှိနေ၏။

"အင့်..."

"အမေ့..."

ရုတ်တရက် ဆိုင်အဝင်မှာ တစ်စုံတစ်ဦးနှင့် ဝင်တိုက်မိလိုက်သဖြင့် လက်ထဲမှ ဆွဲခြင်းလေး ပြုတ်ကျသွားတော့သည်။

"အာ...ဆောရီး"

တစ်ဖက်မှ ပျာပျာသလဲတောင်းပန်ပြီး သူမ၏ ဆွဲခြင်းကို ကောက်ပေးလိုက်၏။

"ရပါတယ်...ကျွန်မကလဲ သတိမထားမိလို့ ဟင်..."

"မေလွန်းအိမ်"

ပြောရင်းက ဆွဲခြင်းကို လှမ်းယူပြီး မိမိ၏အမှတ်တမဲ့ အပြုအမူကြောင့် တောင်းပန်ကာ ကြည့်လိုက်မိစဉ်...

"ကိုကြီး စံမြတ်သာ"

"မေလွန်းအိမ်ပါလား ဘယ်က ဘယ်လို"

"အော်...ကျွန်မကျောင်းက ဒီနားမှာပါ"

စံမြတ်သာသည် ရုတ်တရက်မို့ ကြောင်အမ်းအမ်းဖြစ်ပြီး ဘာပြောရမှန်းမသိဖြစ်သွားသော်လည်း မေလွန်းအိမ်ကတော့ ပူပူနွေးနွေး သတိရဆဲမှာပင် တိုက်ဆိုင်မှုကြောင့် တွေ့လိုတ်ရသဖြင့် ဝမ်းသာအားရနှင့်...

"သူ ဘယ်မှာလဲ ကိုကြီး စံမြတ်သာ"

"ဗျာ..."

ရုတ်တရက်အမေးကြောင့် အမှတ်တမဲ့နှင့် ကြောင်အမ်းအမ်း ဖြစ်သွားစဉ်...

"ကျွန်မ သူ့ကိုရှာနေတာ သုံးနှစ်ရှိပြီ၊ ကျွန်မကို အပြစ်ပေးတာ နောင်ဘဝအထိစောင့် ကျေနပ်နိုင်ပါ့မလားလို့ ပြောပေးပါနော်"

စံမြတ်သာဘာမှ မပြောနိုင်မီ လှည့်ထွက်လာလိုတ်စဉ် ဝါးပြင်ပေါ် သို့ မျက်ရည်များ လွင့်စင်ကျလာလေ၏။ ငိုချင်ရုတ်လတ်တို့မို့ ဘယ်လိုမှ ထိန်းချုပ်၍ မရနိုင်တော့ပေ။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

"သွားကြရအောင်နော် မမ"

"မမ မလိုက်ချင်ပါဘူးကွာ"

"ထွန်းတော့ သွားချင်တယ်၊ ဖေဖေကိုယ်တိုင် လာခေါ်မှာပဲ မမရာ လိုက်ခဲ့ပါနော် လုပ်ပါ၊ ရေချိုးပြီး အလှပြင်လိုက် ထွန်းကို ဒီနေ့တစ်နေ့တည်း လိုက်ပို့ပေးပါနော်"

အိမ်ပြန်ရောက်လာသောအခါ နေထွန်းအိမ်က ဖခင်က ဆူမိတ်ဆွေ၏ နှစ်သစ်ကူးပွဲသို့ လိုက်ခဲ့ပါရန်နှင့် ခြောက်နာရီခွဲအချိန်မှာ လာခေါ်မည်ဟု ကြိုတင်ဖုန်းဆက်ထားသည်။

"လိုက်သွားလိုက်ပါသမီးရယ်၊ မောင်လေးက သိပ်သွားချင်ရှာတာ၊ သူက အမြဲတမ်း သွားချင်တာ မဟုတ်ပါဘူး၊ အခုမှ သွားချင်တာပါကွယ်၊ ပြီးတော့ ဖေဖေကလည်း လာခေါ်မယ် အဆင်သင့်လုပ်ထားလို့ ဖုန်းဆက်ထားတာပဲ၊ သမီးအဖေက ဘယ်တုန်းက ဒီလိုမှာဖူးလို့လဲ၊ သိပ်ရင်းနှီးတဲ့ မိတ်ဆွေသူငယ်ချင်းတွေမို့ သားလေးကို ပျော်ရအောင် ခေါ်တာပါကွယ်၊ သမီး မလိုက်ရင် မေမေက လိုက်သွားရမှာ"

ဒေါ်ခင်မာတင့်၏စကားကြောင့် မေလွန်းအိမ် ဘာမျှ ဆပြောသာတော့ပေ။ မောင်ငယ်နှင့်ပတ်သက်၍ အစဉ်အမြဲ အနီးကပ်ဂရုစိုက်နေရပြီး အရေးပေါ်ဆေးဝါးကအစ မေလွန်းအိမ်တသာ ကျွမ်းကျွမ်းကျင်ကျင်သိထား၏။ ဒေါ်ခင်မာတင်တမှ မိခင်တစ်ယောက်ပီပီ အရေးကြီးလျှင် ဟာယာခတ်ပူပင်နေရုံအပြင် ဘာမျှသိပ်အားမကိုးရပေ။

ဤကဲ့သို့ အပြင်ကိစ္စနှင့် မောင်ငယ်သွားလျှင် မေလွန်းအိမ် နပါဘဲ စိတ်ချလက်ချ မလွတ်နိုင်ပေ။

"ဒါဖြင့်လည်းပြီးရော လွန်းရေချိုးလိုက်ဦးမယ်၊ မောင်လေးကိုသာ အဆင်သင့်ပြင်ပေးပါ"

မေလွန်းအိမ်က လေးတွဲ့စွာထလိုက်၏။ ဒီအချိန်မှာ ဘယ်မှမသွားချင် မလာချင်ဘဲ အိပ်ရာထဲမှာခွေလဲပြီး မောင်နှင့် စတွေ့သည့်အကြောင်းကိုသာ စဉ်းစား၍နေနေချင်သည်။

သို့ရာတွင် တစ်ဦးတည်းသော ဒုက္ခိတမောင်ငယ်အတွက် မေလွန်းအိမ်၏ နှလုံးသားဝေဒနာကို ဥပေက္ခာပြုရပေဦးမည်။

မောင်ငယ်နေထွန်းအိမ်နှင့် ပတ်သက်၍ စဝင်ကတည်းပြီး နေထွန်းအိမ်နားမှာ အဖော်လုပ်ရင်းက ရင်းနှီးချစ်ခင်ခဲ့ဖူးသည်။ ခုလိုအချိန်မျိုးတွင် နေထွန်းအိမ်၏ပျော်ရွှင်မှုအတွက် မိမိ၏ ဝင်ပန်းနွမ်းနယ်မှုအတွက်ကို မျှဝေခံစားပေးနိုင်သည့် ချစ်သူကို တမ်းတမ်းတတ သတိရနေမိသည်။

"သွေးပူနေတုန်း ဆုံးဖြတ်ချက်မချလိုက်ပါနဲ့ ထွန်းရယ်၊

www.burmeseclassic.com

နည်းနည်းအချိန်ယူ စဉ်းစားပေးပါဦး"

ချစ်သူက အသနားခံစဉ်တွင် ခါးသည်းစွာ ရက်စက်ခဲ့ပုံသည်။ ဒါကို နာကျည်းမုန်းမေ့သွားသည်မှာ မိမိချစ်သလောက် သူမချစ်ဘူး၊ မိမိ စွဲလမ်းသလောက် သူက မစွဲလမ်းလို့ပေါ့။ ဒီလောက်နှစ်တွေ အကြာကြီး ပစ်ထားရက်တယ်။

"မမရေ...ဖေဖေလာပြီ"

"ဟင်...ခဏလေး ထွန်း ပြီးပြီ၊ ခေါင်းလေးဖြီးရုံပါပဲ"

အတွေးများနှင့် မလှုပ်တလှုပ်လုပ်နေသဖြင့် အချိန်နည်းနည်းကြာသွားသောကြောင့် ကပျာကယာပြင်ဆင်လိုက်သည်။ ဘာမှတော့ အတွေအထူး မပြင်ဆင်ဖြစ်ပေ။ နို့ရည်လိမ်းပြီး သနပ်ခါးရေကြည်လူးထားရုံအပြင် ဘာမှပိုရှိမထူးပေ။ ပြီးတော့ တင်ပါးပေါ်ဝဲနေသည့် ဆံပင်ကို သိုးမွေးကွင်းနှင့် စည်းနှောင်ရုံသာ။

"ရော့...သမီး အနွေးထည်ယူသွား"

မိခင်ဒေါ်ခင်မာတင်က သူမအား ဂရုစိုက်စွာဖြင့် ဆွယ်တာဖြူဆွတ်ဆွတ်ကလေးကို ပခုံးပေါ်တင်ပေးလိုက်၏။ အဖြူပေါ်မှာ နီရဲသော အသည်းနှလုံးလေးများက ခတ်ကြကြလေး နေရာယူလျက်...

"အသစ်ကလေးပါလား လှလိုက်တာ၊ သမီးဖို့လား"

"အေးလေ...သွား သွား ဟိုမှာ မောင်လေးတောင် ကားရှေ့ခန်းရောက်နေပြီ"

ဖခင်၏ ဆူဇူကီးကျောင်းကြိုကားသည် ရှေ့ခန်းမှာ လူကြီးတစ်ဦးသာ ထိုင်ရသဖြင့် မေလွန်းအိမ်က နောက်မှ အလိုက်သင့်လေး တက်လိုက်လာ၏။

"မမအတွက် နှစ်သစ်လက်ဆောင် ပါလာတယ်"

မောင်ငယ်က ရှေ့ခန်းမှ အော်လိုက်သည်ကို သဲ့သဲ့သာ ကြားလိုက်ရသည်။ မှောင်ရီသမ်းနေသဖြင့် နောက်ခန်းမှာ လူတစ်ယောက်ထိုင်နေသည်ကို သိသော်လည်း သတိမထားမိလိုက်ပေ။ သူမဘာသာ တစ်ဖက်မှာ ဝင်ထိုင်လိုက်သည်။

ကားစထွက်သည်နှင့် ထိုသူသည် သူမဘက်သို့ကူး၍ အနားမှာကပ်ထိုင်လိုက်သောကြောင့် ရုတ်တရက်လန့်သွားသည်။

"ဟင်..."

ဘာမပြော ညာမပြောနှင့် သူမလက်ကို ဆွဲကိုင်လိုက်သောအခါ...

"မောင်..."

"ကျန်းခံ့သာလို့ မာပါစ ချစ်လွန်းတင်"

အံ့ဩလွန်း၍ ကျောက်ရုပ်ဖြစ်သွားစဉ် သူက သူမ၏ သားတို့ ဘင်းတင်းဆုတ်ကိုင်ပြီး...

"မောင် နိုင်ငံခြားမှာ အလုပ်သွားလုပ်နေတာ၊ ကိုကြီး ပြောတာကတော့ ခေါ်သွားတာ၊ ပြန်ရောက်တာ တစ်ပတ်ရှိပြီး လွန်းတော့ အရင်ဆက်သွယ်ပြီး တွေ့ပြီးပြီ၊ ဒီဆွယ်တာလေးတို့ ဆောင် လွန်းအတွက် ဝယ်လာတာလေ၊ ဒီနေ့ကို ဝတ်စေချင်လို့

www.burmeseclassic.com

www.burmeseclassic.com

ခုပဲယူလာတာ မောင်တို့ခြံထဲမှာ ပွဲလုပ်မယ်၊ ပြီးတော့ လွန်းကို လက်ထပ်ဖို့ ရက်ရွေးမယ်၊ တော်ကြာ ယောကျ္ဍမကြီး လိုက်လာ လိမ့်မယ်၊ မောင် လွန်းကို ထပ်ပြီး မခွဲပါရစေနဲ့တော့နော်"

မေလွန်းအိမ်ကို စကားပြောခွင့် မပေးတော့ဘဲ သူကပဲ ဆက်တိုက်ပြောချလိုက်၏။

"လွန်းကို မောင် သိပ်လွမ်းတာပဲကွယ်၊ လွန်းကို တင့်တင့်တယ်တယ် လက်ထပ်ရအောင် မောင် အလုပ်ကြိုးစား လုပ်နေတာပါ။ လွန်းကို မုန်းလို့ မေ့လို့ မဟုတ်ပါဘူး။ လွန်းနဲ့ ခွဲရလေ လွန်းကို ဘယ်လောက်ချစ်သလဲဆိုတာ သိလာလေပါပဲ လွန်းရယ်"

BURMESE CLASSIC

မေလွန်းအိမ် ဘာမျှမေးစရာ ပြောစရာမလိုတော့ပေ။ ချစ်သူ၏ပခုံးစွန်းမှာ မျက်နှာအပ်၍ တိုးတိုးလေး ရှိုက်ငိုခြင်းသည် မိန်းမသားတစ်ဦး၏ ချစ်ခြင်းစကားများကို မျက်ရည်စက်လေး များက သက်သေပြ၍ ပြောပြနေပေလိမ့်မည် ဖြစ်ပေသည်။

ချစ်ခြင်းများဖြင့် ပျော်ရွှင်ချမ်းမြေ့နိုင်ပါစေ...

မြသန္တာ

www.burmeseclassic.com